www.burmeseclassic.com



ဖြတ်သန်းသွားလာခွင့်မရှိ

(၁၀)အုပ်မြောက်အမှတ်တရ လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

# မိုးနီလွင်

ဖြတ်သန်းသွားလာခွင့်မရှိ

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁
ဗိုလ်ပွားကျွန်းသန့်ဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့(ဖ်)ဆက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

www.burmeseclassic.com

# အင်ပါယာ

စာပေ

☎ ၀၁-၅၉၃၂၆၅၊ စာတိုက်သေတ္တာအမှတ်-၂၃၄

## စာရေးသူ၏ထုတ်ဝေပြီးလုံးချင်းဝတ္ထုများ

၁။ ခရမ်းလွှန်ရောင်ခြည်အနမ်း (နွမ်ဂျာသိုင်းနှင့်တွဲလျက်)
၂။ သူရဲကောင်းရဲ့ချစ်သူ(မောင်စိန်ဝင်း၊ပုတီးကုန်းနှင့်တွဲလျက်)
၃။ မုန်တိုင်းတွေလည်းငို
၄။ သူငယ်ချင်းရဲ့လက်ထပ်မင်္ဂလာ
၅။ နှင်းကျွမ်းသစ်ပင်
၆။ ကွက်လပ်ဖြည့်သူ
၇။ ဤရင်ခွင်မှတစ်ပါး
၈။ တိတ်တိတ်ကလေးကြွေ
၉။ ကိုယ့်နှလုံးသားကိုယ်မုန်းသူများ

## ယခု(၁၀)အုပ်မြောက်အဖြစ်တရ

## ဖြတ်သန်းသွားလာခွင့်မရှိ

## ဆက်လက်၍

၁၁။ ပန်းမပွင့်တဲ့ရင်ခွင်(မောင်လှမျိုး၊ ချင်းချောင်းခြံနှင့်တွဲလျက်)

**အင်ပါယာစာပေမှ**
**ဆက်လက်ဖြန့်ချိပါတော့မည်**

www.burmeseclassic.com

ဘယ်တော့မှမတူညီနိုင်မယ့်

ယောက်ျားနဲ့ မိန်းမဆိုတဲ့

ဆန့်ကျင်ဘက်နယ်နမိတ်နှစ်ခုကို. . .

ပိုင်းခြားကန့်သတ်ပေးဖို့

တားမြစ်ရေးဆွဲထားတဲ့ မျဉ်းကြောင်းတစ်ခုဟာ

ခိုင်ခိုင်ခန့်ခန့်ကြီးကို

ရှိနေမှဖြစ်မယ်. . . ။

www.burmeseclassic.com

# ဖြတ်သန်းသွားလာခွင့်မရှိ

## မိုးနိုလွင်

www.burmeseclassic.com



BURMESE CLASSIC .com

## သတိပေးတားမြစ်ချက်(၁)

ခင်ဗျားတို့ကို အစကတည်းက ကျွန်တော် ပြောထားမယ်။ ဒီစာအုပ်ကိုလုံးဝမဖတ်ပါနဲ့။

www.burmeseclassic.com



သတိပေးတားမြစ်ချက်(၂)

ကဲ…မနေနိုင်မထိုင်နိုင် ဖတ်ချင်ကြတယ်ဆိုရင်လည်း ထပ်ပြီးသတိပေးလိုက်မယ်။ အသက်(၃၅)နှစ်အောက် ပုဂ္ဂိုလ်များ ဤစာအုပ်ကို လုံးဝမဖတ်သင့်ပါ။

www.burmeseclassic.com



## သတိပေးတားမြစ်ချက်(၃)

ဟာ..ဒီလောက် တားမြစ်နေတဲ့ကြားထဲက...ခင်ဗျား ဒီစာအုပ်ကို ဆက်ဖတ်နေတုန်းပါပဲလား...။ကဲ.. ထားပါတော့...။အခု...စာဖတ်နေတဲ့သူဟာ အသက် (၃၅)နှစ်ပြည့်ပြီးပြီဆိုရင်လည်း အိမ်ထောင်မရှိသေးသူ အပျိုကြီး၊ လူပျိုကြီးများ ဖြစ်နေခဲ့ရင် ဒီစာအုပ်ကို လုံးဝ...လုံးဝ...မဖတ်သင့်ဘူးဗျ။။

www.burmeseclassic.com



BURMESE CLASSIC .com

## သတိပေးတားမြစ်ချက်(၄)

တားမရဘူးဆိုရင်လည်း...အင်း...ဖတ်ပေါ့ဗျာ။ ဒါပေမယ့်...မပြော...မရှိနဲ့နော်။ ဒီစာအုပ်ကို ဖတ်ပြီးသွားရင် အိမ်ထောင်မရှိသေးတဲ့သူတွေ လင်စိတ်၊ သားစိတ်၊ မယားစိတ်...လုံးဝကုန်ပြီး အပျိုကြီး၊ လူပျိုကြီးတွေ ဖြစ်သွားနိုင်တယ်။...ဟဲ...ဟဲ။ အိမ်ထောင်ရှိပြီးသားလူတွေ ဆိုရင်လည်း လင်ကွဲ၊ မယားကွဲတွေဖြစ်သွားနိုင်ကြောင်း ကျွန်တော် ကြိုတင်သတိပေးအပ်ပါတယ်။


www.burmeseclassic.com



## အထူးသတိပေးတားမြစ်ချက်

ကဲ...ဒီစာမျက်နှာအထိ ရောက်လာပြီဆိုမှတော့
စာဖတ်သူဟာ ဒီစာအုပ်ကို ပြီးတဲ့အထိ ဖတ်တော့မယ်...လို့
ဆုံးဖြတ်ထားတယ် ထင်ပါရဲ့။ ဒါဆိုရင်လည်း ကျွန်တော်
နောက်ဆုံးတစ်ခုပဲ သတိပေးလိုက်ချင်ပါတယ်။
ဒီစာအုပ်ထဲက တစ်စုံတစ်ယောက်ရဲ့ အဖြစ်အပျက်
တစ်ခုခုဟာ...စာဖတ်သူနဲ့ တိုက်ဆိုင်သွားတယ်ဆိုရင်
စာဖတ်သူအကြောင်းကိုပဲ ရေးသားထားခြင်းဖြစ်ပါကြောင်း...။

www.burmeseclassic.com



www.burmeseclassic.com

**နိဒါန်း**

---

အင်းပေ့ါလေ. . .။ လူ့စိတ်ဆိုတာ ဒီလိုပါပဲ။ မဖတ်နဲ့ဆို ဖတ်ချင်တယ်။

ခင်ဗျားတို့ကို ဒီလောက်တားမြစ်နေရတာ ဒီစာအုပ်က ဘာမှ မဟုတ်ဘူးဗျ။ ဘာမှမဟုတ်ဘူးလို့. . . ပြောရင်လည်း ဖတ်ချင်တာပဲလား။

ဖတ်ချင်လို့ပဲ ဒီစာမျက်နှာရောက်လာပြီဆိုတော့ ပြောရ တော့မှာပေ့ါလေ။

ပြောရမယ်ဆိုရင် ဒီစာအုပ်က ဘာမဟုတ်တဲ့ အရည်မရ၊ အဖတ်မရတွေ ရေးထားတာပါ ။ ဟဲ. . . ဟဲ. . . ကျွန်တော့် အကြောင်းလေ. . .။

www.burmeseclassic.com



ကျွန်တော့်အကြောင်းဆိုတော့ ဒီဇာတ်လမ်းမှာ ကျွန်တော် ဇာတ်လိုက်လို့ ပြောရင်လည်း ရတယ်ပေါ့ဗျာ။

ဇာတ်လိုက်ဆိုပေမယ့် ခင်ဗျားတို့ ဖတ်ဖူးနေကျ စာရေးဆရာမ ငယ်ငယ်လေးတွေရေးတတ်တဲ့ အပျော်ဖတ်၊ ခပ်ညံ့ညံ့ဝတ္ထုထဲက ဇာတ်လိုက်တွေလို့ . . .

ကျွန်တော်သည် . . .

၁) ကောင်မလေးတွေက ကြည့်လိုက်တာနဲ့ ဖြုတ်ကနဲ လဲကြွေသွားနိုင်တဲ့ (ဖြူဖွေး၊ ရှင်းသန့်၊ ချောမောနေသော) အသက်ခပ်ငယ်ငယ်၊ ဖြောင့်ဖြောင့်တောင့်တောင့် ရုပ်ရည်ပိုင်ရှင်မျိုး လုံးဝမဟုတ်ပါ။

ကျွန်တော့်အသက်က *သုံးဆယ့်ငါးနှစ် . . .*။

ကျွန်တော့်အရပ်က *ငါးပေလေးလက်မ . . .*။

(တချို့ဝတ္ထုတွေထဲက ဇာတ်လိုက်မင်းသားတွေဆိုအရပ်က ခြောက်ပေလောက် ရှိတယ်မဟုတ်လား)။

ကိုယ်အလေးချိန်က *ပေါင်တစ်ရာ့ခြောက်ဆယ် . . .*။

**၁၆၀ . . .**။

(ကဲ . . . ကျွန်တော့်ပုံစံက ဝတ္ထုတွေထဲမှာ စာရေးဆရာတွေရေးလေ့ရှိသလို ဘရက်ဒ်ပစ်တို့ ကီယာနူးရိဗ်တို့ . . . လို ဘော်ဒီ စထရက်ချာမျိုး မဟုတ်တာ သိရောပေါ့)။

ကျွန်တော့်ကိုယ်ကျွန်တော် အကြမ်းဖျင်းပုံဖော်ရရင်တော့ အရပ်ခပ်ပျပ်ပျပ်၊ ခန္ဓာကိုယ်ခပ်ဖိုင့်ဖိုင့်လေးရှိတယ်ပေါ့ဗျာ။

www.burmeseclassic.com



အဲ. . . မှိုချိုး၊ မျှစ်ချိုး ပြောချင်ကြတဲ့ ကျွန်တော့် သူငယ်ချင်းတွေကတော့ ကျွန်တော်လမ်းလျှောက်လာတာကို အဝေးကကြည့်ရင် ရေခဲပြင်ပေါ်မှာ *ပင်ဂွင်းငှက်တစ်ကောင်* လိမ့်လာတာနဲ့ တူတယ်. . . တဲ့။

သွားပြီ. . .။ ကျွန်တော့်အကြောင်းကို ခင်ဗျားဆက်ဖတ်ချင်စိတ် ကုန်ခမ်းသွားပြီ မဟုတ်လား။

ပြောသားပဲ. . .။ ဒီဇာတ်လမ်းက ဘာမှ စိတ်ဝင်စားစရာမကောင်းပါဘူးဆိုတာ။

ထပ်ပြောလိုက်ဦးမယ်. . . ကျွန်တော်သည်. . .

၂) ဝတ္ထုတွေထဲမှာလို အလိုလိုနေရင်း ကျိုကျိုတက် ချမ်းသာ၊ ကုမ္ပဏီပိုင်ရှင် ရှယ်ယာဝင်ဆိုပြီး ဘာတွေရောင်းဝယ် ဖောက်ကားမှန်းလည်း မသိဘဲ ဆယ်လူလာဖုန်းတကိုင်ကိုင်နဲ့ ပရာဒိုကားကြီး စီးနေတဲ့ ဇာတ်လိုက်မျိုးမဟုတ်ဘူး။

ကျွန်တော့်အလုပ်အကိုင်က ရှင်းရှင်းပြောရရင် *ပွဲစားဗျ*။ အဲ. . သူများအထင်ကြီးအောင် ပြောရရင်ကုမ္ပဏီလေး တစ်ခုတော့ ပိုင်တယ်ပေါ့။ ဝန်ထမ်း(၂၀)လောက် ကျွန်တော့်လက်အောက်မှာ ခန့်ထားတယ်။ တိုက်၊ အိမ်၊ ခြံ၊ ကား ရောင်း၊ ဝယ်၊ ငှား၊ အကုန်ကူညီ ဆောင်ရွက် ပေးပါတယ်။

ကျွန်တော်တစ်ယောက်တည်း နေထိုင်တဲ့ လမ်းလေးဆယ်က တိုက်ခန်းလေးတစ်ခန်း၊ ကော်ရိုလာဒီအိပ်ခ်ျစ် ဗင်ကား အဖြူရောင်လေး တစ်စီးပဲ ကျွန်တော် ပိုင်ဆိုင်ပါတယ်။

www.burmeseclassic.com


(အဲဒီတော့ ကျွန်တော့်ဘ၀က ဆယ်ကျော်သက်ချာတိတ်မ, တွေ ၀တ္ထုဖတ်ပြီး စိတ်ကူးထဲ ထည့်ယဉ်လို့ကောင်းမယ့် ဇာတ်လိုက် ပုံစံမျိုး လုံး၀မဟုတ်တာတော့ သေချာသွားပြီပေါ့ )

ဒီ့ထက်ပိုပြီး စိတ်ပျက်စရာကောင်းတဲ့ ကျွန်တော့်ရဲ့လျှို့ ၀ှက်ချက်တစ်ခုကို ထပ်ပြောပြလိုက်ပါဦးမယ်။

ခင်ဗျားတို့ ဒီစာအုပ်ကိုဆက်မဖတ်ချင်အောင်ပါ ။အခု ဒီစာမျက်နှာကနေ စာအုပ်ကိုဘတ်ကနဲ ပိတ်လိုက်ရင် ခင်ဗျားတို့ မျက်စိညောင်းသက်သာလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့. . . ကျွန်တော်က. . .

၃) အခုခေတ်စားနေတဲ့ ၀တ္ထု၊ ရုပ်ရှင်တွေထဲမှာလို မင်းသား နဲ့မင်းသမီး မာနချင်းပြိုင်၊ ရန်ဖြိုးတွေထား၊ ကလဲ့စားချေ၊ နောက်ဆုံးတော့. . . အသည်းနှလုံးထဲက မျိုသိပ်ထားတာတွေ ပေါက်ကွဲထွက်ပြီး မင်းသမီးကို ခပ်ကြမ်းကြမ်းချစ်ရေးဆို၊ နှစ်ဦးသားနားလည်မှုတွေရပြီး ညားကြလေသတည်း. . . ဆိုတဲ့ 'ကလီရှေး'ဇာတ်ထုပ်တွေ ပြောပြမှာမဟုတ်လို့ပဲ။

ကျွန်တော်ကကျွန်တော့်ဘ၀မှာ တစ်ခါဆိုတစ်ခါမှရည်း စားစကားတောင် မပြောဖူးသေးတဲ့ ( ယုံမလားတော့မသိဘူး ) ၊ ရည်းစားလည်း မထားဖူးတဲ့၊ မိန်းမလည်း မရှိတဲ့ *လူပျို*. . ***လူပျို စစ်စစ်ဗျ***. . . ။

အသက်နည်းနည်းကြီးသွားပြီဆိုတော့. . *လူပျိုကြီး*. . လို့ ပြောမယ်ဆို ပြောလို့ရပါတယ်။ ကျွန်တော်လုံး၀ စိတ်မဆိုးပါဘူး။

www.burmeseclassic.com



ဟုတ်တယ်လေ. . .။ ဘာလို့စိတ်ဆိုးရမှာလဲ။

လူပျိုဆိုတာ ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ အရှိဆုံး အဆင့်အတန်းတစ်ရပ်ကို ဖော်ပြတာပဲလေဗျာ။ လူပျိုကြီးလို့ အခေါ်ခံရလည်း ရှက်စရာမှမဟုတ်တာ။

မစွံတာမဟုတ်ဘူး။ မယူချင်လို့မယူတာ။

ယူဖို့လည်း ဘယ်တုန်းကမှ စိတ်ကူးရှိခဲ့တာမဟုတ်ဘူး။

ဘယ့်နှယ်ဗျာ. .။ ယောကျ်ားဆိုတာ ဟိုး. . . ကမ္ဘာဦးအစ ကျောက်ခေတ် လူသားဘဝကတည်းက မိန်းမတွေထက် အစစ အရာရာသာလွန် မြင့်မြတ်တဲ့. .၊ ခွန်အားကြီးမား စွမ်းဆောင်နိုင်တဲ့ အမျိုးဗျ။

**လောကကြီးမှာ မိန်းမတွေကို ဘယ်နေရာမှာမှ ယောကျ်ားတွေ အရေးတကြီး မလိုအပ်သင့်ပါဘူး။**

မိန်းမဆိုတာမရှိဘဲနဲ့လည်း ယောကျ်ားတစ်ယောက်ဟာ ကိုယ့်ဘဝကိုယ် ထူထောင်နိုင်တယ် မဟုတ်ဘူးလား။ ဘာဖြစ်လို့ အချိန်ကုန်ခံ၊ အပင်ပန်းခံပြီး မိန်းမတွေကို ချစ်ရေးဆို၊ ချစ်ခွင့်တောင်းနေရတဲ့ကိစ္စတွေနဲ့ ခဏခဏ အလုပ်ရှုပ်နေရမှာလဲ။

သူတို့ရှေ့မှောက်မှာဒူးထောက်ပြီး သူတို့ကို တစ်သက်လုံး ကိုယ်က လုပ်ကျွေးပြုစုဖို့ကိုပဲ ခ,ခ,ယယ လက်ထပ်ခွင့် တောင်းရဦးမှာလား။ သွားစမ်းပါ။

မိန်းမဆိုတာ ကျွန်တော့်ဘဝရဲ့ မရှိမဖြစ် အသုံးဝင်နေတဲ့ ပစ္စည်းမှ မဟုတ်တာ။

www.burmeseclassic.com



အဲ့ဒီလိုခံယူထားတဲ့ ကျွန်တော့်ဘဝအကြောင်းကို ပြောပြရမယ်ဆိုရင် ခင်ဗျားတို့ငြီးငွေ့ပြီး အိပ်ပျော်သွားမှာပေါ့ဗျာ။

ဒီတော့ . . ဒီစာအုပ်ကိုအခုကတည်းက မဖတ်ပါနဲ့တော့လား။ ဒီစာအုပ်ကိုဖတ်မယ့်အစား နာမည်လှလှ စာရေးဆရာမလေးတွေရေးတဲ့ “ ချစ်လိုက်ရတာ . . သိမ့်သိမ့်တုန် ” ဆိုတဲ့ ဝတ္ထုစာအုပ်မျိုးကို ခင်ဗျားဖတ်သင့်တယ်။


ဒီလောက်တားမြစ်နေတဲ့ကြားထဲက ဆက်ဖတ်ချင်သေးတယ်ဆိုရင်လည်း ဖတ်ပေါ့ဗျာ။ ပြီးတော့မှ ဘာတွေရေးထားမှန်းလည်းမသိဘူး . . လာမပြောနဲ့။

ကျွန်တော်ကတော့ ခင်ဗျားတို့ရဲ့ သည်းခြေကြိုက်ဇာတ်လမ်းမျိုး ‘ဖေတော့ . . မောင်တော့’တွေ ရေးပြမှာမဟုတ်ဘူး။

မိန်းမတစ်ယောက်ကို ချစ်မြတ်နိုးစွာ လက်ထပ်ယူဖို့ကိစ္စဟာ ယောကျာ်းတစ်ယောက်ရဲ့ဘဝမှာ လုံးဝအရေးမကြီးတဲ့ နောက်ဆုံးအဆင့်မှာ ရှိကြောင်း ( **တိုးတိုးကလေး** )ပြောပြမလို့ . . ။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com



www.burmeseclassic.com

ရှင်တို့ယောက်ျားတွေမှာ သိပ်ရယ်ရကောင်းတဲ့ အတ္တ တစ်ခုရှိတယ်၊ အဲ့ဒါကတော့ မိန်းမတွေက ရှင်တို့ သတ်မှတ်ပေးထားတဲ့ ဘောင်တစ်ခုခုရဲ့ အပြင်ဘက်ကို ရောက်နေပြီဆိုရင် သိပ်ကို မခံချိ မခံသာ ဖြစ်တတ်ကြ တယ် ...ဆိုတာပဲ။

(ငွေကြယ်စင်)

www.burmeseclassic.com

လက်ထပ်ထားတဲ့ ယောကျ်ားတစ်ယောက်ဟာ
တစ်ဝက်သာ လူဖြစ်တယ်။

**ရှီမိန်းရှီလန်**
**(စာရေးဆရာ)**

www.burmeseclassic.com

## အခန်း (တစ်)

အဖြစ်အပျက်ကတော့ ဖေဖေဖုန်းဆက်တာကနေ စ,တာပဲ။

"ဟေ့ကောင်. . တံခွန်၊ စနေနေ့. . မင်းလာမှာလား"

"စနေနေ့ . . ၊ ဘာလုပ်ဖို့လဲ. . ဖေဖေ"

"ခွေးကောင်. . ၊ တနင်္ဂနွေနေ့ဟာ ဘာနေ့လဲဆိုတာ မင်း မမှတ်မိတော့ဘူး မဟုတ်လား၊ မင်းအမေနဲ့ ငါ. . လက်ထပ်တဲ့ မင်္ဂလာသက် လေးဆယ့်ငါးနှစ်ပြည့်ကွ"

"ဘယ်လိုလုပ် မှတ်မိမှာလဲ၊ အဲ့ဒါ. . . ဖေဖေတို့လက်ထပ် တာပဲ၊ ကျွန်တော်လက်ထပ်တာမှမဟုတ်တာ"

"မင်း. . ဒါတော့သက်သက်မဲ့ မေ့ချင်ယောင်ဆောင် နေတာပါကွာ၊ နှစ်တိုင်းနှစ်တိုင်း အဲ့ဒီနေ့ဆိုရင် ငါတို့ မိသားစုလက်ဆုံ ထမင်းစုစားနေကျပဲကွ၊ လေးဆယ့်လေးနှစ်ရှိပြီ၊ မင်းမမှတ်မိ တာတော့ လွန်တယ်"

www.burmeseclassic.com



"ဖေဖေတို့က အဲ့ဒီလက်ထပ်တဲ့ကိစ္စကိုပဲ ဘာလို့ ကြီးကြီး ကျယ်ကျယ် လျှောက်လုပ်နေကြတာလဲ၊ ဒီကိစ္စက အဲ့ဒီလောက် ခဏခဏ သူများတွေကို ထုတ်ကြွားစရာလိုလို့လား၊ တစ်ခါ ဆောင်ပြီး တော်ရောပေါ့ ၊ ဖေဖေတို့ အသက်တွေလည်း ကြီးလှပါပြီ"

"အောင်မာ ၊ ငါတို့ အဲ့ဒီလို လက်ထပ်ခဲ့လို့ မင်းတို့မောင်နှမ ငါးယောက် လူဖြစ်လာတာပါကွ. . တံခွန်တိုင်ရဲ့"

"ဟင်. . ဖေဖေက,လည်း. . ၊ ဟောလိဝုဒ်မှာဆို. . . "

"တော်တော့. . တော်တော့ ဟော့ကောင်၊ မင်းနဲ့ငါ စကား နိုင်လုဖို့ ဒီနေ့. . ငါ ဖုန်းဆက်တာမဟုတ်ဘူး၊ စနေနေ့ကို မင်း လာမှာလား၊ မလာဘူးလား. . ဒါပဲပြော"

"ဖေဖေတို့ မင်္ဂလာနှစ်ပတ်လည်က တနင်္ဂနွေနေ့ဆို. . ၊ စနေနေ့ကို ဘာလုပ်ဖို့ လာရမှာလဲ ၊ တနင်္ဂနွေမှ လာမယ်လေ"

"တံခွန်တိုင်. . ၊ မင်း. . မိဘအိမ်ပြန်လာတာ ဖင်ပူအောင် တစ်ညနှစ်ညတော့ အိပ်စမ်းပါ ၊ မင်း. . ပေါ်မလာလို့ မင်းအမေ ကလည်း မျှော်နေတယ်"

ဖေဖေနဲ့မေမေက ပဲခူးမှာနေတာလေ။ သားသမီး ငါးယောက်လုံးက အိမ်ခွဲသွားကြပြီး ဘယ်သူ့အိမ်မှာမှ ဖေဖေနဲ့ မေမေက လိုက်မနေနိုင်။

ကျွန်တော်အထက်မှာ အကိုနှစ်ယောက်၊ အစ်မနှစ်ယောက် ရှိပေမယ့် သူတို့အားလုံးက အိမ်ထောင်အသီးသီးကျကုန်ကြပြီ။ မွေးထားတဲ့ ကလေးတွေကလည်း မျောက်မူးလဲ၊ လျှပ်စီးတွေ။

www.burmeseclassic.com



ကျွန်တော့်ကျတော့လည်း. . လုပ်ငန်းသဘာဝအရ ရန်ကုန်မှာ မနေလို့မဖြစ်။ ကျွန်တော့် လမ်းလေးဆယ်တိုက်ခန်း ကျဉ်းကျဉ်းမှာလည်း ဖေဖေနဲ့မေမေက လိုက်မနေနိုင်ခဲ့။

ဒီတော့. . အဲဒီ ပဲခူးလိပ်ပြာကန်ရပ်က အိမ်ဝိုင်းအကျယ်ကြီးထဲမှာပဲ ဖေဖေနဲ့မေမေက ထမင်းချက်၊သန့်ရှင်းရေး မိန်းကလေး နှစ်ယောက်လောက်ခေါ်ထားပြီး အေးအေးဆေးဆေး နေကြတယ်။

ဒါကြောင့် တစ်နေ့တစ်နေ့ကို သားသမီးမြေမြစ်တွေ အိမ်လာလည်ဖို့ပဲ ဖေဖေတို့က မျှော်တတ်ကြတယ်။ နှစ်တိုင်းနှစ်တိုင်း ဒီလို မင်္ဂလာနှစ်ပတ်လည်နေ့မှာ သားသမီးတွေ စုံအောင်လာကြဖို့ ကိုလည်း ဖေဖေက အမြဲဖုန်းဆက်ဖိတ်နေကျ။

အဲ့ဒီမှာ. . အမြဲအလုပ်တွေရှုပ်ပြီး လာဖို့ပျက်ကွက်တတ်တဲ့ ကျွန်တော့်ကိုလည်း ဖေဖေက ဖုန်းထဲမှနေ ဆဲဆိုဆူပွက်နေကျ။ ဒါ. . ထုံးစံ။

"ကျွန်တော်မလာလို့ မရဘူးလား. . ဖေဖေ၊ ကိုကြီးတို့ မ,ကြီးတို့ လာကြမှာပဲ မဟုတ်လား"

"ဟေ့ကောင်. . ခွေးနှာ၊ မင်းကွာ၊ တစ်နှစ်မှတစ်ခါ မိသားစုဝင်တွေအားလုံး တွေ့ရမယ့်ပွဲကို ဘာလို့ ရှောင်ချင်နေရ တာလဲ၊ မင်း. . မနှစ်ကလည်း အကြောင်းအမျိုးမျိုးပြပြီး ပျက်ကွက်တယ်၊ မရဘူး. .၊ မင်း. . ဒီနှစ် လာကိုလာရမယ်၊ ဒါပဲ"

"ဖေဖေကလည်းဗျာ၊ ကျွန်တော် အလုပ်အရမ်းရှုပ်နေတယ်ဗျ"

"တံခွန်တိုင်. . ၊ မင်းမှာ မိသားစုစိတ်ဓါတ် နည်းနည်းလေးမှ မရှိဘူးလား၊ မင်း ငါတို့ကို. . အဖေအမေ၊ ညီအကိုမောင်နှမတွေလို့ရော သတ်မှတ်သေးရဲ့လား၊ မင်း. . ဘာဖြစ်လို့ အဲ့ဒီလို မိသားစုသိုက်သိုက်ဝန်းဝန်းနဲ့ မနေချင်ရတာလဲ၊ မင်း. . အဲဒီလို ကျပ်ကျပ်လုပ်နေ. . ခွန်၊ လူပျိုကြီးဖြစ်တာ နည်းတောင်နည်းသေးတယ်"

"ဘာဆိုင်လို့လဲဗျာ၊ နောက်ဆုံးတော့. . ဖေဖေ ဒီဘူတာပဲဆိုက်တာပဲ"

"ဒီဘူတာမှာဆိုက်ဆို. . . မင်းကလည်း ဒီဘူတာမှာပဲရပ်ထားတာကိုးကွ၊ မင်း မိန်းမ,မယူသေးဘူးလား ခွန်၊ ကိုယ့်အသက်ကို. . . ကိုယ်ပြန်ကြည့်ဦးနော်၊ ငါ. . မင်းအရွယ်တုန်းက ကလေးငါးယောက်အဖေ ဖြစ်နေပြီ. . သိလား၊"

"ဒါတော့. . ဖေဖေတို့ ကိုယ့်ဒုက္ခကိုယ် ရှာတာပဲလေ၊ ကလေးငါးယောက်မွေးထားတော့ ငါးယောက်စာ ဖေဖေ ရှာကျွေးရတာပေါ့၊ အခု. . ကျွန်တော်ဆို တစ်ယောက်စာပဲ ရှာရတယ်၊ ဘယ်လောက် သက်သာတယ်မှတ်လဲ"

"ဟေ့ကောင်. . ယောကျ်ားတစ်ယောက်ရဲ့ ဘဝဟာ ငှက်ပျောတုံးကို ဖက်သေပြီး အဆုံးသတ်ဖို့ မဟုတ်ဘူးကွ"

"ဒါဖြင့်. . . ဘာကိုဖက်သေပြီး. . . အဆုံးသတ်ရမှာလဲ ဖေဖေ"

"တယ်. . ငါလုပ်လိုက်ရ. . နာတော့မယ်၊ ဒီကောင်"

ဖုန်းထဲမှာမို့ ကျွန်တော်သက်သာသွားတယ်။

www.burmeseclassic.com



ဒါပေမယ့် နားတော့မသက်သာပါဘူး။ ခါတ်ပြားဟောင်းကြီးကို ဖေဖေဖွင့်ပြီလေ။

“မင်းကို ငါ့သားလို့ပြောရမှာတောင် ရှက်တယ်ကွာ၊ ငါ့တုန်းကများဆို ဟောတစ်ယောက်. . ဟောတစ်ယောက်နဲ့. . ဒီလို ဒီလို လက်ဖျောက်တီးရုံနဲ့. . . ”

အဲ့ဒါတွေပဲပေ့ါ။ ကျွန်တော်စိတ်ပျက်တာ။

လောကကြီးမှာ အဖော်မရှာပဲ တစ်ယောက်တည်းနေချင်တဲ့ လူတွေကို ဘာလို့များ သာမန်လူတွေလို မသတ်မှတ်ချင်ရတာလဲ မသိဘူး။

ဖုန်းထဲမှာပြောနေတဲ့ ဖေဖေ့စကားတွေက ကျွန်တော့်. . ဒီဖက်နားကဝင်ပြီး ဟိုဖက်နားက ပြန်ထွက်သွားတယ်။ ဖေဖေ မသိရှာဘူး။ သနားပါတယ်။

သူ. . ဘယ်လောက်စွံကြောင်း၊ ကျွန်တော်ဘယ်လောက်ညံ့ကြောင်းတွေ ပြောနေတာ နာရီဝက်လောက်တော့ ရှိမယ်။

ဖေဖေ့လေတွေ တော်တော်ကုန်သွားတော့မှ. . .။

“. . . . ထက်ထိ ယောကျ်ားကောင်း မောင်းမ,တစ်ထောင်ဆိုတဲ့ ဆောင်ပုဒ်ကို ဖေဖေလက်ကိုင်ထားတုန်း၊ ဒီတော့. . . မင်းဖအေထက် ညံ့တဲ့သား မဖြစ်ပါစေနဲ့. . . ငါ့သား၊ မင်းအရွေးရခက်အရှာရခက်နေရင်. . . ဖေဖေတို့စီစဉ်တဲ့. . . ”

“တော်ပါတော့. . ဖေဖေရယ်၊ တော်ပါတော့၊ ကျွန်တော် စနေနေ့ကို လာခဲ့ပါမယ်၊ ”

www.burmeseclassic.com



ဖေဖွေလေသံက အဲ့ဒီတော့မှပဲ တိကနဲရပ်သွားတာ။

"ဟော့ကောင်. . . မင်းတကယ်လာမှာနော်"

"ဩော်. . လာပါမယ်ဆိုနေမှဗျာ၊ ဖေဖေကလည်း. . "

"မင်းက အနားရောက်ရင် အကြောင်းအမျိုးမျိုးပြပြီး ရှောင်တတ်လွန်းလို့"

"ဒီတစ်ခါတော့. . လာဖြစ်အောင်ကြိုးစားပါ့မယ်ဆို. .၊ ဖေဖေကျေနပ်တော့ဗျာ"

"မကျေနပ်ဘူး. . . ဟော့ကောင်၊ လာကို လာရမယ်၊ မင်း. . မလာလို့ မဖြစ်အောင် ငါထပ်ပြောလိုက်မယ်၊ ငါ့မိတ်ဆွေ ဦးအောင်တိုးကို မင်းသိတယ်မဟုတ်လား. . ခွန်၊ ဒီပဲခူးကပဲလေ၊ ဥဿာမြို့သစ်ထဲက. . .၊"

"သိတယ်လေ. .၊"

"အေး. .၊ အဲ့ဒါ. . သူ့ကားတစ်စီး ပြန်ရောင်းချင်လို့. . တဲ့၊ မင်းကို အကူအညီတောင်းနေတယ်၊ ဒီတော့. . . မင်း ပဲခူးကို လာမှပဲ ရတော့မယ်"

"သေချာရဲ့လား. . . ဖေဖေ၊ သူ့ကားရောင်းမှာ"

ဖေဖွေလေသံက သိပ်ယုံချင်စရာမကောင်း။ ကျွန်တော် ပဲခူးကို မလာချင်. . လာချင်အောင် နောက်တစ်နည်းနဲ့ တမင်ဆွဲ ဆောင်နေတဲ့ လေသံမျိုး။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း ကိုယ့်အဖေအမေအိမ်ကို တောင် အလုပ်ကိစ္စ လမ်းကြုံရင်းနဲ့မှ ဝင်ချင်တာဆိုတော့. . ။

www.burmeseclassic.com



"သေချာပါတယ်ကွ. .၊"

"ဘာကားလဲ. . ဖေဖေ၊ ဘယ်ဈေးနဲ့ ရောင်းမှာလဲ"

"ဒါတော့ ငါမသိဘူးကွာ၊ ငါက မင်းလို ပွဲစားမဟုတ်ဘူး၊ မင်းလာမှပဲကြည့်၊ ဈေးကို ကိုအောင်တိုးနဲ့ပဲ ပြော၊ ကားကတော့ ဖင်ထောင်ဆိုလား. . ဖင်ကောက်ဆိုလားပဲ"

"ဒါဆိုရင်လည်း ကျွန်တော်လာကြည့်ရတော့မှာပေါ့ ဖေဖေ၊ ဦးအောင်တိုးအိမ်က မြို့သစ်ထဲမှာဆိုတော့ ကျွန်တော် ဖေဖေတို့ဆီလာရင်း အဝင်မှာ တစ်ခါတည်းကြည့်ခဲ့မယ်၊ ဖေဖေတို့ အိမ်ကို နေ့လည်ထမင်းစားချိန်လောက်မှ ရောက်မယ်"

"အေး. .၊ ကောင်းတယ်. . ကောင်းတယ်၊ မိဘကိစ္စကို အလုပ်ကိစ္စပြီးတော့မှ လာ. . ဟုတ်လား"

ဖေဖေက ရိထွေ့ထွေ့လေသံနဲ့ပြောတာပေါ့။

ဘယ်ရမလဲ။ ကျွန်တော်ကလည်း သူ့သားပဲ။

"ရှာနိုင်တုန်း ရှာထားရမယ်လေ. . ဖေဖေ၊ မိန်းမယူရင် ကုန်ဖို့က ရှိသေးတာ"

ဖေဖေက ရယ်တယ်။ ရယ်ရင်းနဲ့. . .။

"အေး. . .၊ မင်းမိန်းမယူဖို့ စိတ်ဝင်စားရင်လည်း ရောက်လက်စ,နဲ့ တစ်ခါတည်းသာ ကြည့်ခဲ့ကွာ၊ အဲ့ဒီ ဦးအောင်တိုးမှာ သမီးနှစ်ယောက်ရှိတယ်၊ အကြီးမ,က ကျောင်းဆရာမတဲ့၊ တော်တော် လေးလှတယ်. . မောင်၊ မင်း. . ကြိုက်ရင် တစ်ခါတည်းသာ တောင်းခဲ့ပေတော့၊ လူကြီးချင်းက ပြောပြီး. . ဆိုပြီးသား"

သွားပြီ. . ။ နောက်ဆုံးတော့ ဖေဖေ့ရဲ့အကြံအစည်က ဖုံးမရအောင် ဘွားကနဲ ပေါ်လာပါရော။

ကျွန်တော်ကတော့ ရယ်လည်းရယ်ချင်တယ်။ စိတ်လည်း ညစ်ပါတယ်။ အဲ့ဒါနဲ့ ဖေဖေ့ကိုပြောထည့်ပစ်လိုက်တယ်။

"ဖေဖေ. . . အခု ဦးအောင်တိုးက သူ့ကားရောင်းမှာလား၊ သူ့သမီးတွေရောင်းမှာလား"

ဒီတော့ ဖေဖေက ဘာပြောတယ် အောက်မေ့လဲ. . ။

"နှစ်ခုလုံး ရောင်းမှာပေါ့ကွာ". . တဲ့။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (နှစ်)

အမှန်ကတော့ ကျွန်တော်ကိုယ်တိုင်က အဲ့ဒီလို လူတွေ စုရုံးစုရုံးနဲ့ ပွဲလမ်းသဘင်တွေဆီ သွားလေ့သွားထ, မရှိတာပါ။

အခုဟာက ဖေဖေကိုယ်တိုင်က လှမ်းဖိတ်လို့ သွားရမှာ။ လုံးဝသွားချင်စိတ်မရှိဘူး။(ဦးအောင်တိုးရောင်းမယ့် ကားကနေ အရောင်းအဝယ်ဖြစ်ရင် ရမယ့် ပွဲခ,ကိုမက်တာလည်း ပါတယ်)။

ဖေဖေတို့ပွဲကို ကျွန်တော်ရှောင်ချင်တဲ့ အကြောင်းတွေက လည်း အများကြီးရှိတယ်။

တစ်အချက်. . .။

အဲ့ဒီမင်္ဂလာနှစ်ပတ်လည်ဆိုတဲ့ နေ့ကို ဖေဖေတို့ နှစ်တိုင်း နှစ်တိုင်း ဘာဖြစ်လို့များ တ,သ,လွမ်းမောပြီး ကျင်းပနေချင်ရပါလိမ့်။ အဓိပ္ပါယ် လုံးဝမရှိတာ။

ဖေဖေနဲ့မေမေတို့ဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတယ်။ သေတပန်သက်တစ်ဆုံးလည်း ဆက်ပြီး ချစ်ကြဦးမယ်။ ဒါကို ကျွန်တော်တို့ သိထားပြီပဲ။ တော်ရောပေါ့. .။

ဘယ်သူမှမသိရင်တောင် ဒီလိုကိစ္စမျိုးက ကာယကံရှင် နှစ်ယောက်သိရင်ပဲ လုံလောက်တဲ့ကိစ္စ။ ဘာဖြစ်လို့ လျှောက်ကြေငြာနေရဦးမှာလဲ။

(တချို့များဆို အိုကြီးအိုမ,ကျမှ ကျွန်တော်. . ကျွန်မတို့ ဒီလိုဒီလို ချစ်ခဲ့ကြတာ နှစ်ပေါင်းဘယ်လောက်. . ဘယ်လောက်ရှိပါပြီ၊ ရွှေရတု ငွေရတု မင်္ဂလာတွေဆိုပြီး သတင်းစာထဲ ထည့်. . ကြော်ငြာလိုက်ကြသေးတယ်)။

အဲဒီလိုကြော်ငြာကြတဲ့ လူတွေရဲ့ ရည်ရွယ်ချက်က ဘာလဲ။ အိမ်ထောင်တစ်ခုကို နှစ်ပေါင်းများစွာ ကြာတဲ့အထိ မပြိုကွဲမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောင်နိုင်တယ်ဆိုတဲ့ သူတို့ရဲ့ အရည်အချင်းကို လူသိစေချင်တာလား. .။

အကြောင်းအမျိုးမျိုးကြောင့် ပြတ်စဲခွာပြဲသွားကြတဲ့ တခြားအိမ်ထောင်သည်တွေကို အထက်စီးက ကြွားချင်ကြတာလား။

အိမ်ထောင်မပြုရသေးတဲ့ အပျိုလူပျိုတွေကို လင်စိတ်၊ သားစိတ်ပေါ်လာအောင် လုပ်ပြနေတာလား. .။

ဘာရည်ရွယ်ချက်နဲ့များ မင်္ဂလာလေး တစ်ခါဆောင်ခဲ့တဲ့ ကိစ္စကို ဆက်ပြီးအကျယ်ချဲ့ချင်နေကြမှန်းမသိဘူး။

(တချို့များဆို မိန်းမ,လေးငါးယောက် ယူလိုက်တာတောင်

www.burmeseclassic.com


လူသိလိုက်တာ မဟုတ်ဘူး။ တကယ်သွက်တဲ့သူက အသံကို မထွက်တာ။)

ကျွန်တော်လည်း သိပ်တော့မပြောချင်ပါဘူး။ လူ့လောကကြီးမှာ အလုပ်ပိုတွေ လုပ်နေတဲ့သူက ခပ်များများလေ။

ထားပါတော့။ ဖေဖေတို့ဆီကို ကျွန်တော်မသွားချင်တဲ့ ပထမအချက်က အဲ့ဒါ. . ။

ဒုတိယအချက်က ကျွန်တော့် ညီအစ်ကိုမောင်နှမတွေ။

ရှားမှရှားတဲ့ ကျွန်တော့်အစ်ကိုနှစ်ယောက်နဲ့ ကျွန်တော့်အစ်မနှစ်ယောက်ပေါ့ဗျာ. . ။

သူတို့ဟာသူတို့ မနေနိုင်မထိုင်နိုင် အိမ်ထောင်တွေ အသီးသီးပြုကြပြီးတော့မှ အခုထက်ထိ မိန်းမ,မယူသေးတဲ့ ကျွန်တော့်ကို ကမ္ဘာ့အထူးဆန်းဆုံး သတ္တဝါလေးလို လာလာကြည့်နေတာ ကျွန်တော် မခံချင်လွန်းလို့ပါ။

သူတို့ရဲ့အယူအဆ,က ဒီတစ်သက်တာမှာ အိမ်ထောင်သာ မကျခဲ့ရင် ကျွန်တော့်ဘဝကြီးက အသူတရာနက်တဲ့ ချောက်ကမ်းပါးကြီးထဲ လိမ့်ကျတော့မယ့်ပုံစံ. . ။

ဘယ့်နှယ်ဗျာ. . ။

လောကကြီးမှာ သူများအမြီးပေါက်တိုင်းသာ လိုက်ပေါက်ရရင် အကုန်လုံးမျောက်တွေ ဖြစ်ကုန်မှာပေါ့။

သူတို့ကလည်း ကျွန်တော့်လိုလူမျိုးကို တအံ့တသြဖြစ် နေရှာမှာပဲ။

www.burmeseclassic.com



သူတို့တွေ အိမ်ထောင်ကျတဲ့ အသက်အရွယ်က နောက်အကျဆုံး . ဆိုတာတောင် (၂၄)နှစ်လေ။

ကျွန်တော့်အသက်အရွယ်မှာ သူတို့က သားသမီးသုံးလေးယောက် မွေးထားပြီးပြီကိုး။

ကျွန်တော်တို့ရဲ့ အစ်ကိုအကြီးဆုံးက "ဩရသ"။

ကျွန်တော်တို့ကတော့ သူ့ကို ကိုကြီးလို့ပဲ ခေါ်တယ်။ သူ့အသက်က လေးဆယ့်သုံးနှစ်။ သူ့မှာ သမီးချည်းပဲ သုံးယောက်မွေးထားတယ်။ သမီးအကြီးဆုံးက ဆယ့်ကိုးနှစ်ကျော်ပြီ။

အဲ့ဒီ သမီးအကြီးကစ,လို့ သုံးယောက်လုံးက ပျံတံတံနဲ့တုံ့တုံ့တွေ ချည်းပဲ ။ ကျွန်တော်ကတော့ တစ်ယောက်မှ ကြည့်လို့ကို မရဘူး။

အဲ့ဒီ ဆယ့်ကိုးနှစ်မ,ကလည်း ကျောင်းသာ မပြီးသေးတယ်။ မော်ဒယ်လ်လိုလို ဘာလိုလိုနဲ့ ဗီစီဒီကာရာအိုကေ သီချင်းလေး တစ်ပုဒ်နှစ်ပုဒ်လောက် ဝင်ရိုက်ဖူးပါတယ်။ သူ့ကိုယ်သူ အကယ်ဒမီမင်းသမီးရုပ်မျိုး ပုံစံဖမ်းထားတာ။

အိမ်မှာနေတာ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်။ ဘော်ကြော့လေးတွေ။ ဒီကြားထဲ ဂျာနယ်ထဲမှာ ဓါတ်ပုံနဲ့ အင်တာဗျူးပါလာတာကို သူရော၊ သူ့မိဘတွေကရော လူတကာလိုက်ကြွားနေကြသေးတယ်။ ပါလာတဲ့ သတင်းကိုလည်း ကြည့်ဦး။

"ကျွန်မရဲ့စိတ်ကူးယဉ်အိပ်မက်ထဲက ချစ်သူပုံစံကတော့ အသားဖြူရမယ်၊ အရပ်မြင့်ရမယ်၊ ပညာတတ်ရမယ်၊ စိတ်နေ

www.burmeseclassic.com



သဘောထား ကောင်းရမယ်၊ ------ရမယ်၊ ------ရမယ်၊ -----ရမယ်. . . ”စ,သဖြင့်ပေါ့ဗျာ။

ကြည့်ကြပါဦး။ ကျွန်တော်တူမ,လုပ်ပုံ ကောင်းကြသေးရဲ့လားလို့။ ရည်းစားမျှော်၊ လင်ခေါ်တဲ့အကြောင်းကိုများ တစ်နိုင်ငံလုံးသိအောင် ဂျာနယ်ထဲ ဓါတ်ပုံနဲ့တကွထည့်ပြီး မရှက်မကြောက်ကြော်ငြာရသေးတယ်လို့။

(ကျွန်တော် အဲ့ဒီလိုများပြောရင် အဲ့ဒီကောင်မလေး ဆွေ့ဆွေ့ကိုခုန်နေတာပဲဗျ)။

ဒီလို လူကြော်ငြာတာမျိုးကို ကျွန်တော့်အစ်ကိုနဲ့မရီးက ရှောရှောရှူရှူ ခွင့်ပြုထားတာကိုလည်း ကျွန်တော်အံ့ဩလို့မဆုံးဘူး။

ဘာပဲဖြစ်ဖြစ်. . . ကျွန်တော့်အစ်ကိုကြီးကတော့ ဒီသမီးသုံးယောက်ရဲ့ အဝတ်အစားဖိုး၊ ဖိနပ်ဖိုး၊ မိတ်ကပ်ဖိုး၊ ဘာသင်တန်းဖိုး၊ ညာသင်တန်းဖိုး၊ ------ဖိုး၊ ------ဖိုးတွေ ကျုံးရုံးရှာရတာနဲ့ပဲ လူရုပ်တောင် မပေါ်တော့ပါဘူး။

သူတို့ဖွင့်ထားတဲ့ ပဲခူးဈေးကြီးနဲ့ မျက်နှာချင်းဆိုင်က ကုန်မာဆိုင်လေး အရောင်းအဝယ်ကောင်းလို့ ခုသာခံသာ ဖြစ်နေရှာတာပေါ့။ ဒါတောင်. . သူတို့စီးနေတဲ့ အက်စ်အီးရှဲစောင်းလေး ဂျုံးဂျုံးကျနေတာတောင် အသစ်မလဲနိုင်တာ တော်တော်ကြာသွားပြီ။

ထားပါတော့။ ဒီသမီးရှင်တွေအကြောင်းပြောရရင် ဇာတ်လမ်းက ဆုံးမှာမဟုတ်ဘူး။

သားရှင်တွေအကြောင်း ဆက်ပြောပြမယ်။

ကိုကြီးရဲ့အောက်မှာ ကျွန်တော့်အစ်မနှစ်ယောက်က ကပ်လျက် အထက်နဲ့အောက်။ မကြီးနဲ့ မလတ်။

သူတို့က သားရှင်တွေပေါ့။

မကြီးရဲ့ နာမည်က "ခင်မကြီး"။ သူ့ယောက်ျားက သင်္ဘောသား ( 3rd Mate )။ ဒီတော့ သူတို့မိသားစုက ငွေရေးကြေးရေး ပြေလည်ပြီး အတော်ကလေး ပြည့်စုံတယ်လို့ ပြောရမယ်။

ဒါပေမယ့် ပိုက်ဆံရှိတာနဲ့အမျှ မကြီးက သူမွေးထားတဲ့ သားနှစ်ယောက်ကို အလိုလိုက်တာ ကမ်းကုန်ရော။ နှစ်ဘက်ဘိုးအေ ဘွားအေတွေကလည်း မြေးတွေထဲမှာ အရင်ဆုံးမွေးလာတဲ့ ယောက်ျားလေးတွေမို့ ဝိုင်းအလိုလိုက်ကြတာလည်း ပါတယ်။

အရွယ်လေးတွေက ရှစ်တန်းကိုးတန်းပဲ ရှိသေးတယ်။ ပုံစံတွေက ဆောင့်ကြွားကြွား၊ မြောက်ကြွကြွနဲ့ တစ်ယောက်မှ ဒေါင့်မကျိုးကြဘူး။ အဖေလုပ်တဲ့သူ သင်္ဘောသားကလည်း အဝေးမှာရောက်နေတဲ့ အချိန်ကများနေတော့ မြန်မာပြည် ပြန်ရောက်လာရင် သားတွေကို ဆုံးမဖို့ သတိမရဘူး။

သားတွေတောင်းသမျှ ပိုက်ဆံကို ထုတ်ပေးပြီး သူတို့ ပူဆာတာ အကုန်ဝယ်ပေးနေတော့တာပဲ။

ကလေးတွေက စတိတ်ရှိုး သုံးထောင်တန်း . . ဆိုလည်း ရှေ့ဆုံးက သွားကြည့်ကြတယ်။ ဆီဒိုနားမှာ ဘူဖေးဆိုလည်း သွားစားကြတယ်။ အိမ်မှာ ဘိလိယက်ထိုးချင်တယ်ဆိုရင်လည်း ဘိလိယက်

www.burmeseclassic.com



ခုံ အကောင်းစားကြီး ဝယ်ချပေးလိုက်တယ်။

သူတို့အဖေ ဒီတစ်ခေါက်ပြန်လာတော့ ကိုယ်တော် နှစ်ယောက်က အယ်လ်ဖေးရှင်းခွေးမွေးချင်တယ်လို့ တစ်ခွန်းပဲ ပြောရသေးတယ်။ အဖေလုပ်တဲ့သူက ဝယ်ပေးလိုက်တာ ခွေးသားပေါက်ချည်းပဲ ငါးသိန်းခွဲဖိုး။

ကောင်းကြသေးရဲ့လား။

ကျွန်တော်က မနေနိုင်၊ မထိုင်နိုင် ဘေးကနေ ကိုယ့်အစ်မ ကို သတိပေးရတယ်။ " မကြီး. . ၊ မကြီးသားတွေ အလိုလိုက်တာ လွန်ပြီနော်". . . လို့။

ဒီတော့ ကျွန်တော့်အစ်မကြီးက ဘာပြန်ပြောတယ် အောက်မေ့လဲ။

"နင်မသိရင် အသာနေစမ်းပါ. . ငခွန်ရယ်၊ ငါ့သားတွေက ဒီခွေးတွေ ဝယ်ပေးလိုက်တော့မှ. . . အရင်လို ပြဿနာမရှာပဲ ခြေငြိမ်သွားကြတာ. . ဟဲ့" တဲ့။

ဟုတ်တော့လည်း ဟုတ်တယ်။ အဲ့ဒီ ညီအစ်ကိုနှစ်ယောက် က ဒီအရွယ်လေးတွေနဲ့ကို ကျောင်းမှာရန်ဖြစ်ရတာနဲ့။ ချိန်းရိုက် ရတာနဲ့။ ရုံးရောက်၊ ဂါတ်ရောက်၊ ဆေးရုံရောက်. . အကြိမ်ပေါင်းက များပြီ။

အခု ခွေးတွေကိစ္စကျမှပဲ သူတို့ဟာသူတို့ အလုပ်ကို ရှုပ်နေကြတော့တာ။

ဒီခွေးတွေကို ကာကွယ်ဆေးသွားထိုးရ၊ နေမကောင်းလို့

www.burmeseclassic.com



ဆေးခန်းသွားပြရ၊ နေ့စဉ်ကျွေးတဲ့ အမဲသားရှာမရလို့ သားသတ်ရုံမှာ အော်ဒါသွားမှာရ. . နဲ့။

ဒီခွေးတွေကို ကျွေးမွေးရတဲ့ စရိတ်ကလည်း ကြည့်ဦး။ တစ်နေ့ကို အမဲသားက ငါးပိဿာနဲ့ အထက်။ ကြက်ဉက တစ်နေ့ကို အလုံးလေးဆယ်။ ဆန်ကွဲက နှစ်ပြည်ကျို။ ဒီကြားထဲ နေ့စဉ် တိုက်ရတဲ့ ခွေးအားတိုးဆေး၊ ဗီတာမင် ဆေးလုံးဆေးပြားတွေရဲ့ တန်ဖိုးက မပါသေးဘူး။ တိရစ္ဆာန်ဆေးကု ဆရာဝန်ရဲ့ တစ်ပတ် တစ်ခါ ခြေကြွခ,က ရှိသေးတယ်။

(ဘုရား. . ဘုရား. . ဒီလောက်တောင် စီးပွားပျက်အောင် လုပ်နေတဲ့ အကောင်တွေ. . . အိမ်ပေါ်က နှင်ချဖို့ကောင်းတယ်။ ခွေးတွေတင် မဟုတ်ဘူး။ ကျွန်တော့်တူနှစ်ယောက် အပါအဝင်)။

တစ်ခါတော့ အဲ့ဒီ ညီအစ်ကိုနှစ်ယောက် ကျွန်တော့် ရှေ့မှာလာပြီး သူတို့ခွေးတွေ အပျို လူပျိုဖြစ်ပြီ ( Heat )လာပြီ ဆိုတဲ့အကြောင်း၊ တခြားအိမ်ကခွေးတွေနဲ့ သားသွားစပ်ပြီး မိတ်လိုက်တဲ့ အကြောင်းတွေ တစ်တစ်ခွခွ လာပြောနေလို့ ဖနောင့် နဲ့ကို ပေါက်ပြီး မောင်းထုတ်ရသေးတယ်။

"စတာလုံးကကွာ. . မက်ဒေါနားကို မကြိုက်ဘူး၊ ဟို ကောင်မ,ကဖြင့် အထာတွေပေးနေလိုက်တာ၊ ဘာမဟုတ်တဲ့ အမွေးကျိုးတိုးကျဲတဲ. . ဒမ်မီမိုးကိုမှ သွားကြိုက်တယ်၊ ဒမ်မီမိုးက ဟိုအရင်ကတည်းက ဗန်ဒိမ်းကလွဲပြီး အနားကပ်ခံတာ မဟုတ်ဘူး၊ ဒီမှာတင် ဗန်ဒိမ်းနဲ့ စတာလုံး ဖိုက်ကြတာပေါ့"

www.burmeseclassic.com


"ဒါဖြင့်. . . မက်ဒေါနားက ဘယ်သူနဲ့ ညားသွားလဲ"

"တွမ်ခရူးစ်နဲ့လေ. . "

အဲ့ဒီမှာ ကျွန်တော် ဆက်လက်သည်းညည်းမခံနိုင်ပဲ ဒီကောင်တွေကို အော်မောင်းထုတ်ရရော။

"ဟာ. . ဘာတွေလာပြောနေတာလဲ. . . ဒီကောင်တွေ၊ မင်းတို့. . . ဒီတော်သလင်းကိစ္စကလွဲပြီးပြောစရာမရှိဘူးလား"

(အမှန်ကတော့ စတာလုံးတို့၊ မက်ဒေါနားတို့. . ဆိုတာ သူတို့ ခွေးတွေရဲ့ နာမည်တွေ၊ . . မှည့်စရာရှားလို့)။

ကျွန်တော်က အဲ့ဒီလိုလည်းမောင်းထုတ်ရော ခွေးဝင်စားလေးတွေက ကျွန်တော့်ကိုတဟားဟား အော်လှောင်ရယ်ပြီး ပြေးထွက်သွားကြတာပေါ့။

"ဟား. . ဟား. . ဟား. . ဦးခွန် ရှက်သွားပြီ၊ ရှက်သွားပြီ၊ လူပျိုကြီး ရှက်သွားပြီ"

အဲ့ဒီလိုမျိုး. . ။ ဒီကောင်တွေက. . ။

ဦးလေးရယ်လို့လည်း လေးစားရကောင်းမှန်းမသိ။

ထားပါတော့။ ဒီကောင်တွေအကြောင်းကို လျှောက်ပြောရရင် လူပျိုကြီးမို့လို့ ပါးစိပါးစပ်များတယ်။ ဇီဇာကြောင်တယ် ဖြစ်ဦးမယ်။

ကျွန်တော့်အစ်မလတ်အကြောင်းကို ဆက်ပြောပြမယ်။

မလတ်နာမည်က "တင်မလတ်". . . ။

သူ့ယောက်ျားက ရန်ကုန်မှာ နာမည်ကြီး ကျူရှင်ဆရာ။

www.burmeseclassic.com



ဒေးရှယ်တွေ၊ ထူးရှယ်တွေ၊ ဝိုင်းတွေ၊ ဘော်ဒါတွေ စုံနေအောင် ဖွင့်ပြီး စီးပွားရှာကောင်းတဲ့ ကျူရှင်ဆရာမျိုးပေါ့။

သူတို့ကလည်း ငွေကြေးပြည့်စုံကြတယ်။ ရန်ကုန်၊ ကျောက်မြောင်းဘက်မှာ တိုက်ခန်းတစ်ခုနဲ့ နေကြတယ်။

မလတ်ကတော့ သားလေးတစ်ယောက်ပဲ မွေးထားတာပါ။ သူ့သားလေးကလည်း လိမ္မာပြီးအေးဆေးတဲ့ ကလေးပါပဲ။ အခုဆို ဆယ်နှစ်ကျော် အရွယ်ရှိပြီပေါ့။

ဒါပေမယ့် ကလေးက ချူချာရှာတယ်။ မွေးကတည်းက ကန့်လန့်ဖြစ်နေလို့ ဆိုလား၊ ဇောက်ထိုးဖြစ်နေလို့ ဆိုလား။ ခက်ခက်ခဲခဲ ခွဲမွေးထားရတာလေ။

အဖတ်တင်တာတောင် ကံကောင်းဆိုပြီး မ,လတ်ကရော၊ သူ့ယောကျ်ားကပါ ကလေးကို ရွှေပေါ်မြတင်၊ ဖူးဖူးမှုတ် ဂရုစိုက်ပြီး မွေးမြူလာကြတာပါ။ ဒီလို သဲသဲလှုပ်နေလို့ပဲလား မသိဘူး။

သူတို့ရဲ့ တစ်ဦးတည်းသော သားလေးက မွေးပြီးကတည်းက စ,ပြီး ဆေးရုံနဲ့ဆေးခန်း ပြတ်တယ်လို့ကို မရှိဘူး။ ရောဂါတွေ တစ်မျိုးပြီးတစ်မျိုး ဖြစ်ပြနေလိုက်တာများ. . ။

မွေးပြီး တစ်ပါတ်အတွင်းမှာ အသားဝါတယ်။ တစ်လကျော်မှာ ဝမ်းလျှောတယ်။ တစ်နှစ်မပြည့်ခင်မှာပဲ အဖျားကြီးပြီး အတွင်းတက်တက်လိုက်တာ ဆေးရုံပြေးရပြန်ရော။ နှစ်နှစ်အတွင်းမှာ ဆေးရုံက နှစ်ခါတက်ရသေးတယ်။ အသက်ရှူလမ်းကြောင်း ပိုးဝင်တဲ့ရောဂါနဲ့. . တဲ့။

နောက်နှစ်တွေကျတော့ သွေးလွန်တုပ်ကွေးရောဂါကို မလတ်သားက လိုင်စင်ဆွဲထားလေရဲ့။ တစ်နှစ်တစ်ခါ သွေးလွန်တုပ်ကွေးမှ မဖြစ်ရရင် သူတို့သားက မကျေနပ်ချင်ဘူး။ တစ်နှစ်တစ်ခါ ဒီရောဂါနဲ့ ဆေးရုံကို သူတို့သားက တက်နေကျ။

ဆေးရုံမှာ ဂလူးကို့စ်ပုလင်းကြီး သုံးလေးပုလင်းလောက်သွင်း၊ (တစ်ခါတစ်လေ သွေးတောင်သွင်းရသေး) ၊ အဲ့ဒီတော့မှ သူတို့သားက နေသာထိုင်သာလေးဖြစ်ပြီး ဆေးရုံက ဆင်းတတ်တာ။

ဒီကြားထဲ တီဘီအဆုတ်ပွလို့ ဆေးတွေသောက်ရတာကို တစ်နှစ်ကျော် ကြာသေးတယ်။ ဒါ့အပြင် ဝက်သက်ပေါက်လိုက်၊ ရေယုန်ပေါက်လိုက်၊ အာသီးရောင်လိုက်နဲ့. . . ဖြစ်လိုက်တဲ့ ရောဂါတွေကို ကျွန်တော်တောင် အကုန်မမှတ်မိတော့ပါဘူး။

အခုတောင် ကလေးက နှလုံးနည်းနည်း အားနည်းနေပါတယ် ဆိုပြီး မိဘတွေက အိမ်ထဲကအိမ်ပြင် မထွက်ခိုင်းတော့ဘူးလေ။ ကြာလာတော့ မလတ်သားက ချိနဲ့ပျော့ဖတ်ပြီး မိန်းမရှာလေး လို ကန္တဲ့ကလျပုံပါ ပေါက်လိုက်လာရော။

ကလေးကို လိုတာထက်ပိုပြီး မချုပ်ချယ်ပါနဲ့. . . လို့ ဘေးကနေ ကျွန်တော်ဝင်ပြောရတာလည်း အရာမရောက်ပါဘူး။

လိုတာထက်ပိုပြီး ချုပ်ချယ်လွန်းတော့ သူတို့သားက ဟိုနားမသွားရဲ. .၊ ဒီစကားမပြောရဲ. .၊ ဟိုလိုအစာ မစားရဲ၊ ဒီလိုမျိုး မဆော့ရဲနဲ့. . အရာရာမှာ သိမ်ငယ်ကြောက်ရွံ့ပြီး မိန်းကလေးတွေထက်တောင် ပျော့ညံ့တဲ့ သားယောကျ်ားလေး ဖြစ်လာပါရော။

ကျွန်တော်က "မလတ်တို့. . အဲ့ဒီမှာ သဲသဲလှုပ်နေ၊ ကြာရင် ကလေးက အခြောက်ဖြစ်တော့မယ်၊ ဂရုစိုက်တာက နည်းနည်း လွန်နေပြီ" လို့. . ပြောတော့ မလတ်က ကျွန်တော့်ကို ချက်ချင်း ပြန်ပက်ပါလေရော။

"နင်က ကလေးဘယ်နှစ်ယောက် မွေးဖူးလို့ ဒါတွေ လိုက်ပြောနေရတာလဲ. . ခွေန်၊ ကိုယ့်ကလေးကိုယ် သဲသဲလှုပ်ရုံ မကလို့. . လှုပ်လှုပ်ပြီးတော့ပဲ. . သဲ. . သဲ၊ နင် ဝင်မပါစမ်းပါနဲ့၊ အသာနေစမ်းပါ ". . တဲ့။ ကဲ. . မခက်ဘူးလား။

အဲ့ဒါပြောတာပေါ့။ သားရှင်တွေကလည်း တစ်ယောက် တစ်မျိုး။ မရိုးစေရဘူး။

ကဲ. . . မလတ်အကြောင်းပြီးတော့ ကိုလေးအကြောင်း ပြောရမှာပေါ့။

မလတ်နဲ့ကျွန်တော် အကြားမှာ "ခင်မောင်လေး" လို့ ခေါ်တဲ့ ကိုလေးတစ်ယောက်ပဲ ခြားတယ်။

ကိုလေးနဲ့ကျွန်တော်က အထက်အောက် တစ်နှစ်ကျော်ပဲ ကွာတာမို့လို့ ငယ်ငယ်ကတည်းက အရင်းနှီးဆုံး ညီအစ်ကိုပါပဲ။ သွားအတူ၊ လာအတူ၊ စားအတူ. . နဲ့ တခြားမောင်နှမတွေထက် ပိုခင်ခဲ့ကြတာ။ သူအိမ်ထောင်ကျသွားတော့မှပဲ ကျွန်တော်နဲ့ ဝေးသလို ဖြစ်သွားရတာ။

သူရော၊ သူ့မိန်းမရောက ဌာနတစ်ခုမှာ ဝန်ထမ်းအရာရှိ ပေါက်စ,တွေ။

သိပ်ပြီး ဆင်းရဲကျပ်တည်းကြတာလည်း မဟုတ်ပါပဲနဲ့ မွေးထားတာက သားနှစ်ယောက်၊ သမီးနှစ်ယောက်က အမွှာလေးတွေ ဆိုတော့ ပေါင်း. . လေးယောက်။

အဲ့ဒီလေးယောက်ရဲ့ ကျောင်းစရိတ်၊ ကျူရှင်စရိတ်၊ စားစရိတ်တွေနဲ့. . ကိုလေးတို့ မိသားစုမှာ တစ်လတစ်လ၊ လုံးလည်ချာလည်ပြီး လိုက်နေတော့တာ။

လ,ကုန်ခါနီးဆိုရင် ကိုလေးမိန်းမက ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေဆီက မျက်နှာငယ်ငယ်နဲ့ ငွေလိုက်ချေး ရတာက ထုံးစံလို ဖြစ်နေပါပြီ။

ကျွန်တော်နဲ့ကလည်း အရင်းဆုံး။ ကိုယ်က လူပျိုကလည်း လူပျို။ တစ်ယောက်တည်းသမားဆိုတော့ ကျွန်တော့်ဆီကပဲ ကိုလေးက အများဆုံး ချေးတတ်တာပါ။

ကိုလေးရဲ့သားသမီး တူ၊ တူမတွေကို တစ်ခါတစ်ခါ ကျွန်တော်သနားမိလို့ မုန့်တွေ၊ အရုပ်တွေ ဝယ်ပေးမိပေမယ့်၊ အဲ့ဒီကလေးတွေကို အနားသိပ်ကပ်ပြီးတော့ အရောမဝင်ရဲဘူး။

ဘာဖြစ်လို့လဲဆိုတော့. . ကျွန်တော်ပြောတဲ့ မျောက်မူးလဲ၊ လျှပ်စီးတွေဆိုတာ သူတို့လေးယောက်မှ အစစ်တွေလေ။

ကိုလေးရဲ့သားသမီးတွေကို တစ်ခန်းတည်းမှာ အတူတူ မထားမဖြစ် ထားရတော့မယ်ဆိုရင် ခြောက်ပေအကွာစီမှာ ထားပါ. . ဆိုတဲ့ ဥပဒေတစ်ခုရှိတယ်။ အဲ့ဒီဥပဒေကို မေ့ပြီး မလိုက်နာခဲ့လို့ ရှိရင် ကမ္ဘာပျက်တာကို အရှင်လတ်လတ် မြင်ဖူး

သွားစေရမယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီကလေးလေးယောက်က အတူ ဆော့ကစားခိုင်းလိုက်တာနဲ့ ငါးမိနစ်အတွင်း အော်ဟစ်သတ်ပုတ် ရန်ဖြစ်ကြ၊ ဆော်ပလော်တီးကြ၊ ငိုကြွယိုကြတဲ့ အသံတွေ. . စီကနဲ ထွက်လာတော့တာပါပဲကိုး။

မယုံမရှိနဲ့။ ကြုံဖူးမှ သိသွားမယ်။

ကျွန်တော်. . သားစိတ်၊ မယားစိတ်ကုန်သွားတာ ဒင်း တို့ကြောင့် အများကြီးပါတယ်။

အဲ့ဒီလို. . . ကဲကဲစိန်တွေ မွေးထားတဲ့ ကိုလေးကလာပြီး “ဟေ့ကောင်. . တံခွန်၊ မင်း မိန်းမ,မယူသေးဘူးလား”. . လို့ လာလာ မေးနေနိုင်သေးတာ တော်တော်အံ့ဩဖို့ ကောင်းတယ်။

ကျွန်တော်က စိတ်ပေါက်ပေါက်ရှိတာနဲ့. . . ။

“ကိုလေးရာ. .၊ ကိုလေးမှာ ရှိတဲ့ဟာလေးတွေတောင် ပြန်အမ်းချင်စိတ် ပေါ်နေတာမဟုတ်လား၊ ကျွန်တော့်ကို ဒုက္ခ လာမရှာခိုင်းစမ်းပါနဲ့၊ အေးအေးပဲနေပါရစေ”. . . လို့ ပြန်ပြောလိုက်ရရော။

ဒီတော့ ကိုလေးက ရယ်တယ်လေ။

ရယ်ရင်းနဲ့. . ။

“မင်း. . ကောင်းတာလေးတွေ မသိသေးလို့ပါကွာ”. . တဲ့။ ဘာကောင်းတာလဲ. . ။

အင်း. . ။ အဲဒီလိုမျိုး ကောင်းပုံကြီးကတော့. . ။

www.burmeseclassic.com



BURMESE CLASSIC .com

တော်ပါပြီ။

ဆားနဲ့ပဲ စားပါရစေတော့ . . ။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (သုံး)

ထမင်းစားခန်းထဲ ဝင်သွားတော့ လူကတော်တော်စုံနေပြီ။ ဒီနှစ်ကတော့ မိသားစုဝင်တွေ အကုန်နီးပါး လာကြတယ်။

သဘော်ာပြန်တက်သွားတဲ့ ကျွန်တော့်ယောက်ဖ၊ မကြီးရဲ့ ခင်ပွန်း ကိုကျော်ဇောကြီးတစ်ယောက်ပဲ ပျက်ကွက်တာ။ ကျန်တဲ့ ညီအစ်ကိုမောင်နှမတွေ၊ မရီးနှစ်ယောက်နဲ့ ယောက်ဖ,တစ်ယောက်၊ အကုန်လာပြီး စကားတွေပြောဆို ဆူညံနေလိုက်တာ။

ကျွန်တော်ဝင်သွားတာနဲ့ တစ်ယောက်တစ်ပေါက် ဝိုင်းနှုတ်ဆက်ကြတော့ ပိုဆူညံသွားလေရဲ့။

"ဟော. . . တံခွန်လာပြီဟေ့၊ ဟေ့ကောင်ကြီး. . ဒီနှစ်. . တစ်ယောက်တည်းပဲ လာသလားကွ၊ နောက်နှစ်ကျ. . နှစ်ယောက်တွဲလာနိုင်အောင် ကြိုးစားကွာ"

မလတ်ယောက်ျား ကျူရှင်ဆရာက စောစောစီးစီး နှုတ်ဆက်လိုက်တာ အဲ့ဒီလို။ ဇာတ်လမ်းက စ,ပြီ။

မကြီးက ထ,ဖေါက်ပြီးမေးတယ်။

"ဘယ်သူနဲ့ တွဲလာရမှာလဲ. . . ဟဲ့"

"တစ်ယောက်ယောက်နဲ့ပေါ့"

"အဲ့ဒီတစ်ယောက်ယောက်. . နင်ရှာပေးလိုက်ပါလား . . အောင်ကိုကိုရဲ့"

မလတ်ယောက်ျားနာမည်က အောင်ကိုကို။ ကျူရှင်လောကမှာတော့ သင်္ချာအောင်ကိုကိုဆိုပြီး နာမည်ကြီး၊ မသိသူမရှိပေါ့။ အပေါင်းအသင်းလည်း ဆန့်သလို တပည့်တပန်းလည်း ပေါတယ်။ ဒါကြောင့် မကြီးက ကျွန်တော့်အတွက် မိန်းမ,ရှာခိုင်းလိုက်တာ။

ဒါပေမယ့် သူ့ယောက်ျားအကြောင်း သူသိတဲ့ မလတ်က မဲ့ရွဲ့ပြီး ဝင်ပြောပါလေရော။

"အံမယ်လေး. .၊ အဲ့ဒီတစ်ယောက်ယောက်က ကိုခွန့်အတွက် မဟုတ်ပဲ. . သူ့အတွက်သူ ဖြစ်သွားမှာ မကြီးရဲ့၊ သွား. . မရှာခိုင်းနဲ့"

ဝါးကနဲ အားလုံးပွဲကျသွားကြတယ်။

"မိန်းမကတော့ နှိပ်ပြီ"

ကိုအောင်ကိုကြီးက ခေါင်းကုတ်ရင်းပြောတယ်။

ပေါ်ပေါ်ထင်ထင်လည်း မငြင်းရဲ၊ စိတ်မဆိုးရဲဘူး။

ကိုအောင်ကိုက ဇ,ရှိတာ လူတိုင်းသိတာကိုး။ ငယ်ငယ်ကတည်းက ပွေတယ်၊ ရှုပ်တယ်ဆိုတာ ကျွန်တော်တို့ ကြားထားပြီးသား။

မလတ်ပြောစကားအရလည်း အခုထက်ထိ ခြေမငြိမ်ချင်သေးဘူး. . ဆိုပဲ။

ဒါကြောင့်ပဲ နေမှာပေါ့။ ကျူရှင်ကျောင်းမှာ လိုက်ပြီး မလတ်က ကောင်တာထိုင်၊ ငွေသိမ်း၊ စာရင်းမှတ်. . စတဲ့ အုပ်ချုပ်ရေးမှူးအလုပ် လိုက်လုပ်နေရပြီး သူ့ယောက်ျားကို နောက်ကနေ ထပ်ချပ်မကွာ ဂုတ်လိုက်ဆွဲနေရတာ နေမှာ။

“ကဲ. . ကဲ၊ မေမေ. . ကျွန်တော်ဗိုက်ဆာလာပြီ၊ ထည့်ပါတော့၊ ဘာတွေချက်ထားလဲ. . ”

“ရွှေတောင်ခေါက်ဆွဲဟဲ့. . ၊ ခဏနေပါဦး၊ အမေနယ်ပေးပါ့မယ်”

မေမေက ကျွန်တော်အိမ်ပြန်လာရင် ကလေးလေးတစ်ယောက်လိုပဲ အစားအသောက်ကို ဂရုစိုက်ကျွေးမွေးတတ်တာ။

မောင်နှမငါးယောက်ထဲမှာ ကျွန်တော်က အငယ်ဆုံးဖြစ်နေတာအပြင် လူပျိုလူလွတ်ဆိုတော့ အားလုံးထက်ကို မေမေက ပိုယုယပြတတ်တယ်။ (ကျွန်တော့်အထင်တော့ မေမေဟာ ကျွန်တော့်ကို အချစ်ဆုံးထင်တာပဲ)

ကိုကြီးမိန်းမ. . မစန္ဒာက မေမေချက်ထားတဲ့ ကြက်ရိုးဟင်းခါး ပူပူလေးကိုခပ်ပြီး ကျွန်တော့်ရှေ့လာချပေးတယ်။

www.burmeseclassic.com


ကျွန်တော်က ရှတ်ကနဲ မြည်အောင် တစ်ဇွန်းခပ်သောက်ပြီး. . "အာပါးပါး. . ကောင်းမှကောင်း". . လို့ အော်လိုက်တော့ မစန္ဒာက ကျွန်တော်ပခုံးကို ဗျန်းကနဲ ရိုက်ပါရော။

"ဟဲ့. . အစားအသောက်လေး ဘာလေး လျှော့စားဦး တံခွန်. .၊ နင့်ခန္ဓာကိုယ်က တစ်နေ့တစ်ခြား ပွလာပြီ၊ တော်ကြာ ယူမယ့်သူ မရှိပဲဖြစ်နေမှ ဟုတ်ပေ့"

အားလုံးက ကျွန်တော့်ကို ဝိုင်းရယ်ကြတဲ့အချိန်မှာ မ,ကြီးက ဝင်ပြောပြန်တယ်။

"အံမယ်. . ကျုပ်မောင်ကိုများ ပြောရက်လိုက်တာ မစန္ဒာရဲ့၊ ဟဲ့. . ပြန်ပြောလိုက်စမ်း. . တံခွန်၊ ခါချနေရတာလို့. .၊ ပြောလိုက်စမ်း"

ကျွန်တော် စိတ်တိုတိုနဲ့ အားလုံးကို "ဟာ. . . "ကနဲ အော်ထုတ်လိုက်မိရော။

"ဟာဗျာ. .၊ ကိုကြီးမကြီးတို့ကလည်း တစ်ခါလာလည်း ဒါပဲ၊ တစ်ခါလာလည်း ဒါပဲ၊ နားညည်း လာပြီ၊ မယူဘူးဗျာ၊ မယူဘူး၊ တစ်သက်လုံး ကျွန်တော် လူပျိုကြီးလုပ်မှာပါ ဆိုနေမှ"

အဲ့ဒီတော့မှ မေမေက ကျွန်တော်နားရွက်ကို အလန့်တကြား လာဆွဲတယ်။

"ဟဲ့. . ကောင်လေး၊ ဒါမျိုးဆိုတာ မပြောကောင်းဘူး၊ တကယ်ဖြစ်တတ်တယ်. . ဟဲ့"

မေမေပြောလိုက်မှ ပျက်ကရော။

www.burmeseclassic.com


အားလုံးက ဝါးကနဲ ဝိုင်းရယ်ကြတာပေါ့။

"တကယ်ဖြစ်ရင်လည်း တကယ်လုပ်မှာပေါ့ မေမေရ"

"ဟဲ့ . . ပြောလေကဲလေ၊ ဒီကောင်လေးဟာ"

မေမေက ကျွန်တော့်ဗိုက်ခေါက်ကို လာဆွဲလိမ်ပြန်ရော။

အဲ့ဒါတွေပဲပေါ့။ ကျွန်တော် ဒီအိမ်ကို လာရမှာ စိတ်ညစ်တာ။ မေမေကအစ, သူ့သားသူ ကလေးပေါက်စနလေး အောက်မေ့နေလား မသိဘူး။ သူ့သားကဖြင့် အသက်က သုံးဆယ့်ငါး၊ ရန်ကုန်မြို့မှာ အရောင်းအဝယ် ကုမ္ပဏီတစ်ခုကို တစ်ယောက်တည်း အုပ်ချုပ်နေရတဲ့ ဒါရိုက်တာ။

လောကကြီးမှာ အိမ်ထောင်မပြုရသေး၊ လက်မထပ်ရသေးရင်ကိုပဲ အရွယ်မရောက်သေး၊ လူလားမမြောက်သေးဘူး. . လို့ သတ်မှတ်ထားကြသလား မသိပါဘူး။

တော်သေးတာပေါ့။ ရေချိုးပြီး ထွက်လာတဲ့ ဖေဖေက ကျွန်တော့်ကို လှမ်းမြင်ပြီး မေးလိုက်တော့မှ အားလုံးရဲ့ ရယ်သံတွေ ရပ်သွားတော့တာ။

"ဟော့ကောင်. . ခွန်၊ ဘာလို့နောက်ကျနေတာလဲကွ"

"မြို့သစ်ထဲက ဦးအောင်တိုးအိမ် အရင်ဝင်လာရလို့လေ ဖေဖေရဲ့၊ ဖေဖေ့ကို ဖုန်းထဲမှာ သားပြောလိုက်ပါတယ်"

"ဩော်. . အေး၊ ဝင်ခဲ့ပြီလားကွ၊ တွေ့ရော တွေ့ခဲ့ရဲ့လား"

(ဖေဖေက အဲ့ဒီမေးခွန်းကို ပြုံးစိစိမျက်နှာနဲ့ လှမ်းမေးနေတာ. . တဲ့၊ ကျွန်တော်က မမြင်လိုက်ဘူး၊ ဘာလို့လဲ. . ဆိုတော့

www.burmeseclassic.com



မေမေချပေးတဲ့ ရွှေတောင်ခေါက်ဆွဲကို အားရပါးရ ခေါင်းငုံ့လွေးနေမိတာလေ)

ဒါနဲ့ အေးအေးဆေးဆေးပဲ ကျွန်တော်ပြန်ဖြေလိုက်တယ်။

"တွေ့ခဲ့ပါတယ်. . . ဖေဖေ"

(ဖေဖေ့ မျက်နှာကြီးက ဝင်းကနဲဖြစ်သွားတာလို့ နောက်တော့ ကျွန်တော့်ကို အားလုံးက ပြန်ပြောပြကြတယ်)

"တွေ့ခဲ့ပြီ. . ဟုတ်လား၊. . ဒါဖြင့်. . မင်းကြိုက်ရောကြိုက်ရဲ့လား"

ဖေဖေ့မေးခွန်းက ပါးပါးလေး။

ရိုးရိုးသားသားပဲ မေးတယ် အောက်မေ့လို့ ကျွန်တော်က ရိုးရိုးသားသားပဲ ပြန်ဖြေလိုက်တာပေ့ါ။

"မကြိုက်ပါဘူး. . . ဖေဖေရာ"

ကျွန်တော့်အဖြေကြောင့် ဖေဖေ့မျက်နှာကြီးက မတရားရှုံ့မဲ့သွားပြီး မျက်မှောင်ကုပ်တယ်။

ပြီးတော့ စိတ်တိုနေတဲ့ လေသံနဲ့. . . ။

"အောင်မာ. . . ကြီးကြီးကျယ်ကျယ်၊ မင်းက. . ဘာကို မကြိုက်ရတာလဲကွ"

ဖေဖေ့မေးခွန်းကို ကျွန်တော်ချက်ချင်း ပြန်မဖြေအားသေးဘူး။ စားနေတဲ့ ရွှေတောင်ခေါက်ဆွဲဆီမှာ အာရုံကရောက်နေတာ။ ပါးစပ်ထဲမှာ ပါးလုပ်ပါးလောင်း ဝါးနေရင်း ဖေဖေ့ကို မကြည့်ဘဲ လှမ်းအော်ဖြေလိုက်တယ်။

"ဟာ. . ဖေဖေကလည်း. . ၊ ဖင်ကောက်ကြီးကို ဈေးတွေ မတန်တဆ မြှင့်ခေါ်ထားတဲ့ ဥစ္စာ၊ ကျွန်တော် ဘယ်လိုလုပ် ကြိုက်မလဲ၊ ပြီးတော့ သူ့ပစ္စည်းက သန့်လည်းမသန့်ဘူး၊ သူများက နောက်ကနေ ဝင်ကျုံးပြီးသား. . ဟာကြီး၊ ဒီအဆင်နဲ့ ဒီအဆင်၊ နောကြေနေပြီးသား၊ တံခွန်တိုင်တို့က. . . "

ကျွန်တော့်စကားအဆုံးမှာ ထမင်းစားပွဲ တစ်ဝိုင်းလုံး အပ်ကျသံတောင် ကြားလောက်အောင် တိတ်ဆိတ်သွားပါရော။

ကျွန်တော့် ပါးစပ်ထဲမှာလည်း ဝါးလက်စ, ခေါက်ဆွဲဖတ် တွေနဲ့တန်းလန်း ကြောင်အ,ပြီး ရပ်သွားတာပေါ့။ ပြူးကျယ်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို ဝိုင်းကြည့်နေတဲ့ သူတို့ကို သဘောမပေါက်လို့ ကျွန်တော်က ပြန်အံ့အားသင့်နေမိတာ။

ဖေဖေ့ပါးစပ်ကြီးက အဟောင်းသားပွင့်သွားတယ်။

ဟင်းခါးသောက်နေတဲ့ မလတ်ရဲ့ပါးစပ်ထဲကနေ ဟင်းခါးတွေ ဖွီးကနဲ ပြန်အန်ထွက်လာလေရဲ့။

ကျွန်တော့်ယောက်ဖ ကိုကိုအောင်ဆီက တဟားဟား အော်ရယ်သံကြီး ထွက်လာတဲ့ အချိန်မှာ ဖေဖေ့မျက်နှာက ခရမ်းချဉ်သီးမှည့် တစ်လုံးလို နီရဲတွတ်နေပါပြီ။

ဖေဖေက. . . ခါးကို ဒေါသတကြီး ထောက်လိုက်တယ်။

ပြီးတော့ မေးတယ်။

"မင်း. . . ဘာကိုပြောနေတာလဲ. . . "

ကျွန်တော်လည်း အူလည်လည်ဖြစ်သွားပြီး. . . ။

www.burmeseclassic.com



"ဖေဖေကရော. . . ဘာကိုမေးနေတာလဲ. . . "

"ငါမေးနေတာ ကိုအောင်တိုးရဲ့ သမီးအကြောင်းကို မေးနေတာကွ"

အဲ့ဒီတော့မှ ကျွန်တော်လည်ချောင်းထဲက ခေါက်ဆွဲဖတ်တွေ ခရူးခရူးနဲ့ သီးသွားတယ်။

အားလုံးက တဝုန်းဝုန်းနဲ့ မျက်ရည်ထွက်အောင် ဝိုင်းရယ်ကြတယ်။ မကြီးနဲ့မလတ်ကတော့ အဖေ့ဒေါသကို ကြောက်လို့ ခိုးခိုးခစ်ခစ်နဲ့ပဲ ကျိတ်ရယ်တာပေါ့။

ကျွန်တော့်မှာ ရေတစ်ခွက်ကို အမြန်မော့ချပြီး. . .။

"ဖေဖေကလည်း. . ရှင်းရှင်းမေးပါလား၊ ကျွန်တော်က သူရောင်းမယ့် ကားအကြောင်း မေးနေတယ် အောက်မေ့လို့"

"မင်းကြီးဒေါ်ကြီး. . . ကားပါလားကွ"

"ကျွန်တော့် ကြီးဒေါ်ကြီးကား မဟုတ်ပါဘူး ဖေဖေရယ်၊ အန်ကယ်ဦးအောင်တိုး ကားပါ "

"လဲသေလိုက်စမ်းပါလား. .၊ ငါကဖြင့် ကိုယ့်သားကိုယ် စွံပါစေတော့. . ဆိုပြီး မတွေ့တွေ့အောင်ကြံဖန် ပေးလိုက်ရတာ၊ မင်းခေါင်းထဲမှာ အဲ့ဒီကားရောင်းမယ့် ကိစ္စပဲရှိသလားကွ"

"ဖေဖေရယ်. . . ကားရောင်းတာက ပိုက်ဆံရတယ်လေ၊ သူ့သမီး ရောင်းပေးရင် ပိုက်ဆံမှမရပဲ"

"အေး. . အဲ့ဒီမှာ. . မင်း တစ်နေ့တစ်နေ့ ပိုက်ဆံရဖို့ပဲ တွက်နေ၊ တစ်သက်လုံး မိန်းမ,မရပဲ နေလိမ့်မယ်၊ သိလား"

www.burmeseclassic.com


"ကျွန်တော်မှ မလိုချင်တာ"

"မလိုချင်လို့ ရမလားကွ၊ မင်းအသက်ကြီးက ဖင်ဆောင့်နေပြီ၊ အခုအချိန်မှ မယူရင် ဘယ်အချိန် သွားယူမှာလဲ၊ ပြောစမ်း"

"ဘယ်အချိန်မှာမှ. . မယူဘူး"

"တယ်. . ဒီကောင်လေးဟာ. . ပေကပ်ကပ်နဲ့"

"ဖေဖေကလည်း. .၊ တစ်သက်လုံး အိမ်ပေါ်တင်ကျွေးထားရမယ့် အဲ့ဒီမိန်းမတစ်ယောက်ကို ကျွန်တော် အချိန်ကုန်ခံပြီး လိုက်ပိုးပန်း မနေနိုင်ပါဘူး၊ ဘာလုပ်ဖို့လဲ"

"မင်းကြီးဒေါ်ကြီး. . ဘာလုပ်ရမှာလဲ၊ မင်းအသက်ကြီးလာတဲ့ အခါကျတော့ နာမကျန်းဖြစ်တဲ့အခါ ဘယ်သူက ပြုစုယုယ မှာလဲ. . တံခွန်တိုင်"

"ပိုက်ဆံရှိရင် နှစ်ဆယ့်လေးနာရီ သူနာပြုငှားလို့ ရတယ်လေ. . ဖေဖေ၊ အဲ့ဒါကမှ ပိုနိုပ်ဦးမယ်၊ တော်ကြာနေ ချီးကအစ. . သေးကအစ. . ပြုစုပေးရရင် ကိုယ့်မိန်းမ,ကမှ ငြူစူချင် ငြူစူလာဦးမယ်"

"ဟေ့ကောင်. . အဲ့ဒါ. . အချစ်မပါတဲ့ အိမ်ထောင်ရေးတွေကျမှ ဖြစ်တာကွ၊ ချစ်လို့ ယူကြတဲ့ ဇနီးမောင်နှံတွေကျတော့ သေအတူ ရှင်မကွာပဲ"

"အဲ့ဒီ. . . အချစ်ကိစ္စပဲ ပြောနေတာလေ. . . ဖေဖေ၊ ကျွန်တော် ဦးအောင်တိုးသမီးကို မချစ်ဘူး၊ ကဲ. . . ဒါဆို ပြတ်ရောပေါ့"

www.burmeseclassic.com



"တစ်ခါတစ်လေကျတော့လည်း ယူပြီးတော့မှ အချစ်ဆိုတာ ပေါ်ချင် ပေါ်လာတတ်တာကွ"

"အဲ့ဒီလိုမျိုးကြီးတော့ . . ကံစမ်းမဲ မဖောက်ပါရစေနဲ့ ဖေဖေရာ၊ ယူပြီးတော့မှ လုံးဝမချစ်နိုင်ဘူး ဖြစ်နေရင် ဘယ်လို လုပ်မလဲ၊ ကိုယ့်အိမ်ပေါ်မှာ မိန်းမတစ်ယောက် အဖတ်တင်တာပဲ ရှိမယ်"

"မင်း . . . တော်တော်ပြောရ လက်ပေါက်ကပ်တာပဲကွ၊ ကဲ . . . ဒါဆိုရင် ပြောစမ်း၊ ဦးအောင်တိုးသမီးကို မင်းဘာလို့ မချစ်နိုင်တာလဲ၊ ကောင်မလေးက ရုပ်လည်းချောတယ်၊ ပညာလည်း တတ်တယ်၊ ကြွေးလေးကလည်း ရတယ်၊ ကဲ . . . ဘာပြောစရာ ရှိသလဲ"

"ဖေဖေကလည်း . . . ကျောင်းဆရာမ,ဗျ"

"ဘာဖြစ်လဲ . . . ကျောင်းဆရာမ,ဆိုတော့"

"ဟာ . . ဆရာအရမ်းလုပ်တာပဲ၊ အခု ခဏလေးတွေ့တဲ့ အချိန်မှာတောင် ပါးစပ်က ဇယ်စက်သလို လူတကာကို လိုက် အမိန့်ပေးနေတာ ဖေဖေရဲ့ သူတို့ ရောင်းမယ့်ကား ထုတ်ပြပေးဖို့ ဒရိုင်ဘာကို ခိုင်းနေတာများ . . ဟဲ့ . . ကားကို ပေါ်တီကိုအောက် ထုတ်လာခဲ့ . .၊ ဖင်နဲ့မဆုတ်နဲ့၊ ခေါင်းနဲ့ ထွက်လာ၊ ဟဲ့ . . စက်ဖုံး ဖွင့်ထားခဲ့လေ၊ ကြည့်စမ်း . . ကားကို ရေပြောင်အောင်ဆေးထားပါ . . ဆိုတာ မဆေးထားဘူး၊ ဟဲ့ . . မနန်းစိန် . . မပြီးသေးဘူးလား၊ သံပုရာရည်တစ်ခွက် ဖျော်တာ ဒီလောက်တောင် ကြာရသလား၊

www.burmeseclassic.com



ဟော. . ကြည့်. .၊ ပုလင်းထဲက ရေခဲရည်နဲ့ ဖျော်ခဲ့ပါဆိုမှ ရေခဲတုံးတွေ ခွာထည့်ပြီး ရိုးရိုးရေနဲ့ ဖျော်လာခဲ့ပြန်ပြီ၊ လက်သုတ်ပုဝါယူခဲ့ဦးလေ၊ မှန်ဘီဒိုထဲက အသစ်ကို ယူခိုင်းတာနော်၊ ဘာ. . အူကြောင်ကြောင် ကြည့်နေတာလဲ၊ ကိုယ့်အိမ်ကပစ္စည်း ဘယ်နေရာထားလို့ ထားမှန်းမသိ၊ နင်. . ဒီအိမ်ရောက်တာ ဘယ်လောက်ကြာပြီလဲ. . ဟင်”

ကျွန်တော်ပြောနေတာတွေကို ထမင်းစားပွဲ တစ်ဝိုင်းလုံးက ခိုးခိုးခစ်ခစ်နဲ့ ထ,ရယ်ကြတော့တာပေါ့။

ဒါပေမယ့် ဖေဖေကတော့ မျက်နှာကြီးကို တမင်တင်းထားတယ်။ ရယ်ချင်နေတာကို မရယ်ပဲအောင့်ထားတော့ မအီမလည်ကြီး ဖြစ်နေလေရဲ့။

“ကဲ. . . ဖေဖေ၊ အဲ့ဒီလောက် နားညည်းဖို့ကောင်းတဲ့ မိန်းမကို ကျွန်တော်မယူနိုင်ဘူး၊ သူ့ကိုယူမယ့်အစား အက်စစ် (Acid)တို့၊ သီအိုရီ(Theory)တို့ကိုပဲ နှစ်ဆယ့်လေးနာရီ နားထောင်ပစ်လိုက်မယ်”

ဖေဖေက မျက်နှာကို အစွမ်းကုန်မဲ့ပြတယ်။

“မင်း. . . တော်တော် ဂျီးများတဲ့ကောင်”

“ဂျီးမများလို့ မရဘူးဖေဖေရေ့. . . မျက်လုံးက မမြင်ချင်ပိတ်ထားလို့ ရသေးတယ်၊ နားရွက်နှစ်ဖက်က ဖတ်ကနဲဆို ကုပ်ပြီး ကောက်ပိတ်လိုက်လို့ရတာ မဟုတ်ဘူး၊ အဲ့ဒီ ဦးအောင်တိုးသမီးနဲ့ ကျွန်တော်နဲ့တော့ လုံးဝမဖြစ်ဘူး၊ မစဉ်းစားပါနဲ့တော့”

www.burmeseclassic.com



"အဲ့ဒီလောက်နားညည်းမှာ ကြောက်နေရင် အ,နေတဲ့ မိန်းမကို ရှာယူပါလား . . ခွန် . . ဟင်"

"ယူသင့်ရင် ယူရမှာပဲ ဖေဖေရဲ့"

"ယူ . . ယူ၊ သေအောင်ယူ၊ ငါ . . ဘာမှ မပြောတော့ဘူး၊ မင်းထိုက်နဲ့ မင်းကံ . . ၊ မင်းဟာမင်း ငှက်ပျောတုံးပဲ ဖက်သေသေ၊ ဘိုးဘွားရိပ်သာမှာပဲ အရိုးထုတ်ထုတ်၊ ငါ . . လှည့်ကိုမကြည့်ဘူး၊ ဘယ်တော့မှလည်း မင်းကို ငါ . . . မိန်းမ, မရှာပေးတော့ဘူး . . ဟော့ကောင်၊ အဲ့ဒါ . . . မြဲမြဲမှတ်ထား"

"စောစောကတည်းက ဖေဖေအဲ့ဒီလို စိတ်လျှော့ လိုက်ရမှာ"

"လျှော့နေတာကြာပြီ . . . ဟော့ကောင်၊ ကြာပြီကွ၊ အခုဟာက ဦးအောင်တိုးနဲ့ လူကြီးချင်း ပြောပြီးဆိုပြီးသားမို့လို့ ငါ . . ဒီလောက် အာပေါက်အောင် မင်းကိုပြောနေတာ၊ တစ်ဘက်ကို အားနာလို့ပေါ့ကွာ"

"အားနာမနေပါနဲ့ ဖေဖေရယ်၊ သူ့သမီးက ရုပ်ကလေး သနားကမားနဲ့ပါ၊ ကျွန်တော်မယူလည်း လင်ကောင်းသားကောင်း တစ်ယောက်တော့ ရသွားမှာပါ၊ မပူပါနဲ့"

"အဲ့ဒါတော့ မင်းပြောမှလားကွ . . ၊ မင်းလိုမျိုး သောက်ဂျိုး မထူရင် ဘယ်သူမဆို သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်၊ အချိန် မနှောင်းခင် တစ်ယောက်တော့ ရကြတာချည်းပဲ၊ အစွမ်းအစ ရှိရင် နှစ်ယောက်၊ သုံးယောက်တောင် ယူလို့ရသေးတယ်၊ သိရဲ့လား"

www.burmeseclassic.com



ကျွန်တော့်အစ်ကိုတွေ၊ အစ်မတွေက ဖေဖေဒေါခ်ီးနေပုံကို ကျိတ်ပြီး တခစ်ခစ်နဲ့ ရယ်နေကြတယ်။

မေမေက မနေသာတော့။ ဖေဖေ့လက်မောင်းကို အတင်း ဆွဲပြီး ခေါက်ဆွဲစားဖို့ စားပွဲမှာထိုင်ခိုင်းရင်း ခပ်ဆောင့်ဆောင့် ဆူတယ်။

"တော်. . လူကြီးက လူကြီးစကားပြောနော်၊ ကလေးကို ဘာတွေ လျှောက်သင်ပေးနေတာလဲ"

မေမေ့စကားကြောင့် ဖေဖေ့မျက်နှာကြီး မည်းပုပ်သွား တာပေါ့။

"အဲ့ဒီမှာ ကလေး. . ကလေးလုပ်နေ၊ မင့်သားကဖြင့် အို. . သေ. . သေတော့မယ်၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဆိုတာ မိဘဝတ္တရား ထဲမှာ တစ်ပါးအပါအဝင်ကွ၊ အေး. . . တံခွန်တိုင်၊ နောက်မှ အမယ်လေး. . . ဖေဖေရဲ့၊ သားကို ဘာလို့ မိန်းမ, မရှာပေးခဲ့တာလဲ. . လို့ ငါသေခါနီးမှ လာအော်မငိုနဲ့နော်၊ ငါ အသေမဖြောင့်အောင် လာမလုပ်နဲ့၊ ဒါပဲ"

"စိတ်ချဖေဖေ၊ လုံးဝပဲ၊ ဖေဖေတို့သာ ကျွန်တော့်ကို ဘယ်တော့မှ အတင်းအကျပ် မိန်းမ,မပေးစားပါနဲ့၊ ပေးစားခဲ့ရင်သာ လာအော်ငိုပစ်လိုက်မှာ၊. . အမယ်လေး. . ဖေဖေရဲ့၊ ထ,ကြည့် ပါဦး၊ ဖေဖေပေးစားခဲ့တဲ့ မိန်းမ. . သားကို ဘယ်လိုနှိပ်စက်နေတယ် ဆိုတာ. . လို့ ပြောပြောပြီး လာငိုနေရမှာ"

"ဟော့ကောင်. . မင်းပါးစပ်ကြီး ပိတ်ထားစမ်း၊ နိမိတ်မရှိ

www.burmeseclassic.com



နမာမရှိ၊ ဖွ. . . လွဲပါစေ၊ ဖယ်ပါစေ”

အဲ့ဒီတော့မှပဲ ဖေဖေ့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းအမှုကိစ္စက တစ်စခန်းရပ်သွားတော့တယ်။

ဒါတောင်မှ ကိုလေးရဲ့မိန်းမ. . . မဆူဇီက ရယ်ရယ်မောမောနဲ့ စကားစ,လာသေးတယ်။

“တံခွန်ရယ်. . .၊ နင်ကလည်းနင်ပဲ၊ အရိုးများသလေး၊ ချေးခါးသလေးနဲ့ ငြင်းလာတာကို ဘယ်နှစ်ယောက်ရှိပြီလဲ၊ ဟိုတစ်ခါ. . ငါအောင်သွယ်ပေးတဲ့ ငါ့ညီမ,ဝမ်းကွဲ ကျော့ကျော့ခိုင်ဆိုတာရော၊ နင်မကြိုက်ဘူးလားဟယ်၊ အလှပြင်ဆိုင် ဖွင့်ထားတဲ့ တစ်ယောက်လေဟာ”

“မဆူဇီရယ်. .၊ သူက ကျွန်တော်နဲ့တွေ့ရင် ရှင့်မျက်နှာက ဝက်ခြံတွေ အရမ်းများနေပြီနော်၊ မျက်နှာသစ်ဆပ်ပြာ ဘာအမျိုးအစား သုံးတာလဲဟင်၊ ရှင့်ကိုယ်အလေးချိန် ဘယ်လောက်ရှိလဲ၊ ကျွန်မ,တို့ဆိုင်မှာ အဆီလာချပါလား၊ ရှင့်ဆံပင်က ဘယ်ဆိုင်မှာ ညှပ်တာလဲ၊ နောက်ကနည်းနည်းလေး ဒီထက်ပါးလိုက်ရင် ရှင်နဲ့ ပိုလိုက်မှာ. .၊ ဟာဗျာ. . အဲ့ဒါ တွေချည်းပဲ ထပ်ခါတလဲလဲ ပြောနေတာ၊ ကျွန်တော် စိတ် မကုန်ပဲနေမလားဗျ၊ တော်ပါပြီဗျာ. .၊ သူနဲ့သာယူရရင် ကျွန်တော့်တစ်ကိုယ်လုံးများ ပေါင်းတင် ခိုင်းဦးမလား မသိဘူး၊ အဲ့ဒါမျိုးနဲ့လည်း မဖြစ်သေးပါဘူး”

မဆူဇီက ကျွန်တော့်ကို မျက်စောင်းထိုးတယ်။

“နင့်ပြောလိုက်ရင်. . . ဒါပဲ၊ ဘယ်သူမဆို သူ့အကျင့်

www.burmeseclassic.com



BURMESE CLASSIC .com

စရိုက်လေး၊ သူ့ချို့ယွင်းချက်လေးနဲ့ ကိုယ်စီတော့ ရှိကြမှာပဲပေါ့ . . ဟဲ့၊ အိမ်ထောင်ကျမှသာ ဒီလိုပဲ ညှိယူကြရတဲ့ဥစ္စာ၊ နင့်အစ်ကိုကို ငါယူတုန်းကဆိုရင် သူ့မှာ ငါမကြိုက်တဲ့ အပြစ်တွေ အများကြီး ရှိတာပဲ၊ တစ်အချက် . . . ငါလုံးဝသည်းညည်း မခံနိုင်တာ . . ."

အဲ့ဒီမှာ ကိုလေးက သူ့မိန်းမကို ထ,အော်ပါလေရော။

"ဟော့ . . . ဟော့ . . .၊ ငယ်ကျိုးငယ်နာတွေ မဖော်ကြေး . .၊ ဒီလိုသာဆိုရင် ငါ့မှာလည်း ပြောစရာတွေ . . ."

မေမေက နားညည်းလာတယ်နဲ့ တူပါတယ်။ သူတို့နှစ်ယောက်ကြားကို ဝင်ဖျန်ဖြေရတယ်။

"ဟယ် . . မကြီးမငယ်နဲ့၊ တော်ကြပါတော့ . .၊ အလကားနေရင်း နင်တို့နှစ်ယောက်က စကားနိုင်လု . . . ရန်ဖြစ်ကြဦးမယ်၊ နင်တို့ကိုကြည့်ပြီး ငါ့သားငယ်က အိမ်ထောင်ပြုဖို့ ပိုစိတ်ကုန် နေတာပဲ ဖြစ်မယ်"

မေမေ့စကားအဆုံးမှာ အားလုံးက ဝါးကနဲ ဝိုင်းရယ်ကြတယ်။ ရယ်သံတွေမဆုံးသေးခင် . . .။

အိမ်ရှေ့ဧည့်ခန်းထဲမှာ ဆော့နေကြတဲ့ ကိုလေးနဲ့ မဆူဇီတို့ရဲ့ သားသမီးလေးယောက်ဆီက တဖုန်းဖုန်း တဒိုင်းဒိုင်း ဆော်ပလော်တီးသံတွေ၊ ဝုန်းကနဲ ဒိုင်းကနဲ ချော်လဲတဲ့အသံလား၊ ခုန်ချတဲ့အသံတွေလား မသိဘူး . . ထွက်လာလေရဲ့။

အဘွားဖြစ်တဲ့ မေမေ့ဆီက ရင်ပတ်ဖိပြီး ရေရွတ်သံက အရင်ဆုံး ပေါ်လာတယ်။

www.burmeseclassic.com



"ဟဲ့. . . ဘာတွေဖြစ်ကုန်တာလဲ၊ လုပ်ကြပါဦး"

ကိုလေးနဲ့မဆူဇီကတော့ မဖြုံဘူး။ အေးဆေးပဲ။

ရွှေတောင်ခေါက်ဆွဲ အစားမပျက်ကြပဲနဲ့. . . မဆူဇီက အမေ့ကို ပြုံးပြုံးလေး လှမ်းပြောတယ်။

"မပူနဲ့. . . အမေ၊ ပစ်ထားလိုက်၊ သူတို့ဆီက အဲ့ဒီလို အသံထွက်တိုင်းသာ သွားသွားကြည့်ရရင် ကျွန်မ,တို့ ထဘီ၊ လုံချည်တွေတောင် ပတ်နိုင်မှာ မဟုတ်ဘူး"

ဒါပေမယ့် အမေကတော့ အဘွားဖြစ်နေပြီမဟုတ်လား။ ဘယ်နေနိုင်ပါ့မလဲ။

"ဟယ်. . အေ. . ၊ ညည်းတို့ကလည်း၊ ကိုယ့်သားသမီးကို"

. . . လို့ ဆူပြောပြောပြီး ဧည့်ခန်းထဲ ပြေးထွက်သွားတာပေါ့။

အဲ့ဒီအချိန်မှာပဲ ဧည့်ခန်းထဲက မဆူဇီရဲ့ အမွှာသမီးလေးနှစ်ယောက်ထဲက အငယ်မ,လေး. . . ပါးစပ်ကို အသကုန်ဖြဲငိုပြီး ထမင်းစားခန်းထဲ ပြေးဝင်လာတယ်။

"မေမေ. . . ၊ မေမေ. . . ၊ အီး. . . ဟီး. . . ၊ လုပ်ပါဦး၊ ကိုကိုနဲ့ညီညီ သတ်ကုန်ပြီ၊. . . သတ်ကုန်ပြီ"

သူ့အဖေ. . . ကိုလေးက သူ့သမီးသူ လှမ်းမကြည့်ပဲ ခေါက်ဆွဲနောက်တစ်ပန်းကန် ထပ်ထည့်စားဖို့ ထ,ထွက်သွားရင်း အော်ပြောလိုက်တယ်။

"မငိုနဲ့. . . မီးငယ်၊ ဘာမှမဖြစ်ဘူး၊ သူတို့ အရိုးကျိုးရင်

www.burmeseclassic.com



လာပြောလိမ့်မယ်၊ အခုသတ်နေတာ ဘယ်သူက အပေါ်မှာလဲ၊ ဘယ်သူက အောက်ကလဲ”

သူ့သမီးက မျက်လုံးလေး ပေကလပ်၊ ပေကလပ်လုပ်ရင်း ဖြေတယ်။

“ညီညီက အပေါ်မှာ”

ဖြေရင်းနဲ့ ဧည့်ခန်းဆီကို ချက်ချင်းသွားပြေးကြည့်ပြီး လာပြန်ပြောလိုက်သေးတယ်။

“ဖေဖေ. . . ညီညီက အောက်ရောက်သွားပြီ၊ အခု. . . ကိုကိုက အပေါ်မှာ”

ဒီတစ်ခါတော့ ကိုလေးမျက်လုံး အနည်းငယ်စ,ပြူး လာတယ်။

ပြီးတော့. . . သူ့မိန်းမ,ကို လှမ်းပြောတယ်။

“ဒါဆိုရင်တော့ သေနိုင်တယ်၊ ဆူဇီ. . . မင်းစားနေတာ ပြီးပြီမဟုတ်လား၊ ဟင်းခါးကို ဇိမ်ဆွဲသောက်မနေနဲ့၊ သွား. . .၊ သွားကြည့်စမ်း. . ရှေ့ကို၊ မင်း. . သားအကြီးက လက်သိပ်မြန်တာ”

မဆူဇီ. . . စိတ်မပါ လက်မပါနဲ့၊ ပါးစပ်ကလည်း ဗျစ်တောက်ဗျစ်တောက် ပြောရင်းထ,ထွက်သွားတယ်။

“စိတ်ကုန်တယ်. . .၊ သူများအိမ် ဧည့်သည်လာလုပ်တာ ကောင်းကောင်းကို မစားရဘူး၊ ဒီနှစ်ကောင်တော့. . . သေပြီသာ မှတ်”

မဆူဇီတို့ လင်မယားကို တခစ်ခစ်နဲ့ ဝိုင်းရယ်နေကြတဲ့ ထမင်းစားပွဲမှာ. . . ကျွန်တော်ကလည်း ခပ်တိုးတိုး ဝင်ပြော

www.burmeseclassic.com


မိလိုက်တယ်။

"ကျွန်တော်လည်း မိန်းမယူဖို့ စိတ်ကုန်တာ အဲ့ဒါတွေကြောင့်ပေါ့"

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားနဲ့ မိန်းမဆိုတာ. . .
ဘုရားသခင်က ပြုလုပ်ထားတဲ့
ကြောက်စရာအကောင်းဆုံး
ပြက်လုံးတစ်ခုပဲလေ. . .၊
တစ်ယောက်မရှိပဲနဲ့ တစ်ယောက်မနေနိုင်ကြဘူး၊
တစ်ယောက်ကို တစ်ယောက်လည်း
ဘယ်တော့မှ နားမလည်ကြဘူး. . .။

**(ရော့ဘ်ရိန်နာ)**
**အမေရိကန်ရုပ်ရှင်ဒါရိုက်တာ**

www.burmeseclassic.com

## အခန်း (တစ်)

ကျွန်တော်မိန်းမ ယူဖို့စိတ်ကုန်တာ ကျွန်တော့်သူငယ်ချင်းတွေကြောင့်လည်းပါတယ်။

ကျွန်တော့်မှာ အရမ်းခင်တဲ့ သူငယ်ချင်းသုံးယောက်ရှိတယ်။ ခင်ဆို. . . မူလတန်းကျောင်းကတည်းက ပေါင်းလာတဲ့သူငယ်ချင်းတွေကိုး။

တက္ကသိုလ်ရောက်. . ၊ ဘွဲ့ရတဲ့အထိ သွားအတူ၊ စားအတူ၊ ပွေကြ၊ ရှုပ်ကြ အတူတူ လုပ်ခဲ့ကြတဲ့ကောင်တွေ။ ကျွန်တော်နဲ့ မတူတာဆိုလို့ တစ်ခုပဲရှိတယ်။

သူတို့သုံးယောက်စလုံး မိန်းမယူသွားကြပြီ။

ယူခါစ,တုန်းကတော့ သူတို့လည်း “ဟ. . . ကောင်းတယ်ကွ. . .” လို့ ပြောကြတာပါပဲ။ နောက်တော့. . .။

နောက်တော့ ဘာတွေဖြစ်ကုန်တယ်ဆိုတာ စာဖတ်သူ ရှေ့ဆက်ဖတ်ရင် သိရပါလိမ့်မယ်။

သူတို့သုံးယောက်စလုံး အကြောင်းကို ရှည်ရှည်ဝေးဝေး မိတ်ဆက်ပေးမနေတော့ဘူး။ သူတို့သုံးယောက်စလုံး ကျွန်တော့် အိမ်ပေါက်ဝ,မှာ တစ်ပြိုင်တည်း ပေါက်ချလာတဲ့ အဲ့ဒီနေ့ အကြောင်းကို ကျွန်တော်ပြောပြမလို့။

အဲ့ဒီနေ့က ဖေဖေတို့အိမ်(ပဲခူး)ကနေ ကားကိုမနားတမ်း မောင်းချလာပြီး ကျွန်တော့်ရဲ့ လမ်းလေးဆယ်တိုက်ခန်းကို မောကြီးပန်းကြီးလည်း ပြန်ရောက်လာရော. . .။

ကျွန်တော့်တိုက်ခန်း ပထမထပ်လှေကားထောင့်ချိုးမှာ သူတို့သုံးယောက်စလုံး ငုတ်တုတ်ကြီး ထိုင်စောင့်နေတာကို တွေ့လိုက်ရလေရဲ့။

ရုတ်တရက်မို့ အံ့အားတောင်သင့်သွားတယ်။

“ဟေ့ကောင်တွေ. . . မင်းတို့ဘာလာလုပ်ကြတာလဲ၊ သုံးယောက်စလုံး. . .”

ဘေးစွန်းမှာ ထိုင်နေတဲ့ “မြင့်မိုရ်”က ဒေါသတကြီး မျက်နှာမျိုးနဲ့. . .။

“မင်းက ဒီလိုတနင်္ဂနွေနေ့ ညနေကြီးမှာ ဘယ်သွားသေနေတာလဲ တံခွန်စုတ်ရဲ့၊ ငါတို့စောင့်နေတာ နှစ်နာရီကျော် ရှိသွားပြီ”

"ဟာ. . . မင်းတို့ကို ဘယ်သူကစောင့်ခိုင်း. . . "

ကျွန်တော့်လေသံက တစ်ဝက်တစ်ပျက်နဲ့ ရပ်တန့်သွားရတယ်။ ဘာဖြစ်လို့လဲဆိုတော့. . .။

သူတို့သုံးယောက်ရဲ့ အလယ်မှာထိုင်နေတဲ့ ပန်းချီဆရာ "နေဝန်းနီ" ဟာ ခေါင်းမှာ ပတ်တီးဖြူဖြူ အဖွေးသားနဲ့ ဖြစ်နေလို့ပါပဲ။

ကျွန်တော် အလန့်တကြား အော်မေးလိုက်မိတယ်။

"ဟာ. . . ငနေ၊ မင်းဘာဖြစ်လာတာလဲ. . . "

နေဝန်းရဲ့ ဘေးတစ်ဖက်မှာ ထိုင်နေတဲ့ "ဓူဝံ"က သိပ်စိတ်မရှည်ချင်တော့တဲ့ ပုံနဲ့ ဝင်ပြောပါတော့တယ်။

"ဘာဖြစ်လာတာလဲဆိုတာ. . . မင်းအိမ်ထဲ ရောက်တော့ ပြောပြမယ်. . . ငခွန်ရာ၊ တံခါးသာ မြန်မြန် ဖွင့်စမ်းပါ၊ ဒီမှာ ထိုင်နေရတာ ဖင်ညောင်းလှပြီ"

ကျွန်တော် သူတို့ပြောတဲ့အတိုင်းပဲ တိုက်ခန်းတံခါးကို အလောသုံးဆယ် ဖွင့်ပေးလိုက်ရတယ်။

ကျွန်တော့်ထက်တောင် သူတို့ကအရင် ဧည့်ခန်းထဲ ပြေးဝင်ပြီး ဆိုဖာခုံတွေပေါ်မှာ မထိုင်ဘဲ ခင်းထားတဲ့ ကော်ဇောပေါ်မှာ ခြေပစ်လက်ပစ် ဝင်လှဲထိုင်ကြပါရော။

အဲ့ဒီမှာ ခေါင်းပတ်တီးစီးထားတဲ့ နေဝန်းခမျာ မျက်နှာကလည်း မကြည်မသာ၊ လူပုံကလည်း ခပ်နွမ်းနွမ်း ဖြစ်နေတာ ကျွန်တော် ပထမဆုံး သတိထားမိသွားတယ်။

www.burmeseclassic.com



ငယ်ငယ်ကတည်းက နေဝန်းနီဆိုတဲ့ကောင်က အနုပညာသမား ပန်းချီဆရာ။ ခန္ဓာကိုယ်ပုံစံကိုက ပိန်ပိန်ပါးပါး ခပ်နွဲ့နွဲ့ရယ်။ အခုလိုမျိုး ခေါင်းမှာ ဒဏ်ရာနဲ့ ပတ်တီးနဲ့ဆိုတော့ ဒီကောင့်ဆီက ဘာသံမှကို ထွက်မလာတော့။

ကျွန်တော့်အိမ် ဧည့်ခန်းထဲက ဆက်တီစားပွဲ ဘေးနားလေးမှာ ဒူးကိုကုပ်ပြီး ခေါင်းကိုခပ်ငုံ့ငုံ့ထား. . ထိုင်နေတယ်။

ဒါနဲ့ ကျွန်တော်လည်း စိုးရိမ်စိတ်က တစ်ဝက်နဲ့ လှမ်းမေးလိုက်မိတယ်။

"ဟေ့ကောင်. . . ကိုနေ၊ ဘယ်လိုဖြစ်လာတာလဲကွာ၊ ခေါင်းမှာလည်း. . . အဖြူရောင်ခေါင်းပေါင်းနဲ့၊ ဘာလဲကွ. . .၊ မင်းတို့ရန်ဖြစ်လာကြတာလား. . .၊ ဟုတ်လား. . .၊"

"မဟုတ်ဘူး"

"ဟုတ်တယ်"

အဲ့ဒီအဖြေစကားတွေက နေဝန်းနီကိုယ်တိုင်က ဖြေတာမဟုတ်ဘဲ ဘေးနားက ခူဝံနဲ့မြင့်မိုရ်က တစ်ယောက်တစ်ပေါက်ဝင်ဖြေနေကြတာ။

ကျွန်တော် နည်းနည်းအူကြောင်ကြောင် ဖြစ်သွားတယ်။

"မင်းတို့ ဘယ်လိုဖြစ်နေတာလဲ၊ တစ်ယောက်က ဟုတ်တယ်၊ တစ်ယောက်က မဟုတ်ဘူး. . နဲ့ ငါ့ကိုတော့ လာပတ်မနေနဲ့နော်. . . ဟေ့ကောင်တွေ"

"ဟုတ်မှမဟုတ်တာ၊ မဟုတ်ဘူးပဲ ဖြေရမှာပေါ့ကွ"

ခူဝံက အဲ့ဒီလိုဖြေတော့ မြင့်မိုရ်ကမျက်မှောင်ကြီးကျုံ့ပြီး ဝင်ကန့်လန့်တိုက်ပါလေရော။

"ဟာ. . မင်းကလည်း. . ၊ ဘာမဟုတ်ရမှာလဲ၊ ဟုတ်တယ်လေကွာ"

ကျွန်တော် ကြားဝင်ရပါပြီ။

"ကဲ. . တော်ကြပါတော့၊ တော်ကြပါတော့၊ ငါမေးနေတာ မင်းတို့ထဲက တစ်ယောက်ယောက် သူများနဲ့ ရန်ဖြစ်လာသလား မေးနေတာ၊ ဒီမေးခွန်းမှာတင် မင်းတို့နှစ်ယောက်က ထ,သတ်တော့မယ်၊ ကဲ. . ငါမေးနေတာကို ရှင်းရှင်းလင်းလင်း ဖြေစမ်းပါ"

"ဟ. . ငါကလည်း ရှင်းရှင်းလေး ဖြေနေတာပဲလေ၊ ရန်ဖြစ်လာတာ ဟုတ်တယ်. . လို့"

"ဟာ. . ရှုပ်ကုန်တော့မှာပဲ၊ မဟုတ်လည်း မဟုတ်ဘဲနဲ့ မြင့်မိုရ်ရာ. . "

ကျွန်တော် စိတ်တိုသွားပြီ။

"ဟေ့ကောင်တွေ. . တော်တော့. . ၊ ငါမေးမယ်၊ တစ်ယောက်ချင်းဖြေ၊ ကဲ. . . ခူဝံကစ,ပြော၊ မင်းက မဟုတ်ဘူး လို့ဖြေတယ်၊ ဘာ. . . မဟုတ်တာလဲ"

"မဟုတ်ဘူးလေ၊ မင်းထင်သလို ငါတို့ရန်ဖြစ်လာတာမှ မဟုတ်တာ၊ ဒီအရွယ်ကြီးကျမှ ကလေးကလား ငါတို့က ဘယ်ကောင်တွေနဲ့ ချိန်းရိုက်ရမှာလဲကွ၊ နည်းနည်းပါးပါး ဦးနှောက်သုံးပြီး စဉ်းစားစမ်းပါ တံခွန်ရာ"

"ဘယ်သိမလဲကွ. . .၊ ဒီအရွယ်တွေကတော့ ညညဆို ကာရာအိုကေသွားလိုက်. . . ဒစ္စကိုသွားလိုက်နဲ့ ကိုယ့်မိန်းမ, မသိအောင် နန့်ကြောထ,နေကြပဲ ဥစ္စာ၊ အခုလည်း အဲ့ဒီလို သွားကဲရင်းနဲ့ မူးပြီး တခြားဘဲတွေနဲ့ ညိ . .၊ ဆော်ပလော်တီး ခံလိုက်ရပြီ အောက်မေ့တာပေါ့"

ဓူဝံတစ်ယောက် ကျွန်တော့်စကားကြောင့် ရှုံးရှုံးရှားရှား ဖြစ်သွားတယ်။

"အောင်မာ. . . မင်းကရော အဲ့ဒီလို နန့်ကြောမထ,ဖူးလို့ လား. . . လူလိမ္မာလေးရဲ့"

"ငါက လူပျိုလေကွာ၊ ဒီတော့. . . လွတ်လွတ်လပ်လပ် ကဲခွင့်ရှိတယ်၊ မင်းတို့လို ကာမပိုင် မယားရှိတာ မဟုတ်ဘူး"

"အရူးက တစ်မူးပိုရှုနေသေးတယ်၊ ဂေါ်မစွံလေး တံခွန်၊ ငါတို့က မင်းထင်သလို နန့်ကြောဆွဲပြီး ရန်ဖြစ်လာတာ မဟုတ် ဘူးကွ"

"ဒါဖြင့် နေဝန်း. . ခေါင်းကဒဏ်ရာ ဘယ်လိုဖြစ်ပြီး ရလာတာလဲကွ၊ ချော်လဲတယ်လို့တော့ ငါ့ကိုလာမဖြီးနဲ့၊ ခုနက. . ဟုတ်တယ်လို့ ဖြေတဲ့ကောင်. . မြင့်မိုရ်. . ဖြေစမ်း၊ အခု ဘာဖြစ် လာကြတာလဲ"

"ငါက. . . ဟုတ်တယ်လို့ ဖြေတာ ရန်ဖြစ်လာတာ ဟုတ်တယ်လို့ ပြောနေတာ"

"ဟင်. . . ဓူဝံကတော့ မဟုတ်ဘူးဆို"

www.burmeseclassic.com


"ဟုတ်တယ်လေ၊ သူပြောတာကလည်း ဟုတ်တယ်၊ ဒါပေမယ့် ငါပြောတဲ့ မဟုတ်ဘူးဆိုတာက. . ."

"ဟာ. . . ဘာတွေလဲကွာ၊ ရှုပ်လိုက်တာ"

"ငါပြောတာ ဆုံးအောင်နားထောင်စမ်းပါဦးဟ. . .၊ ရန်ဖြစ်လာတယ်ဆိုတာကလည်း ဟုတ်တယ်၊ ဒီကောင် နေဝန်း. . . တစ်ယောက်တည်း ရန်ဖြစ်လာတာကို ငါကပြောတာ၊ အဲ့ဒါ. . ."

"ဩော်. . . နေဝန်း၊ မင်းက. . . တစ်ယောက်တည်း ရန်ဖြစ်လာတယ်ဆိုတော့ မင်းကိုယ်မင်း သူရဲကောင်းကြီးပေါ့လေ၊ အခုတော့ နဖူးကွဲလာပြီ. . .၊ဟုတ်စ,. . .၊ ခံရတာတောင် နည်းသေးတယ် နေဝန်းရယ်၊ မင်းနှယ်. . . ဒီအရွယ်ကြီး ရောက်မှများ. . . ဘယ်. . . ကလေကချေ ကောင်နဲ့များ ဖက်ပြီး ရန်ဖြစ်. . ."

ကျွန်တော့်စကားမဆုံးသေးခင် ဓူဝံက အလန့်တကြား ထ,အော်သည်။

"ဟေ့ကောင်. . . ခွေန်၊ ဘာတွေ လျှောက်ပြောနေတာလဲ"

ကျွန်တော် ကြောင်တက်တက်ဖြစ်သွားတယ်။

"ငါ. . . ဘာပြောလို့လဲ"

"ကိုနေ. . . ရန်ဖြစ်လာတာ. . . သူ့မိန်းမနဲ့ကွ"

## "သူ့မိန်းမနဲ့. . ."

ကျွန်တော်က အော်လိုက်တော့. . . ဒီကောင်သုံးယောက် နောက်ကို နည်းနည်းယိုင်သွားတယ်။

"မင်းကလည်း လန့်လိုက်တာကွာ"

မြင့်မိုရ်က ရင်ဘတ်ကိုဖိပြီး ပြောတယ်။

မူဝံကလည်း မျက်နှာစူပွပွနဲ့ . . .။

"အေးလေ. . .၊ ဘာဖြစ်တာလဲ. . .မင်းက၊ ဒါလေး ပြောတာနဲ့"

"ဟ. . .၊ မိန်းမနဲ့ရန်ဖြစ်တာ ဒီကောင်က ဒီလောက် ကွဲပြဲလာရသလားကွာ၊ ဘယ့်နှယ်. . . သူ့မိန်းမက ကွဲပြဲသွားရတယ်ဆို တော်သေးတယ်၊ ခုဟာက လူကြားလို့မှ မကောင်း၊ မင်းက ဒီအတိုင်း ခေါင်းငုံ့ခံလာရသလား နေဝန်းရ၊ ငါသာဆို ဒီလို. . ကိုယ့်အသားနာအောင် လုပ်တဲ့မိန်းမမျိုးများ လုံးဝဆက်မပေါင်းဘူး၊ ဟော့ဒီလို . . ဟော့ဒီလို. . နည်းနည်း ပါးပါးတော့ ဘေလိုက်ပြီးမှ. . ."

ကျွန်တော်ပြောနေတာတွေကို နေဝန်းဆိုတဲ့ကောင်က မျက်လုံးလေး အဝိုင်းသားနဲ့ မော့ကြည့်နေပေမယ့် မူဝံက အလန့်တကြား ဖြတ်ပြောတယ်။

"ဟေ့ကောင်. . . တံခွန်. . .၊ မင်းကွာ. . . ပြောလိုက်ရင် ဒုတ်ထိုးအိုးပေါက်၊ ဘာမှလည်းမသိဘဲ စွတ်စွတ်ပြီး. . ."

မြင့်မိုရ်ကလည်း ကျွန်တော့်ကို ဝင်ကောတယ်။

"အေးလေ. .၊ နည်းနည်းပါးပါးတော့ မေးမြန်းဦးပေါ့၊ အခု ဒီကောင့်မိန်းမ,ရော ဘယ်ရောက်နေသလဲဆိုတာ. . . မင်း သိလို့လား"

"ဟေ. . . ဘယ်ရောက်နေလို့လဲ"

www.burmeseclassic.com


ဒီတော့မှ ကျွန်တော်နည်းနည်း မျက်လုံးပြူးလာတယ်။

"ဆေးရုံမှာ. . ."

**"ဆေးရုံမှာ. . ."**

ကျွန်တော်အော်မိပြန်တယ်။

မူဝံက အဲ့ဒါတောင် လေသံခပ်အေးအေးနဲ့ ထပ်ပြောတယ်။

"အေး. . .၊ အခုထက်ထိ သတိပြန်မရသေးဘူး"

**"ဘာ. . ."**

"တိုးတိုးကွာ. . . တံခွန်၊ ငါတို့ ဒီလောက်နားမလေးဘူး"

ကျွန်တော် အံ့အားသင့်လွန်လို့ ကြက်သေသေသွားတယ်။

လင်မယားနှစ်ယောက် ရန်ဖြစ်တာ တစ်ယောက်က ကွဲပြဲပြီး ခေါင်းမှာ ပတ်တီးအဖွေးသားနဲ့ ရောက်လာတယ်။ နောက်တစ်ယောက်က ဆေးရုံမှာ သတိမေ့နေတယ်။

ကောင်းကြသေးရဲ့လား. . .။

နေဝန်းနီဆိုတဲ့ကောင် လူပုံကြည့်တော့ ပျော့စိစိနဲ့။ တကယ် ဆော်ပလော် တီးပစ်လိုက်ပါလား။

ဟုတ်မှာ. . .။ ဒီကောင့်မျက်လုံးတွေ ကြည့်ရတာလည်း တော်တော်သွေးအေးပြီး ရက်စက်မယ့် လူစားမျိုး။

ကျွန်တော် နည်းနည်းဖြုံသွားပြီး တုန်တုန်ရီရီနဲ့ လှမ်းမေးလိုက်မိတယ်။

"ဟေ့ကောင်. . . နေဝန်း၊. . . မင်း. . . မင်းမိန်းမ,ကို ဘာ. . .၊ ဘာ. . . များလုပ်လိုက်တာလဲ၊ အသေများသတ်ခဲ့ပြီလား

www.burmeseclassic.com



. . . ဟော့ကောင်”

“ဖွီး. . .”

ကိုနေက ဘာမှမပြောခင် စူဝံနဲ့မြင့်မိုရ်က ဖွီးကနဲ ထ,ရယ်ကြတယ်။ ခိုးခိုးခစ်ခစ်နဲ့ ရယ်နေလိုက်ကြတာ အတောမသတ်တော့ဘူး။

“ဟော့ကောင်တွေ. . . ငါမေးတာ ဘာရယ်စရာပါလို့လဲ”

ဒါတောင် ဒီကောင်တွေ အရယ်မရပ်သေး။ ဘေးနားမှာ ခေါင်းဒဏ်ရာနဲ့ မျက်နှာငယ်လေးဖြစ်နေတဲ့ နေဝန်းကို အားနာနေလို့သာ ဒီကောင်တွေ ကျိတ်ရယ်နေကြတာ။

နို့မို့ဆို တဝါးဝါး တဟားဟားနဲ့ ကျွန်တော့်ကို အသကုန်လှောင်ရယ်ချင်နေကြတဲ့ ပုံ။

မျက်နှာကြီး နီလာအောင် ရယ်နေတဲ့ မြင့်မိုရ်က စ,ပြောတယ်။

“ဟော့ကောင်. . . နေဝန်း၊ မင်းရဲ့အဖြစ်အပျက်ကို မင်းဟာမင်း ပြောပြလိုက်တော့ကွာ၊ မဟုတ်ရင် ဒီကောင်. . . တံခွန်ပေါက်တတ်ကရတွေ မေးနေတာနဲ့ ငါတို့ အူတက်ပြီး သေလိမ့်မယ်၊ ပြောပြလိုက်”

“ကဲ. . ကိုနေ. . ပြောစမ်းပါဦး၊ ဒီဒဏ်ရာကို မင်းဘယ်လိုလုပ် ရလာတာလဲဆိုတာ၊ မင်းမိန်းမ,ကို ဆေးရုံရောက် အောင် မင်းကရော ဘယ်လိုများ တီးထည့်လိုက်တာလဲကွာ၊ လက်လွန်ခြေလွန်တွေများ ဖြစ်ကုန်ပြီလား၊ ဘုရား. . ဘုရား”

www.burmeseclassic.com



ဘေးနားက ဟိုနှစ်ကောင်ဆီက ခစ်ကနဲ ရယ်သံထွက်လာတယ်။

ခေါင်းငုံ့ထားတဲ့ နေဝန်းက ကျွန်တော့်ကို ခေါင်းမော့ပြီး မျက်မှောင်ကျုံ့ကြည့်တယ်။

"တံခွန်ရာ. . .၊ ဘုရားပေးပေး ကျမ်းပေးပေး ငါ့မိန်းမကို ငါတကယ် ဘာမှမလုပ်ပါဘူးကွာ"

နေဝန်းရဲ့မျက်နှာလေးကလည်း တော်တော်ကလေးကို စိတ်ညည်းညူ အားငယ်နေတဲ့ ပုံစံ။ သူပြောတာကို ယုံကြည်တဲ့သူ ဒီကမ္ဘာပေါ်မှာ တစ်ယောက်မှ တွေ့ခဲ့ဟန်မတူဘူး။

ကျွန်တော်တောင် အင်တင်တင်နဲ့ ယုံရခက်ကြီး ဖြစ်နေတာကို. . .။

"ဒါနဲ့များ. . မင်းမိန်းမ,က ဆေးရုံပေါ်မှာဆို၊ အဲ့ဒါက. . ."

"ငါပြောတာ. . . ဆုံးအောင်နားထောင်ဦးလေကွာ"

နေဝန်းဆီက ခပ်ဆတ်ဆတ်လေသံ ထွက်လာတယ်။

ကျွန်တော်. . . ပါးစပ်ကိုစေ့ပြီး. . .။

"အေး. . . အေး၊ ပြော. . . ပြော"

"ဒီလိုကွာ. . . ငါတို့နှစ်ယောက် ရန်ဖြစ်ကြတယ်"

"ဘာ့ကြောင့်ဖြစ်တယ်ဆိုတာလည်း ပြောပြဦးလေကွာ၊ မင်းတို့လင်မယား ဘာကိစ္စနဲ့ ဒီလောက်ထိတောင် အသေအကျေ ဆော်ကြနှက်ကြ ဖြစ်ကုန်ကြတယ်ဆိုတာ ငါသိရမှ ဖြစ်မှာပေါ့၊ ဒါမှ ဘယ်သူလွန်တယ်ဆိုတာ. . . ဆုံးဖြတ်. . ."

www.burmeseclassic.com



ကိုနေက ကျွန်တော့်ကို မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်တယ်။ ပြီးတော့ အော်တယ်။

"ငါဘာမှ မလုပ်ပါဘူးဆိုနေမှ. . .၊ ငါမိန်းမကို ငါ လက်ဖျားနဲ့တောင် မတို့လိုက်ရဘူးကွ. . ."

ကျွန်တော်ကလည်း စိတ်မရှည်တော့တာနဲ့ ပြန်အော်မေးလိုက်မိတယ်။

"မင်း ဘာမှမလုပ်ဘဲနဲ့ မင်းမိန်းမက ဆေးရုံရောက်ရသလားကွ. . ."

"အဲ့ဒါ. . . သူ့ဟာသူ ဖြစ်တာ"

"ဟေ. . ."

"မင်း. . ငါပြောတာသာ နားထောင်. . တံခွန်၊ ပြီးတော့ ဘယ်သူလွန်တယ်ဆိုတာ ဆုံးဖြတ်. .၊ ဟုတ်လား"

"အေး. .၊ ဒါဆိုရင်လည်း အစ,ကစ,ပြော. . ငနေ"

"ဒီလိုကွာ. . ."

နေဝန်းက "အဟမ်း. ."လို့ လည်ချောင်းရှင်းလိုက်တဲ့အချိန်မှာ မူဝံနဲ့မြင့်မိုရ်က တခစ်ခစ်နဲ့ စ,ရယ်နေပြီ။

"မင်း. . . ငါ့အိမ်မှာ ပန်းချီဆွဲတဲ့ အခန်းသတ်သတ် ရှိတယ်ဆိုတာ သိတယ်မဟုတ်လား တံခွန်"

"အေး. . . သိတယ်လေ"

နေဝန်းနီဆိုတဲ့ကောင်က စမ်းချောင်းဘက်မှာ လုံးချင်းပျဉ်ထောင်အိမ်လေးနဲ့ နေတာ။ လင်ကိုယ်မယား နှစ်ယောက်တည်း။

www.burmeseclassic.com



အိမ်ကလည်း ကျယ်တယ်။ ဒီကောင်က ပန်းချီဆရာ ဆိုပေမယ့် စီးပွားရေး ပန်းချီဆရာ။ ဆင်းရဲမွဲတေ စုတ်ပြတ်နေတဲ့ ပန်းချီဆရာမျိုးမဟုတ်ဘူး။

ဝတ္ထုစာအုပ် မျက်နှာဖုံးတွေ၊ ကာတွန်းစာအုပ် မျက်နှာဖုံး တွေ၊ မဂ္ဂဇင်းမျက်နှာဖုံးနဲ့ အတွင်းဒီဇိုင်းတွေ၊ ရုပ်ရှင်ကြော်ငြာ ပိုစတာတွေ၊ ကက်ဆက်ကာဗာ တွေက အစ . . တခြားစီးပွားရေး ကြော်ငြာတွေ အားလုံးပါ ဆွဲပေး၊ ဒီဇိုင်းလုပ်ပေးရတဲ့ပန်းချီဆရာမျိုး။

(Commercial Art) လို့ ခေါ်တယ်ပြောတာပဲ။ အိမ်မှာ တပည့်သုံးလေးယောက်လောက်တောင် မွေးထားပြီး ကွန်ပျူတာနဲ့ပါ ဂရပ်ဖစ်ဒီဇိုင်းတွေ ဆင်ပေးတဲ့အထိ ဒီကောင့်လုပ်ငန်းက ကြီးတယ်။ ဝင်ငွေကလည်း ကောင်းတယ်။

ဒီကောင်တွေ လင်မယားမှာ ငွေရေးကြေးရေး အဆင် မပြေလို့ ရန်ဖြစ်စရာအကြောင်း လုံးဝမရှိဘူး။ နှစ်ယောက်စလုံး ကလည်း ကိုယ့်ဟာကိုယ် ချစ်ကြိုက်လို့ ယူထားကြတာတွေ။ မိဘပေးစားတာလည်းမဟုတ်ဘူး။

နေဝန်းဆိုတဲ့ကောင်က နဂိုကတည်းက အနေ ခပ် အေးအေးရယ်။ တစ်နေ့ . . နေလို့ စကားတစ်ခွန်းတောင် ပြောချင်မှ ပြောတာ။

သူ့ဟာသူ ပန်းချီဆွဲတဲ့ အဲ့ဒီအခန်းလေးထဲမှာ အလုပ် အပ်ထည်တွေ များလာရင် တစ်နေ့လုံး တစ်ညလုံး ပန်းချီဆွဲ နေတာနဲ့ပဲ အချိန်ကုန်တတ်တာ။

ဒါကို သူ့မိန်းမကလည်း နားလည်ခွင့်လွှတ်ထားပြီးသား။

သူ့ယောက်ျား ပန်းချီဆရာ စိတ်ကြိုက်နေခွင့် ပြုထားတာပဲ ကြာလှပြီ။ အခုမှ. . .။

နေဝန်းက သူ့ဇာတ်လမ်းကို ဆက်ပြောတယ်။

"အေး. . .၊ အဲ့ဒီ ပန်းချီဆွဲတဲ့အခန်းက ငါတစ်ယောက်ပဲ ဝင်ခွင့်ရှိတာ၊ ငါပန်းချီဆွဲနေတဲ့ အချိန်ဆိုရင် ငါ့တပည့်လေးတွေ မပြောနဲ့၊ ငါ့မိန်းမတောင် ဝင်ခွင့်ပြုတာ မဟုတ်ဘူး၊ အဲ့ဒီ အခန်းထဲမှာကလည်း ဆွဲလက်စ,ပန်းချီကားတွေ၊ ပန်းချီ ဆေးဘူးတွေနဲ့ ရှုပ်ယှက်ခပ်နေတာ၊ ငါ့မိန်းမကို ငါပြောထားတယ်၊ ဒီအခန်းကို လုံးဝ ဝင်မရှင်းနဲ့. . . လို့၊ ငါ့ အလုပ်ကိစ္စတွေ. . . မင်းဘာမှ မသိဘူး. . . လို့"

"အဲဒါနဲ့. . . မင်းမိန်းမက မင်းအခန်းကို ဝင်ရှင်းရော ဆိုပါတော့"

ကိုနေက ကျွန်တော့်မေးခွန်းကို ခေါင်းခါပြတယ်။ သူ့ကိုကြည့်ရတာ ဒေါသကို မနည်းကြီး ချုပ်ထိန်းနေရပုံပဲ။

အခုနေ သူ့မိန်းမသာ သူ့ရှေ့မှာရှိရင် တကယ်ကို လည်ပင်း ထ,ညှစ်တော့မယ့်ပုံနဲ့ မျက်လုံးကြီးပြူးပြီး လက်သီးဆုပ် တပြင်ပြင်နဲ့။

ကျွန်တော့်မေးခွန်းကို သူက နှုတ်ခမ်းတမဲ့မဲ့နဲ့ ခေါင်းကိုသာ တွင်တွင်ခါနေတော့တာ။

www.burmeseclassic.com



"ငါ့မိန်းမသာ ဝင်ရင် ငါဒီလောက် စိတ်မဆိုးဘူး"

"ဟင်. . . အခုဟာက ဘယ်သူဝင်လို့လဲ"

"သူ့အကောင်. . . "

"ဘာ. . . "

ဒီတစ်ခါတော့ ကျွန်တော့်မျက်လုံးကြီး ပြူးပြီး ပါးစပ်လည်း အဟောင်းသားပွင့်သွားတယ်။

ရင်တောင်နည်းနည်း တုန်သွားသလိုပဲ။

ဘုရား. . ဘုရား. . ။ သူ့မိန်းမက. . . သူ့ နောက်ကွယ်မှာ နောက်ထပ် အကောင်တစ်ကောင်နဲ့. . . ။

ကြည့်စမ်း. . ။ 'မအေးအေးမော်' ကြီးက ကြည့်လိုက်တော့ ရိုးပုံရိုးလက်နဲ့. . . ။ မထင်ရဘူး။ အဲ့ဒါပေါ့. . . ။ မိန်းမဆိုတာ လေျှနဲ့မြင်းလို မယှဉ်းဘဲတူညီ. . . ဆိုတာ။

ဟုတ်မှာပေါ့။ နေဝန်းနီဆိုတဲ့ ကောင်ကလည်း ပန်းချီသာ ဆွဲနေရရင် ထမင်းမေ့၊ ဟင်းမေ့၊ မယားတောင် မေ့ချင်တဲ့ကောင်။ သူ့ပန်းချီကားတွေကို သူ့မိန်းမထက် ပိုချစ်တဲ့ကောင်။

အနေအထိုင်ကလည်း ရိုးအေးရတဲ့အထဲ. . . မိန်းမတွေ ဘာကြိုက်တတ်မှန်းလည်းမသိ၊ မိန်းမကို ဘယ်လို ကယုကယင် လုပ်ရမယ်ဆိုတာလည်းမသိ၊ မိန်းမစိတ်ကောက်ရင်တောင် ကောက်လို့ကောက်မှန်း သိတဲ့ကောင်မဟုတ်ဘူးလေ။ ချော့ဖို့ဆိုတာ ဝေးပေါ့။

ဒါကြောင့်ပဲနေမှာပါ။ သူ့မိန်းမက အချော့အမြှူ ကောင်းတဲ့

www.burmeseclassic.com



ကြာကူရီ ကောင်တစ်ကောင်နောက် ပါသွားတာ။

ကျွန်တော့်မှာ. . . ကြားရတာကို မယုံချင်သေးတဲ့စိတ်နဲ့ပဲ အထစ်ထစ်အငေါ့ငေါ့ ထပ်မေးလိုက်မိတယ်။

"သေချာရဲ့လားကွာ. . .၊ မင်းအခန်းထဲ. . . ဒီကောင် ဝင်တယ်ဆိုတာ"

"သိပ်သေချာတာပေါ့၊ ဒီ့ထက်သေချာတာ ဘာမှမရှိဘူး"

"မင်းတွေ့လိုက်လို့လား"

"ဟ. . .၊ ပက်ပင်းကိုတိုးတာကွ. . .၊ မျက်နှာချင်းဆိုင် ငါနဲ့တွေ့တာ"

"ဗုဒ္ဓေါ. .၊ မင်း. . မင်း. . သူ့ကို ဘာလုပ်ထည့်လိုက်လဲ၊ ဘုရားရေ. . မင်း. . . သူ့ကို. . သူ့ကိုသတ်ပစ်လိုက်ပြီပေါ့. .၊ ဟုတ်လား. . ငနေ"

ကျွန်တော် ကျောထဲကနေတောင် စိမ့်ပြီး ကြက်သီး မွေးညင်းတွေ ထ,လိုက်လာတယ်။

နေဝန်းဆိုတဲ့ကောင်ကလည်း အခုကို သူ့ရှေ့မှာ အဲ့ဒီကောင် လာရပ်ပြနေတာ မြင်ရသလို လက်တွေကို ရှေ့ဆန့်ပြီး သတ်မယ်တကဲကဲ လုပ်ပြနေတယ်။

"သတ်မှာ၊ ငါက ဒီကောင့်ကို တကယ်သတ်ချင်နေတာ၊ လည်ပင်းညှစ်ပြီးတော့ကို သတ်မလို့ပဲ၊ အဲ့ဒါနဲ့ ဘယ်ရမလဲ၊ ချောင်ပိတ်ပြီးတော့ကို ဒီကောင့်ကိုဖမ်းတာ၊ ငါ့အခန်းက အရမ်းလုံတာ၊ ဝင်ပေါက်တံခါး တစ်ချပ်ပိတ်လိုက်ရင် ပြီးပြီ၊

www.burmeseclassic.com



ဒီကောင် ဘယ်မှပြေးလို့ရတာ မဟုတ်ဘူး၊ မိသာ မိလိုက်လို့ ကတော့ကွာ. .၊ အရှင်လတ်လတ်ကို အရေခွံနွှာ. .၊ ခြေတွေ လက်တွေ အကုန်ဖြတ်ပြီး ချက်ကိုစားပစ်မယ်၊ မယုံမရှိနဲ့ ငါ တကယ်ကို စားမှာ”

ချစ်တာ. . .။ ချစ်တာ. . .။မိန်းမကို ချစ်ပြနေတာ. .။

ရည်းစားလူလု. . အူနုကျွဲ ခတ် မဟုတ်လား။ အခုဟာက ရည်းစားတောင်မဟုတ်ဘူး။ မိန်းမ. .။ ကိုယ့်မိန်းမ သူများနောက် ပါသွားတော့လည်း သူသူ. . ကိုယ်ကိုယ် သတ်ချင်ကြမှာပဲ။

ကျွန်တော်ယုံတယ်။ ဒီကောင်. . ငနေ တကယ်လုပ်မှာ။

ဒါပေမယ့် မဖြစ်သင့်တာ မဖြစ်ရအောင်၊ လွန်လွန်ကျံ့ကျံ့ တွေ လုပ်မိမှာစိုးလို့ ကျွန်တော် သူ့ကို ပြေပြေလည်လည်လေး နှစ်သိမ့်ရတယ်။

“အေး. . သတ်တာတော့ သတ်ချင်တာပေါ့ကွာ၊ ဒါပေမယ့် ချက်စားပစ်မယ် ဆိုတာတော့ မဟုတ်သေးပါဘူး၊ မင်းကလည်း. .၊ နည်းနည်းတော့လွန်တယ်”

နေဝန်း ရှုရှုရှားရှားဖြစ်သွားတယ်။

“မလွန်ဘူးကွ. . .၊ မလွန်ဘူး၊ မင်းက ဘာသိလို့လဲ၊ ဒီကောင် ငါရဲ့အခန်းထဲမှာ ဘာလုပ်သွားတယ် ထင်သလဲ၊ ဒီကောင် လုပ်သွားတာကို မင်းကြားလိုက်ရင် မင်းကိုယ်တိုင် ဒီကောင့်ကို ချက်စားချင်စိတ် ပေါက်သွားမယ်”

“ဘာလုပ်သွားလို့လဲ. . .”

www.burmeseclassic.com


"ငါဆွဲပြီးခါစ, ဆေးမခြောက်သေးလို့ နံရံမှာ ကပ်ထောင်ထားတဲ့ ရေဆေးပန်းချီကား အသစ်စက်စက်ကြီးကို သေးနဲ့တက်ပန်းသွားတာ. . . ဟော့ကောင်ရေ . . . ပန်းသွား တာဟ၊ "

"ဘာကွ. . "

ကျွန်တော့်စိတ်ထဲမှာတောင် ထောင်းကနဲဖြစ်သွားတယ်။ နေဝန်း ဒေါသထွက်မယ်ဆိုလည်းထွက်စရာပေါ့။ ဒီကောင်က သူ့ပန်းချီကားတွေကို သိပ်မြတ်နိုးတာလေ။

ဒီပန်းချီပညာကို ဒီကောင်က သိပ်ဝါသနာပါလွန်းလို့ သူ့ဘဝတစ်ခုလုံး နှစ်မြုပ်ထားတာ။ အဲ့ဒီလိုလူမျိုးက ရေးထားတဲ့ ပန်းချီကားကိုမှ. . . ဟိုကောင်က ရက်ရက်စက်စက်. . . ။

"အေးကွာ. . .၊ အဲ့ဒီလိုဆိုရင်တော့ မင်း. . . ဒီကောင့်ကို ချက်စားသင့်ပါတယ်၊ ငါထောက်ခံတယ်"

ကျွန်တော်က အဲ့ဒီလိုပြောလိုက်တော့မှ ငနေတစ်ယောက် ကျေနပ်သွားပုံရတယ်။ သက်ပြင်းတစ်ချက်ကို "ဟင်း. . . "ကနဲ ခပ်ပြင်းပြင်း မှုတ်ထုတ်တယ်။

ကျွန်တော်ကလည်း သူ့ဒေါသ အနည်းငယ် ပြေလျော့သွားပုံရတာနဲ့ ထပ်ဖြောင်းဖျလိုက်ရတယ်။

"ဒါပေမယ့်ကွာ. . .၊ ဒီလိုကောင်မျိုးရဲ့ အသားကိုတော့ ငါတို့ ချက်မစားသင့်ပါဘူး၊ ဒီကောင့်ဆီက မကောင်းတဲ့အကျင့်တွေ ငါတို့ဆီ ကူးလာမှာတောင်စိုးရတယ်၊ ဒီလောက်ညစ်ပတ်စုတ်ပွဲ့တဲ့ ကောင်ကိုများ. . . မင်းက. . .၊"

www.burmeseclassic.com



"အေး. . .၊ မင်းပြောတာလည်း ဟုတ်တယ်"

ကျွန်တော့်စကားက နေဝန်းရဲ့ ရင်ဘတ်ကို တည့်တည့်ကြီး မှန်သွားတာ သိတော့မှ. . . ကျွန်တော် ဆက်ပြောလိုက်တာပေါ့။

"ပြီးတော့. . . ဇာတ်တူသားဆိုတာလည်း မစားကောင်းပါဘူး. . . ကိုနေရာ၊ ဟသ်ာကိုးသောင်းတောင် ပျက်ခဲ့သေးတာပဲ၊ ဒါမျိုးက မလုပ်ကောင်းပါဘူး"

ကျွန်တော့်စကားအဆုံးမှာ ငြိမ်ပြီးနားထောင်နေကြတဲ့ သူတို့သုံးယောက်စလုံး ကျွန်တော့်ကို ပြူးကျယ်ဝိုင်းစက်နေသော မျက်ဝန်းသုံးစုံနဲ့ တအံ့တသြ မော့ကြည့်ကုန်ကြတယ်။

ပါးစပ်သုံးစုံကလည်း အဟောင်းသား။

ကျွန်တော် ရုတ်တရက် ကြောင်တက်တက်ဖြစ်သွားတယ်။ ငါ. . . ဘာပြောလိုက်မိပါလိမ့်။

ဝုန်းကနဲ. . . နေဝန်းဆိုတဲ့ကောင်က ထိုင်ရာက ခုန်ထ,တယ်။ မျက်နှာကြီးကလည်း ကြောက်စရာကောင်း လောက်အောင် နီရဲခက်ထန်လို့. . ။

ပြီးတော့ ဒေါသသံကြီးနဲ့ အော်လိုက်တာများဆို ဟိန်းကနဲ. . . ။

"ဟေ့ကောင်. . . တံခွန်. . . မင်း ဘာစကားပြောတာလဲ"

ကျွန်တော်လန့်ပြီးတော့တောင် နောက်ကိုနည်းနည်း ယိုင်သွားရတာ။

ခူဝံနဲ့ မြင့်မိုရ်ကလည်း အူကြောင်ကြောင်လေးတွေနဲ့

www.burmeseclassic.com



ေးကြည့်နေကြတယ်။

နေဝန်းက လက်သီးဆုပ်တပြင်ပြင်နဲ့ ရှေ့တိုးလာတယ်။ ကျွန်တော့်ရှေ့မှာ ခါးထောက်ရပ်ပြီး မိုက်ကြည့်. . ကြည့် တယ်။

ဒီကောင်. . . ဘာဖြစ်သွားတာလဲ။

"မင်း. . ဘာစကားပြောတာလဲ. . တံခွန်၊ ပြန်ပြောစမ်း၊ ခုနကစကားကို ပြန်ပြောစမ်း၊"

"ဟို. . . ဟို. . .၊ မဟုတ်ဘူးလေ၊ ငါပြောတာက. . . ဇာတ်တူသားဆိုတာ. . . မစားကောင်းဘူးဆိုတာ. . . အ. . အရင်၊ အရင်ကတည်းက ရှိတဲ့ရှေးစကား. . ."

ကျွန်တော့်စကားတောင် မဆုံးသေးဘူး၊ ကိုနေဆိုတဲ့ ကောင်. . . ကျွန်တော့်အင်္ကျီ ရင်ဘတ်စ,ကို ဆွဲဆုပ်ပြီး. . .။

"မင်း. . . မင်း. . စော်ကားလှချည်လား၊ မင်းက ငါ့ကို ဒီလို တိရစ္ဆာန်ကောင်နဲ့ အမျိုးတူတယ်လို့ ပြောတာပေါ့. . ဟုတ်လား၊ ဒီတိရစ္ဆာန်ကောင်နဲ့ မင်းကငါ့ကို နှိုင်းနေတာလား၊ ဒါ. . . နှိုင်းစရာလား. . .၊"

"ဟာ. . . မဟုတ်ပါဘူး ၊ မဟုတ်ဘူးလေ၊ ငါ. . . ငါ ပြောတာက ဇ. . ဇာတ်. . ဇာတ်တူသားချင်းဆိုတာ. . ဟို. . ဟို. . လူအချင်းချင်း. . လ. . လူ. . လူတစ်ယောက်ရဲ့ အသားကို. . . လူတစ်ယောက်က. . ချ. . ချက်မစားသင့်ဘူး. . . လှီးမစားသင့်ဘူး . . လို့. . ဆို. . ဆို. . "

ကျွန်တော့်စကား တစ်ဝက်တစ်ပျက်တင်ပဲ လေထဲမှာ

www.burmeseclassic.com



ဝဲလာတဲ့ နေဝန်းရဲ့ လက်သီးဆုပ်က တုန့်ကနဲ ရပ်တန့်သွားတယ်။

ကျွန်တော်က ဒီကောင်သဘောပေါက်သွားပြီ အောက်မေ့နေတာ။

ဒါပေမယ့်. . . မဟုတ်ဘူး။

ဒီကောင့်မျက်နှာက မအီမလည်. . . အောက်သိုးသိုးကြီး။ ကျွန်တော့်ကို မျက်မှောင်ကြီးကျုံ့ပြီး စိုက်ကြည့်နေတာ တော်တော်ကြာတယ်။

“မင်း . . . ဘာ. . . တွေ. . . ပြော. . . နေ. . . တာ. . . လဲ. . . ”

နေဝန်းရဲ့အသံက ခပ်လေးလေး. .၊ အက်အက်ကြီး။

အဲ့ဒီမှာ ကျွန်တော်တို့နောက်ကနေ ဝါးကနဲနေအောင် ရယ်ချလိုက်တဲ့ မူဝံနဲ့မြင့်မိုရ်တို့ရဲ့ အဆူညံဆုံး ရယ်သံတွေ ထွက်လာပါလေရော။

ရယ်တာမှ မျက်ရည်ထွက်အောင်ကို တဝုန်းဝုန်းနဲ့ ခြေဆောင့်. . .၊ ဗိုက်နှိပ်ပြီး ရယ်နေကြတာ. . .။

ကျွန်တော့်မှာ ဘာမှန်းမသိတော့ ရယ်ရအခက်၊ ငိုရအခက်နဲ့ “အဲ့ဒါ. . . ဘာဖြစ်နေတာလဲ”. . . လို့ ခပ်တိုးတိုး ထုတ်မေးရတယ်။

ကျွန်တော်မေးတာကို မဖြေပဲ ဒီကောင်တွေက ထပ်ရယ်ကြပြန်ရော။

ကိုနေ. . . အဲ့ဒီတော့မှ. . . ပတ်တီးဖြူဖြူ စည်းထားတဲ့

www.burmeseclassic.com



သူ့နဖူးသူ ဖတ်ကနဲ ရိုက်ပြီး. . .။

"သေလိုက်ပါတော့ တံခွန်တိုင်ရယ်. . ."လို့ ညည်းတွားပြီး ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ဝုန်းကနဲ ပြန်ထိုင်ချတော့တယ်။

"ငါ. . . ဘာပြောမိလို့လဲ. . . နေဝန်း"

ကျွန်တော်ကမေးတော့ သူက ပြန်မေးပြန်တယ်။

"ငါ့အခန်းထဲမှာ ချောင်ပိတ်ဖမ်းရတယ်ဆိုတဲ့ အကောင်ကို မင်းက ဘာကောင် အောက်မေ့နေလို့လဲ. . ဟင်၊ တံခွန်တိုင်ရဲ့"

"ဟင်. . .၊ အဲ့ဒါ လူမဟုတ်ဘူးလား. . .၊"

"မဟုတ်ဘူးဟ. . .၊ ငနာလေးရဲ့"

"ဒါဖြင့်. . . ဘာကောင်လဲ"

"ကြောင်. . ."

**"ကြောင်. . ."**

ကျွန်တော့်အသံက အကျယ်ကြီး ပွဲတင်ထပ်သွားတယ်။ မြင့်မိုရ်နဲ့ဓူဝံကတော့ တခွီးခွီးနဲ့ ရယ်လို့ကောင်းနေတုန်း။

ကျွန်တော့်မျက်နှာက နေဝန်းနီကို အားနာပြီး ရှက်လွန်းလို့ နီရဲပူနွေးလာတယ်။ ဘာဆက်ပြောရမှန်းလည်း မသိတော့ပါဘူး။

ကိုနေကတော့ ဒီလောက်လေကုန်ခံပြီး ရှင်းပြလာတာကို ကျွန်တော် တလွဲတွေးနေတော့ တော်တော်ကို စိတ်ပျက် ခါတ်ကျ သွားပုံရတယ်။

ဘာသံမှကို ထွက်မလာတော့ဘူး။

ဧည့်ခန်းထဲက ဆက်တီဆိုဖာခုံပေါ်မှာ ငနေခများ. . .

www.burmeseclassic.com



ပန်လန်လက်၊ ပက်လက်လန်. . . စန့်စန့်ကြီး။

ခူဝံက ရယ်သံတွေကြားကပဲ ကျွန်တော့်ကိုဝင်နှိပ်ကွပ်ပါလေရော။

“အဲ့ဒါပြောတာပေ့ါ။ မင်းဟာ ပွဲစားအရမ်းပီသတယ် . . လို့ ကိုယ်ပြောချင်ရာ စွတ်ပြောနေတာပဲ. . . တံခွန်၊ သူများပြောနေတဲ့ အကြောင်းအရာကို အဓိပ္ပါယ်ပေါက်အောင်တော့ သေသေချာချာ နားမထောင်ဘူး”

မြင့်မိုရ်ကလည်း ဝင်ဟောက်တယ်။

“အေး. . အဲ့ဒါ မင်းအတွက် သင်ခန်းစာပဲ တံခွန်၊ နောက်ကို မင်းဟာမင်း ထင်ချင်ရာထင်၊ တွေးချင်ရာတွေး၊ ပြောချင်ရာပြော. . မလုပ်နဲ့တော့”

ကျွန်တော် မကျေနပ်ဘူး။ ကျွန်တော့်ကို ဒီကောင်တွေ ဝိုင်းပြီး ဆရာလုပ်တာ လုံးဝမခံနိုင်ဘူး။

ဒါကြောင့် နည်းနည်းတော့ ပြန်ပက်လိုက်ရတယ်။

“အောင်မာ. . .၊ အဲ့ဒါ. . . ဒီကောင်ငနေ စ,ကတည်းက ရှင်းရှင်းလင်းလင်းမှ မပြောတာ၊ သူ့အကောင်. . သူ့အကောင် လို့ပဲ ပြောနေတာချည်းကို၊ ငါက သူ့မိန်းမ နောက်မီးလင်းပြီ အောက်မေ့တာပေ့ါ၊ ချောင်ပိတ်ဖမ်းတယ်လည်း ဆိုတော့ ဒါ. . သူ့မိန်းမ လင်ငယ်ပဲ၊ သေချာပြီပေ့ါ. . ဆိုပြီး. . . ”

“သေပါလား ၊ လဲသေလိုက်ပါလား. . ငတုံးရဲ့၊ မင်းကိုက ဒုံးဝေးတာ၊ သူ့အကောင် သူ့အကောင်. . လို့ ငါပြောနေကတည်းက

ငှါမိန်းမရဲ့ အချစ်တော် အဲ့ဒီကြောင်ထီးကြီးကို ပြောနေမှန်း မင်းသဘောပေါက်ရမှာပေ့ါဟ. . .”

“ဘာဆိုင်လို့ ငါက သဘောပေါက်ရမှာလဲကွ”

“မင်းသဘောမပေါက်ပေမယ့် ဟိုနှစ်ကောင်ဆို ငါပြောလိုက်တာနဲ့ တန်းကနဲ ပြေးသိတယ် ငအူလေးရဲ့၊ သူ့အကောင်လို့ ပြောကတည်းက ငှါမိန်းမ နှုတ်ကနေ ‘မေ့သားကြီး . . မေ့သားကြီး’ နဲ့ တဖွဖွ ချော့မြူပြီး မွေးထားတဲ့ အဲ့ဒီကြောင်ကို ပြောတာလို့ မင်းသိသင့်တယ်၊ ငှါအိမ်မှာ တိရစ္ဆာန် ဘယ်နှစ်ကောင်များ ရှိလို့လဲ တံခွန်စုတ်ရဲ့၊ လွန်ခဲ့တဲ့ လေးလ, လောက်ကတည်းက ငှါမိန်းမ ဘယ်ကနေ အိမ်ကိုခေါ်လာမှန်း မသိပဲ မျက်စိနောက်စရာ ကောင်းလောက်အောင် မင်းတို့ ရှေ့မှာတင် အလုပ်ရှုပ်ပြနေတဲ့ ကြောင်ကို၊ ရွှေကျားလေကွာ၊ မင်းမြင်ဖူးပါတယ်. . အရူးရဲ့၊ ငှါကို မျက်လုံးလေး ပေကလပ်၊ ပေကလပ်နဲ့ ပြန်မကြည့်စမ်းပါနဲ့”

နေဝန်းပြောတာလည်း မမှားပါ။

အဲ့ဒီရွှေကျားဆိုတဲ့ ကြောင်ထီးကြီးဟာ နေဝန်းမိန်းမရဲ့ အချစ်တော်မှန်း ကျွန်တော်တို့ သူငယ်ချင်းတွေအားလုံး သိကြတယ်။ သူ့အိမ် သွားလည်တိုင်းလည်း မြင်ဖူးနေကျပါ။

နေဝန်းတို့လင်မယားက အိမ်ထောင်သက် ရှစ်နှစ်ကျော်လာတဲ့တိုင် သားသမီး တစ်ယောက်မှ မထွန်းကားကြဘူး။ သူတို့ကလည်း အရမ်းလိုချင်ကြတယ်။

www.burmeseclassic.com



သားသမီးရဖို့လည်း ကြားဖူးနားဝ, နည်းပေါင်းစုံတွေ လျှောက်လုပ်ကြတာ ဖတ်ဖတ်ကို မောနေပြီ။ (တလွဲမတွေးပါနှင့် မိတ်ဆွေ)။

သူတို့နှစ်ယောက်စလုံး သွားပြကြတဲ့ ဆရာဝန်တွေ၊ အထူးကု စပယ်ရှယ်လစ်တွေ၊ သားဖွားမီးယပ် ပါရဂူကြီးတွေ စုံစိနေတာ ကုန်သလောက်နီးပါးရှိပြီ။ ဓါတ်ခွဲစမ်းသပ်မှုတွေ လုပ်ရတာလည်း ဆေးခန်းတိုင်းလိုလိုမှာ သူတို့ပိုက်ဆံတွေ ကုန်သလောက်နီးနီးပါပဲ။ ဒါလည်း အကြောင်းမထူးဘူး။

သားသမီးက မရကြဘူး။ ဟိုဗေဒင် ကောင်းတယ်၊ ဒီဗေဒင် မှန်တယ်. . ဆိုတိုင်းလည်း သွားသွားမေးရတာ အမော။ ဆရာ့. . ဆရာတွေ လုပ်ခိုင်းတဲ့ ယတြာတွေ၊ အဆောင်တွေ လိုက်လုပ်ရတာလည်း တစ်နေ့တစ်နေ့ သူတို့လင်မယား မအားကြရှာဘူး။

ဖရုံသီးနဲ့ဖရဲသီး ငမိုးရိပ်ချောင်းထဲ မျှောရမယ်ဆိုလို့ သူတို့လင်မယား ဘေလီတံတားပေါ်က သွားပစ်ချကြတာတောင် သိပ်မကြာသေးဘူး။ ညသန်းခေါင်. . . လရောင်အောက်မှာ မုန့်ဖက်ထုပ်ကို နှစ်ယောက်အတူ ထိုင်စားရမယ်ဆိုလို့လည်း ထိုင်စားကြပြီးပြီ။ ဒါလည်း အလုပ်မဖြစ်ဘူး။

ကြာလာတော့ သူ့မိန်းမလည်း စိတ်ဓါတ်တွေ ကျလာတယ်နဲ့ တူပါတယ်။ အကောင်ကြီးကြီး ကြောင်ထီးကြီးတစ်ကောင် အိမ်ခေါ်လာပြီး "မေမေ့သား. . ၊ မေမေ့သား. . "နဲ့ မွေးစား

www.burmeseclassic.com


ထားတော့တယ်။

သူ့မိန်းမကလည်း သားသမီးက မရှိရှာတော့ အဲ့ဒီကြောင် အပေါ်မှာပဲ သဲသဲလှုပ် အချစ်ပိုပြနေတာ။

ဒါကို နေဝန်းဆိုတဲ့ကောင်ကလည်း နည်းနည်းလေးမှ ကြည့်လို့ရတာ မဟုတ်ဘူး။ သူ့မိန်းမသူ ပြောမရလို့သာ လွှတ်ထားတာ။

ဒီကြားထဲ အဲ့ဒီရွှေကျားဆိုတဲ့ ကြောင်ကလည်း နေဝန်း ကြည့်မရမယ်ဆို ကြည့်မရချင်စရာ။

လုံးဝ . . အကျင့်မကောင်းတဲ့ ကြောင် . . ။ တွေ့တဲ့နေရာ ချီးယို၊ သေးပန်းတယ်။ ခိုးစားတယ်။ ထမင်းနဲ့ ပုဇွန်ခြောက် ရောကျွေးရင် ပုဇွန်ခြောက်ချည်း ရွေးစားတယ်။ ပင်လယ်ငါး မစားဘူး။ အပျင်းထူတယ်။ ကြွက်မခုတ်ဘူး။ အဲ့ဒီကြောင်ကိစ္စနဲ့ပဲ သူမိန်းမနဲ့သူ တစ်နေ့တစ်နေ့ စကားများရန်ဖြစ်နေကြတာ။

ဒီတစ်ခါကတော့ နောက်ဆုံးအကြိမ်နဲ့ အကြီးကျယ်ဆုံးပဲ ဖြစ်မယ် ထင်တယ်။

ကျွန်တော်လည်း ဒီကြောင်ကိစ္စနဲ့ကျမှ ရန်ဖြစ်ကွဲပြလာတဲ့ နေဝန်းကို အံ့သြပြီး မကျေမနပ် မေးခွန်း ထုတ်လိုက်မိတယ်။

"ဒါပေမယ့်ကွာ၊ ဒီကြောင်ကိစ္စတစ်ခုတည်းနဲ့ မင်းတို့ လင်မယား ဒီလောက်ထိ တုတ်တပြက်၊ ဒါးတပြက် ဖြစ်ကြလိမ့်မယ် လို့ ငါက ဘယ်ထင်မှာလဲကွ၊ မင်း ဒေါသထွက်နေတာကြီးက လွန်လွန်းအားကြီးတယ်၊ ဒီလောက်တော့ မဖြစ်သင့်ပါဘူး၊ နည်းနည်း

www.burmeseclassic.com



လျှော့ပေါ့”

“မလျှော့နိုင်ဘူး. .၊ မလျှော့နိုင်ဘူး. . . ဟော့ကောင်၊ ငါ ဒီခွေးသူခိုးနဲ့ ပတ်သက်လာရင် အလျှော့ပေးရပေါင်း များပြီ”

“ကြောင်သူခိုး လုပ်စမ်းပါ”

“ဒီကြောင်စုတ်က ကြောင်လိုမလုပ်ပဲ ခွေးကျင့်ခွေးကြံ ကြံတာကိုးကွ၊ အဲ့ဒါ မင်းဘာပြောမလဲ၊ ငါ့ပန်းချီကားကို သေးနဲ့ ပန်းသွားတဲ့ကိစ္စ၊ ငါလုံးဝသည်းမခံနိုင်ဘူး၊ ပန်းချီကားက သုံးမရအောင် လုံးဝပျက်စီးသွားတာ၊ ရေဆေးပန်းချီကားကွာ၊ ရစရာကို မရှိဘူး၊”

နေဝန်းရဲ့ အသံက ငိုသံတောင် ပါလာတယ်။

“ပြီးတော့ အဲ့ဒီပန်းချီကားကို ငါက ဒီနေ့အပြီး ဆွဲပေး ပါ့မယ် ပြောထားတာ၊ ရက်ချိန်း ရွှေ့နေခဲ့တာလည်း တော်တော် ကြာပြီ၊ အလုပ်အပ်တဲ့သူကို ဒီပန်းချီကား ဒီနေ့ မအပ်နိုင်ရင် ငါ. . . အပြောအဆိုခံပြီး၊ နာမည်ပျက်ရမယ့်ကိစ္စ. . . ”

“ဒါနဲ့ပဲ. . . မင်းက အဲ့ဒီကြောင်ကို သည်းသည်းမည်းမည်း ချောင်ပိတ်ဖမ်းပြီး ဆော်ပလော်တီးလွှတ်လိုက်တော့ မင်းမိန်းမက မင်းကို ထပ်မံဆော်လွှတ်လိုက်သည်ပေါ့. . . ဟုတ်လား”

“မင်းထင်သလို ဒီဇာတ်လမ်းက ဒီလောက်မမြန်ဘူး”

“လုပ်ပါဦး”

“ငါက ဒီကြောင်ကို အသေသတ်မလို့ပါ ဆိုမှ၊ ငါ့ အခန်းထဲမှာ ဒီကြောင်ကို ချောင်ပိတ်ဖမ်းမိနေပြီ၊ လက်ထဲမှာရှိတဲ့

သံပေတံ တစ်ကိုက်ချောင်းနဲ့ကို ခွရိုက်နေတာ”

“အဲ့ဒါကတော့ မင်းရက်စက်လွန်းပါတယ်၊ ဒါ အငြိုးနဲ့ ရိုက်တာမဟုတ်လား၊ မင်းမိန်းမက ဒီကြောင်ကို မင်းအစား ကုတင်ပေါ် ခေါ်ခေါ်သိပ်နေတာကို တေးထားပြီး. . . ”

“စကားကောင်းပြောနေတုန်း မဖေါက်နဲ့ကွာ၊ ငါက ငါ့မိန်းမ, မသိအောင် ဒီလိုခွရိုက်နေပေမယ့် တစ်ခန်းလုံးက ပြောင်းဆန် ဆူညံကုန်တာကိုး၊ ငါ့မိန်းမက ကြားပြီး အလန့်တကြား ပြေးလာတော့တာပေါ့၊ သူက ငါပိတ်ထားတဲ့ အခန်းတံခါးကို ဖွင့်ကြည့်လိုက်တော့ ကြောင်က အဲ့ဒီအပေါက်ကနေ ခုန်ပြီး ထွက်ပြေးသွားရော. . . ”

“ဒါနဲ့ မင်းကလည်း မင်းသတ်ချင်တဲ့ ကြောင်ကိုမမိတော့ ကိုယ့်မိန်းမကိုယ် မဲ၊ မင်းမိန်းမ,ကလည်း သူ့အချစ်တော် မွေ့သားကြီးကို ထိတော့ မင်းကိုမဲ၊ ဒါနဲ့ တစ်ယောက်တစ်ပြန် ထ,ချကြလေသတည်း. . ပေါ့၊ ဟုတ်လား”

“အေးပေါ့၊ ငါကလည်း ဒီတစ်ခါ တော်တော်ဒေါသ ထွက်တာ ဆိုတော့ လုံးဝမလျှော့နိုင်ဘူး၊ ကောင်းကောင်းကို ကြိမ်းပေးလိုက်တယ်၊ ဆိုးတာက ကြောင်စုတ် ထော့နဲ့ထော့နဲ့ ဖြစ်နေတာကို ငါ့မိန်းမက တိရစ္ဆာန်ဆရာဝန်နဲ့ သွားပြပြီး ပြန်လည်းလာရော. . သူ့ကြောင် ပေါင်ရိုးကျိုးပါတယ်ဆိုပြီး ငါ့ကို တငိုငိုတရီရီနဲ့ ရန်လုပ်လိုက်တာ ဆိုတာများ မင်းတို့တွေ့စေ ချင်တယ်၊ မပဋ္ဌာမြေလူးနေတဲ့ အတိုင်းပဲ”

ကိုနေပြောတာ သဘောကျပြီး ကျွန်တော်တို့သုံးယောက် တခစ်ခစ်နဲ့ ဝိုင်းရယ်ကြတယ်။

"ငါကလည်း ဒေါသနဲ့အော်၊ သူကလည်း ဒေါသနဲ့အော်၊ ငါက ကိုယ့်ကိုထမင်းကျွေးနေတဲ့ အလုပ်ကို လာမစော်ကားနဲ့. . လို့၊ လာစော်ကားရင်တော့ ကြောင်တင်မဟုတ်ဘူး၊ လူပါ သတ်ပစ်မယ် . . လို့ ကျုံးဝါးတော့ သူက မခံနိုင်ပဲ သတ်ရဲရင် သတ်ကြည့်စမ်း၊ စော်ကားတော့. . . ဘာဖြစ်လဲ၊ ဘာလဲနဲ့ ငါ့ပန်းချီဆေးဘူးတွေကို ခြေထောက်နဲ့ လာတက်နင်းတယ်၊ တဗျစ်ဗျစ်နဲ့ ကုန်ပါရောလား"

ကျွန်တော်တို့မှာ ငိုအားထက် ရယ်အားသန်နေကြပြီ။ နေဝန်းက ဆက်ပြောတယ်။

"အဲ့ဒါနဲ့. . ငါလည်း ဒေါသတွေပေါက်ကွဲပြီး ငါ့မိန်းမကို ဆော်မလို့ လက်ရွယ်ရုံရှိသေး၊ သူက သူ့လက်ထဲမှာ ကိုင်ထားတဲ့ ကြာဥကြော်ရင် ကော်တဲ့ဂေါ်ပြားနဲ့ ကောက်ပေါက်ထည့်လိုက်တာ"

"ဟောဗျာ. . ."

"အေး. . ဂေါ်ပြားက အနှောင့်နဲ့ မလာပဲ၊ အပြားနဲ့ ဝင်ချလာတော့. . ."

"မင်းနဖူး ဟက်တက်ကွဲသွားလေသတည်း. . ပေါ့"

"လေးချက်တောင် ချုပ်ရတယ်၊ လုံးဝ ငါ. . မကြေဘူး"

"ဒါနဲ့. . . မင်းကလည်း မင်းမိန်းမကို အသကုန် ပြန်တွယ် လိုက်တာ မင်းမိန်းမလည်း သတိတွေဘာတွေလစ်ပြီး ဆေးရုံပေါ် ရောက်လေသတည်း. . ပေါ့"

"မဟုတ်ဘူးကွ"

နေဝန်းက ခေါင်းကိုတွင်တွင်ခါတယ်။

"ငါ့မိန်းမကို ငါ. . လက်ဖျားနဲ့တောင် မထိလိုက်ရပါဘူး ဆိုမှကွာ၊ အဲ့ဒါ ဘယ်သူပြော. . ပြော၊ မယုံကြဘူး၊ မင်းတို့ကတော့ ယုံစမ်းပါ၊ တကယ်ပါ၊ ငါသူ့ကို ဘာဆို. . ဘာမှ မလုပ်ရသေးဘူး"

"ဒါဖြင့်. . ."

"ငါ့မိန်းမက သွေးမြင်ရင် အရမ်းလန့်တတ်တာကွ၊ အဲ့ဒါ ငါ့ခေါင်းက ချက်ချင်းသွေးတွေ ဖြာကနဲကျလာတာလည်း မြင်ရရော 'ဟယ်. . 'ဆိုပြီး ခေါက်ကနဲ လဲကျသတိလစ် သွားတော့တာပဲဟေ့"

"ဒီလိုလား. . ."

ကျွန်တော် မအောင့်နိုင်တော့ပဲ တဟားဟားနဲ့ စ,ရယ်တော့ ကိုနေက ဖြည့်ပြောတယ်။

"သူ့ဟာသူ လဲကျသွားရင် ဘာမှမဖြစ်ဘူး၊ အခုဟာက လဲကျတဲ့ဘက်မှာရှိတဲ့ စားပွဲစောင်းနဲ့ ဒုန်းကနဲမြည်အောင် သူ့နောက်စေ့က သွားရိုက်မိတာလေ. . ."

"ဟာ. . ."

"အေး. . အဲ့ဒါနဲ့ ဆေးရုံပေါ်မှာ အခုထက်ထိ သတိကို ပြန်လည်မလာတော့ဘူး၊ သေသွားလည်းအေးတာပဲ၊ နောက်တစ်ယောက် ရတာပေါ့"

"ဟာ. . မင်းကွာ၊ ကိုနေရာ. . ဒီလောက်ကြီးတော့ ပစ်ပစ်ခါခါ မပြောသင့်ပါဘူး၊ ဘာမဟုတ်တဲ့ ဒီ. . ကြောင်ကိစ္စနဲ့၊ ကွဲကြ

www.burmeseclassic.com


ပြကြ၊ မင်းတို့ပဲ အရင်တုန်းကတော့ ချစ်လှချည် ကြိုက်လှချည်ရဲ့ဆို၊ တစ်မိုးအောက်မှာ တစ်ယောက်ပဲဆို၊ ဒီလို အချိန်မျိုးကြီးမှာ မင်းဆေးရုံပေါ်မှာပဲ ရှိနေသင့်တာကွ၊ သူ့အနားမှာ မင်းနေပေးရမှာ"

"အောင်မယ်လေး၊ ခုပဲ ဆေးရုံပေါ်က ငါတို့သုံးယောက်စလုံး ပြန်လာကြတာ၊ ငှါ့မိန်းမအနား ငါနေချင်တယ် ဆိုတာတောင်နေလို့မရတော့ဘူး"

"ဟင်. . ဘာဖြစ်လို့လဲ"

"ငှါ့မိန်းမမိဘတွေနဲ့ ဆွေမျိုးတွေ. . အိမ်လုံးကျွတ်နီးပါးလိုက်လာကြပြီး ငှါ့ကို ဝိုင်းရန်တွေ့လွှတ်လိုက်တာများ ဆိုတာ. .၊ ငှါ့မှာ နားတွေလည်းကွဲမတတ်ပဲ၊ ရစရာလည်းမရှိတော့ဘူး၊ သူတို့သမီးသာ သေသွားရင် ငါကြိုးစင်တက်ရမယ်. . တဲ့၊ သူတို့သမီးကို ငါကဒီလောက်နှိပ်စက်နေတာ တစ်ရက်တောင် ဆက်မပေါင်းနဲ့. . တဲ့၊ အခုကွာပေး. . တဲ့၊ ငါက သူတို့သမီးကို လက်ဖျားနဲ့တောင် မထိရသေးပါဘူးဆိုတာလည်း ဘယ်သူမှ မယုံကြတော့ဘူး၊ သူ့သမီးက အခုခေါင်းမှာ ဘုထွက်ပြီး သတိကလည်း လစ်နေတာဆိုတော့ ဒါကို ငါတီးထည့်လိုက်တယ်ပဲ ထင်ကြတာပေါ့"

"တကယ်လည်း မင်းတီးလိုက်တာ မဟုတ်ဘူးလား၊ အခုမှအမှုပတ်မှာကြောက်ပြီး၊ မင်း. . မုန်လာဥလုပ်နေရင် လုပ်နေတယ်ပြောကွာ"

"ဟာ. . .၊ မဟုတ်ရပါဘူးကွာ. .၊ ဘုရားပေးပေး ကျမ်းပေးပေးပါ၊ ငါ့မိန်းမကို ငါ တကယ်. . တကယ်. . ဘာမှ မလုပ်လိုက်ရပါဘူး. . တံခွန်ရာ၊ ငါပြောတာ ယုံစမ်းပါ၊ ငါ ဘာမှလည်း မလုပ်ရဘဲ အပြောခံရတာတော့ မတရားပါဘူး၊ ဒီလိုသာ အပြောခံရမှန်းသိရင် ငါ့မိန်းမကို တကယ်ပဲ နာနာလေး ဆော်ပစ်ခဲ့ပါတယ်၊"

အဲ့ဒီမှာ. . . ဘေးနားက မြင့်မိုရ်နဲ့ ဓူဝံက နေဝန်းကို ခပ်ချဉ်ချဉ်နဲ့ ဝင်နှိပ်ကွပ်တော့တယ်။

"အမလေး. . တော်စမ်းပါကွာ၊ ခံတုန်းက ခံလာရပြီး အခုမှ လေဖင်ခေါင်း ကျယ်မနေစမ်းပါနဲ့၊"

"အေးလေ. . .၊ လျှောက်ပြောမနေနဲ့ နေဝန်း၊ မင်း မိန်းမကို မင်းတကယ်ဆော်ပလော်တီးချင်တာ စိတ်ထဲမှာပဲထား၊ မင်းမိန်းမအမျိုးတွေက မင်းကို တရားစွဲမယ် တကဲကဲလုပ်နေတာ၊ ဒီလိုစကားကို သူတို့ဘက်က ရှေ့နေရှေ့မှာ မင်းသွားပြောကြည့်၊ မင်း. . ထောင်လုံးလုံးကျမယ်"

ကိုနေ အနည်းငယ်ဖြုံသွားတဲ့ပုံနဲ့ သွားတွေ စိသွားတယ်။ မဖြုံလို့လည်း မရဘူး။ အခုပြောနေတဲ့ ဓူဝံဆိုတဲ့ကောင်က တကယ့် ရှေ့နေ။

မဟာဗန္ဓုလပန်းခြံလမ်း အောက်ဘလောက်မှာ ရုံးခန်း လေး ဖွင့်ထားပြီးတော့ကို တရားမ,မှုတွေ လိုက်ပေးရင်း၊ လိုက် ပေးရင်းနဲ့ နာမည်ရစ,ပြုလာတဲ့ အလွတ်ရှေ့နေတစ်ယောက်။

www.burmeseclassic.com



ဒီတော့ ရှုံးပြင်ကန္တား ကိစ္စတွေနဲ့ပတ်သက်လာရင် မူဝံစကားကို ကျွန်တော်တို့ အားလုံးက နားထောင်ရတယ်။

ဒီကောင်ကလည်း တဆိတ်ရှိ ထောင်လုံးလုံးကျမယ် ဆိုတဲ့ စကားနဲ့ပဲ အမြဲခြိမ်းခြောက်နေတော့တာ။ (ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်ကလည်း အချင်းချင်းတွေဆိုတော့ သူက ဥပဒေတွေ၊ ပုဒ်မ,တွေ ဘယ်လောက်ပြောပြော အရေးမစိုက်တာနဲ့ ဒီကောင်က အားအားရှိ ထောင်တွေ တန်းတွေနဲ့ပဲ ကိုင်. . ကိုင် တုတ်တော့တာ)။

ဒါပေမယ့် ဒီတစ်ခါတော့ နေဝန်းဆိုတဲ့ကောင်က မူဝံ စကားကို တကယ်ဖြုံသွားပုံရတယ်။ ဘာမှ ပြန်လှန်စောဒက မတက်နိုင်တော့ဘူး။ စောဒကတတက်ချင်လို့လည်း မရတော့ဘူးနဲ့ တူပါတယ်။

သူနဲ့ သူ့မိန်းမကိစ္စက တော်တော်လေးကို ရှုပ်ပျက် ဆင်းပျက် ဖြစ်ခဲ့ပုံပါပဲ။

အမှန်ကတော့ သူနဲ့ သူ့မိန်းမလက်ထပ်ကြကတည်းက သူ့မိန်းမဘက်က အမျိုးတွေက လုံးဝသဘောမတူဘူး. . ဘာဘူး. . နဲ့ ခါးခါးသီးသီး ဖြစ်ခဲ့ကြတာ။

သူ့မိန်းမ မအေးအေးမော်ဘက်က ဆွေကြီးမျိုးကြီး လို့ ပြောရမှာပေါ့။ ငွေကြေးလည်း ပြည့်စုံတယ်။ ရာထူးအရှိန်အဝါလည်း ရှိကြတယ်။

ဒီတော့ အဲ့ဒီအချိန်တုန်းက ဝင်ငွေလည်း မယ်မယ်ရရ ပုံမှန်မရှိသေးတဲ့ ပန်းချီဆရာပေါက်စ, နေဝန်းနီလို အကောင်မျိုးကို

မအေးတို့သိုင်းအဝိုင်းက သဘောမတူကြတာမဆန်းပါဘူး။

အဲ့ဒါကိုမှ ဒီကောင်က မရ,ရအောင် ခိုးပြေးပြီးယူခဲ့ကြတာ။

ယူပြီးတော့လည်း မအေးအေးမော်တို့ဘက်က နှစ်တော်တော်ကြာ ပစ်ထားကြသေးတယ်။

နောက်မှ နေဝန်းဆိုတဲ့ ကောင်ကလည်း ပန်းချီလောကမှာ နာမည်ကလေးရလာ. .၊ သူ့ပန်းချီရေးခ,နဲ့ သူ အိမ်ထောင်တစ်ခုကို လောက်လောက်င,င,ကလေး ထူထောင်ကျွေးမွေးနိုင်တာ တွေ့ရတော့မှ သူ့မိန်းမအမျိုးတွေက ပြန်ပြီး ကြည်ကြည်ဖြူဖြူ ဖြစ်သွားကြတာ။

ပြန်ပြီးဆက်ဆံ အခေါ်အပြောလုပ်ကြတာ သိပ်တောင် ကြာသေးတာမဟုတ်ဘူး။

အခုတော့ သူ့မိန်းမက ခေါင်းမှာဒဏ်ရာနဲ့ ဆေးရုံ ပေါ်လည်း ရောက်ရော သူ့မိန်းမအမျိုးတွေက သဲသဲလှုပ် ဖြစ်ကုန်ကြတာပေါ့။ စ,ကတည်းက ကြည့်မရကြတဲ့ ဒီကောင့်အပေါ် အပြစ်ပုံချပြီး ကွဲခိုင်းကွာခိုင်းတွေ လုပ်ကုန်ပြီပေါ့။

ကျွန်တော့်မှာ မနေနိုင်၊ မထိုင်နိုင် စိုးရိမ်တကြီး ဝင်မေးရတယ်။

"ဟေ့ကောင်. . ငနေ၊ ဒါနဲ့ မင်းမိန်းမက အခြေအနေရော ကောင်းရဲ့လားကွာ၊ မတော်တဆ သေများသွားရင် မင်းတကယ် အမှုပတ်မှာပေါ့ကွ၊ မင်းမှာ မင်းမိန်းမကို ဘာမှကိုယ်ထိလက်ရောက် မလုပ်ခဲ့ပါဘူးဆိုတာ သက်သေမှမရှိတာ၊ မင်း. . တကယ်

www.burmeseclassic.com



ဆော်ထည့်လိုက်တယ်ပဲ ထင်ကြမှာပဲ”

ဒီတော့ မြင့်မိုရ်က မျက်နှာကိုမဲ့ပြီး ဝင်ပြောတယ်။

“အမလေး. . .၊ ဒီကောင်ဒီလောက် လေသံကျယ်နေပြီ ဆိုကတည်းက မင်းသဘောပေါက်ဖို့ ကောင်းတယ်. . . တံခွန်ရဲ့ သူ့မိန်းမ ဘာမှမဖြစ်လို့ ဒီကောင် အခုမှထ,ပြီး ဒေါသတွေ ထွက်ပြနေတာ၊ ခုနက ဆေးရုံပေါ်မှာ သူ့မိန်းမ သတိလစ်နေတုန်းက ဒီကောင့်မျက်နှာ မင်းမြင်စေချင်တယ်၊ ဟိုဒင်းလောက်ပဲ ရှိတယ်၊ ဒင်းအခွက်က. . .”

“ဟေ့ကောင်. . . မင်း. . . မမိုက်ရိုင်းနဲ့”

“ငါဘာမိုက်ရိုင်းလို့လဲ၊ ဟိုဒင်း. . . လို့ပဲပြောတာ”

အပြန်အလှန် ရန်ဖြစ်နေတဲ့ မြင့်မိုရ်နဲ့ နေဝန်းကို ကြားဝင်ဖျန်ဖြေရင်း စိတ်ကတော့ နည်းနည်းပေါ့သွားတယ်။

“အရေးထဲ တော်ကြစမ်းပါကွာ၊ မင်းတို့ကလည်း. . .၊ ဒါနဲ့ ဒီကောင့်မိန်းမက အခုသတိရပြီပေါ့. . .၊ ဟုတ်လား”

ခူဝံက ကျွန်တော့်မေးခွန်းကို ဝင်ဖြေတယ်။

“အေးလေ. .၊ သတိရလို့ တော်သေးတာပေါ့၊ နို့မို့ဆို ဒီကောင် ထောင်လုံးလုံးကျတယ်”

“မင်းရှေ့နေမှန်း ငါသိပါတယ်ကွာ၊ စကားပြောတာ ထောင်ထဲကကို မထွက်တော့ဘူး၊ တော်စမ်းပါ”

“ငါက အကောင်းပြောတာ”

“နေပါဦး၊ ခုနကပြောတော့ ဆေးရုံပေါ်မှာ သူ့မိန်းမ

www.burmeseclassic.com



အနားကို သူ . . . ကပ်လို့တောင်မရဘူးဆို ၊ အဲ့ဒါ ဘယ်လိုလုပ်ပြီး မအေး. . သတိပြန်ရလာတယ်ဆိုတာ မင်းတို့ကသိနေတာလဲ”

“သူ့ယောက်ဖလေး. . . ဆေးရုံပေါ်ကနေ ပြေးဆင်းပြီး ငါတို့ကို အမှီလိုက်ပြောလို့ပေါ့”

“ဟို. . . အောင်အောင်ဆိုတဲ့ ချာတိတ်လား. . . ”

“အေးပေါ့၊ သူ့မိန်းမမှာ မောင်ဘယ်နှစ်ယောက် ရှိလို့လဲ၊ ဒီတစ်ယောက်ပဲ ရှိတာလေကွာ၊ ဒီတစ်ယောက်ကလည်း ဆွေမျိုးတွေကြားထဲမှာကွက်ပြီး နေဝန်းကို ကြည်ကြည်ဖြူဖြူ ရှိလို့ တော်သေးတာပေါ့၊ ဒီကောင်လေးက ပန်းချီဝါသနာပါတယ် မဟုတ်လား၊ ဒီတော့ နေဝန်းကို အထင်ကြီးနေတာ နေမှာပေါ့၊ သူ့အမျိုးတွေ ထဲမှာ သူတစ်ယောက်ပဲ နေဝန်းဘက်က ကူညီပေးရှာတယ်”

မြင့်မိုရ်ကလည်း ဝင်ဖြေတယ်။

“အခု ဒီကောင်လေးက နေဝန်း ဆေးရုံအောက် ရောက်ရုံပဲ ရှိသေးတယ်၊ သူ့အစ်မ သတိရပြီဆိုတာ ပြေးလာပြောတယ်၊ ခေါင်းကို ကွန်ပျူတာဓါတ်မှန်ရိုက်တဲ့ အဖြေလည်း ထွက်လာပြီ၊ ဆရာဝန်ကြီးတွေက ပြောတာလည်း ဘာမှ မဖြစ်ဘူးတဲ့၊ မစိုးရိမ်ရတော့ဘူးတဲ့၊ စိတ်ချရအောင် ဆေးရုံမှာ တစ်ညအိပ်ပြီးရင် ဆင်းရမယ်တဲ့၊ ဒါကြောင့် ဒီကောင်နေဝန်း အခုမှ လေကျယ်နေတာ”

“ငါ ဘာလေကျယ်လို့လဲ၊ ဒီကောင်မ, လုပ်ပုံ ဟုတ်သလား ကြည့်ဦး၊ နောက်ဆုံးကျတော့ ဘာမှသာ မဟုတ်တယ်၊ ပိုက်ဆံက သောက်သောက်လဲ ကုန်သွားပြီးပြီ၊ ဆေးရုံအခန်းခ,တွေ၊ အဲ့ဒီ

www.burmeseclassic.com



ကွန်ပြူတာခါတ်မှန်ခ,တွေ ငါပဲ ရှင်းပေးခဲ့ရတာလေ၊ ဖြစ်ပြ နေလိုက်တာက အခုပဲ သေမလိုလို ရှင်မလိုလို၊ အလကား. . . ဒင်းကို ဝိုင်းဂရုစိုက်အောင် သက်သက်မဲ့ ဟန်လုပ်ပြနေတာ"

ကျွန်တော် နေဝန်းကို လေပြည်လေးနဲ့ ချော့ရတယ်။

"မင်းကလည်း. . . စိတ်လျှော့လိုက်ပါကွာ၊ သူ့ဟာသူ သတိလစ်သွားတာတော့ ဘယ်တတ်နိုင်မလဲကွ၊ ဟန်လုပ်တာတော့ မဟုတ်ပါဘူး၊ မင်းက တစ်ဘက်သတ်ကြီး"

နေဝန်းရဲ့မျက်နှာက နီရဲလာပြီး ရှုးရှုးရှားရှား ဖြစ်လာပြန်တယ်။

"ဟော့ကောင်. .၊ သတိလစ်တာက ဟန်လုပ်တာ မဟုတ် ပေမယ့် အခုဒီမသာမ, တကယ်ဟန်လုပ်နေပြီကွ၊ သိလား. .၊ အခု ဆေးရုံပေါ်မှာ ဒီမိန်းမ,က ငိုဟယ်ရီဟယ်နဲ့ သူ့ခေါင်းပေါ်က ဘုထွက်နေတာ ငါကပဲ ဆောင့်တွန်းလိုက်သလိုလို၊ ငါပဲ ခုံနဲ့ ကောက်ရိုက်လိုက်သလိုလို၊ သူ့မိဘတွေ၊ ညီအစ်ကို မောင်နှမတွေကို ငိုယို တိုင်တန်းနေသတဲ့၊ - - - - -မ,၊ ရှူးချင်ယောင် ဆောင်သွားပြီ"

"ဟင်. . .၊ အဲ့ဒါဆို အကုန်ရှုပ်ကုန်မှာပေါ့"

"ရှုပ်ရုံတင် ဘယ်က,မလဲ၊ သူ့ဆွေမျိုးတွေက အစ,ကတည်း က ခပ်သဲသဲ၊ ဒီဟာမက အဲ့ဒီလို လုပ်ပြနေတော့ သူ့အမျိုးတွေက ငါ့ကို အမှုဖွင့်မယ်၊ တိုင်မယ်တောမယ်တွေ လာခြိမ်းချောက်နေကြ တာပေါ့ ၊ ဖြစ်တုန်းက မျက်မြင်သက်သေလည်း တစ်ယောက်မှ မရှိတော့ ငါ သူ့ကို လက်ဖျားနဲ့တောင် မထိဘူးဆိုတာ ဘယ်လိုလုပ်

www.burmeseclassic.com



ပြောရမလဲ၊ ငါကတော့ ထောင်ထဲ ဒီအတိုင်း မဝင်ဘူး၊ ဒီကောင်မ,ကို တကယ်သတ်ပြီးမှ ငါထောင်ထဲဝင်မယ်"

"ဩော်. . တော်ပါတော့ ငနေရယ်၊ ဒီစနေသားကလည်း ဒေါသ,ချည်းပဲ၊ စိတ်လျှော့ကွာ. . စိတ်လျှော့၊ ဒါ. . သွေးပူနေတုန်း ဒီလိုပဲ ပြောကြတာပဲကွ၊ နောက်တော့လည်း မင်းကို မင်းမိန်းမ,က အမြင်ကြည်လင်လာမှာပေါ့"

"သူကြည်ပေမယ့် ငါမကြည်နိုင်ဘူး ဟေ့ကောင်၊ ဒီကောင်မက ငါ့ပန်းချီဆေးဗူးတွေ ဖျက်ဆီးထားတယ်၊ သူ့အကောင်က ငါ့ပန်းချီကားကို သေးနဲ့ပန်းထားတယ်၊ အဲ့ဒါ. . ငါဘယ်တော့မှ မကြေဘူး၊ ငါ ဒီမိန်းမမျက်နှာကို တစ်ရက်ကလေးမှတောင် ဆက်မကြည့်ချင်တာ၊ အဲ့ဒါကြောင့် အခု ငါ အိမ်ပေါ်ကဆင်းလာတာ. . တံခွန်၊ မင်းအိမ်မှာ ငါ ခဏနေမယ်၊ ပြီးရင် ငါ့မိန်းမနဲ့ ပစ္စည်းတွေအားလုံး တစ်ဝက်စီ ခွဲခြမ်းပြီး ကွာကို ကွာရှင်းပစ်မယ်"

"ဟော. . ."

ကျွန်တော်ပါးစပ်အဟောင်းသား ပွင့်သွားတယ်။

မြင့်မိုရ်နဲ့ မူဝံကို လှည့်ကြည့်မိတော့ ပြောမရတော့လို့ လက်လျှော့ထားကြတဲ့ ပုံနဲ့ မျက်နှာတွေက စိတ်ပျက်လက်ပျက်။

"ဟေ့ကောင်တွေ. . .၊ မင်းတို့ပါးစပ်တွေက ဘာလို့ ပိတ်နေကြတာလဲကွ၊ ဝင်ပြောဦးလေကွာ၊ နည်းနည်းပါးပါး ဝင်ဖြန်ဖြေဦးမှပေါ့ကွ"

www.burmeseclassic.com



"ပြောပြီးပြီဟေ့. . .၊ ပြောပြီးပြီဟ. . .၊ မရတော့လို့ ကြည့်နေတာ"

"ငါတို့လည်း တစ်လမ်းလုံးနားငြီးလာပြီးပြီ. . တံခွန်ရေ၊ မင်းနားငြီးဖို့ပဲ ကျန်တော့တယ်၊ ဒီတော့ ဒီကောင့်ကို အခုဒီအိမ်မှာပဲ ထားရစ်ခဲ့တော့မယ်၊ မင်း. . ကြည့်ကျက်ပြီးတော့သာ စောင့်ရှောက်ထားလိုက်တော့ဟေ့"

"ဟေ့ကောင်တွေ. . မင်းတို့ တကယ်ပြောနေတာလား"

"တကယ်ပြောနေတာ. . "

ဗုဒ္ဓေါ. . ။

ဒီကောင်တွေ မလွယ်ပါလား။ ပြဿနာကို ကျွန်တော့် အိမ်ပေါ်ထိ ခေါ်တင်လာတယ်။ ကဲ. . . ဘယ်လို လုပ်ကြမလဲ။

ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ်နေချင်လို့ မိန်းမ မယူဘဲနေတာ။ အခုတော့ သူတို့အပူက ကျွန်တော့်အပူ ဖြစ်ရပြန်ပြီ။

"နေဝန်း. . .၊ မင်းမိန်းမက အခု ဆေးရုံပေါ်မှာပဲ မဟုတ်လား၊ မင်းအိမ်မှာ မင်းပြန်နေလည်း မင်းမိန်းမမျက်နှာ မင်းမတွေ့ရပါဘူးကွာ၊ ငါ့အိမ်မှာ လာရှောင်နေတော့ မင်းတို့အိမ်က လူတစ်ယောက်မှ မရှိတာ၊ သူခိုးခိုးကုန်တော့. . . "

"ခိုး. . . ခိုး. . . ကွာ"

ကိုနေ့ လေသံက ခပ်ပြတ်ပြတ်။

သူ့ဆုံးဖြတ်ချက်ကို လုံးဝပြန်ပြင်မယ့် ရုပ်မဟုတ်။

"မနက်ဖြန်ဆို ဒီမိန်းမ ဆေးရုံက ပြန်ဆင်းလာတော့မှာ၊

www.burmeseclassic.com



အဲ့ဒီအိမ်မှာ ဒင်းတစ်ယောက်တည်းနေပစေ၊ ဆေးရုံက ဆင်းလာ, လာချင်းလည်း ဒီမိန်းမ တစ်ယောက်တည်း ပြန်လာမှာမဟုတ်ဘူး၊ သူ့အမျိုးတွေ ခေါ်လာဦးမှာ၊ ငါ မတွေ့ချင်ဘူး၊ ငါက ပြတ်ပြီဆိုရင် ပြတ်ပြီပဲ၊ အခုကတည်းက ငါ ဖြတ်လိုက်ပြီ. . ဒါပဲ၊ ဟော့ကောင်. . တံခွန်. .၊ မင်း. . ငါ့ကို ဘာမှလာပြီး ဖျောင်းဖျမနေနဲ့၊ ငါအရမ်း ဒေါသ,ထွက်နေတယ်နော်၊ ငါ့ကို ဒီကောင်မ,အကြောင်း နောက်ထပ် ဘာမှ လာမပြောနဲ့တော့၊ မကြားချင်ဘူး၊ ငါ့စိတ်ကို မင်းသိတယ် မဟုတ်လား"

"အေး. . . အေး. . . သိပါတယ်"

"အေး၊ သိရင်လည်း မင်းအိမ်မှာ ငါနေရင်း ဒီမိန်းမနဲ့ ကွာရှင်းဖို့ ကိစ္စတွေ လုပ်မယ်၊ အခုနေတဲ့ အိမ်ကအစ, ရောင်းပြီး တစ်ဝက်တိတိကို ခွဲယူဦးမယ်၊ ဟော့ကောင်၊ မင်းငါ့ကို ဘာမှလာပြော မနေနဲ့၊ ဘာလဲ၊ မင်းကငါ့ကို ခဏကလေးတောင် အိမ်မှာ ခေါ်တင် ကျွေးမထားနိုင်ဘူးလား၊ မင်း. . ဘာအချိုး. . ချိုးနေတာလဲ"

"ဘာ. . . ဘာအချိုးမှ မချိုးပါဘူး"

ကျွန်တော့်ကို ကျွန်တော့်နှစ်ကောင်က နေဝန်းမမြင်အောင် နောက်ကနေ မျက်လုံးတစ်ဖက်စီ မှိတ်ပြကြတယ်။ သဘောက သူစိတ်ဆိုးနေတုန်း ခဏငြိမ်နေလိုက်ဆိုတဲ့သဘော။

ကျွန်တော်ငြိမ်နေလိုက်ရတယ်။ ဒါပေမယ့် နှုတ်ကတော့ လွှတ်ကနဲ မေးလိုက်မိသေးတယ်။

"မင်းတို့က အခုမှ ငါ့ဆီဘာလို့ ရောက်လာကြတာလဲ၊

www.burmeseclassic.com



မင်းတို့အိမ်တွေမှာရော. . ဒီကောင် နေလို့ရတာပဲ၊ ဘာလို့ မနေလဲ”

“ဟာ. . ဘယ်ဖြစ်မလဲ”

ရှေ့နေ ဓူဝံဆီက ချက်ချင်းငြင်းသံထွက်လာတယ်။

“ငါ့အိမ်မှာ မင်းသိတဲ့အတိုင်းပဲ တံခွန်ရာ၊ ငါကိုယ်တိုင် တောင် ယောက္ခမ,အိမ်မှာ ကပ်နေနေရတဲ့ဉစ္စာ၊ အိမ်ကျယ်တယ် ဆိုပေမယ့် ငါ့မိန်းမအမျိုးတွေချည်းနဲ့တင် တစ်ရွာထောင်လို့ ရနေတာ၊ ဒီကောင် ဘယ်ချောင်ကြား သွားကပ် အိပ်မလဲ၊ ပြီးတော့ ဘုစုခရုလေးတွေကလည်း ငါက မွေးထားတာချည်းပဲ လေးယောက်၊ ငါ့မိန်းမရဲ့ အစ်ကို၊ အစ်မနဲ့ ညီမတွေက မွေးထားတဲ့ မျောက်လောင်း တစ်ဒါဇင်လောက်ကလည်း နေ့စဉ် ကမ္ဘာပျက်သလို လျှပ်စီးလက် နေတာ၊ ဒ့ါအပြင် ငါ့ယောက္ခထီးရဲ့ အစ်မ,ဆိုတဲ့ ကြီးတော် အဖွားကြီး က နှစ်ယောက်၊ ငါ့မိန်းမအမေရဲ့ မောင်ဆိုတဲ့ ဦးလေး အဖိုးကြီးက တစ်ယောက်၊ အဲ့ဒီအိုကြီးအိုမတွေက သူတို့ဟာသူတို့ မနေဘဲ ဟို နေရာ လိုက်ပြော၊ ဒီနေရာလိုက်ပြောနဲ့၊ ပါးစပ်ပါးစပ်က များတာ ရှိသေးတယ်၊ ဒီကောင် ငါ့အိမ်မှာ သုံးရက်ပဲနေခိုင်းကြည့်၊ ရူးသွား စေရမယ်လို့ ငါ. . အာမခံတယ်”

“ဒါဖြင့် မင်းကတော့ ဘာဖြစ်လို့ မရူးသလဲ”

“ဒါကတော့. . . ငါက ငါ့မိန်းမ ရှိတယ်လေကွာ”

“ဟင်. . . ဘာမှလည်း မဆိုင်ဘူး”

ကျွန်တော်တို့ သုံးယောက်စလုံးက ဓူဝံကို ဝိုင်းရယ် ကြတယ်။ ဒါပေမယ့် သူပြောတာကလည်း အကုန်အမှန်တွေချည်းပဲ။

www.burmeseclassic.com



ဒီကောင့်အိမ်မှာ နေဝန်းလိုက်နေဖို့က ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်တို့သိပြီးသား။

ဒီတော့ ကျွန်တော်က မြင့်မိုရ်ဘက်ကို လှည့်လိုက်တယ်။

"ဒါဖြင့်. . မြင့်မိုရ်ကရော၊ မြင့်မိုရ်အိမ်မှာ ဒီကောင်ငနေ သွားနေလို့ရတာပဲ၊ မြင့်မိုရ်က လင်ကိုယ်မယား နှစ်ယောက်တည်း၊ သူတို့တိုက်ခန်းကလည်း ကျယ်သား"

ခူဝံက ခေါင်းခါတယ်။

"မင်းကလည်း သွားကြည့်စမ်းပါဦး၊ မြင့်မိုရ်ဆိုတဲ့ ကောင်က ဘယ်သူမှမဖတ်တဲ့ စာရေးဆရာတွေကို ထုတ်ဝေသူ လုပ်ပြီး ပတ်ဘလစ်ရှာ နာမည်တပ်ရရုံလေးနဲ့ မြောက်နေတဲ့ကောင်၊ ဒီကောင့်တိုက်ခန်းက ရှိသမျှအခန်းမှာ စာအုပ်တွေနဲ့ချည်း ပြည့်နေတာ၊ ဒီကောင့် စာပေတိုက်က ရောင်းမကုန်တဲ့ စာအုပ်တွေလေ၊ ဟိုကောင်. . ကိုနေ ဘယ်ချောင်သွားအိပ်မလဲ၊ ပိုးဟပ်တွေ ချတွေလို စာအုပ်တွေကြား ပြားကပ်နေအောင် လုပ်ပြီး ဝင်အိပ်မှပဲ ရမယ်"

အဲ့ဒီအချိန်မှာ နေဝန်းဆိုတဲ့ ကောင်ကလည်း မျက်နှာကို ရှုံ့မဲ့ပြီး ဝင်ပြောပါလေရော။

"ဟာ. . မြင့်မိုရ်အိမ်မှာ ငါမနေဘူးနော် ဟေ့ကောင်တွေ၊ ဒီကောင်က သူ့မိန်းမသူတောင် တုန်နေအောင် ကြောက်ရတာ၊ ငါတို့နဲ့ ရွာရိုးကိုးပေါက်လျှောက်ပြီး ဒီကောင် အိမ်ပြန်နောက်ကျ ရင်တောင် သူ့မိန်းမက အိမ်တံခါးပိတ်ချင် ပိတ်ထားတာ၊ သူ့တိုက်

www.burmeseclassic.com


ရှေ့က လှေကားရင်းမှာ ဒီကောင် ခွေခွေကလေး အိပ်စောင့်ရတာပဲ ဘယ်နှစ်ခါရှိပြီလဲ၊ ငါမနေဘူး . . ဟေ့ကောင်၊ သူ့အိမ်မှာနေပြီး သူ့မိန်းမ မျက်နှာကြည့်ပြီး စားရသောက်ရမှာ ၊ အရက်တောင် ဖြောင့်ဖြောင့်သောက်ရမယ် မထင်ဘူး၊ ငါက . . . မိန်းမဆိုရင်အခု ကိုယ့်ခြေမ,တောင် ကိုယ်မြင်ချင်တာ မဟုတ်ဘူး”

“မမြင်ချင်ရင် ငုံ့မကြည့်နဲ့ပေါ့ကွ”

“မြင့်မိုရ်မိန်းမကြီးကျတော့ ငုံ့မကြည့်လည်း မြင်နေရ မှာကွ”

“ဘာကိုမြင်ရမှာလဲ”

“ဟာ . . . ဒီကောင်တွေ၊ တော်တော့ကွာ . . . တော်တော့”

ကျွန်တော်တို့ စကားပြောနေတာကို မြင့်မိုရ်က ဝင်တားရ တော့တယ်။ မတားရင် သူနဲ့သူ့မိန်းမအကြောင်းက ဒီ့ထက် ပိုဆိုးတာတွေ ပါလာတော့မယ်လေ။

နောက်ဆုံးတော့ ဆုံးဖြတ်ချက်က ကျလာတယ်။

နေဝန်းဆိုတဲ့ကောင်က . . . ။

“ဟေ့ကောင် . . . တံခွန်၊ ငါမင်းအိမ်မှာပဲနေတော့မယ်၊ ဘာမှထပ်မပြောနဲ့တော့၊ ယောကျ်ားဆိုတာ လှေကားသုံးထစ် ဆင်းရင် လူပျိုပြန်ဖြစ်တယ်ဆိုတာ ဒီမိန်းမသိအောင် ပြရမယ်၊ အခုအချိန်မှာ မင်းကလည်း လူပျို၊ ငါကလည်း လူပျို၊ ဒီတော့ မင်းအိမ်မှာပဲ ငါနေမယ်၊ ဒီနေ့ကစ,ပြီး ဟောဒီ့တိုက်ခန်းထဲကို မိန်းမတစ်ယောက်မှ ဝင်ခွင့်မရှိ၊ ဒီနေရာကို မိန်းမများ လုံးဝ ဖြတ်သန်းသွားလာခွင့်မရှိ . . . ၊ ဟုတ်တယ်မဟုတ်လား . . . တံခွန်”

“အေး . . . ၊ အေး . . . ဟုတ်ပါတယ်ကွာ”

www.burmeseclassic.com


ကျွန်တော့်မှာ အောင့်သီးအောင့်သက်နဲ့ ခေါင်းညိတ်လိုက်ရတယ်။

ခူဝံနဲ့ မြင့်မိုရ်ကတော့ သဘောကျနေတဲ့ပုံစံနဲ့ အခွက်တွေက ပြုံးစိစိရယ်။ ကျေနပ်နေမှာပေါ့. . . ဒီကောင်တွေက။

သူတို့အိမ်ပေါ် ခေါ်တင်ထားရတာမှ မဟုတ်တာ။

နေဝန်းနီဆိုတဲ့ ကောင်ကတော့ လေသံတွေကျယ်လာပြီး ဆက်ပြောတယ်။

"ဟေ့ကောင်တံခွန်. . .၊ မိန်းမဆိုတာ ယောကျာ်းတွေရဲ့ ဘဝ,မှာ မရှိရင်လည်း ဖြစ်တယ်ဆိုတာ သေချာသွားပြီကွ၊ ဟုတ်တယ် မဟုတ်လား၊ မင်းပဲ ခဏခဏ ကြွေးကြော်အော်ဟစ်နေတဲ့စကားလေ"

"အေး. . . ဟုတ်တယ်"

ခူဝံနဲ့မြင့်မိုရ်က ကျွန်တော်တို့နှစ်ယောက် အတိုင်အဖောက်ညီနေတာကို ဘေးကနေ တခစ်ခစ်နဲ့ ဝိုင်းရယ်ကြတယ်။

ပြီးတော့ သူတို့ကိုသူတို့ ပညာရှိတွေလို ကျေနပ်နေတဲ့ မျက်နှာထားတွေနဲ့ ပြောကြတယ်။

"ဒီကောင့်ကို မင်းအိမ်ခေါ်လာတာ မှန်သွားပြီကွ. . . သိလား၊ ငါတို့ အိမ်မှာဆို ငါတို့မိန်းမတွေ၊ အမျိုးတွေက ဒီကောင်နဲ့ သူ့မိန်းမ ပြန်ပေါင်းထုပ်အောင်ပဲ ဝိုင်းပြီး ဖြောင်းဖျ၊ နားချကြမှာ၊ ဒီကောင် လူပျိုပြန်လုပ်လို့ ဘယ်ရလိမ့်မလဲ၊ ဝေးသေး၊ နားညည်းပြီးမှ ပြန်ရမှာ"

www.burmeseclassic.com



“ဟုတ်တယ်၊ မင်းအိမ်မှာဆိုတော့ ဒီကောင်နားညည်း သက်သာ သွားတာပေါ့၊ မင်းက တစ်ကမ္ဘာလုံးမှာရှိတဲ့ လင်မယား တွေကို ကွဲစေချင်နေတာ မဟုတ်လား”

ကျွန်တော် ဒီကောင်တွေကို ထ,ဆဲပစ်လိုက်တယ်။

“✕⊖ⓘ✸✕⊖ⓘ”

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (နှစ်)

အဲဒီလိုနဲ့ပဲ ကျွန်တော်တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေခဲ့တဲ့တိုက်ခန်းပေါ် တစ်ခုလပ် မယားကွာ (ကွာလုဆဲဆဲ) နေဝန်းနီဆိုတဲ့ကောင် ရောက်လာပါလေရော။

ကျွန်တော်ပြောချင်တာက သူငယ်ချင်းတွေပဲ ဖြစ်ဖြစ်၊ ကျွန်တော့်ညီအစ်ကို မောင်နှမတွေပဲ ဖြစ်ဖြစ် ကျွန်တော့်ဆီပဲ ရောက်ရောက် လာကြပြီး သူတို့ပြဿနာတွေ တိုင်တည်ကြ၊ ရှင်းခိုင်းကြ လုပ်တယ်ဆိုတာပါ။

တစ်ကိုယ်တည်း လူပျိုကြီးဆိုပြီး အားလုံးက အကူအညီ ဝိုင်းတောင်းကြ၊ သူတို့အရှုပ်တွေ ကိုယ့်ခေါင်းပေါ်လာချကြတဲ့ ကိစ္စက တော်တော်တော့ မနိပ်တဲ့ကိစ္စပါ။

www.burmeseclassic.com



အပူမရှာချင်လို့ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း နေပါတယ်။ သူတို့အပူက ကိုယ့်အပူဖြစ်။

သူ့ဟာသူ သူ့မယား အေးအေးမော်နဲ့ ကွဲကွဲ၊ ကွာကွာ ကျွန်တော့် အပူမဟုတ်ပါဘူး။ ကွဲချင်တယ်ဆို ကွဲပစေပေါ့။

အသက်ပဲ သုံးဆယ့်ငါးနှစ်ရောက်နေပြီလေ။ ကိုယ့် ဆုံးဖြတ်ချက်နဲ့ ကိုယ်ပဲ။ ကျွန်တော်တို့က ဘေးကနေ ဘာပြောလို့ ရမှာလဲ။

ထားပါတော့. . .။

ဒီကောင်ကိုနေ ကိစ္စက ဒီမှာတင် ပြီးမယ်ထင်လို့လား။

ဘယ်ပြီးမလဲ။ ဇာတ်လမ်းက အဲ့ဒီကျမှစ,တာ။ နေဝန်း ဆိုတဲ့ကောင် ကျွန်တော့်အိမ်ပေါ် ရောက်လာတော့မှပဲ ဇာတ်လမ်း က အကြီးအကျယ်ကို ရှုပ်တော့တာ။

ကျွန်တော့်အပူဖြစ်လာတဲ့ ဒီဇာတ်လမ်းကို ပြောရရင် တော်တော်လေးကို ရှည်တာ။ ကျွန်တော်ပြောချင်တဲ့ အဓိက ဇာတ်ထုပ်ကလည်း ဒီအကြောင်းပဲလေ။

ပြောရရင် ဒီဇာတ်ရှုပ်တွေ အကုန်လုံးက ကျွန်တော့် ကြောင့် ပေါက်ဖွားလာတာ မဟုတ်ဘူးလို့ ပြောချင်တာပါ။

အားလုံး. . . အားလုံးက သူတို့ဟာသူတို့ ပြဿနာတွေ ရှာလာကြပြီး ကျွန်တော့်အိမ်ပေါ်ခေါ်တင်လာရာက ဇာတ်လမ်းက စ,တော့တာ။ သူတို့ရဲ့ ပြဿနာတွေက တစ်သီတစ်တန်းကြီးနဲ့ အားလုံးမီးခိုးကြွက်လျှောက်လိုက်ပြီး နောက်ဆုံးတော့. . .။

www.burmeseclassic.com



BURMESE CLASSIC .com

အင်း. . .၊ ကျွန်တော်ပြောပြမယ်။
နားထောင်ကြည့်။

♂ ♂ ♂

နေဝန်းဆိုတဲ့ကောင် ကျွန်တော့်အိမ်ပေါ် ရောက်ပြီး နောက်သုံးရက်လောက် အကြာမှာပါပဲ။

စာအုပ်ထုတ်ဝေရေး လုပ်ငန်းပိုင်ရှင် မြင့်မိုရ်က ကျွန်တော့်ဆီ ဖုန်းဆက်ပြီး အကူအညီတစ်အခု တောင်းတယ်။

"ဟေ့ကောင်. . .တံခွန်၊ ငါ တိုက်ခန်းတစ်ခန်းလောက် လိုချင်လို့ ရှာပေးစမ်းပါဦး၊ အမြန်လိုချင်တာနော်၊ ဒီလေးငါးရက်အတွင်း. . ."

ကျွန်တော်အံ့သြသွားတယ်။

"ဟာ. . .၊ မင်း တယ်ထောနေပါလား၊ ငါသိသလောက် မင်းတိုက်က ထုတ်တဲ့စာအုပ်တွေ ပလုံနေတယ်လို့ပဲ ကြားတာ၊ ဘယ်က အမွေရလို့ တိုက်ခန်းဝယ်ချင်ရတာလဲ၊ မင်းယောက္ခမ,ကြီး သေပြီလား၊ ဟုတ်လား"

"ဘယ်ကလာ၊ ငါ့အတွက် မဟုတ်ဘူးကွ၊ သူများအတွက်၊ သူများအတွက် ရှာပေးမလို့"

www.burmeseclassic.com



"ဟေ. . သူများအတွက်. . ဟုတ်လား၊ ဟား ဟား ဟား၊ သိပြီ. . သိပြီ. . မင်း စမောလေးရနေပြီပေါ့၊ မင်းက စမောလေးနဲ့ တိုက်ခန်းဝယ်ပြီး ငြိမ့်မလို့ပေါ့လေ"

"စွတ်တင်မနေနဲ့. . ငနာရဲ့၊ ငါပြောတာ ဆုံးအောင်လည်း နားထောင်ဦး၊ ငါ့စာအုပ်တိုက်နဲ့ စာရေးဆရာမ,တစ်ယောက်ရဲ့ ဝတ္ထု လုံးချင်း အုပ်နှစ်ဆယ်ထုတ်ဖို့ စာချုပ်. . မနေ့ကပဲ ချုပ်လိုက်တယ်၊ အဲ့ဒီစာရေးဆရာမက နာမည်ကြီးကွာ၊ အုပ်ရေက ခုနစ်ထောင်၊ ရှစ်ထောင်တန်း၊ စာမူခ,က ကြိုပေးရတာ တော်တော်များတယ်၊ အဲ့ဒါ. . သူက ပိုက်ဆံမလိုချင်ပဲ တိုက်ခန်းတစ်ခန်းလောက် လိုချင်တယ်၊ ရှာဝယ်ပေးပါ. . ဆိုလို့"

"မင်းစာရေးဆရာမကလည်း ကြီးကျယ်လိုက်တာ၊ ပိုက်ဆံပဲ ယူပြီး သူ့ဟာသူ ရှာဝယ်ပါလားကွ၊ ထုတ်လုပ်သူကိုများ သူ့ခိုင်းဖတ် အောက်မေ့နေတယ်"

"အမလေး. . . ကြီးကျယ်ပါစေကွယ်၊ သူ့ခေတ်ကိုး၊ မင်းက ဘာသိလို့လဲ၊ ဒီစာရေးဆရာမကို ထုတ်ခွင့်ရအောင် ငါ့မှာ မနည်း လိုက်ထားရတာ၊ ဒါတောင် အရင်စာချုပ်ထားတဲ့ စာအုပ်တိုက်နဲ့ သူ. . . ဈေးမတည့်ပဲ ရန်ဖြစ်ပြီး ထုတ်ဝေသူ အသစ်ရှာနေလို့ ကံကောင်းပြီး ငါထုတ်ခွင့် ရသွားတာ. . . မောင်၊ သွားမလုပ်နဲ့၊ သူက ထုတ်ဝေသူတွေ ဝိုင်းဝိုင်းလည်နေတာ၊ သူ့စာအုပ်ထုတ်ရင် တစ်အုပ်ကို အနည်းလေး ဆယ့်ငါးသိန်း. . . သိန်းနှစ်ဆယ် မြတ်တယ်. . ငခွန်ရဲ့"

www.burmeseclassic.com



"ဟုတ်လား. . .၊ ဘယ်သူလဲ. . . နာမည်က. . . "

"ငွေကြယ်စင်. . . လေ"

"ဟင်. . .၊ တစ်ခါမှလည်းမကြားဖူးဘူး၊ နာမည်ကြီးသာ ပြောတယ်"

"သေပါလား. . တံခွန်ရဲ့ မင်းက ဝတ္ထုဘယ်နှစ်အုပ်ဖတ်ဖူး လို့ နာမည်မကြားဖူးဘူး ပြောရတာလဲ၊ အနုပညာဆိုရင် န,ကန်း တစ်လုံးမှ မသိတဲ့ကောင်၊ မိုးလင်းကမိုးချုပ် သူများပစ္စည်း ရောင်း မယ်၊ ဝယ်မယ်၊ ဘယ်လောက်ရမယ် ဆိုပြီး ပေသီးပဲ ခေါက်နေတဲ့ ကောင်၊ ပွဲစားစုတ်ရဲ့ စတီဗင်စပီးလ်ဘတ် ဒီနှစ် အော်စကာဆု ရပြန်ပြီဆိုတော့. . အဲ့ဒါ မင်းသားအသစ်လား၊ ငါ မကြည့်ဖူး သေးဘူး ပြောတဲ့ကောင်၊ ဗီဒီယို အခွေငှားဆိုင်မှာ သွားပြီး မာရီလင် မွန်ရိုးရဲ့ နောက်ဆုံးထွက်တဲ့ အခွေပေးပါ ၊ နာမည်ကြီးလွန်းလို့ ဆိုပြီး သွားငှားတဲ့ကောင်၊ ငွေကြယ်စင်က အချစ်ဝတ္ထုရေး ဆရာမ ထဲမှာ နာမည်အကြီးဆုံးကွ၊ ဘက်ဆဲလား. . ဘက်ဆဲလား"

ဖုန်းတစ်ဘက်မှာ ကျွန်တော်သွားတွေဖြဲ ရယ်ပြီး ငါးပြားဖိုး လောက် ရှက်သွားတယ်။မြင့်မိုရ်ကို ပြန်ပြီးစကားနိုင်လုပြောလို့ မရတော့ဘူး။ ဒီတစ်ခါတော့. . .။

သူပြောတဲ့အထဲမှာ အမှားလည်းလုံးဝ,မပါဘူး။ အကုန် အမှန်တွေချည်းပဲ။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း ဝတ္ထုစာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ကောက်ကိုင်ပြီး ဖတ်ကြည့်ဖူးဖို့ ဝေးစွ. . .။

www.burmeseclassic.com



ဗီဒီယိုဇာတ်ကား တစ်ကားကိုတောင် အစ,ကအဆုံးထိ ကုန်အောင် ထိုင်ကြည့်ဖူးတာ မဟုတ်ဘူးလေ။

ဗီဒီယိုကြည့်ရင်းနဲ့ မပြီးခင် အိပ်ပျော်သွားရတာချည်းပဲ။ တစ်နေ့လုံး ကားတစ်စီးနဲ့ ရောင်း၊ ဝယ်၊ ငှားချင်တဲ့ လူတွေကို ဟိုအိမ်လိုက်ပြ၊ ဒီကားလိုက်ရောင်း၊ ဖတ်ဖတ်မောနေအောင် လျှောက်သွားနေရတော့ တီဗီရှေ့မှာထိုင်ပြီး ငြိမ်ငြိမ်လေး နေလိုက်ရင်ကိုပဲ မျက်လုံးက အလိုလို စင်းလာတာ။

ရုပ်ရှင်ရုံထဲမှာ အမှောင်ထဲ နှစ်နာရီလောက် ဆိုဖာခုံပေါ် သွားထိုင်နေဖို့ကတော့ ကျွန်တော့်ကို ချော့သိပ်သလို နေမှာပဲ။ အလံတော်စ,ပြလို့ မတ်တပ်ရပ်ရမယ့် အချိန်မှာတောင် ကျွန်တော့်ကို နိုးယူရလောက်ပြီ။

ဒီလိုလူမျိုးက အနုပညာနဲ့ ဝေးတာ မဆန်းပါဘူးဗျာ။

ဒီတော့. . . ကျွန်တော့်မှာ မြင့်မိုရ်ပြောတာကို အောင့် သက်သက်နဲ့ပဲ ငြိမ်ခံလိုက်ရတယ်။

“အေးပါ. . အေးပါ၊ မင်းစာရေးဆရာမက နာမည်ကြီး၊ ဘက်ဆဲလားဆိုရင်လည်း ပြီးတာပါပဲ၊ အခွင့်ရတုန်း ငါ့ကိုလာ နှိပ်ကွပ်မနေနဲ့၊ ကဲ. . ပြောစမ်းပါဦး၊မင်းရဲ့ စာရေးဆရာမက အခုမှ တိုက်ခန်းဝယ်ချင်ရအောင် သူ့မှာ နေစရာ အိမ်မရှိဘူးလား”

“သူက အစတုန်းက နယ်မှာနေတာကွ၊ အခု ရန်ကုန်ကို ပြောင်းလာပြီး စာရေးတဲ့အလုပ်ကို ဇောက်ချလုပ်ချင်လို့တဲ့၊ ရန်ကုန် မှာ သူ့အမျိုးတွေတော့ရှိပါတယ်၊ ဒါပေမယ့် စာကို အေးအေး

ဆေးဆေး ရေးလို့ရအောင်. . တဲ့၊ ရပ်ကွက်သန့်တဲ့ တိုက်ခန်းတစ်ခု မှာပဲ တစ်ယောက်တည်းနေတော့မယ်. . တဲ့၊ အဲဒါကြောင့်. . ငါက သူ့အစား တိုက်ခန်းရှာပေးရတာ"

"တစ်ယောက်တည်း. . . ဟုတ်လား"

ကျွန်တော့်အသံက အကျယ်ကြီးပွင့်ထွက်သွားတယ်။

မြင့်မိုရ်က တခစ်ခစ်နဲ့ ရယ်တယ်။

"ဟုတ်တယ်၊ အဲ့ဒီစာရေးဆရာမ,ကလည်း အပျိုကြီးကွ၊ သိလား"

မြင့်မိုရ်က ရယ်သံတွေကြားက ခပ်လောင်လောင် ဖြေတယ်။ ဒီကောင့်ရယ်သံကိုကြားရတာ စိတ်ထဲမှာ ကျွန်တော် လုံးဝ မသက်သာတော့ဘူး။

ဒါကြောင့် ခပ်ဆောင့်ဆောင့် ထုတ်မေးလိုက်မိတယ်။

"ဟေ့ကောင်. .၊ မင်းက သူ့ကို တိုက်ခန်းတကယ် ရှာပေး ချင်တာလား၊ ဒါမှမဟုတ် သူနဲ့ ငါ့ကို မတွေ့တွေ့အောင် ဇာတ်လမ်း ဆင်ပြီး အောင်သွယ်လုပ်ဦးမလို့လား၊ လုံးဝ စိတ်မဝင်စားဘူး နော်. . ဟေ့ကောင်၊ ငါ. . အခုအချိန်မှာ မိန်းမယူဖို့ လုံးဝ စိတ်မကူးသေးဘူး၊ မင်း. . ဘာမှ အကြံအဖန် လာလုပ်မနေနဲ့၊ မင်းတို့ကောင်တွေအကြောင်း ငါမသိဘူး အောက်မေ့လို့လား"

တစ်ဘက်မှာ မြင့်မိုရ်က တဟားဟားနဲ့ အော်ရယ်တယ်။

"အောင်မယ်လေး. . ကိုယ့်ကိုယ်ကို အထင်ကြီးနေလိုက် တာ. . တံခွန်ရဲ့၊ မင်းကိုလေ. . ငါ့မိန်းမသူငယ်ချင်း မူမူအောင်နဲ့

www.burmeseclassic.com



အောင်သွယ်ပေးမိကတည်းက ငါလက်လန်သွားပြီဟ. . သိလား၊ နောက်ကို ဘယ်မိန်းမနဲ့မှ မင်းကို မစပ်ပေးတော့ဘူးလို့ ဘုရားမှာ သစ္စာဆိုထားတယ်၊ အင်မတန်ချေးများတဲ့ မသာလေး၊ မူမူအောင်လို မင်းသမီးရှုံးအောင် ချောလှတဲ့ မိန်းကလေးမျိုးကို မင်းလို ကောင်က များ ငြင်းချင်၊ ခါထုတ်ချင်တာ အံ့ပါရဲ့၊ အဲ့ဒီမှာ လဲသေလိုက် သိလား"

"အဲ့ဒီလိုမိန်းမကို ငါယူရရင်သာ သေမှာ၊ သိလား. . .၊ ဘယ့်နှယ်၊ ဆိုင်မှာတောင် ပိုက်ဆံထောင်ချီပြီး သွားအကုန်ခံသ, ထားတဲ့ သူ့လက်သည်းခြေသည်းတွေ ကျိုးပဲ့မှာ စိုးတာနဲ့. . . သူနဲ့ အိမ်ထောင်ကျရင် ငါပဲ ထမင်းချက်၊ အဝတ်လျှော်၊ အိုးတိုက် ပန်းကန်ဆေးလုပ်ရမှာ. . သိလား၊ မင်းဟာမ,က. . အဲ့ဒီ အစားမျိုး"

"တော်စမ်းပါကွာ. .၊ မိန်းမတွေရဲ့ အပြစ်ကို ရှာရှာဖွေဖွေ တွေ့လည်း တွေ့တတ်တဲ့ကောင်"

"အပြစ်က ငါမရှာပဲနဲ့တောင် တွေ့နေတာဟ. . .၊ လောကကြီးမှာ အပြစ်လွတ်တဲ့ မိန်းမဆိုတာ ရှိမှမရှိတာ၊ ငါ့ကို ဒီတစ်သက် မိန်းမယူခိုင်းဖို့ လက်လျှော့လိုက်တော့ ဟေ့ကောင်"

"လျှော့နေတာကြာပြီ"

"သေချာရဲ့လား၊ ဒီ စာရေးဆရာမနဲ့ကရော. . ."

"ဟေ့ကောင်. . .၊ အဲ့ဒါ. . . မင်းနဲ့ ဘာမှမဆိုင်ဘူးနော်၊ ငါတကယ် အကူအညီတောင်းနေတာ၊ သူ့အတွက် တိုက်ခန်းတကယ် ရှာပေးရမှာ"

www.burmeseclassic.com


"သေချာတယ်နော်"

"ဩော်. . ဒုက္ခ၊ ဟုတ်ပါတယ်ဆိုမှ၊ မူမူအောင်လို မိန်းမမျိုးကိုတောင် မင်းကခါထုတ်နေတာ၊ အဲဒီစာရေးဆရာမနဲ့ မင်းကို အောင်သွယ်တော့ရော မင်းက ကြိုက်မှာမို့လို့လား၊ ဝေးသေးတယ်၊ မင်း. . ငွေကြယ်စင်ကိုတွေ့တော့ သိလိမ့်မယ်၊ နာမည်သာလှတာ၊ လူက ပုံတုံးကြီး၊ အပျိုကြီးဆိုမှကွာ၊ ယူမယ့်သူမရှိလို့ အပျိုကြီးဖြစ်တာပဲဟာ၊ မင်း စဉ်းစားကြည့်ပေါ့၊ စကားပြောရတာလည်း လက်ပေါက်ခပ်ကပ်ကပ် အစားထဲကပဲ၊ မင်းလိုပဲ တစ်ဦးတည်း တစ်လောက ထူထောင်ထားတဲ့ အူကြောင်ကျား သတ္တဝါတွေပေါ့"

"ဒါဆိုရင်လည်း ပြီးတာပဲ၊ မင်းတို့က သိပ်စိတ်ချရတာ မဟုတ်ဘူး၊ ငါ့ဟာငါ တစ်ယောက်တည်း အေးအေးလူလူ နေနေရတာကို မနာလိုဖြစ်တိုင်း အားအားရှိ မိန်းမပဲ လာစပ်နေတယ်၊ မဟုတ်ရင်လည်း ပြီးရော. . ဟော့ကောင်၊ ငါကတော့ နာမည်ကြီး စာရေးဆရာမ,ဖြစ်ဖြစ် ဘာဖြစ်ဖြစ် လုံးဝ, စိတ်မဝင်စားဘူး"

"နားကြားပြင်းကပ်လိုက်တာ တံခွန်ရာ၊ မင်းက စိတ်ဝင်စားပြီး ချစ်လှပါချည်ရဲ့၊ ကြိုက်လှပါချည်ရဲ့ ဖြစ်နေရင်တောင် ဟိုကလည်း မင်းကို လုံးဝ. . လုံးဝ စိတ်မဝင်စားဘူး၊ သိရဲ့လား၊ အဲ့ဒီ. . . ငွေကြယ်စင်ဆိုတဲ့ အပျိုကြီးကလည်း ယောကျ်ားဆိုရင် တကယ့် ခါးခါးသီးသီးမှ ခါးခါးသီးသီးကွ၊ ဘယ်ယောကျ်ားမှ အထင်မကြီး၊ အကောင်းမပြောတဲ့ အမျိုးသမီး"

"အောင်မာ. . . ဒင်းက ဘာမို့လို့လဲ၊ ယောကျ်ားတွေကို

www.burmeseclassic.com


အကောင်းမပြောရအောင် သူကရော ဘယ်လောက် ကောင်းနေလို့လဲ”

“အဲ့ဒါတော့ ငါမသိဘူးမောင်၊ သူကတော့ ယောက်ျားတွေဆိုရင် အင်မတန် ချိုးချိုးဖွဲ့ဖွဲ့ကို ပြောတတ်တဲ့ မိန်းမ. . ၊မင်းက သူ့ဝတ္ထုတွေ တစ်အုပ်မှ မဖတ်ဖူးတော့ ဘယ်သိမလဲ၊ သူ့ဝတ္ထုတွေအားလုံးက ယောက်ျားမကောင်းကြောင်း ရေးထားတာတွေချည်းပဲ၊ ငွေကြယ်စင် ဘက်ဆဲလားဖြစ်သွားတဲ့ အထဲမှာ အဲ့ဒါလည်းပါတယ်၊ သူ့ဝတ္ထုဆို မိန်းမ,စာဖတ်ပရိသတ်က သိပ်ကြိုက်တာ၊ သူ့ဝတ္ထုထဲက အမျိုးသမီး ဇာတ်ကောင်တွေကျတော့ အရမ်းတော်၊ အရမ်းထက်မြက်၊ အရမ်းပညာတတ်၊ အရမ်း အနစ်နာခံတွေချည်းပဲလေ၊ ဒီတော့ မိန်းကလေးတွေရဲ့ အသည်းစွဲ စာရေးဆရာမဖြစ်တာ မဆန်းဘူးပေါ့”

“နေပါဦး၊ ယောက်ျားတွေ မကောင်းကြောင်းကို သူက ဘယ်လောက်များရေးထားလို့လဲ”

“ဟဲ. . ဟဲ၊ မင်း စိတ်ဝင်စားသွားပြီ မဟုတ်လား၊ အဲ့ဒါပဲကွ၊ သူ့စာအုပ်တွေကို ယောက်ျားတွေကလည်း မလွတ်တမ်း ဖတ်ရတယ်၊ ယောက်ျားတွေကိုရော ဒီစာအုပ်မှာ ဘယ်လိုများ နှိပ်ကွပ်ထားပါလိမ့် . . ဆိုပြီးလေ၊ သူ့ဝတ္ထုထဲက ယောက်ျား ဇာတ်လိုက်တွေကျတော့ အိမ်ထောင်ရေးဖောက်ပြန်တဲ့ ယောက်ျား ဖြစ်ရင်ဖြစ်မယ်၊ သိပ်ကို ပျော့ညံ့တွေဝေတဲ့ ခပ်ညံ့ညံ့ယောက်ျားတွေ ဖြစ်ချင်ဖြစ်မယ်၊ မိန်းမတွေကို လှည့်ဖြား ချူစားသွားတဲ့ ပိုင်းလုံးတွေ ဖြစ်ချင်ဖြစ်မယ်၊

www.burmeseclassic.com



ဒါမှမဟုတ်. . မိန်းမတွေကို လုံးဝ ဂရုမစိုက်ပဲနဲ့ ငါတကောကောနေတဲ့ အတ္တကြီးကြီး ယောက်ျားတစ်ယောက် ဖြစ်ချင်ဖြစ်မယ်၊ မင်းလိုမျိုးပေါ့ကွာ"

"မင်းဘိုးအေ. .၊ ဆက်မပြောနဲ့၊ ငါသဘောပေါက်ပြီ၊ ဒီ ငွေကြယ်စင်ဆိုတဲ့ စာရေးဆရာမ,ဟာ ငယ်ငယ်တုန်းက သူ့ကို အသည်းခွဲသွားတဲ့ ယောက်ျားတစ်ယောက် ရှိခဲ့ဖူးမယ်၊ တစ်ယောက်တောင် က,ချင်မှ က,မယ်၊ ဒါကြောင့် ယောက်ျားတွေကို နာနာကျည်းကျည်းနဲ့ ယောက်ျားမုန်းတီးရေးဝါဒ ထူထောင်ပြီး သူ့စာအုပ်ထဲကနေ အညှိုးနဲ့ နှိပ်ကွပ်နေတာ၊ ဒါပဲ. .၊ ဘာမှမဟုတ်ဘူး"

ကျွန်တော့်ကောက်ချက်ကြောင့် မြင့်မိုရ်ဆီက တဟားဟားနဲ့ အော်ရယ်သံကြီးထွက်လာတယ်။

"အဲ့ဒါတော့ ငါမသိဘူးဟေ့. .၊ သူ့ဆီမှာ ငယ်ငယ်တုန်းက ရည်းစားရှိခဲ့. . မရှိခဲ့ မင်းသိချင်ရင်တော့ ငါစုံစမ်းပေးပါ့မယ်၊ အခုလောလောဆယ်မှာတော့ သူက ယောက်ျားတွေနဲ့ ပတ်သက်လာရင် လုံးဝ နဂ္ဂတစ်ပဲဗျ"

"နားစမ်းပါကွာ. . .၊ သူက စာရေးဆရာမ,မို့ သူပိုင်တဲ့ စာမျက်နှာတွေပေါ်ကနေ ယောက်ျားတွေမကောင်းကြောင်း အဲ့ဒီလို ရေးကြေးကြေးဆိုရင် မိန်းမတွေ မကောင်းကြောင်း ရေးပြဖို့ကိုလည်း ငါ့မှာ ရေးစရာတွေ တစ်ပုံကြီးပေါ့၊ ဈေးထဲမှာ အလေးခိုးပြီး လူမိတော့မှ ထဘီစွန်တောင်မ,ပြီး ဖေ. . . နဲ့ ကိုင်တုတ်ကလော်ဆဲရန်ဖြစ်နေတဲ့ မိန်းမတွေအကြောင်း သူ ဘာလို့မရေးသလဲ၊

www.burmeseclassic.com


ယောက်ျားလည်း အလုပ်သွားရော အိမ်နီးနားချင်း မိန်းမ,တွေဆီ အိမ်လည်သွား၊ သန်းရှာ၊ ရပ်ကွက်ထဲက လူတကာအတင်း ထိုင်ပြော၊ မစ္ဆရိယစိတ် ပွားနေတဲ့ မိန်းမတွေအကြောင်း သူဘာလို့ မရေးသလဲ၊ လင်တစ်ကောင်ရဖို့ ငွေနဲ့မျှား၊ ရုပ်အလှနဲ့မျှား၊ မိဘအရှိန်အဝါ ဂုဏ်ဒြပ်ရှိတဲ့သူကလည်း အဲ့ဒီဂုဏ်ဒြပ်နဲ့မျှား၊ မျှားလို့ ရလာတော့မှ မိန်းမအချင်းချင်း ကိုယ့်ယောက်ျားရဲ့ ရာထူးပြိုင်၊ ကိုယ့်ယောက်ျား ဝယ်ပေးထားတဲ့ စိန်နားကပ်ချင်းပြိုင်၊ ပါတိတ်ချင်းပြိုင်၊ စလင်းဘက်ချင်းပြိုင်. . ပြိုင်မဆုံးဖြစ်နေကြတဲ့ မိန်းမတွေရဲ့ အကြောင်းကိုရော သူဘာလို့မရေးသလဲ၊ လောကကြီးမှာ သိပ်တော်၊ သိပ်ထက်မြက်၊ သိပ်အနစ်နာခံတတ်တဲ့ မိန်းမတွေချည်းပဲ ရှိတာ မဟုတ်ဘူးလေ၊ ဒီလိုမိန်းမ,မျိုးတွေလည်း ရှိသေးတယ်၊ ဘယ်နေရာမဆို ယောက်ျားတွေ အကုန်ဆိုး၊ မိန်းမတွေ အကုန်ကောင်း အဲ့ဒါမျိုးချည်းပဲ ရှိနေတာမှ မဟုတ်ပဲ၊ ကောင်းတဲ့သူကကောင်း. .၊ ဆိုးတဲ့သူကဆိုး. . ဒီလိုပဲ ဒွန့်တွဲနေတာပဲ၊ လူပေါ် မူတည်တာကွ”

“ဟား. . . ဟား၊ မင်းတော်တော် အပြောကောင်းသားကွ၊ ဒါပေမယ့်. . အဲ့ဒါမင်း. . ငါ့လာမပြောနဲ့ ငွေကြယ်စင်ရှေ့မှာ ပြော”

“မပြောချင်ပါဘူး၊ သူ့လိုမျိုး တစ်ဘက်သတ် တွေးခေါ် ဆုံးဖြတ် ရေးသားချင်နေတဲ့ မိန်းမကြီးစိုးရေး ဝါဒသမားတွေ ရှေ့မှာ ငါက ပိုမပြောချင်သေးတယ်၊ အဲ့ဒီ(Feminist)တွေက ပြောမှာပေါ့၊ ဆိုးတဲ့ရာခိုင်နှုန်းအရ ကြည့်ရင် ယောက်ျားတွေက မကောင်းတာ ပိုများတယ်လို့ ပြောမယ်လေ၊ ဒါပဲပေါ့၊ မဟုတ်ဘူးလား”

www.burmeseclassic.com



"မကျေနပ်ရင် မင်းလည်း စာရေးဆရာလုပ်ပြီး မိန်းမတွေ မကောင်းကြောင်း ပစ်ပစ်နှစ်နှစ် ဝတ္ထုထဲမှာ ထည့်ရေးပါလားကွ၊ ငါထုတ်ပေးမယ်လေ၊ မင်း . . ခုနက အပြောမျိုးနဲ့ဆို ပေါက်သွားနိုင်တယ်နော်၊ ငါ မနောက်ဘူး၊ အတည်ပြောနေတာ"

"အောင်မယ်လေး . . သွားစမ်းပါ . . ၊ အားအားလျားလျား၊ လောကကြီးမှာ ယောက်ျားနဲ့မိန်းမ ဒီနှစ်မျိုးနှစ်စားတည်း ရှိတာ၊ အဲ့ဒီနှစ်မျိုးမှာ တစ်ယောက်က တစ်ယောက်ကို အပြစ်ဖို့ မကောင်းပြောနေတဲ့ အလုပ်မျိုးတွေ လုပ်ဖို့ သူတို့မိန်းမတွေပဲ စိတ်ဝင်စားလိမ့်မယ်၊ ငါတို့ ယောက်ျားတွေမှာ ဒီထက်အရေးကြီးတဲ့ လုပ်စရာတွေ တစ်ပုံကြီး၊ ယောက်ျားတွေရဲ့ ဦးနှောက်က သူတို့မိန်းမတွေထက် နေရာအများကြီးမှာ ပိုအသုံးကျတယ်၊ ဒီကမ္ဘာကြီးပေါ်မှာ လိင်အမျိုးအစား မတူညီမှုကြောင့် အခွင့်အရေးတန်းတူ မရှိဘူးဆိုတဲ့ ကိစ္စတွေထက် ပိုအရေးကြီး၊ ပိုအဓိကကျတဲ့ ပြဿနာတွေ တစ်ပုံကြီး၊ ဥပမာ အေအိုင်ဒီအက်စ်၊ ငတ်မွတ်ခေါင်းပါးမှု ပြဿနာ၊ (Terrorism) လို့ခေါ်တဲ့ အကြမ်းဖက်မှု၊ (Disaster)အမျိုးမျိုး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ . . . ပြီးတော့"

"ဩော် . . တော်ပါတော့၊ တော်ပါတော့၊ ပြောမိတာ မှားပါတယ်၊ ဒါပဲ ဒါပဲ ဟော့ကောင်၊ မင်းရဲ့အလုံးတွေ ဆက်နားထောင်နေရင် ငါလည်းမကြာခင် မင်းလို မဟာဖိုဝါဒ သမားကြီး ဖြစ်ပြီး အိမ်ကမိန်းမတောင် ကန်ချချင်စိတ် ပေါက်လာလိမ့်မယ်၊ ဖုန်းပြောနေတာ တော်တော်တောင် ကြာသွားပြီ၊ မနက်ဖြန်ကျမှ

www.burmeseclassic.com



မင်းကုမ္ပဏီရုံးခန်းကို ငါလာခဲ့တော့မယ်၊ တိုက်ခန်းတွေကို ငါအရင် လိုက်ကြည့်ပြီးမှ ငွေကြယ်စင် ကြိုက်လောက်မယ့်ဟာကို ရွေးထား ပေးပြီး သူ့ကိုခေါ်ပြရမှာ၊ မင်းဆီမှာ ရောင်းဖို့အပ်ထားတဲ့ တိုက်ခန်း တွေ တော်တော်များများ ရှိတယ်မဟုတ်လား"

"ရှိတာက ရှိပါတယ် ၊ ဈေးနှုန်းက ဘယ်လောက်လောက် မှန်းပြီး ဘယ်လိုနေရာမျိုးကို လိုချင်မှန်းမှ မသိတာ၊ သူက တစ်ခါတည်း မင်းနဲ့ လိုက်ကြည့်တော့ ဘာဖြစ်မှာမို့လို့လဲ၊ သူနဲ့ ကျတော့လည်း ငါက တစ်ခေါက်လိုက်ပြရဦးမှာလား၊ အလုပ် ရှုပ်လိုက်တာ၊ ငါက တစ်ရာအောက် အခန်းတွေဆို ကိုယ်တိုင် လိုက်မပြဘူး၊ ကုမ္ပဏီက ဝန်ထမ်းတွေနဲ့ လွှဲပြီး လွှတ်တာနော်"

"အောင်မယ်လေး. . .၊ ငါ့ကိုလာပြီး ဈေးမကိုင်စမ်းပါနဲ့ တံခွန်ရာ. . .၊ ဒီတစ်ခါတော့ စိတ်ရှည်ရှည်ထားပြီး ကူညီစမ်းပါ၊ ငါက သူ့ကို ကျွန်တော့်သူငယ်ချင်း ရောင်းဝယ်ငှားလုပ်ငန်းပိုင်ရှင် တစ်ယောက်ရှိပါတယ်၊ ဆရာမ,စိတ်ကြိုက် တိုက်ခန်းကို မရရအောင် ရှာပေးပါ့မယ်. . ဆိုပြီး အာမခံလိုက်လို့သာ သူက ငါတို့တိုက်နဲ့ ရှောရှောရှူရှူ အုပ်နှစ်ဆယ် ထုတ်ဖို့ စာချုပ်ချုပ်လိုက်တာဟ၊ အစ,က ဆယ်အုပ်ပဲ ချုပ်မလို့ ကဲ. . နားလည်ပြီလား ကိုယ်တော်၊ မောင်မင်း ကြီးသား၊ ကျေးဇူးမမေ့ပါဘူး၊ ကူညီပါ၊ အဆင်ပြေရင် တစ်ဝိုင်း. . .၊ တစ်ဝိုင်းတော့ ဖြစ်ရပါစေမယ်"

"ဒါဆိုရင်လည်း ကူညီပေးရတာပေါ့လေ၊ အင်း. . . မင်း မျက်နှာကြောင့်သာနော်၊ ငါက အဲ့ဒီလို ဘဝင်ခပ်မြောက်မြောက်

www.burmeseclassic.com



ချေးခပ်များများ အပျိုကြီး. . . ဆိုတဲ့ မိန်းမတွေကို သိပ်ပြီး စိတ်ရှည်ရှည် ထားပေးနိုင်တာမဟုတ်ဘူး”

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (သုံး)

ကျွန်တော့်အတွက်ကတော့ ဒီနေ့အဖို့ တော်တော်ကြီးကို စိတ်ရှည်ရှည် သည်းခံပေးနေရတာပါ။

ဒါတောင်မှ မြင့်မိုရ်ဆိုတဲ့ကောင်ခမျာ မျက်နှာလေးက ငယ်နေတဲ့အပြင် ကျွန်တော့်ကို မျက်နှာရိပ် မျက်နှာကဲနဲ့ အချိုသတ် ပြနေလို့ ပေါက်ကွဲလုဆဲဆဲ ဒေါသတွေကို ကျွန်တော် မျိုမျိုချ နေရတာ။

ဒေါသမထွက်ပဲ နေမလား။ ခင်ဗျားတို့ပဲ စဉ်းစားကြည့် လေ။ မြင့်မိုရ်နဲ့တုန်းကလည်း သင့်တော်မယ့် တိုက်ခန်းတွေ ကျွန်တော် အကုန်လိုက်ပြပြီးပြီ။

www.burmeseclassic.com



ဒီနေ့ကျတော့လည်း အဲ့ဒီဌေးကြွယ်စင်ဆိုတဲ့ စာရေးဆရာမ က မြင့်မိုရ်ရွေးပြီးသား တိုက်ခန်းသုံးလေးခန်းကို ကိုယ်တိုင်လိုက် ကြည့်ချင်တယ်ပြောလို့ လိုက်ပြနေရတယ်။

အစ,ကတည်းက ကျွန်တော့်ကုမ္ပဏီမှာ တစ်ရာအောက် တိုက်ခန်းတွေကို ဝန်ထမ်းလေးတွေနဲ့ပဲ လွှဲပြီး ပြခိုင်းနေကျဆိုတာ ပြောထားရက်နဲ့ ဒီမိန်းမကိုကျမှ မြင့်မိုရ်က "မင်းကိုယ်တိုင် လိုက်ပြ ပေးပါကွာ၊ ငါက သူ့ကိုကြွားထားလို့ပါ၊ ငါ့သူငယ်ချင်းကိုယ်တိုင် လိုက်ပြတယ်ဆိုတော့ သူ့ကိုအရေးထားတယ်. . ဆိုတဲ့သဘော သက်ရောက်တာပေါ့ကွာ၊ လုပ်ပါကွာ"လို့ ခ,ခ,ယယ ခေါ်နေတာနဲ့ပဲ အားနာပြီး လိုက်ပြပေးခဲ့တာ။

အခုကျမှပဲ ကိုယ့်ကိုယ်ကို မှားပြီဆိုတာ သိလိုက်ရတော့ တယ်။

ဒီမိန်းမလုပ်နေပုံကို ကြည့်ဦးလေ။

မနက်ဆယ်နာရီကတည်းက အကောင်ဆုံးတိုက်ခန်း လေးခန်းကို ကျွန်တော့် ကားတစ်စီးနဲ့ လည်ပြနေတာ ညနေ သုံးနာရီ ထိုးတဲ့အထိပါပဲ။

နောက်ဆုံးပိတ် ငါးဆယ့်နှစ်လမ်းက တိုက်ခန်းကို ရောက်လာတဲ့အထိ ရှေ့မှာကြည့်လာတဲ့ တိုက်ခန်းသုံးခန်းကို ဒီမိန်းမက အပြစ်တစ်ခုမဟုတ် တစ်ခုရှာတွေ့ပြီး မကြိုက်သေးဘူး ချည်း တွင်တွင်ပြောနေတော့တာ။

လိုက်ပြရတဲ့သူက ဒေါသမထွက်ပဲနေမလား။

www.burmeseclassic.com


ပထမဆုံး သူလိုက်ပြတဲ့ စမ်းချောင်းဘက်က တိုက်ခန်းကလေးက သန့်လည်းသန့်၊ ဈေးကလည်း တော်ပါရက်နဲ့ စတုတ္ထထပ်မှာဖြစ်နေလို့ မြင့်လွန်းတယ်. . တဲ့။ သိပ်မြင့်လွန်းတော့ မော်တာနဲ့ ရေတင်ရင် မတက်မှာစိုးတယ်. . တဲ့။ မီးမလာလို့ ရေတွေဘာတွေ ဝယ်သုံးရရင်လည်း ရေထမ်းသမား တက်ဖို့ ခက်ပြန်ရော. . တဲ့။ မီးရေးထင်းရေး အရေးအကြောင်း ရှိလို့မှ ဆင်းပြေးရ၊ ခုန်ချရ မသက်သာ. . တဲ့။ အကြောင်းပြချက်က စုံနေတာပဲ။

ကျွန်တော်က "ဒီလိုဈေးနဲ့ ဒီရပ်ကွက်မှာတော့ ဒီအထပ်လောက်ပဲ ရမှာပဲ". . လို့ ဘုပြောပြီး "ကဲ. . တာမွေ ဘက်က အခန်းကတော့ စက္ကန်းဖလောရ်၊ သုံးလွှာ၊ ဈေးက အတူတူပဲ" . . ဆိုပြီး လိုက်ပြပြန်တော့လည်း ဖြစ်ပုံက. . ။

တိုက်ခန်းကလေးက ကျယ်ပါတယ်။ ဆောက်ခါစ, အသစ်ဆိုတော့ ရေကလည်း ဒလဟော. . ။ ပါကေးခင်းထားတာကလည်း ပြောင်လက်. . ။ ဒါပေမယ့် တိုက်ခန်းရှိတဲ့လမ်းက လမ်းကိုးဆယ်ကျော်ကျော်. . ။ လမ်းတိုကလေးပေမယ့် လူစည်ကားတဲ့ အရပ်ဆိုတော့ အောက်ဆင်းလိုက်တာနဲ့ ဈေးတန်းကလေးရှိတယ်။ မုန့်တွေကလည်း မျိုးစုံ ရောင်းတယ်။

ဒါမျိုးကို ကြိုက်တဲ့သူဆိုရင်တော့ "ဟယ်. . .၊ အဆင်ပြေလိုက်တာ၊ လိုချင်တာ ချက်ချင်း ဆင်းဝယ်လို့ ရတာပေါ့" ဆိုပြီး သဘောတောင် ကျဦးမယ်။

အခုကျတော့ ဒီမိန်းမက ဘာပြောတယ် အောက်မေ့လဲ။

"အောက်မှာက ဈေးရှိတော့ လူရှုပ်တယ်၊ အသံပေါင်းစုံက အပေါ်ထိတက်လာတော့ ကြာရင် ကျွန်မ,စာရေးလို့ရမှာ မဟုတ်ဘူး၊ မုန့်ဆိုင်တွေကလည်း . အကြော်ဆိုင်ရော၊ ထမင်းဆိုင်ရော၊ စမူဆာ သုတ်ဆိုင်ရော စုံနေတာဆိုတော့ အညော်နံ့တွေက အခုတောင် ရနေတာ၊ ကျွန်မ ခံနိုင်မှာ မဟုတ်ဘူး၊ ကြံရည်ကြိတ်စက် ကလောင် ကလင်ကလည်း အမြဲကြားနေရမှာ၊ မဖြစ်ပါဘူး. . .၊ ဒီတစ်ခန်း လည်း. . ."

ကျွန်တော့်စိတ်ထဲကတော့ တော်တော်အချဉ်ပေါက်နေပြီ။ တိတ်တိတ်ဆိတ်ဆိတ် နေချင်ရင်တော့ ရေဝေးမှာနေပါလား. . .၊ သုံးပေခြောက်ပေ မြေတစ်ကွက်စာပဲ ဝယ်ရမယ်လို့ ပြောချင်လိုက်တာမှ ပါးစပ်ကို ယားနေတာပဲ။ မြင့်မိုရ်မျက်နှာ ထောက်နေရ လို့ပေါ့။

နို့မဟုတ်ရင် ပြောပစ်တာကြာပြီ။

ဒါနဲ့ပဲ. . .။

"ကဲ. . . အဲ့ဒါဆိုရင် အလုံဘက်က တိုက်ခန်းလေး တစ်ခု ရှိသေးတယ်၊ ရပ်ကွက်က သန့်သလို တိတ်တိတ်ဆိတ်ဆိတ် ရှိလိုက်တာမှ ပြောမနေနဲ့၊ ညဘက် ခါးပြတက်တိုက်မှာတောင် ကြောက်ရတယ်". . လို့ ပိတ်ပြောလိုက်တော့ မြင့်မိုရ်ရော၊ အဲ့ဒီ စာရေးဆရာမ, ပါ မျက်လုံးတွေ ပြူးထွက်လာလိုက်တာ ရယ်စရာတောင် ကောင်းသေးတယ်။

ကျွန်တော်က တဟဲဟဲနဲ့ ရယ်ပစ်လိုက်ပြီးမှ. . .။

www.burmeseclassic.com



"အလကားနောက်တာပါ ၊ အဲ့ဒီတိုက်ခန်းနဲ့ မျက်စောင်းထိုးကလေးတင် ရဲစခန်းရှိပါတယ်၊ မကြောက်ပါနဲ့". . . လို့ ဖြေလိုက်တော့မှ သက်ပြင်းတွေ ကိုယ်စီချပြီး အဲ့ဒီတိုက်ခန်းကို လိုက်ကြည့်ဖေါ်ရတော့တယ်။

ဒါပေမယ့် အဲ့ဒီတိုက်ခန်းကို ရောက်တော့လည်း ဒီမိန်းမက ဘာချေးထပ်ထူတယ် ထင်သလဲ။

"တိုက်ခန်းက ကျဉ်းတယ်. . ."တဲ့ ။

အမှန်ကတော့ မကျဉ်းပါဘူးဗျာ။ မျက်နှာဖွင့်ကို ဆယ့်နှစ်ပေခွဲ. . .၊ နောက်ကို ပေငါးဆယ်တောင်ရှည်တာပါ။

အိပ်ခန်းနှစ်ခန်း အသာကလေး ဖွဲ့လို့ရတဲ့အပြင် ထမင်းစားခန်း၊ မီးဖိုခန်းတွေမှာလည်း လှုပ်သာလှည့်သာ ရှိလောက်တဲ့ အထိ အကျယ်ကြီး ကျန်ပါသေးတယ်။

ဒါကို သူကကျဉ်းတယ်. . . ဆိုတော့. . .။

ကျွန်တော်လည်း စိတ်က တော်တော်ကြီးကို ပျက်နေပြီ။ အဲ့ဒီမှာ ကျွန်တော်နဲ့ သူ စကားစ,များတော့တာပဲ။

"နေပါဦး. . .၊ ကျဉ်းတယ်ဆိုရအောင် ခင်ဗျားက ဒီတိုက်ခန်းမှာ ဘယ်နှစ်ယောက်များ နေဖို့ကြံထားလို့လဲ"

"နှစ်ယောက်. . . သုံးယောက်တော့ အနည်းဆုံး နေရမှာပေ့ါရှင့်"

"ကျွန်တော်သိရသလောက် ခင်ဗျားက အပျိုကြီးဆို၊ အတူနေဖို့ ဘယ်နားက လူတွေထပ်တိုးလာတာလဲ"

www.burmeseclassic.com



"ဘာရှင့်. . ."

ကျွန်တော့်စကားကြောင့် ငွေကြယ်စင်ဆိုတဲ့ မိန်းမ ဆတ်ကနဲ ခါသွားတယ်။

မြင့်မိုရ်ခမျာ ဒီမိန်းမ,မမြင်အောင် နောက်ကနေ သွားတွေ စိပြ. .၊ မျက်လုံးပြူးပြ. .၊ ခေါင်းခါပြ. .၊ အမျိုးစုံ လုပ်ပြနေလည်း ကျွန်တော်က မသိချင်ယောင် ဆောင်နေလိုက်တယ်။

အဲ့ဒီမိန်းမဆီက ချက်ချင်းပြန်ပက်သံ ထွက်လာတာပေါ့။

"ဒီတိုက်ခန်းမှာ ကျွန်မလို မိန်းကလေးတစ်ယောက်တည်း နေရဲပါ့မလားရှင့်၊ စကားပြောတာ ကြည့်ပြောပါ၊ ကျွန်မ,မှာ တူမ, ဝမ်းကွဲလေးတစ်ယောက် ခိုင်းဖို့ပါတယ်၊ သူငယ်ချင်းတစ်ယောက် ကလည်း လာနေပေးမယ် ပြောထားတယ်၊ အခုပဲ နေမယ့်သူက သုံးယောက်ရှိနေပြီ၊ ရှင့်တိုက်ခန်းက နှစ်ယောက်စာတောင် ကျဉ်း နေတာ၊ ဒီကြားထဲ နယ်က ဆွေတွေမျိုးတွေ လာတည်းခိုရင် ဘယ်လို လုပ်ကြမလဲ၊ ရှင့်အိမ်မှာ ခေါ်ထားမလား. . . ကဲ"

မဆိုးဘူး ။ ဒီမိန်းမ ရန်တွေ့တော့ ကောင်းသားပဲ။

ဒါပေမယ့် ကျွန်တော်ကလည်း ဘယ်အညံ့ခံလို့ ဖြစ်မလဲ။ အနည်းဆုံးတော့ တံခွန်တိုင်ဆိုတဲ့ကောင်က ဘယ်လောက်ထိ ကျွမ်းမြီးတိုနေပြီလဲဆိုတာ သိအောင်ပြောရဦးမယ်။

"ဒီမှာ. .၊ ခင်ဗျား. . ဒီလောက်ဈေးနဲ့တော့ ဒီလိုရပ်ကွက် မျိုးမှာ ဒီအိမ်အကျယ်လောက်ပဲ ရတော့မပေါ့၊ တစ်ရွာလုံး မြို့တက် လာလည်တာ လက်ခံထားချင်ရင်တော့ သာလာယံဇရပ်ပဲ ရှိမယ်၊

www.burmeseclassic.com



ခင်ဗျားတတ်နိုင်ရင် မာစတာဘက်ဒ်ရွမ်းအပြင် အိပ်ခန်းနှစ်ခန်း သုံးခန်းအပိုပါတဲ့ ကွန်ဒိုတိုက်ခန်းတွေ ဝယ်မလား၊ ကျွန်တော် လိုက်ပြမယ်၊ အနည်းဆုံး သိန်းသုံးရာ အထက်မှာရှိတယ်၊ ကဲ. . . ဘယ်လိုလဲ”

“အို. . . မတတ်နိုင်လို့ပေါ့ရှင့်၊ တတ်နိုင်မှတော့ ရန်ကုန် မှာတင် မဟုတ်ဘူး၊ နယူးယော့ခ်က အင်ပါယာစတိတ်မှာတောင် သွားဝယ်ထားချင်သေးတယ်၊ ဒီဈေးနဲ့ပဲ ဒီ့ထက်ကျယ်တဲ့ တိုက်ခန်း၊ ပတ်ဝန်းကျင်ကလည်း ဆိတ်ငြိမ်အေးချမ်းမယ်ဆိုရင် ကျွန်မ, ဝယ်မှာပဲ၊ ရှင့်ဆီမှာ အဲ့ဒီလို တိုက်ခန်းမျိုး ရှိရင်. . ရှိသေးတယ်၊ မရှိရင်လည်း. . မရှိဘူးပေါ့၊ ရှင်က ပွဲစားလုပ်တာပဲ၊ ဝယ်သူက ကိုယ်ကြိုက်တဲ့ အခန်းပဲ ကိုယ်ရွေး ဝယ်မှာပေါ့၊ ရှင်ရောင်းချင်တဲ့ ဟာကို စွတ်ရောင်းနေလို့ ရမလား၊ ဘယ့်နှယ်ဟာလဲ”

အမျိုးသမီးက စူပွပွဖြစ်လာတယ်။ လေသံကလည်း အနည်းငယ် မာဆတ်ဆတ်ဖြစ်လာတယ်။

မြင့်မိုရ်ခမျာ မျက်နှာက တော်တော်ကြီးကို ပျက်ယွင်း နေပြီ။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ပြေရာပြေကြောင်းလေး ဝင်ပြော ပေးရှာပါသေးတယ်။

“ဟုတ်ပါတယ် တံခွန်ရာ၊ ငါတို့ကလည်း အလောသုံးဆယ် လိုချင်နေတာ မဟုတ်ပါဘူး၊ အခု မင်းပြတဲ့ တိုက်ခန်းတွေထဲက ဆရာမ, မကြိုက်သေးဘူးဆိုရင်လည်း မင်းပဲ ထပ်ရှာပေးဖို့ အကူ အညီ တောင်းရမှာ၊ အေးအေးဆေးဆေး ရှာကြည့်ကြသေးတာပေါ့၊

တွေ့မှာပါ၊ ဆရာမလည်း စိတ်မပူပါနဲ့၊ တံခွန်က သူ့မှာ မရှိရင်တောင် တခြားအိမ်ခြံမြေလုပ်ငန်းတွေမှာ သူ့မိတ်ဆွေတွေ အများကြီးရှိပါတယ်၊ တစ်နေရာရာမှာတော့ တွေ့မှာပါ”

ကျွန်တော်လည်း သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးကို အားနာလို့သာ လေသံကို နည်းနည်းလျှော့ပြောလိုက်ရတယ်။ သိပ်တော့ ကျေနပ်ချင်တာမဟုတ်ဘူး။

“အေး၊ ဒါဆိုရင်လည်း ငါအခုပြမယ့် ငါးဆယ့်နှစ်လမ်းက တိုက်ခန်းကို လိုက်ကြည့်လိုက်ကြဦး၊ အဲ့ဒါမှ မကြိုက်သေးဘူးဆိုရင်တော့ မတတ်နိုင်ဘူး. . . မြင့်မိုရ်ရေ၊ ငါလည်း လက်ကုန်ပဲ၊ ဒီတိုက်ခန်းတွေကို မင်းသတ်မှတ်ပေးထားတဲ့ ဈေးနှုန်းထဲကနေ အကောင်းဆုံးတွေ ရွေးထားတာပဲလေ၊ မင်းသိပါတယ်၊ ဒီတစ်ခုမှ မကြိုက်ရင်တော့ တခြားပွဲစားတွေဆီ လက်ပြောင်းပေးရမှာပဲ”

အဲ့ဒီလိုနဲ့ ကျွန်တော်တို့ သုံးယောက်သား ဟောဒီတိုက်ခန်းပေါ်ကို ရောက်လာကြတာပေ့ါ။

ရောက်လာလာချင်း အေးချမ်းငြိမ်သက်တဲ့ ပတ်ဝန်းကျင်နဲ့ ကားဝင်ရ၊ ထွက်ရလွယ်ကူတဲ့ လမ်းကိုမြင်ပြီး “နေရာလေးကတော့ မဆိုးပါဘူး. . . ”လို့ ထုတ်ပြောတယ်။

မဆိုးပါမှပဲ။

ဒါတောင် တိုက်ခန်းပေါ်တက်ကြည့်ပြီး ဘာသံထွက်လာဦးမယ် မသိဘူး။

တိုက်ခန်းက တတိယထပ်. . .၊ လေးလွှာမှာ. . .။

www.burmeseclassic.com



ဒါပေမယ့် လှေကားလေးက ဆောက်ထားပုံ သေသပ်ပြီး အထစ်တွေ ပြေပြေပြစ်ပြစ်ရှိတော့ သိပ်မြင့်တယ်လို့ မထင်ရဘူး။ လှေကားအချိုးအကွေ့တွေမှာလည်း ကျယ်တော့ "ဒီလို လှေကားနဲ့ ဆိုရင်တော့ ဒီလောက်မြင့်လည်းရပါတယ်". . . လို့ အပိုျကြီးမမက လေပျော့လေး ဖြစ်လာတယ်။

တိုက်ခန်းကလည်း မျက်နှာစာ ဆယ့်ခြောက်ပေတောင် ရှိပြီး နောက်အရှည်က ပေလေးဆယ်ပဲရှိပေမယ့် ဟောလ်တိုက်ပ် (Hall Type) မဟုတ်ပဲ၊ ရွမ်းတိုက်ပ်(Room Type) ဆိုတော့ ပိုပြီးကျယ်လွင့်နေတယ် ထင်ရပြန်ရော။

အခန်းကလည်း ကာပြီးသား အဆင်သင့်။ တယ်လီဖုန်း တစ်လုံးတောင် ပါနေသေးတာ။ အဲ့ဒါတောင် ဈေးက ခုနက တိုက်ခန်းတွေထက် ဆယ့်ငါးသိန်းလောက်ပဲ ပိုများတာမို့ ယူမယ် ဆိုရင် ယူဖို့ အရမ်းသင့်နေပါပြီ။

ကျွန်တော်ကလည်း ကိုယ့်တိုက်ခန်းကိုယ် အပြတ်ညွှန်းပစ် လိုက်တယ်။

"ရန်ကုန်မြို့ကြီး တစ်မြို့လုံး ဒီလိုတိုက်ခန်းကို ဒီလောက် ဈေးနဲ့ ခင်ဗျားတို့ ခြေတိုအောင် ကြိုက်သလောက်ရှာ၊ မတွေ့ စေရဘူး၊ ကျွန်တော် အာမခံတယ်"

အမှန်တော့ ဒီတိုက်ခန်းကို အဲ့ဒီ ငွေကြယ်စင်ဆိုတဲ့ မမလည်း သဘောကျနေပါပြီ။ ကျွန်တော့်ရဲ့ လေလုံးခပ်ထွားထွား စကားကို မကြားချင်ယောင်ဆောင်ပြီး ဘာမှတော့ ပြန်မပြောပဲ

တိုက်ခန်းရှေ့နောက်ဝဲယာ အကုန်လှည့်ပတ်ကြည့်နေတယ်လေ။

(အမှန်ကတော့ အပြစ်လိုက်ရှာနေတာ)။

ခဏကြာတော့ ဝန်ခံစကားထွက်လာတယ်။

"အင်း၊ အားလုံးထဲမှာတော့ ဒီအခန်းက အကောင်းဆုံးပဲ"

ဒါပေမယ့် ချီးမွမ်းစကား မဆုံးသေးဘူး။ ထပ်ပြောလိုက်တဲ့ အဲ့ဒီမိန်းမ အပေါက်ကိုကြည့်. . .။

"ဒီလို အကောင်းဆုံးအခန်းကို ရှင်က ဘာဖြစ်လို့ နောက်ဆုံးမှ ပြရတာလဲ. . .၊ ကျွန်မသိတယ်၊ ရှေ့က ခပ်စုတ်စုတ် အခန်းတွေကို အရင်လိုက်ပြလို့ ကျွန်မကြိုက်သွားပြီ ဆိုရင်လည်း ကြိုက်ပြီး ဝယ်ပစေပေါ့. . . ဟုတ်လား၊ စုတ်တဲ့အခန်း ထွက်သွား၊ ကောင်းတဲ့အခန်း ချန်ထား၊ နောက်လူကျမှ ရောင်း. . .၊ ဒီလိုမဟုတ်လား၊ ဟင်း. . ဟင်း. . ရှင်တို့ ပွဲစားတွေအကြောင်း ကျွန်မ, မသိရင် ခက်မယ်၊ ဒါမျိုးတွေ နောကြေနေပြီ"

ကျွန်တော့်ဒေါသ,က ထောင်းကနဲထွက်သွားတယ်။

စေတနာနဲ့ မြင့်မိုရ်က အကူအညီတောင်းထားလို့ ကူညီပေးနေတာကို ကျေးဇူးမတင်တဲ့အပြင် ဒီမိန်းမကများ. . ငါ့ကို. . .။

မြင့်မိုရ်ကလည်း သူ့စာရေးဆရာမက စ, ဖောင်းသွားတာကို သိတော့ ပါးစပ်ကြီးအဟောင်းသားနဲ့ ကျွန်တော်ပြန်ပက်မယ့် စကားကို အလန့်တကြား စောင့်နေလေရဲ့။

ကျွန်တော်က ပြောချင်တာ. . .။

www.burmeseclassic.com



ဒီမိန်းမလို တည့်တည့်ကြီး ပြောချပစ်လိုက်ချင်တာ။

ကျွန်တော် ဒီတိုက်ခန်းကို ဘာဖြစ်လို့ နောက်ဆုံးမှ ထားပြလဲဆိုတာ အကြောင်းကသိပ်ရှိတာပေါ့။ ဒီအကြောင်းကို မြင့်မိုရ်ကလည်း သိတယ်။

ဘာဖြစ်လို့လဲ. . . သိလား။ ဒီမိန်းမကို. . . ဒီတိုက်ခန်း မဝယ်စေချင်လို့ပေါ့။ ရှင်းနေတာပဲ။ ဒီတိုက်ခန်းမှာ သူ့ကို နေကို မနေစေချင်တာ။ ငါးဆယ့်နှစ်လမ်းဆိုတာ ကျွန်တော်နေတဲ့ လမ်းလေးဆယ်နဲ့ နီးနီးလေး။ ဘယ်လောက်မှကို မဝေးတာ။

ကြားထဲမှာ ဆယ့်နှစ်လမ်း ခြားတယ်ဆိုပေမယ့် လူသူကျဲပါး ပြတ်လပ်တဲ့ ဝန်ကြီးရုံး ခြံဝင်းကျယ်တစ်ခုလောက်ပဲ ခြားနေလို့ ဝေးတယ်လို့ကို မထင်ရဘူး။

ဒီမိန်းမကို ကျွန်တော်နဲ့ နီးနီးနားနားမှာကို လာမနေစေ ချင်တာ။ ဒီမိန်းမ ဒီတိုက်ခန်းသာ ဝယ်ဖြစ်ရင် ကျွန်တော်နဲ့ သူ အိမ်နီးနားချင်းတွေ ဖြစ်နေဦးမှာ။

ဒီလောက်ဇီဇာကြောင်၊ လက်ပေါက်ကပ်၊ ချေးထူတဲ့ အပျိုကြီးမမနဲ့ ဘယ်သူက အိမ်နီးနားချင်း ဖြစ်ချင်မှာလဲ. . .။

အဲ့ဒါကြောင့် ဒီတိုက်ခန်းကို နောက်ဆုံးမှ ပြတာဟေ့. . . လို့ ကျွန်တော်ပါးစပ်က ပြောထွက် ချင်လိုက်တာလေ။ အသည်းကို ယားနေတာပဲ။

အဲ့ဒီလို ဒဲ့ဒိုးသာပြောချလိုက်ရင် ဒီမိန်းမမျက်နှာ ဘာများ ဖြစ်သွားမလဲ. . . ကျွန်တော်သိချင်လိုက်တာ။

www.burmeseclassic.com



ဒါပေမယ့် မြင့်မိုရ်မျက်နှာနဲ့ အမှန်တရားတွေ မျိုချလိုက်တယ်။ ထိန်းထားရတဲ့ ပါးစပ်က အငြိမ်မနေနိုင်ပဲ လွှတ်ကနဲ ပြန်တော့ ပြောလိုက်မိသေးတာပေါ့။

"ကျွန်တော် ဘာလို့ဒီတိုက်ခန်းကို နောက်ဆုံးမှ ပြလဲ၊ ခင်ဗျား သိပ်သိချင်လား၊ ဟုတ်လား. . .၊ ခင်ဗျားတို့ မိန်းမတွေ အကြောင်း သိပ်သိနေလို့ပေါ့ ၊ ခင်ဗျားတို့ မိန်းမတွေကလေ ဘာပစ္စည်းပဲ ဝယ်. . ဝယ်. .၊ ဈေးဝယ်တဲ့နေရာမှာ သိပ်တူတဲ့အကျင့် တစ်ခုရှိတယ်၊ ရှေ့က ဘယ်လောက်ပဲ ကောင်းတာတွေ ပြထားထား၊ အကောင်းဆုံးတွေ တွေ့ထားထား၊ နောက်ထပ် ရွေးစရာ ရှိသေးရင် ထပ်ကြည့်ဦးမှာပဲ၊ ထပ်ရွေးဦးမှာပဲ၊ အားလုံးကို လိုက်ကြည့်. .၊ လိုက်ရွေးချယ်. .၊ ဈေးမေးပြီးတော့မှ အားလုံးထဲက အကောင်းဆုံး၊ ဈေးအသက်သာဆုံး၊ ပေါချောင်ကောင်းကိုမှ လိုချင်ကြတာ၊ အားလုံး ထဲကမှ ခေါင်းခေါက်ရွေးချင်ကြတာ၊ ဟုတ်တယ် မဟုတ်လား. .၊ ဒီတိုက်ခန်း အရင်ပြလည်း ခင်ဗျားချက်ချင်း မဝယ်သေးပါဘူး၊ တခြားအခန်းတွေ ထပ်ကြည့်ချင်ဦးမှာပဲ၊ ယှဉ်ကြည့်ပြီးမှ ရွေးဝယ်မှာပဲ၊ မထူးပါဘူး၊ ခင်ဗျားတို့ မိန်းမတွေ အကြောင်းလည်း မသိတာလိုက်လို့. . . ဟင်း. . . ဟင်း၊ ကျွန်တော်က အံ့တိုနေပြီ"

"အို. . . မိန်းမပဲ၊ ဈေးဆစ်တာ. . .၊ ရွေးချယ်စရာရှိမှ ဝယ်ချင်တာ. . . အဆန်းလား၊ အဲ့ဒါမှ မိန်းမပီသမှာပေါ့"

"ဟုတ်ပါတယ်. . .၊ မိန်းမပီသလွန်းတဲ့ သူတွေပဲ နောက်ဆုံးကျ. . ."

"နောက်ဆုံးကျ ဘာဖြစ်သလဲ၊ ပြောလေ၊ ကဲ. . ပြောပါဦး"

"ဪ. . ယောကျ်ားယူတော့လည်း တိုက်ခန်းဝယ်သလိုပဲ လုပ်နေတော့ အကောင်ဆုံးကို တွေ့တုန်းယူမထားပဲ ဟိုလိုက်ကြည့် ဒီလိုက်ကြည့်. . နဲ့၊ ခေါင်းခေါက်ရွေးနေတုန်း သူများလက်ထဲ ပါသွားတော့မှ အပျိုကြီးတွေ ဖြစ်ကျန်ကုန်ကြတာကို ပြောတာလေ"

မျက်စောင်းက ဒိုင်းကနဲ ကျွန်တော့်ဆီရောက်လာတယ်။

(ရင်ခုန်စရာလည်း မကောင်းပါဘူး)။ သူ့မျက်နှာက ဒေါသတကြီးနဲ့ နီရဲတွတ်နေတာကိုး။

ကျွန်တော့်ကိုပဲ ဒင်းက ပွဲစားအကြောင်း သိသလေး၊ နောကြေနေသလေးနဲ့. . ပြောတော့ ကျွန်တော်ကလည်း ပြန်နှိပ်ကွပ် ပစ်လိုက်ရတာပေ့ါ။

ကျွန်တော့်ကို နောက်ကနေ မြင့်မိုရ်က လက်နဲ့ ကုတ်လိုက်၊ မသိမသာ ဆွဲလိမ်လိုက် လုပ်နေပေမယ့် ကျွန်တော်ကတော့ မမှုပါဘူး။ ဒီလိုမိန်းမကို ဒီလိုပြောပစ်မှ မှတ်မှာ။

အဲ့ဒါတောင် ဒီမိန်းမက ကျွန်တော့်ကို ပြန်ပြီး ရန်ထောင်ချင်သေးတယ်။

"ရှင်ဟာလေ. . .၊ အပြောအဆို တော်တော်ရိုင်းစိုင်းတဲ့ ပွဲစားပဲ၊ ရှင့်လို ပွဲစားမျိုး ကျွန်မ, ဒီတစ်ခါပဲတွေ့ဖူးသေးတယ်"

"ကျွန်တော်လည်း ခင်ဗျားလောက် ချေးများတဲ့ ဈေးဝယ်မျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

သူမ,မျက်နှာ ရှုံ့သွားတယ်။ ပြီးတော့ မဲ့တယ်။

www.burmeseclassic.com



ချာကနဲ ကျွန်တော့်ရှေ့က လှည့်ထွက်သွားတယ်။ မြင့်မိုရ်က ကျွန်တော့်ဘေးနားလာပြီး "လေတံခွန်စုတ်၊ ဘယ်လိုဖြစ်နေတာလဲ. .၊ ငါ့ကိုအားနာပါဦး". . လို့ တိုးတိုးလေး လာကပ်ပြောတယ်။

ကျွန်တော်ကလည်း ငွေကြယ်စင် မကြားအောင် "ဒါတောင်. . . မင်းကိုအားနာလို့ လျှော့ပြောထားတာ. . ."လို့ ပြန်ပက်လိုက်တယ်။

မလှမ်းမကမ်းမှာ တိုက်ခန်းတစ်ခုလုံး စေ့စေ့စပ်စပ် လှည့်ပတ်ကြည့်ရှုနေတဲ့ သူမ,က ကျွန်တော်တို့နှစ်ယောက်ဆီကို လှမ်းအော်ပြောတယ်။

"ကျွန်မ ဒီတိုက်ခန်းကို ကြိုက်ပါတယ်"

ကျွန်တော့်ရင်ထဲက အလုံးကြီး ကျသွားလိမ့်မယ်လို့ ခင်ဗျားတို့ထင်သလား။ အခုမှ အလုံးကြီးက ရင်ထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်လာတာ။ ဘုရား. . . ဘုရား. . . ဒီမိန်းမနဲ့ ငါ အိမ်နီးနားချင်း ဖြစ်တော့မယ်။

ဒါတောင်မှ. . . အဲ့ဒီမိန်းမက ဟောဒီ တိုက်ခန်းကို ဝယ်ချင်တာ ဘယ်လိုပြောသလဲကြည့်. . .။

"ဒါပေမယ့်. . . ဒီတိုက်ခန်းကို ဝယ်ချင်တာ ကိုမြင့်မိုရ်ရဲ့ သူငယ်ချင်းက ကျွန်မကို ချေးများတယ် ဆက်ပြောမှာစိုးလို့ အားနာပြီး ဝယ်တာမဟုတ်ဘူးနော်၊ ကျွန်မ, ဒီတိုက်ခန်းကို တကယ်ကြိုက်လို့ ဝယ်မှာ"

www.burmeseclassic.com



ဒီမိန်းမဟာ ဘယ်လောက်များ ယောကျ်ားတွေကို အနိုင်ရချင်သလဲ ကြည့်စမ်းပါဦး။ စကားလေးနဲ့တောင် နည်းနည်းလေးမှ အတင်စီးမခံပဲ ကြောသွားအောင် ပြောချင်နေလိုက်တာ။

ပြီးတော့ ဒီမိန်းမဟာ သူဝယ်ချင်တဲ့ ဟောဒီတိုက်ခန်းကို ဘယ်လောက်တောင်အသေးစိတ် လှည့်ပတ်ကြည့်ရှုနေတယ်ဆိုတာ ခင်ဗျားတို့ကို ခေါ်ပြလိုက်ချင်တယ်။

ပထမဆုံး ရေချိုးခန်းအိမ်သာဘက်ကို သူမက သွားကြည့်တယ်။ ရေချိုးခန်းထဲက ရေပိုက်ခေါင်းတွေကို တစ်ခုချင်းစီ ရေလာမလာ. . ၊ ပိုက်ခေါင်းအလုပ်. . လုပ်မလုပ်၊ အကုန်ဖွင့်ကြည့်တယ်။ လက်ဆေးကြွေကန်က ပိုက်ခေါင်းတောင် အလွတ်မပေးပဲ ဖွင့်ကြည့်တယ်။

အိမ်သာထဲ ဝင်သွားပြီးတော့ရော ဘာလုပ်တယ် ထင်သလဲ။ ရေဆင်းမဆင်း(Flush)ရဲ့ ခလုတ်ကို သွားဆွဲချ ကြည့်သေးတယ်။ ကမ်းကိုကုန်ရော။ (အချိန်ရရင် အိမ်သာတောင် စမ်းပြီး တက်ကြည့်ချင်သေးလား. . . မသိဘူး)။

ကျွန်တော် တော်တော်တင်းနေပြီဆိုတာ မြင့်မိုရ်က ကျွန်တော့်မျက်နှာကို ကြည့်ပြီး သိနေပြီ။

သူက ကျွန်တော့်ကို မျက်နှာသေလေးနဲ့ အသံတိတ် လက်ဝါးလေးတစ်ဖက် ကာပြတယ်။

သဘောက ကျေးဇူးပြုပြီး စိတ်ရှည်ရှည်ထားပေးပါကွာ ဆိုတဲ့ သဘော။

www.burmeseclassic.com



ကျွန်တော်ကတော့ ဟိုမိန်းမကို မျက်လုံးဒေါက်ထောက်ပြီး လိုက်ကြည့်နေလိုက်တယ်။ ဘာတွေများ ဆက်ပြီး အရစ်ရှည် အပြစ်ရှာနေဦးမလဲလို့. . .။

အဲ့ဒီမိန်းမက မရပ်သေးဘူး။

တိုက်ခန်းတစ်ခုလုံး လှည့်ပြီး မီးခလုတ်တွေ လိုက်စစ် တယ်။ ခလုတ်တွေ အလုပ်. . . လုပ်မလုပ်။ ချောင်ပြုနေခြင်း ရှိမရှိ။ မီးတကယ် လာမလာ။

ပလပ်ပေါက်ထဲပါ လက်ထည့်ပြီး ခါတ်လိုက်. . . မလိုက် စမ်းကြည့်လိုက်ဖို့ ကောင်းတယ်။ တကယ်. . . တကယ်။

စံပါပဲ။ ဒီလို မိန်းမမျိုး ဒီတစ်ခါပဲ တွေ့ဖူးပါတယ်။ ဆယ်ခါ ဆလံသ,လောက်တယ် ဆိုတာမျိုး. . .။

ကျွန်တော် အဲ့ဒီလောက် မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့် နေတာတောင် သူမ,က လုံးဝ ဂရုပြုမိတဲ့ ပုံမပေါ်ဘူး။

ဆက်ပြီးတော့ သူမရဲ့ ပိုက်စိတ်တိုက်စစ်ဆေးရေး လုပ်ငန်းကြီးကို ဆက်လုပ်တယ်။ တိုက်ခန်းက ထောင့်ခန်းဆိုတော့ ပြတင်းပေါက် သုံးပေါက်ကလည်း ပါတယ်။

အဲ့ဒီ ပြတင်းပေါက်သုံးပေါက်စလုံးကို သွားပြီး တွန်းဖွင့်ကြည့် ၊ ပြန်ပိတ်ကြည့် ၊ ဂျက်ထိုးကြည့် လုပ်နေတယ်။ သဘောကတော့ တံခါးတွေအားလုံး အံဝင်ခွင်ကျ ဖြစ်မဖြစ်၊ လျောလျောရှုရှု ဖွင့်ပိတ်လို့ ရမရ စစ်တဲ့သဘော။ တံခါးဂျက် ကျမကျ၊ စိတ်ချရမရ စစ်နေတဲ့သဘော။

ကျွန်တော့် စိတ်ရှည်သည်းခံနိုင်မှုတွေ နောက်ဆုံးတော့ ကုန်ဆုံးသွားပါပြီ။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း မိန်းမတွေနဲ့ ပတ်သတ်ပြီး နကန်းတစ်လုံးမှ နားမလည်တဲ့ကောင်ဆိုတော့ မိန်းမ တွေဆီမှာ အဲ့ဒီလောက် စိတ်ညစ်စရာကောင်းတဲ့ အကျင့်မျိုးတွေ ရှိတတ်မှန်း ဘယ်သိမလဲ. . .။

ကျွန်တော့်ပါးစပ်ကနေ လွှတ်ကနဲ စကားတစ်ခွန်း ထွက်သွားတယ်။

"ဆရာမ. . .၊ အဲ့ဒီဘေးနားက အင်္ဂတေနံရံကိုပါ လက်နဲ့ နည်းနည်းလောက် ခေါက်ကြည့်ပါလား၊ ဘိလပ်မြေနည်းနည်း. . . သဲများများနဲ့များ မဆလာဖျော်ကိုင်ထားသလား. . .၊ ကြာကြာမှ ခံပါ့မလား. . . ဆိုတာပေါ့"

ကျွန်တော့်စကားကြောင့် မြင့်မိုရ်တောင် မထိမ်းနိုင်ပဲ ခစ်ကနဲ ရယ်သံထွက်သွားတယ်။ ပြီးတော့မှ သူ့စာရေးဆရာမရဲ့ မျက်စောင်းကိုတွေ့တော့ မျက်နှာပိုးသတ်ပြီး တောင့်တောင့်ကလေး ဖြစ်သွားတယ်။

ကျွန်တော်ကတော့ ဘာလို့ မျက်နှာပိုးသတ်ရမှာလဲ။ ရယ်ကျဲကျဲလုပ်ပြီး သူမ,မျက်လုံးတွေနဲ့ တည့်တည့်ရင်ဆိုင် ပစ်လိုက်တာပေါ့။

ဒီ ငွေကြယ်စင်ဆိုတဲ့ မိန်းမဟာ လှလည်းလှတာလည်း မဟုတ်ပဲနဲ့ ခဏခဏ မျက်စောင်းထိုးတတ်တယ်။

www.burmeseclassic.com



BURMESE CLASSIC .com

အမှန်တကယ် ကတော့ ဒီမိန်းမကိုယ်ပေါ်မှာ ဘာဆိုဘာမှ မလှတာပါ။

မလှတာဆိုတော့ ရုပ်ဆိုးလိုက်တာဟု ပြောရမှာလည်း အခက်။ ဒါပေမယ့် သူမကိုယ်ပေါ်မှာ မိန်းမနဲ့တူတဲ့ အလှတရားတွေ ဘာတစ်ခုမှ မရှိဘူးဆိုတာတော့ သိပ်သေချာတဲ့ အဖြစ်တစ်ခုပါပဲ။

မြင့်မိုရ်က ဖုန်းထဲမှာ ပြောလိုက်တဲ့ "ပုံတုံးကြီး". . . ဆိုတဲ့ စကားတစ်ခွန်းကို နားထဲမှာကြားယောင်ပြီး ကျွန်တော့်မျက်နှာက ဖြဲစပ်စပ် ပိုဖြစ်သွားမှာပဲ။

တကယ်လည်း ပုံမလာပန်းမလာပါ။

နိုင်ငံကျော် စာရေးဆရာမ,ဆိုတော့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ ပါတတ်တဲ့ စာရေးဆရာမ ချောချောငယ်ငယ်လေးတွေလို မအောက်မေ့လိုက်နဲ့။ အကြီးအကျယ်မှားသွားမယ်။

ဒီလောက် နိုင်ငံခြားဖြစ်မိတ်ကပ်တွေ၊ အလှပြင်ပစ္စည်းတွေ ဗိုးပေါလအောာ ပေါများနေတဲ့ ခေတ်ကြီးထဲမှာ ဒီမိန်းမမျက်နှာက သနပ်ခါးကို ပါးကွက်ကြားထားသေး။ နှုတ်ခမ်းနီဆိုတာ ဝေးလာဝေး။

ဆံပင်ပုံစံကို ကြည့်ဦးမလား။

သူ့ဆံပင်ရှည်လို့ ညှပ်ချင်တယ်ဆိုရင်တောင် ကျွန်တော် ကိုယ်တိုင် ကပ်ကျေးတစ်လက် ဆွဲပြီး ဝင်ညှပ်ပေးလို့ရမယ့် ဆံပင်ပုံမျိုး။ အလယ်ကနေ ဘေးခွဲချထားပြီး ဂုတ်ပေါ်မှာ တိတိရိရိ ပြတ်တောက်နေတဲ့ ပုံစံ။

ဝတ်ထားတာကလည်း လုံးဝမိန်းမ, မဆန်ပြန်။

www.burmeseclassic.com



ယောက်ျားဝတ် ရှပ်အင်္ကျီနက်ပြာပြာကို လည်ပင်းကျယ်သီးရော ၊ လက်ကျယ်သီးပါမကျန် အကုန်အစေ့တပ် ဝတ်ထားတာ။ ထဘီကလည်း ခြေမျက်စိထိအောင် ခပ်ရှည်ရှည် ဝတ်ထားသေးတယ်။

သူမအရပ်ကဖြင့် ငါးပေလေးလက်မပဲရှည်တဲ့ ကျွန်တော့်အရပ်ထက် နည်းနည်းလေးတောင်ပိုမြင့်သလို မိုးထိုးနေတာ။ ဒီလိုအဝတ်အစားမျိုးကြီးနဲ့ကျ. . . လမ်းလျှောက်နေတဲ့ အဝတ်လှန်းစင်ကြီးနဲ့ တူနေတာပေါ့ဗျာ။

သူမခန္ဓာကိုယ်က ရှိသင့်ရှိအပ်တာထက် ပိုပိန်နေလို့ အရပ်ရှည်လွန်းတယ် ထင်ရတာလည်းပါမယ်။ သူမဘော်ဒီကလည်း မိန်းမနဲ့ တူတာရှာပြပါဆိုရင်တောင် ဘယ်နားသွားရှာရမှန်း မသိတဲ့ အဖြစ်. . .။

ခေတ်မှီမှီ မော်ဒယ်ကိုယ်လုံးအလားပဲ။

ဒါပေမယ့် သူမ,မျက်နှာက မော်ဒယ်တွေလို မလှတာက ခက်တယ်။ မျက်နှာက သွယ်လျပေမယ့် မေးစေ့က ချွန်လွန်းတာကြောင့် ကျွန်တော်မျက်စိထဲ ပန်းရုံဆရာတွေကိုင်တဲ့ သံလျက်ကိုပဲ ဇောက်ထိုးကလေး ပြေးပြေးမြင်နေတယ်။

နှာတံကနည်းနည်းတိုပြီး မျက်လုံးက ခပ်မှေးမှေးမှာ မျက်ခွံက မို့အစ်အစ်ဆိုတော့ ညကိုးနာရီ မြဝတီကလာတဲ့ သိုင်းကားထဲက မင်းသမီးတစ်ယောက်ယောက်နဲ့တော့ တူတာ အမှန်ပဲ။

www.burmeseclassic.com



ဒါပေမယ့် သူ့အရပ် ရှည်မျောမျောမှာ ခေါင်းပေါ်ကနေ စ,ပြီး ခြေထောက်ထိ ခြုံထည်အဖြူရှည်ရှည်လေး ဖုံးအုပ်ပေးလိုက်ရင် ကွမ်ရင်မယ်တော် ဇာတ်ကားကို ဝင်ရိုက်လို့ရမှာ သေချာတယ်။

ဒီလောက်ဆို ဒီမိန်းမရဲ့ အလှဘွဲ့ကို မြင်သာထင်သာ ရှိရောပေါ့။

အဲဒီလို ပုံစံမျိုးနဲ့ မိန်းမတစ်ယောက်က စိတ်မရှည်ချင်စရာ ချေးများ၊ ဇီဇာကြောင်တဲ့ အလုပ်ကို ကျွန်တော့်ရှေ့တည့်တည့် မှာ လာလုပ်ပြနေတာ ဒေါသတွေ အလိပ်လိုက် မထွက်ပဲ နေမလားဗျာ။

ကျွန်တော်ခုနက သူမကိုရွဲ့ပြီး အင်္ဂတေကောင်းမကောင်း ခေါက်ကြည့်ခိုင်းလိုက်တာကို သူမက ဒီတစ်ခါ စိတ်ဆိုးပုံမရလို့ ကျွန်တော်တောင် အံ့သြသွားရတယ်။

သူမ မျက်နှာက တစ်မျိုးဖြစ်သွားတယ်။ ပြီးတော့ သူမကို ရပ်ကြည့်နေတဲ့ ကျွန်တော်တို့ နှစ်ယောက်ဆီ ခြေလှမ်းမှန်မှန်နဲ့ လျှောက်လာပြီး. . . ။

“စိတ်မရှိပါနဲ့ ကိုတံခွန်တိုင်၊ ကျွန်မက ဘာလုပ်လုပ် အရမ်း စေ့စပ်သေချာချင်တဲ့ အကျင့်ကပါနေလို့ပါ၊ ကျွန်မက ခဏခဏ ပြန်ပြင်ရမယ့် အလုပ်မျိုးဆို သိပ်မုန်းတယ်၊ စ,ကတည်းက စေ့စေ့ စပ်စပ် စစ်ဆေးလေ့လာထားရင် ရပါလျက်နဲ့ ကိုယ်က ပေါ့လျော့မိ လို့ နောင်တစ်သက်လုံး စိတ်ဆင်းရဲရမယ့် အဖြစ်မျိုး ကျွန်မ မကြုံ ချင်ဘူးလေ၊ ဒီအခန်းက ကျွန်မတစ်သက်လုံး နေချင်နေသွားရမယ့် တိုက်ခန်း၊ ဒါကြောင့်မို့ပါ”

www.burmeseclassic.com



ဒါကြောင့်လည်း အပျိုကြီးဖြစ်ပေတာပဲ။

ဒါတော့ ကျွန်တော့်စိတ်ထဲကပဲ ပြောလိုက်မိတာပါ။ သူမက စ,ပြီး တောင်းပန်လိုက်တော့လည်း "အံမယ်. . ဒီမိန်းမ၊ ထင်သလောက်တော့ မရိုင်းစိုင်းသေးပါလား. . .၊ မဆိုးရှာ ပါဘူးလေ" . . လို့ တွေးလိုက်မိပြီး ကျွန်တော် စိတ်လျှော့လိုက်လို့ပါ။

အင်းလေ။ လူတစ်ကိုယ် အကျင့်တစ်မျိုးတော့ ရှိပေမပေါ့။ ရှိစေတော့. . ရှိစေတော့. . ။

ဒါနဲ့ ကျွန်တော်လည်း သူမကို ပထမဆုံး လေပြည်လေးနဲ့ စ,ပြောမိလိုက်တယ်။

"ကျွန်တော်ကလည်း နောက်တာပါ၊ စိတ်မရှိပါနဲ့ ဒေါ်ငွေကြယ်စင်၊ ပြီးတော့ ဒီလောက်ထိ အသေးစိတ် လိုက်ကြည့်နေရတာ ဒေါ်ငွေကြယ်စင် ပင်ပန်းမှာစိုးလို့ ပြောနေတာပါ၊ မီးခလုတ်တို့၊ ရေပိုက်ခေါင်းတို့ ဆိုတာကျတော့ ဒေါ်ငွေကြယ်စင်တို့ တက်နေပြီးတော့မှ တစ်စုံတစ်ရာ ပြဿနာတွေ့ရတာမျိုးဆိုရင် ကျွန်တော်က တောင် စိုက်ပြီးပြင်ပေးနိုင်ပါတယ်၊ ဘာမှ အပန်းမကြီးတဲ့ အသေးအဖွဲလေးတွေ မို့လို့ပါ၊ ကျွန်တော်တို့ဘက်က သိန်း ရာဂဏန်းကျော်နဲ့ ရောင်းချလိုက်တဲ့ တိုက်ခန်းပဲဗျာ၊ ဝယ်သူ စိတ်ကျေနပ်အောင် ကျွန်တော်တို့ဘက်က အားလုံးပြင်ဆင်ပေးရမှာပေါ့၊ အိမ်ရှင်ကို ပြောပြရင်လည်း ဒီလောက်ကတော့ ဘယ်သူမဆို ပြုပြင်ပေးမှာပါ"

ကျွန်တော့်စကားကြောင့် သူမက ခပ်မဲ့မဲ့လေး ပြုံးသေးတယ်။

www.burmeseclassic.com



"ကျွန်မက တက်နေပြီးတော့မှ ထပ်ပြီး ပြင်ဆင်နေရရင် ငွေကုန်မှာစိုးလို့ ပြောတာမဟုတ်ပါဘူး၊ စ,နေနေချင်း မသုံးမဖြစ် သုံးရမယ့် နေရာတွေကို သုံးလို့ရမရ လိုက်စစ်ဆေးကြည့်တဲ့ သဘော ပါ၊ တော်ကြာ . . လာလည်းနေရော အိမ်သာကလည်း ရေမကျ . .၊ ရေပိုက်ခေါင်းတွေကလည်း ဆို့နေ၊ ဝါယာကြိုးတွေကလည်း ရှော့ခ် ဖြစ်နေဆိုရင် အခက်တွေ့မယ်လေ၊ ပြီးတော့ လာနေကြမှာကလည်း မိန်းမသားတွေ ချည်းပဲဆိုတော့ ဒီလိုမျိုး ပြဿနာတွေတက်ရင် ဘာတစ်ခုမှ နားလည်တာမဟုတ်ဘူး၊ ဒါကြောင့်ပါ၊ ဒါကြောင့် . . . လိုက်ပြီး နေရာတိုင်း စစ်ဆေးနေရတာပါ"

ကျွန်တော်တို့နှစ်ယောက် ပြေရာပြေကြောင်း စကားတွေ ပြောနေကြလို့ မြင့်မိုရ်ခမျာမှာလည်း အခုမှ စိတ်သက်သာရသွားတဲ့ ပုံစံနဲ့ မျက်နှာကြီး ကြည်လင်လာတယ်။

ကျွန်တော်ကလည်း လူတစ်ဖက်သားကို အလကားနေရင်း မှိုချိုး၊ မျှစ်ချိုး မပြောတတ်ပါဘူး။ ဒီလိုမျိုး အကျိုးသင့်အကြောင်းသင့် ရှင်းပြတောင်းပန်လို့ကတော့ ကူညီစရာရှိရင် တံခွန်တိုင်တို့က ရှေ့ဆုံးက ကူညီတတ်တာပါ။

"မစိုးရိမ်ပါနဲ့ ဒေါ်ငွေကြယ်စင်၊ ဒေါ်ငွေကြယ်စင်တို့ တက် နေပြီးတော့မှ တိုက်ခန်းနဲ့ ပတ်သက်ပြီး တစ်ခုခု ပြဿနာပေါ်တယ် ဆိုရင် ကျွန်တော့်ကုမ္ပဏီကို လှမ်းသာ အကြောင်းကြားလိုက်ပါ၊ ကျွန်တော်တို့ ကုမ္ပဏီက ဒီလိုမျိုးတွေ လိုက်ပြင်ပေးတဲ့ လက်သမား တွေ၊ ရေပိုက်သမားတွေ၊ မီးသမားတွေ အဆင်သင့်ရှိပါတယ်၊

www.burmeseclassic.com



နေရေးထိုင်ရေးအတွက် ဘာမှစိတ်မပူပါနဲ့တော့၊ အသင့်တက်နေလို့ ရအောင် ကျွန်တော်တို့ဘက်က အားလုံးပြင်ဆင်ပေးပြီးတော့မှ ဒီတိုက်ခန်းတွေကို ရောင်းတာပါ၊ ဒါ. . ကျွန်တော်တို့ အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းရဲ့ ဖြည့်ဆည်းပေးမှုတွေထဲက အဓိကတစ်ချက် ပဲလေ”

အင်မတန်ရန်တွေ့ကောင်းမယ့် သူမရဲ့နှုတ်ခမ်းပါးပါး လေးက အခုတော့ ပြုံးလာတယ်။

အဲ့ဒီလိုနေတုန်း ဘေးနားက မြင့်မိုရ်ပြောလိုက်တဲ့ စကား တစ်ခွန်းက ကျွန်တော့်ခေါင်းထဲ ဒိုင်းကနဲ သွေးတိုးစေတော့တာပဲ။

“ဟုတ်ပါတယ် ဆရာမ၊ အဲ့ဒါတော့ စိတ်ချပါ၊ အကူအညီ လိုတာနဲ့ သူ့ ကုမ္ပဏီဖုန်းဖြစ်ဖြစ်၊ သူ့ဟန်းဖုန်းဖြစ်ဖြစ် လှမ်းသာ ဆက်လိုက်ပါ၊ ဒီကောင်ကြီးက ပါးစပ်ကသာ ဆိုးတာ၊ အရမ်းကူညီ တတ်ပါတယ်၊ ကျွန်တော်တို့အိမ်တွေမှာ တစ်ခုခုပြင်စရာရှိရင်တောင် သူ့ဆီပဲ လှမ်းဆက်ပြီး အလုပ်သမားတွေ ခေါ်နေကျ၊ ပြီးတော့. . . ဆရာမ ဒီတိုက်ခန်း ဝယ်ဖြစ်တယ်ဆိုရင် ပိုတောင် ကောင်းသေး တယ်၊ ဒီကောင့်အိမ်ကလည်း လမ်းလေးဆယ်မှာတင် ဆရာမရဲ့ နီးနီးလေး၊ ဒီလို ဘလောက်မှာပဲ၊ ဆရာမလည်း နယ်က ပြောင်းလာ ခါစ,ဆိုတော့ အိမ်နီးနားချင်း မိတ်ဆွေတစ်ယောက် တိုးတာပေ့ါ၊ ဒီတိုက်ခန်းနဲ့ သူ့အိမ်က လမ်းလျှောက်သွားရင်တောင် ငါးမိနစ် မကြာဘူး”

တော်ပြီလေ. . မိကျောင်းမင်းရဲ့. . ။

အဲ့ဒါတွေ ပြောဖို့မလိုဘူးကွ. . .။ ဘာတွေ လောက္ကတ်ချော်. . . ဖော်လံဖားနေတာလဲ။

ရှည်လိုက်တဲ့. . . လျှာ။

ကျွန်တော့်စိတ်ထဲက မြင့်မိုရ်ကို ကောင်းကောင်းကြီးကျိန်ဆဲပစ်လိုက်တယ်။ ဟိုမိန်းမကလည်း ဘာမှနားမလည်ဘူး။ အံ့အားသင့် ဝမ်းသာတဲ့လေသံနဲ့. . .။

"သြော်. . ဟုတ်လား၊ ဒါဆိုပိုကောင်းတာပေါ့၊ ဒီအိမ်ဝယ်ပေးတဲ့ ပွဲစားကိုယ်တိုင်က ဒီအိမ်နားမှာပဲဆိုတော့ ပြဿနာတစ်ခုခုပေါ်လည်း သူ့ပြေးခေါ်ပြီး ဖြေရှင်းခိုင်းလို့ ရတာပေါ့. . နော်၊ ဟုတ်တယ်မဟုတ်လား ကိုမြင့်မိုရ်"

"ဟုတ်တယ်. .၊ ဟုတ်တယ်. . "

လဲသေလိုက်ပါလား. . .။

ကျွန်တော့်ရဲ့ အတွင်းစိတ်က မျက်နှာအမူအရာမှာပေါ်သွားတယ် ထင်ပါရဲ့။ ဒီမိန်းမရဲ့ ခပ်လောင်လောင် စကားသံကချက်ချင်းထွက်လာတယ်။

"ဟယ်တော့. . .၊ ကိုတံခွန်တိုင်က အားနာပါးနာနဲ့တောင်ဟုတ်ကဲ့. .၊ လာခဲ့ပါ. .၊ ကူညီရမှာပေါ့. . ဘာညာ. .၊ ဟန်ဆောင်စကားလေး ဘာလေး မပြောနိုင်တော့ဘူးလား၊ ဘာလဲ၊ အိမ်နီးနားချင်းကို အိမ်လာလည်ဖို့တောင် မဖိတ်နိုင်တော့ဘူးလား၊ အိမ်ကမိန်းမကို တိုင်ပင်ပြီးတော့မှ ဖိတ်ကြားခွင့် ရှိတယ်ပေါ့. . .၊ ဟုတ်လား"

www.burmeseclassic.com



ကျွန်တော့်မျက်နှာက ပူနွေးတက်လာပြီး ရဲကနဲ ဖြစ်သွားပါလိမ့်မယ်။ အဲ့ဒီအချိန်မှာ မြင့်မိုရ်ကိုလည်း ဘာမှဆက်မပြောဖို့ ကျွန်တော်က မျက်နှာရိပ်မျက်နှာကဲနဲ့ အချက်ပြတာလည်း မမှီလိုက်ပါဘူး။

ဟို. . အောက်သွားမရှိတဲ့ နွားပြာကြီးက ဘယ်သူမှ ရိုက်မစစ်ရပဲ အထုတ် ဖြည်ပြတော့တာပါပဲ။

"ဟာ. . . ဆရာမ၊ ကျွန်တော့်သူငယ်ချင်း တံခွန်ကလည်း လူပျိုကြီးဗျ၊ မစွံလို့တော့ မဟုတ်ဘူးနော်၊ ရွေးနေတာ. . .၊ အဲ့ဒီ လမ်းလေးဆယ်တိုက်ခန်းမှာ သူတစ်ယောက်တည်း နေတာဗျ"

ဒီကောင့်စကားအဆုံးမှာ ကျွန်တော် မြင့်မိုရ်ကို မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်ပစ်လိုက်တယ်။ မြင့်မိုရ်ဆိုတဲ့ အကောင်စုတ်က ရယ်ကျဲကျဲနဲ့ သူ့ဟာသူ ဘာပြောလို့ ဘာပြောမိမှန်းရော သိရဲ့လားမသိဘူး။

သူ့စကားက ဘယ်အတိုင်းအတာထိသွားပြီး ဘယ်လို အဓိပ္ပါယ်ပေါက်သွားတယ်ဆိုတာ နားမလည်ဘူး။

စောစောကတည်းက ကျွန်တော့်အကြောင်းကို ဒီမိန်းမ သိအောင် ပြောထားပါတော့လား။ လူပျိုကြီးဆိုတာ မသိမသာ သတင်းပေးထားပါတော့လား။ ဒါဆို သူမ,လည်း စကားမှားစရာ အကြောင်း မရှိတော့ဘူးပေါ့။

မျက်နှာချင်းဆိုင် ဆုံတွေ့တော့မှ ဒီလိုမျိုးပြောပစ်တာ ဒေါက်ဖြုတ်တယ်လို့ ခေါ်တယ်. . . ငနာလေးရဲ့။

မသိသား. . . ဆိုးရွားတဲ့အကောင်. . .။

ဟိုတစ်ဘက်က ငွေကြယ်စင်ဆိုတဲ့ မိန်းမခများလည်း. . . ပထမတော့ "ဟယ်. . .၊ ဟုတ်လား. . .၊ ကိုတံခွန်တိုင်ကလေ. . ." ဆိုပြီး အံ့ဩသွားတဲ့အသံ အရင်ထွက်လာပေမယ့်. . .။

နောက်တော့ အခြေအနေကို တစ်မျိုးအဓိပ္ပါယ်ဖွင့်ပြီး အရှက်ကြီးရှက်သွားပုံရတယ်။ ဘာသံမှ ထွက်မလာတော့ပဲ မျက်နှာငုံ့ နီမြန်းသွားတော့တာပေါ့။ နှုတ်ခမ်းနှစ်လွှာကလည်း ခပ်ကွေးကွေး တွန့်ပြီး မချိုမချဉ် ပြုံးနေသေးတယ်။

ကျွန်တော့်မှာလည်း အောက်သက်သက်နဲ့ နေရထိုင်ရ ခက်နေတုန်း ဒီငွေကြယ်စင်ဆိုတဲ့ မိန်းမဆီက ရန်တွေ့ကောင်းတဲ့ ခပ်စွာစွာလေသံကို စူးကနဲ ကြားရပါလေရော။

"အံမယ်. . .၊ ကိုတံခွန်တိုင်က သူလည်းလူပျိုကြီးပဲဥစ္စာကို၊ ခုနကလာပြီး သူများကို အဲ့လိုမျိုးရွေးလွှန်းလို့ အပျိုကြီး ဖြစ်ရသလေး . . ဘာလေးနဲ့၊ ဟင်း. . .၊ နောက်ဆိုရင်တော့ ဒါမျိုး လာမပြောနဲ့၊ မရဘူးမှတ်၊ အတူတူနဲ့ အနူနူ၊ အရူးက တစ်မူးပိုရှုချင်လို့ ရမလား၊ လူလည်ကျပြီး ကြောသွားတယ်. . . ကိုတံခွန်က"

ကဲ. . .။ ကျွန်တော်ဘာပြန်ပြောရမလဲ။

ခုနက အသာစီးကနေ နှိပ်ကွပ်ခဲ့သမျှ မြင့်မိုရ်ဖျက်မှပဲ ပျက်တော့တယ်။ ခံရခက်ခက်နဲ့ပဲ ဒီမိန်းမ ပြောသမျှ ခေါင်းငုံ့ ငြိမ်နေလိုက်ရတယ်။

မငြိမ်လို့လည်း မရဘူး။

www.burmeseclassic.com



ဒီလိုမိန်းမရဲ့ ပါးစပ်ကို ကျွန်တော်က ပိုကြောက်တယ်။

နေနှင့်ဦး. . ။ မြင့်မိုရ်ဆိုတဲ့ကောင်ကို နောက်ကျမှ. . . မျက်နှာတည့်တည့် တံထွေးစင်တဲ့အထိ ကလော်တုတ်ရမယ်။

ဒီလောက် နေရခက်နေတဲ့အထဲ ငွေကြယ်စင်ဆိုတဲ့ မိန်းမက တခစ်ခစ်နဲ့ ရယ်သံတွေထွက်လာပြီး. . . ။

"ကျွန်မက ကိုတံခွန်တိုင်ကို စ,တွေ့ခါစက ကလေးနှစ်ယောက် အဖေလောက်ကို အောက်မေ့နေတာ ၊ အခု ကြားရတော့ ယုံတောင်မယုံဘူး"

"ဘာဗျ. . ၊ ခင်ဗျားယုံတာမယုံတာ ကျွန်တော်က ဂရုစိုက်ရမှာလား၊ ကျွန်တော့်ဟာ ကျွန်တော် လူပျိုစစ်စစ်. . . မစစ်စစ်၊ ခင်ဗျားနဲ့ မဆိုင်ပါဘူး"

"မဟုတ်ပါဘူး၊ ကျွန်မက ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး၊ ရှင်ကလည်း ဒေါန. . ချည်းပဲ၊ ကျွန်မဆိုလိုချင်တာက ရှင့်ကိုကြည့်ရတာ ရုပ်ရည်လည်းရှိတယ်၊ စီးပွားရေးလည်း အဆင်ပြေတယ်၊ ဒီအသက်ဒီအရွယ်ထိ မိန်းမ,မယူပဲနေတာ ထူးဆန်းများနေသလားလို့. . . ၊ ကျွန်မက အံ့သြနေတာပါ"

"ဘာမှ အံ့သြစရာမရှိဘူး၊ မယူချင်လို့ မယူတာ၊ ဒီလိုကြေးသာ ပြောရမယ်ဆိုရင် ခင်ဗျားကရော ဘာဖြစ်လို့ ယောကျ်ားမယူသလဲ ဒေါ်ငွေကြယ်စင်ရဲ့"

"ကျွန်မက မိန်းမလေ. . . ၊ ရှင်က ယောကျ်ား၊ တူမှ. . . မတူတာ"

“ဘာဆိုင်လဲ၊ ဘာမှ မဆိုင်ဘူး၊ မိန်းမလည်း တစ်ယောက်တည်း နေချင်တဲ့သူနေမယ်၊ အိမ်ထောင်ပြုချင်တဲ့သူ ပြုမယ်၊ ယောကျ်ားလည်း တစ်ယောက်တည်း နေချင်တဲ့သူနေမယ်၊ အိမ်ထောင်ပြုချင်တဲ့သူ ပြုမယ်၊ အဲ့ဒါ ဘာဆန်းသလဲဗျ”

“ဆန်းတာပေ့ါ၊ လောကကြီးမှာ အပျိုကြီးဦးရေနဲ့ လူပျိုကြီးဦးရေ ဘယ်ဟာက ပိုများလဲ၊ ရှင်သိရဲ့လား၊ အပျိုကြီးဦးရေသာ ပိုများတာရှင့်၊ ကျွန်မ,မှာ နိုင်ငံတကာ စစ်တမ်းကောက်ယူချက်တွေ ရှိတယ်၊ ရှင်ယုံအောင် ကျွန်မ ယူလာပြရဦးမလား”

“ပေါက်ပေါက်ရှာရှာ၊ အဲ့ဒါ ကျွန်တော်က ဘာလုပ် ရမှာလဲ”

“အဲ့ဒါ ယောကျ်ားတွေထက် မိန်းမတွေက လောကကြီးကို တစ်ယောက်တည်း ဖြတ်သန်းဖို့ ပိုပြီးစိတ်ဝင်စားတယ် . . ဆိုတာပေ့ါ၊ ယောကျ်ားတွေကျတော့ သူတို့နားမှာ မိန်းမတစ်ယောက်မရှိပဲနဲ့ လောကကြီးမှာ နေထိုင်တတ်ကြတဲ့ သူတွေ မဟုတ်ဘူးလေ”

သြော်. . . ။

နောက်ဆုံးကျတော့ ဒင်းက ဒါကိုပြောချင်လို့ကိုး။ အခုမှပဲ ကျွန်တော် ရှင်းရှင်းလင်းလင်း သိတော့တယ်။ ဒီမိန်းမ,က ကျွန်တော့်ဟာကျွန်တော် လောကကြီးမှာ တစ်ယောက်တည်း ဖြတ်သန်းနေတာကို ခိုးလိုးခုလု ဖြစ်နေတာကိုး။

ယောကျ်ားတွေဟာ မိန်းမတွေမရှိပဲနဲ့ မနေတတ်ကြဘူး၊ ယောကျ်ားတွေဟာ မိန်းမတွေကို မှီခိုပြီးတော့ပဲ အသက်ရှင်ချင်ကြတယ်. . လို့ တစ်သက်လုံး ယူဆ,ခဲ့တယ်နဲ့ တူပါတယ်။

www.burmeseclassic.com



အဲ့ဒါနဲ့ ကျွန်တော်လည်း သူမ,ကို အနိုင်ယူဖို့ စကား တစ်ခွန်းကို ပိတ်ပြောလိုက်တော့တယ်။

"ဒီမှာ. . . ဒေါ်ငွေကြယ်စင်. . .၊ တခြားယောကျ်ားတွေ တစ်ယောက်တည်း နေတတ်သလား မနေတတ်ဘူးလား ကျွန်တော် မသိဘူး၊ ကျွန်တော်ကတော့ သိပ်နေတတ်တယ်၊ ကဲ. . . ဒါဆို ရှင်းပြီ မဟုတ်လား၊ ခင်ဗျား ဒီကိစ္စကို ဒီမှာတင် ရပ်လိုက်ရင်ကောင်းမယ်၊ ဒီတိုက်ခန်းကို ခင်ဗျားဝယ်ဖို့ ဆုံးဖြတ်ပြီးပြီဆိုရင် ကျွန်တော် တိုက်ခန်းပိုင်ရှင်ဆီ ဖုန်းဆက်လိုက်တော့မယ်၊ ဘယ်လိုလဲ. . .၊ ဆုံးဖြတ်ပြီးပြီလား"

ကျွန်တော့်ရဲ့ ပြတ်တောင်းတောင်း စကားသံကို သူမက လုံးဝ ဂရုမစိုက်တဲ့ဟန်နဲ့ တခစ်ခစ် ရယ်မောနေသေးတယ်။

အဲ့ဒီလို ရယ်မောနေတော့လည်း သူမ,ပုံစံက ဝွခပ်ကျကျ၊ ကပ်တီးကပ်ဖဲ့ အသက်သုံးဆယ်အရွယ် အပျိုကြီးတစ်ယောက်နဲ့ မတူတော့ပြန်။

ဆယ်ကျော်သက် အပျိုဖြန်းကလေးလိုများ သူ့ကိုယ်သူ အောက်မေ့နေလား အသိဘူး။

ရယ်မောနေရင်းကပဲ သူမဆီက စကားသံ ခပ်ရှှင်ရှှင်ကို ကျွန်တော်ထပ်ကြားလိုက်ရတယ်။

"ဒါဆို ယောကျ်ားတွေဟာ ဘဝ,ကို တစ်ယောက်တည်း ဖြတ်သန်းဖို့ မိန်းမတွေလောက် သတ္တိမရှိကြဘူး. . ဆိုတဲ့ အယူအဆ,ကို ရှင်. . လက်ခံတယ်ပေါ့"

www.burmeseclassic.com



"ဒီမှာ. . . ဒေါ်ငွေကြယ်စင်၊ ခင်ဗျားကို ကျွန်တော် အကောင်းဆုံး အကြံဉာဏ်တစ်ခု ပေးလိုက်မယ်၊ ခင်ဗျားရဲ့ အတွင်းစိတ်ထဲမှာ ယောကျ်ားတွေကို အသလွတ် အထင်အမြင် သေးနေသ၍ ခင်ဗျားယောကျ်ား ဘယ်တော့မှ ရမှာမဟုတ်ဘူး"

ကျွန်တော်လည်း အဲ့ဒီလို ဘုပြောလိုက်ရော မြင့်မိုရ်ဆီက "ဟာ. .၊ တံခွန်. . ဟော့ကောင်" ဆိုတဲ့ အားနာထိတ်လန့် သွားတဲ့ လေသံကြီး ပေါ်ထွက်လာပါရော။ ပြီးတော့ ပျာပျာသလဲ သူ့ စာရေးဆရာမ စိတ်ဆိုးမှာ စိုးတာနဲ့ပဲ. . .။

"ဆရာမ၊ ဟို. . ဟို. . ကျွန်တော့်သူငယ်ချင်းက အဲ့လိုပဲ စကားပြောရင် အားမနာ လျှာမကျိုး သိပ်ပြောတတ်တာ၊ စိတ်မဆိုး ပါနဲ့နော်၊ သူကခင်ရင် အဲ့လိုပဲ နောက်တတ်တယ်၊ ဟဲ. . ဟဲ"

သွားတွေကို အစွမ်းကုန် လှစ်ဟ,ပြီး အဲ့ဒီမိန်းမရှေ့မှာ ရယ်မောနေတဲ့ မြင့်မိုရ်က ကျွန်တော့်ဘက်ကျ လှည့်ပြီး အံ တကြိတ်ကြိတ်နဲ့ ဒေါ်ခ်ီးနေတဲ့ပုံ လုပ်ပြတယ်။

ဟိုမိန်းမ,ကတော့ ကျွန်တော် ဒီလောက် ပုတ်ခတ်လိုက်တာ ကိုတောင် မဖြုံတဲ့ပုံစံနဲ့ ပြုံးမဲ့မဲ့မျက်နှာထား တမင်လုပ်လို့. . .။

"ကိုမြင့်မိုရ်သူငယ်ချင်းက ရယ်ရတယ်. . .၊ စကား ပြောတာ နည်းနည်းလေးမှ ဟန်မဆောင်တတ်ဘူးနော်"

"ကျုပ်က ဘာလို့ဟန်ဆောင်ရမှာလဲ၊ ခင်ဗျားတို့ မိန်းမတွေ လို ဝှေ့လည်ကြောင်ပတ် ပြောမနေတတ်ဘူး၊ တည့်တည့်ပဲ"

အဲ့ဒီစကားကိုလည်း ဒီမိန်းမက တခစ်ခစ်နဲ့ ရယ်ပြန်တယ်။

ပြီးတော့ ကျွန်တော့်ဘက်ကို လှည့်လာပြီး ကျွန်တော့် မျက်လုံးထဲ ပြုံးစိစိနဲ့ စိုက်ကြည့်တယ်။

ပြီးတော့မှ. . .။

"ကောင်းပါတယ်၊ ဟန်မဆောင်ပဲ စိတ်ထဲရှိတဲ့အတိုင်း ပြောတော့လည်း ကိုတံခွန်တိုင်ရဲ့ စိတ်ထဲမှာ ဘာဖြစ်နေလဲ ကျွန်မတို့က ချက်ချင်းသိရတာပေါ့၊ ကိုယ် မကျေနပ်တာကို မကျေနပ်သလို ထုတ်ပြောပါ၊ ကျွန်မစိတ်မဆိုးပါဘူး၊ မကျေနပ်တာကို အတင်း အောင့်အီးသည်းခံပြီး စိတ်ထဲမှာတေးမှတ်ထားတဲ့ လူမျိုးကသာ ပိုကြောက်ဖို့ ကောင်းတာ၊ ဒါပေမယ့် ကျွန်မလည်း ရှင့်ကို အကောင်းဆုံး အကြံဉာဏ်တစ်ခုတော့ ပေးလိုက်မယ်ကိုတံခွန်တိုင်"

"ဘာလဲ. . .၊ ဘာအကြံဉာဏ်လဲ. . ."

"ရှင် အဲ့ဒီလို စိတ်ထဲမှာရှိတာ အကုန်ထုတ်ပြောနေသရွေ့ ဘယ်တော့မှ ရှင်မိန်းမ,မရဘူး၊ မိန်းမတွေဟာ ယောကျ်ားတွေဆီက သံသရာအဆက်ဆက် မုသားတွေချည်းသာ ရခဲ့ကြတော့ ယောကျ်ားတစ်ဦးဦးဆီက အမှန်တရားတစ်ခုခုနဲ့ တွေ့တဲ့အခါ လက်ခံဖို့ အဆင်သင့် မဖြစ်သေးဘူး၊ မိန်းမတွေနဲ့ ပတ်သက်လာရင် ရှင်. . . နည်းနည်းတော့ ဟန်ဆောင်တတ်မှ ဖြစ်မယ်"

လဲသေလိုက်. . .။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

www.burmeseclassic.com

အစတုန်းကတော့ လူဆိုတာ. . .
ယောကျ်ားနဲ့မိန်းမ ပေါင်းစပ်ထားတဲ့ သတ္တဝါပါ။
နောက်တော့ ဘုရားသခင်က
သူတို့နှစ်ခုကို ခွဲပစ်လိုက်တဲ့ အတွက်
မိန်းမနဲ့ယောကျ်ားဟာ
တစ်ယောက်ကိုတစ်ယောက်
အမြဲတမ်း. . .
လိုက်လံရှာဖွေနေကြရတော့တယ်။

**(ခေါ်မဒဏ္ဍာရီ)**

www.burmeseclassic.com

## အခန်း (တစ်)

"တွေ့ခဲ့လား. . ဟော့ကောင်တွေ"

ကျွန်တော့်တိုက်ခန်းထဲ ဝင်လာတဲ့ ခူဝံနဲ့မြင့်မိုရ်တို့ရဲ့ ရှုံ့မဲ့မဲ့ မျက်နှာတွေကို မြင်လိုက်ရရုံနဲ့ ကိစ္စက အဆင်မပြေဘူးဆိုတာ သိလိုက်ပေမယ့် သေချာအောင်တော့ မေးလိုက်မိသေးတာ။

ခူဝံက ခေါင်းကို ခပ်သွက်သွက်ခါတယ်။ ပါးစပ်ကလည်း စိတ်ညစ်လာတဲ့ ဟန်နဲ့ "ဟူး. . "ကနဲ သက်ပြင်းတစ်ချက် မှုတ်ထုတ်တယ်။

ကျွန်တော့်တိုက်ခန်း နောက်ဖေးမီးဖိုထဲက အရက်သောက်ဖို့ အမြည်းကြော်နေတဲ့ နေဝန်းနီတစ်ယောက် ကန်ဇွန်းရွက်ကြော်ရယ်၊ မြေပဲလှော်ပန်းကန်ရယ် ကိုင်ပြီး အိမ်ရှေ့ထွက်လာတယ်။ ကျွန်တော်တို့ ပြောနေတာတွေ နားစွန်နားဖျား ကြားပြီး. . ။

www.burmeseclassic.com



"ဟေ့ကောင်တွေ ၊ မင်းတို့ ဘာတွေရှာဖွေလာလို့ ဘာတွေ မတွေ့လာခဲ့တာလဲကွ. . ဟေ"

နေဝန်းနီရဲ့အမေးမှာ ကျွန်တော်တို့ သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်ကြတယ်။

မြင့်မိုရ်က မထူးတော့ပါဘူးကွာ. . . ဆိုတဲ့ အမူအယာနဲ့ ကျွန်တော်နဲ့ဓူဝံကို လက်တစ်ဖက်ယမ်း၊ ခေါင်းတစ်ချက် ဆတ် ပြတယ်။ ဓူဝံက ကျွန်တော့်ကို မျက်စ,ပစ်ပြပြီး "မင်းပြောလိုက်" ဆိုတဲ့ပုံနဲ့ မေးတစ်ချက် ငေ့ါပြပြန်တယ်။

ကျွန်တော်က "မင်းပြောပါလား". . . လို့ ပြန်အော်လိုက်မိ တယ်။ ဟုတ်တယ်လေ. . . ။

ပြဿနာတစ်ခုခုပေါ်ရင် ကျွန်တော့်ပဲ ဒီကောင်တွေ လွှဲချနေကျ။ ဘာအကျင့်မှန်းမသိဘူး။

ကျွန်တော်တို့ အဲ့ဒီလိုလုပ်နေတော့ ဘေးက နေဝန်းခမျာ မနေနိုင်မထိုင်နိုင် လှုပ်ရွလာပြီး. . . ။

"ဟေ့ကောင်တွေ. . . ၊ မင်းတို့ဟာက ပြောမယ့်သာ ပြောစမ်းပါကွာ၊ ဘာသွားရှာလို့ မတွေ့ဘူး ပြောနေကြတာလဲ"

"မင်းမိန်းမ. . . "

"ငါ့မိန်းမ. . . "

နေဝန်းရဲ့ မျက်လုံးအစုံက ပြူးထွက်လာတယ်။ ကျွန်တော် တို့ သုံးယောက်ကလည်း မျက်နှာငယ်လေးတွေလေးနဲ့ ခေါင်းငြိမ့် ပြရတယ်။

www.burmeseclassic.com



နေဝန်းဆီက တရစပ်နဲ့ ဒေါသတကြီး အော်ဟစ်သံတွေ ဆက်တိုက်ထွက်လာတယ်။

"ခွေးသူခိုးတွေ. . .၊ ငါ့မိန်းမကို ဘာကိစ္စ သွားရှာရတာလဲကွ၊ ငါ လုံးဝ ဆက်မပေါင်းနိုင်တော့ပါဘူးဆိုတာ မင်းတို့က သွားရှာရသလား၊ သွားတွေ့ပြီး မင်းတို့က စေ့စပ်ညှိနှိုင်းရေး ဝင်လုပ်မယ်ပေါ့၊ ငါမိန်းမက သူတောင်းပန်ရင် ကျွန်မကျေအေးမယ်. . . ဘာညာ. . . မီးစိမ်းပြတာနဲ့ မင်းတို့က ငါ့ကို ငါ့မိန်းမဆီ သွားခိုင်းပြီး တောင်းပန်လိုက်ပါ၊ အိမ်ထောင် တစ်ခုဆိုတာ တည်ဆောက်ပြီးသား မဖြိုဖျက်ကောင်းဘူး . . . ဘာညာနဲ့ ရွှေပြည်အေးတရားဟောပြီး ပြန်ပေါင်းထုပ်ဇာတ်လမ်း ခင်းခိုင်းမယ်ပေါ့၊ အမျိုးယုတ်တွေ. . .၊ မင်းတို့ကိုမင်းတို့ ကိုဖီအာနန်များ အောက်မေ့နေလား၊ မပေါင်းဘူးကွ၊ ဘယ်တော့မှ မပေါင်းဘူး၊ အစကတည်းက တိကနဲနေအောင် ပြတ်နိုင်လို့ အိမ်ပေါ်ကဆင်းလာတာ၊ နေဝန်းနီဆိုတဲ့ကောင်က လှေကားသုံးထစ်ဆင်းတာနဲ့ လူပျိုဖြစ်တယ်ဆိုတာ ဒီမိန်းမ, သိအောင်တော့ ပြရမယ်၊ အခု တံခွန်တိုင့်အိမ်မှာဆို တစ်နေ့တစ်နေ့ လှေကားထစ်ချည်းပဲ နှစ်ဆယ့်ခြောက်ထစ် နေ့တိုင်း ဆင်းလိုက်တက်လိုက် လုပ်နေတာ၊ လူပျိုဆယ်ခါ ပြန်ဖြစ်နေပြီ"

ကျွန်တော်တို့မှာ သူ့မိန်းမ အေးအေးမော်ကြီးကို ရှာမတွေ့လာရတဲ့အထဲ သူက ဒေါသူပုန်ထ,ပြနေတော့ စိတ်ညစ်ညစ်နဲ့ ငုတ်တုပ်ထိုင်နေရတယ်။

ဘာမှလည်းပြန်မပြောနိုင်တော့ဘူး။

www.burmeseclassic.com



ဒါကို မသာလေးက အလိုက်ကန်းဆိုးမသိပဲ ဆက်'တင်' တယ်။

"ငါနဲ့ ငါ့မိန်းမက ကိုဖီအာနန် ဝင်စေ့စပ်လည်း ဒီက ကောင်က မကျေဘူးဟေ့၊ မကျေဘူး၊ ဂျော့ဘုရှ်က ဗုံးစ,ကြဲတာ မဟုတ်ဘူး၊ ဘင်လာဒင်က စ,စော်ကားလို့. . . လေယာဉ်ပျံနဲ့ လာတိုက်လို့ ဗုံးကြဲပစ်တာ၊ ဘင်လာဒင်က ခြေသလုံးဖက်ပြီး လာတောင်းပန်လည်း ဂျော့ဘုရှ်က ကျေမှာမဟုတ်သလို ငါကလည်း ဒီမိန်းမ ဘယ်လိုတောင်းပန်. . တောင်းပန်. . ကျေမှာမဟုတ်ဘူး၊ ဘင်လာဒင်လို ကောင်မ,မျိုး၊ ဟင်း. . . သိမယ်"

စိတ်ညစ်သွားတဲ့ မူဝံက ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်တယ်။ မြင့်မိုရ်ကြ စပ်ဖြဲဖြဲရယ်သံလေးနဲ့. . .။

"ဘင်လာဒင်ဆိုတာ ကောင်မကြီးလား. . . "လို့ ဝင်နောက်တယ်။ ကျွန်တော်ကလည်း နေဝန်းနီ လေကျယ်နေတာကို အမြင်ကပ်တာနဲ့ပဲ ပြက်လုံးကို ဆက်ပြက်လိုက်တယ်။

"မသိဘူးလေ. . .၊ ငနေက ကောင်မကြီးဆိုတော့လည်း ကောင်မကြီးပဲပေါ့"

"ဟင်. . . ဟုတ်လို့လား၊ ငါ. . . ဓါတ်ပုံထဲမှာ တွေ့တော့ မုတ်ဆိတ်မွေး. . . နှုတ်ခမ်းမွေးတွေနဲ့ပါ"

"အဲ့ဒါ ဟန်ဆောင်ရုပ်ဖျက်ထားတာ နေမှာပေါ့၊ မူဂျာဟေဒင် သူပုန်တွေဆိုတာ ယုံရတာမှ မဟုတ်ပဲ၊ အင်မတန် ဉာဏ်များတာ. . . "

www.burmeseclassic.com



မူဝံကလည်း စိတ်ညစ်နေတာနဲ့ မထူးပါဘူး. . . ဆိုပြီး ဝင်နှောက်တယ်။

"မုတ်ဆိတ်မွေး. . နှုတ်ခမ်းမွေးတွေမပါရင် ဘင်လာဒင်က တော်တော်ချောတဲ့ အမျိုးသမီးကွ၊ ငါ. . . ဓါတ်ပုံထဲမှာ မြင်ဖူးတယ်"

"နေဝန်း. . မိန်းမလောက် ချောလို့လား"

"မအေးအေးမော်ကြီးလောက်တော့ ဘယ်ချောပါ့မလဲကွာ၊ မအေးအေးမော်ကြီးက ကလေးတစ်ယောက်မှ မမွေးရသေးတာ၊ အလတ်ကြီး ရှိသေးတာပေါ့၊ ဘင်လာဒင်က ကလေး ဆယ့်နှစ်ယောက်လောက် မွေးထားတဲ့ဟာ၊ ငှက်ပျောသီးပုပ်လို မည်းခြောက်ပြားကပ်နေပြီပေါ့"

မျက်နှာကြီးစူပုပ်ပြီး ဒေါထ,နေတဲ့ နေဝန်းခမျာ "ခစ်"ခနဲ မအောင့်နိုင်ပဲ ထုတ်ရယ်တော့တယ်။

ပြီးတော့မှ ကျွန်တော်တို့သုံးယောက်လုံးကို ကောင်းကောင်းဆဲတော့တယ်။

"× × × × တွေ. . .၊ ဘာဖြစ်နေတာလဲ. . .၊ ငါ့မိန်းမ နာမည်မပါပဲနဲ့ စကားမပြောတတ်ဘူးလား၊ ချီးမှပဲ"

"အောင်မာ၊ ပါတော့ရော ဘာဖြစ်လဲ၊ ပြတ်ပြီဆို၊ မင်းမိန်းမနဲ့ မင်းနဲ့. . ဘာမှ မဆိုင်တော့ဘူးဆို"

"အေးလေ၊ အခု. . မင်းမိန်းမက မင်းနဲ့ကွဲရင် တစ်ခုလပ်ပေါ့၊ တစ်ခုလပ်ပေမယ့် အရွယ်က ကောင်းတုန်း၊ တောင့်တုန်း. . ဖြောင့်တုန်း"

www.burmeseclassic.com



"စကားပြောရင် ပြတ်ပြီ. . ပြတ်ပြီနဲ့ ထည့်ထည့် မပြောနဲ့ ဟေ့ကောင်. . ငနေ၊ တကယ်ပြတ်ရင်. . မင်းမိန်းမကို ကြံချင်တဲ့ ကောင်တွေ အများကြီးရှိသေးတယ်၊ ငါ လက်တို့လိုက်မှာ"

ကိုနေရဲ့ မျက်နှာကြီးက ရဲကနဲဖြစ်သွားတယ်။

"ခွေးကောင်တွေ၊ ငါ. . . ဒီကန်ဇွန်းရွက်ကြော် ပန်းကန်နဲ့ မျက်ခွက်တွေကို ပစ်ပေါက်လိုက်ရ. . ."

ဟီးဟီးဟဲဟဲနဲ့ ကျွန်တော်တို့သုံးကောင် သူ့လက်ထဲက အမြည်းပန်းကန်တွေ ဝင်ဆွဲလုရတယ်။

"ဟဲ့. . ဟဲ့. . ကောင်လေး. . ဒေါသ,ရှေ့ထား မှားမယ်၊ စိတ်လျှော့. . ."

"ငနေကလည်း. .၊ ဟဲဟဲ. . ငါတို့က အလကားနောက်တာကို"

ကျွန်တော်ကတော့ စပ်ဖြဲဖြဲရုပ်နဲ့ မအီမလည်ဖြစ်နေတဲ့ အဲ့ဒီကောင် နေဝန်းကို သိပ်ကြည့်မရချင်တော့ဘူး။

ဒီကောင် သူ့မိန်းမကို ထိလို့ ဒေါခီးသွားတာ တွေ့တယ် မဟုတ်လား။

အမှန်ကတော့ ပါးစပ်ကသာ တဗျစ်ဗျစ်နဲ့ လူကြား ကောင်းအောင် ဟစ်နေတာ။ ဒီကောင်နေဝန်းနီဟာ သူ့မိန်းမ အေးအေးမော်ကို လုံးဝပြတ်နိုင်တာမဟုတ်ဘူး။ ဒါကို ကျွန်တော်တို့ သိပြီးသား။

ဘယ်ပြတ်နိုင်မလဲဗျာ. . .။

ချစ်လွန်းလို့ မိဘတွေသဘောမတူတဲ့ ကြားထဲက ခိုးပြေးပြီး ပေါင်းလာရတဲ့ မိန်းမပဲဟာ. . ။ ကျွန်တော်တို့ရှေ့မှာ ဟန်ကိုယ်ဖို့လေး နေနေရပေမယ့် ဒီကောင် သူ့မိန်းမသူ ပြန်ပေါင်းထုပ်ချင်နေတယ်ဆိုတာ အသိသာကြီး။

ဒါကြောင့် ကျွန်တော်တို့က မအေးအေးမော်ဆီ ဒီကောင် မသိအောင် အရင်သွား အကဲခတ်၊ ဖြောင်းဖျစရာ ရှိတာ ဖြောင်းဖျ၊ ပြန်စေ့စပ်ပေးမလို့ စုပေါင်းတိုင်ပင်ပြီး အကျိုးဆောင် လိုက်တာ။

ကျွန်တော်က နေဝန်းကို အမြင်ကပ်ကပ်နဲ့ ထ,ဟောက်ပစ်လိုက်တယ်။

"ဟေ့ကောင်. . . ငနေ၊ မင်းမိန်းမကို မင်းတကယ် ပြတ်တာလည်း မဟုတ်ပဲနဲ့၊ မင်းရဲ့ ဗျစ်တောက်ဗျစ်တောက် ပါးစပ်ကြီး ပိတ်ထားစမ်း၊ ငါတို့က မင်းမိန်းမကို သွားရှာတာ ကြားထဲက အားလုံးအဆင်ပြေအောင် လုပ်ပေးမလို့၊ တော်ကြာ အပျက်ပျက်နဲ့ နှာခေါင်းသွေး ထွက်ကုန်မယ်"

"နှာခေါင်းသွေးမက,လို့ နားရွက်ထဲကပဲ ထွက်ထွက်. . ."

"ဟေ့ကောင်၊ မင်းဘုမပြောနဲ့၊ တကယ်ပြတ်တယ် ဆိုရင် မင်း ငါ့အိမ်ရောက်တာ နှစ်ပတ်ကျော်ပြီ၊ ဘယ်မလဲ ကွာရှင်းစာချုပ်၊ ဒီအိမ်ပေါ်ကို စရောက်တုန်းကတော့ မင်းပဲ ကွဲမလေး. . ကွာမလေးနဲ့၊ အခုထက်ထိ ရှူးသလိုပေါသလို ငါ့အိမ်ပေါ် အလကားတက်စားနေတာ. . .၊ သွား. . .၊ ကွဲမှာဖြင့်ကွဲ၊ မကွဲရင် ပြန်ပေါင်း. . .၊ ဒါပဲရှိတယ်"

www.burmeseclassic.com



"ဟော့ကောင်. . . ကွာရှင်းစာချုပ်မလိုဘူးကွ၊ ယောက်ျား ဆိုတာ. . ."

"လိုလိုမလိုလို. .၊ မင်းအခုဘာလုပ်မှာလဲ ငနေ၊ မင်း. . ပါးစပ်ကြီးက ဘယ်လိုဟ,ရင် ဘယ်လိုဆိုတာ ငါတို့အကုန် သိပြီး သား၊ ကဲ. . ပြော၊ မင်းမိန်းမနဲ့ မင်း တကယ် ပြန်မပေါင်းတော့ ဘူးလား၊ တကယ်ပြတ်သလား"

ကျွန်တော်က ခပ်တည်တည်နဲ့ အတည်အပေါက် မေးလိုက်တော့ နေဝန်းနည်းနည်းတော့ ဖြုံသွားပါတယ်။

"အင်း. . . အဲ. . . ငါက. . ."

ကျွန်တော်တို့ သုံးယောက်ဝိုင်းပြီး ဒီကောင့်ကို မျက်ထောင့် နီကြီးတွေနဲ့ စိုက်ကြည့်ပစ်လိုက်ကြတယ်။

နေဝန်းက လေသံကို ဟန်ဆောင်ပန်ဆောင်လေး နည်းနည်းတင်ပြီး. . .။

"ငါကတော့. . . ဒီမိန်းမ ငါ့ကို ခြေသလုံးဖက် ပြန်လာ တောင်းပန်မှ ပေါင်းဖို့စဉ်းစားပေးမှာ"

မူဝံနဲ့မြင့်မိုရ်က ငနေရဲ့စကားကို တဟီးဟီးတဟားဟားနဲ့ ထ,ရယ်ကြတယ်။

"အောင်မယ်လေး. . . မင်းမိန်းမက မင်းကို လာ တောင်းပန်ဖို့ နေနေသာသာ၊ အခု မင်းမိန်းမ ဘယ်နားရောက်နေ မှန်းတောင် မသိလို့ ငါတို့တပ်ခေါက်ပြီးတော့ ပြန်ခဲ့ရတာ. . .၊ သိရဲ့လား. . . ဘဝင်ကောင်ရဲ့"

အင်ပါယာစာပေ

www.burmeseclassic.com



"ဘာကွ. . ."

နေဝန်းမျက်လုံးတွေက ပျာပျာသလဲဖြစ်သွားတယ်။

"ဟုတ်တယ်. . ငနေရေ့၊ ငါတို့က မင်းမိန်းမကို အရင် သွားဖြောင်းဖျမလို့ သွားရှာကြတာပဲ၊ ဘယ်မှာမှ မတွေ့လို့ ပြန်လာကြတာဟ"

"ငါတို့အိမ်မှာ. . သူကပြန်မနေဘူးလား"

"နေမလား. . ငနာလေးရဲ့၊ မင်းတောင် တံခွန်တိုင်အိမ်ကို ဆင်းချလာသေးတာ၊ မင်းအိမ်မှာ မင်းမိန်းမက တစ်ယောက်တည်း နေရဲပါ့မလား. . .၊ စဉ်းစားပြီးတော့ ပြော"

"ဒီမိန်းမ. . သူ့အဖေအမေအိမ် ပြန်နေမှာပေါ့၊ ဒါပဲ. . ရှိတာပဲ၊ မိန်းမတွေ အလုပ်က. . "

ခူဝံနဲ့ မြင့်မိုရ်တို့က အတည်အခန့် ပုံစံနဲ့ စ,ပြောတယ်။

"ရမ်းမပြောနဲ့၊ အခုပဲ ငါတို့နှစ်ယောက် မင်းယောက္ခမအိမ်က ပြန်လာကြတာ၊ မင်းမိန်းမ အဲ့ဒီအိမ်မှာလည်း မရှိဘူး. . မောင်"

"သူတို့ကတော့ မရှိဘူး ပြောလွှတ်မှာပေါ့၊ ငါ့မှ ကြည့်လို့ မရတာ"

"မဟုတ်ဘူးဟေ့၊ သူတို့သမီးကို သူတို့ ဘယ်ရောက်နေမှန်း မသိလို့ ငါတို့တောင် ပြန်မေးနေသေးတာ၊ ငါတို့က ဘယ်သိမှာလဲ လို့ဖြေလို့ မကျေနပ်ကြပဲ ငါတို့ကိုလာပြီး ဓားကြိမ်း ကြိမ်းနေတာနဲ့ မင်းယောက္ခမတွေ တစ်အိမ်လုံးနဲ့ ငါတို့နှစ်ယောက် ရန်ဖြစ်ခဲ့ရသေးတယ်"

www.burmeseclassic.com



"ဘာကွ. . ."

"အခုမှ ဒေါ်ထ,မနေနဲ့ ကိုယ်တော်၊ ငါတို့ တကယ်ပြောနေတာ၊ ငါတို့နှစ်ယောက်လည်း ရောက်သွားရော သူတို့တစ်အိမ်လုံးက သူတို့သမီးဘယ်မလဲ. .၊ သူတို့သမီးဘယ်မှာ ဖွက်ထားလဲ. . ဆိုပြီး စ,ကောတော့တာ၊ ငါတို့နှစ်ယောက်မှာ အူကြောင်ကြောင်နဲ့၊ ခင်ဗျားတို့ ဆေးရုံပေါ်ကနေ တစ်ခါတည်း ဒီအိမ်ကို ခေါ်သွားတယ် မဟုတ်လား. . လို့ မေးတော့ ဘယ်က ဟုတ်ရမှာလဲ. . တဲ့၊ ကိုယ့်အိမ်ကိုယ်ပဲ ပြန်မယ်ဆိုပြီး ပြန်သွားတာ၊ သူတို့က စိတ်ပူလို့ နောက်တစ်ရက် လိုက်ကြည့်တော့ မင်းတို့ နှစ်ယောက်စလုံး ပျောက်နေတာ တွေ့ရတော့တာပဲတဲ့"

"ဒီကောင်မ. . . ဘာအချိုးချိုးတာလဲ"

"ဟေ့ကောင်. . လုပ်မနေနဲ့၊ မင်းမိန်းမက မင်းထက်ပြတ်တယ်၊ မိဘအိမ်ပြန်နေရင် မင်း စိတ်ပြေတဲ့နေ့ လာခေါ်တဲ့အခါ သူ့မိဘတွေက ပြန်ထည့်လွှတ်မှာကို ကြိုသိတယ်. . တွေ့လား၊ အဖေအမေကိုတောင် ဘာမှအသိမပေးပဲ တစ်နေရာရာ သွားရှောင်နေတာ နေမှာပေ့ါ"

"အောင်မာ. . ကြီးကျယ်လိုက်တာ၊ ဒီကောင်မကရော ဘယ်တုန်းက သွားပြန်ခေါ်ဖို့ စိတ်ကူးလို့လဲ၊ ဘယ်တော့မှ စိတ်မကူးဘူး"

"အေး. . မင်းကလည်းတစ်မျောင့်၊ ဟိုမှာ အေးအေးမော်က မင်းကို တော်တော်စိတ်နာနေပုံရတယ်၊ အခု သူဘယ်မှာနေတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး"

www.burmeseclassic.com



"အဲ့ဒါ. . ငါ့ကိစ္စမဟုတ်ဘူး၊ သူ့မိဘတွေ ပူလိမ့်မယ်"

"အောင်မာ. .၊ အေးအေးမော်က မင်းထက်လည်တယ်၊ သူ့မိဘတွေ စိတ်ပူမှာစိုးလို့ ဖုန်းဆက်ပြောတယ်. . တဲ့၊ သူငယ်ချင်း တစ်ယောက်အိမ်မှာ အခု သူနေနေတယ်. . တဲ့၊ ဘယ်မှာလဲဆိုတာ မပြောခဲ့ဘူး. . တဲ့၊ သူ့ယောကျ်ား မင်းလိုက်လာရင် ပြောလိုက်ပါတဲ့၊ ရှာဖို့လည်း မကြိုးစားနဲ့. . တဲ့၊ တောင်းပန်ဖို့လည်း မကြိုးစားနဲ့. . တဲ့၊ သူကလည်း တကယ်ပြတ်ပြီ. . တဲ့၊ အဲ့ဒီလို မှာထားတယ်. . တဲ့"

"မသာမ၊ ဒင်းကိုဒင်း ဘာအောက်မေ့နေလဲ မသိဘူး၊ ဘယ်သူကရော တကယ်မပြတ်လို့လဲ၊ ပြတ်တယ်ဟေ့. .၊ ပြတ်တယ်၊ ပြတ်တာမှ. . . ပြတ်ပြတ်. . . ပြတ်ပြတ်နဲ့တောင် မြည်သေးတယ်"

"မင်းဟာက ခွေးဝဲစား ထမင်းရည်လျက်နေတဲ့ အတိုင်းပဲ"

မြင့်မိုရ်က နှိပ်ကွပ်တာကြောင့် နေဝန်းက ခြေထောက်နဲ့ လှမ်းကန်တယ်။

ကျွန်တော်က စိုးရိမ်စိတ်နဲ့ ဝင်ပြောမိလိုက်သေးတယ်။

"ဟေ့ကောင်. . ကိုနေ၊ မင်းအဲ့ဒီလို သွေးပူနေတုန်း မဆုံးဖြတ်စမ်းပါနဲ့၊ နည်းနည်းပါးပါးတော့ အေးအေးမော် သူငယ်ချင်း တွေအိမ်. . လိုက်စုံစမ်းကြည့်ပါဦး၊ ရှာတွေ့ပြီးမှ သူ့ဘက်က ခါးခါး သီးသီး. . တောင်းပန်လို့ မရတော့ဘူးဆိုရင် ဒါ. . တစ်ကဏ္ဍ စဉ်းစားရမှာလေ၊ မင်း အဲ့ဒီလို ပစ်ထားလိုက်ရင် မိန်းမဆိုတာ အမှတ်သည်းခြေ ကြီးတယ်နော်၊ လုံးဝနာကျည်းသွားတော့မှ မင်း ငါတို့ကို လာငိုမပြနဲ့၊ အခုအချိန်က ချော့ရမယ့်. . အချိန်"

www.burmeseclassic.com



"ချော့ရအောင် ငါမှားတာမှမဟုတ်တာ"

နည်းနည်းတော့ ဒီကောင့်လေသံက ပျော့ပြောင်းလာတယ်။ ဒါပေမယ့် အလျှော့ပေးချင်ပုံတော့ မရသေးဘူး။ အမှန်ကတော့ ယောက်ျားမာနလေးနဲ့ အောက်ကျို့ပြန်ခေါ်ရမှာကို ဒီကောင်ရှက်နေတာ။ ဘာမှမဟုတ်ဘူး။

"အခုကျမှ သူမှားတယ်. . ငါမှားတယ် လွဲချမနေနဲ့တော့ ကိုနေ၊ လင်နဲ့မယား လျှာနဲ့သွား ဒီလိုပဲ သူတစ်ပြန် ကိုယ်တစ်ပြန် ရန်ဖြစ်ခဲ့ပြီးမှ နှစ်ယောက်လုံး မှားကြတာပဲ၊ ခွင့်မလွှတ်နိုင်တဲ့ အမှားမျိုးလည်း မဟုတ်ဘူး၊ ချစ်လို့ယူခဲ့ပြီးမှ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့. . .၊ မင်းတို့ဟာက. . .၊ ဟိုနှစ်ကောင်ကလည်း မြှောက်ပေးမနေနဲ့၊ သူများအိမ်ထောင်ရေး ဖျက်လိုဖျက်ဆီးလုပ်ရင် ဘယ်လောက် ငရဲကြီးသလဲ မသိဘူးလား၊ ကွာချင်ရင် ကိုယ့်မိန်းမကိုယ် အရင်ကွာပစ်ကြ"

"ဟ. . .၊ အသလွတ် ငါတို့ကို လာဟောက်နေတယ်၊ ဒီကောင်"

"အသလွတ်ဟောက်နေတာ မဟုတ်ဘူး၊ မင်းတို့တွေ ဒီကောင့်ကို မီးလောင်ရာလေပင့်မနေနဲ့၊ ဒီနေ့ကစ,ပြီး မအေးအေးမော် ဘယ်သူငယ်ချင်းအိမ်မှာ နေနေတယ်ဆိုတာ ဝိုင်းစုံစမ်းကြ၊ ဒါပဲ"

"သြော်. . ပုန်းနေတဲ့သူကို လိုက်ရှာနေလို့ကတော့ မောရုံပဲရှိမှာပေါ့ကွ"

"အေးလေ. .၊ ငါ့အထင်တော့ နေဝန်းရဲ့ ယောက္ခမတွေက သူတို့သမီးဘယ်မှာ ရှိတယ်ဆိုတယ်သိရဲ့သားနဲ့ ငါတို့ကို မုန်လာဥ လုပ်လွှတ်လိုက်သလားလို့၊ ဒီကောင်လာခေါ်ရင် ပြန်ပါသွားမှာ စိုးလို့လေ၊ အစ,ကတည်းက သဘောမှ မတူတာ"

အဲ့ဒီမှာ ကိုယ့်မိန်းမကိုယ် မကျေနပ်နေတဲ့ နေဝန်းဆိုတဲ့ ကောင် ထ,ဘုပြောတော့တာပေါ့။

"သိပ်ဖြစ်နိုင်တာပေါ့၊ ဒင်းအမျိုးတွေက ဒင်းလိုပဲ ကလိမ်ကကျစ်တွေ ဥစ္စာ၊ သူတို့သမီးကို ငါနဲ့ ခွဲပစ်ချင်နေတာ အတော်ပဲဆိုပြီး ဖွက်ထားတာ နေမှာပေါ့"

ကျွန်တော်ဒေါသထွက်လာပြီး အကုန်လုံးကို ကလော်တုတ်လိုက်မိတယ်။

"တော်ကြစမ်းပါကွ. . ခွေးသူတောင်စားလေးတွေရဲ့၊ သူတို့သမီး ဖွက်ထားလို့လည်း ဘာအကျိုးရှိမလဲဟ၊ အိမ်ထောင်ကျတာပဲ ခုနစ်နှစ်. . . ရှစ်နှစ်၊ သူတို့သမီးနဲ့ မင်းနဲ့ ခွဲလိုက်လို့ သူတို့သမီးက အပျိုပြန်ဖြစ်မှာ မို့လို့လား အရူးရဲ့၊ နည်းနည်းလောက် ဦးနှောက်သုံးပြီး စဉ်းစားကြ၊ အေးအေးမော် တကယ်ပျောက်နေလို့သာ မင်းတို့သွားတော့ ငါ့တို့သမီး ဘယ်မလဲလို့ စ,မေးတာပေါ့ဟ. . ."

"ဒါတော့ ကျွန်တော်မျိုးလည်း မလျှောက်တတ်ပါ ဘုရား"

"အေးလေ၊ ငါတို့က စေတနာနဲ့ သူတို့လင်မယားကြားဝင်ပြီးတော့လည်း အောင်သွယ်ရသေးတယ်၊ အပြောခံရတာကျ ငါတို့. . ."

www.burmeseclassic.com



"ငါတို့ နှစ်ယောက်ကို ဒီကောင့်ယောက္ခမတွေ၊ မရီးတွေ ယောက်ဖတွေက ဝိုင်းရန်တွေ့ လွှတ်လိုက်တာများဆို ရစရာမရှိဘူး၊ မင်းတို့ပဲနေမှာ. . နေဝန်းနီကို ဝိုင်းမြှောက်ပေးနေတာ. . တဲ့၊ အရင်က သူ့မိန်းမသူ လက်ဖျားနဲ့တောင် ထိရဲတာမဟုတ်ဘူး. . တဲ့၊ အခု ငါတို့သမီးက ဒင်းကိုကြောက်လို့ အတွေ့တောင် မခံတော့ဘူး . . တဲ့၊ အဲ့ဒါ ကိုယ့်ပြဿနာ ကိုယ်ရှင်းကြ. . တဲ့၊ ကိုယ့်မိန်းမကိုယ် လိုက်ရှာ. . လို့ ဒီကောင့်ကို ပြောလိုက်. . တဲ့ "

"အေး. . .၊ အဲ့ဒါ မင်းယောက္ခမတွေက အခု ဒီကောင် ဘယ်မလဲ. . တဲ့၊ သူ့အပြစ်သူကြောက်ပြီး ဘယ်မှာ ပုန်းနေလဲ. . တဲ့၊ မင်းကိုမေးတယ်၊ ငါတို့ကလည်း မင်းမိန်းမအမျိုးတွေကို အော့နှလုံး နာနေတာနဲ့ ဘယ်သိမလဲ. . ကျွန်တော်တို့က သူလွှတ်လို့ လာတာ မဟုတ်ဘူး၊ နေဝန်းနီလည်း အခု ဘယ်မှာသွားနေနေတယ်. . . ဆိုတာ ကျွန်တော်တို့ မသိဘူး၊ တွေ့ချင်ရင် ကိုယ့်ယောက်ျား ကိုယ် လိုက်ရှာကြ. . လို့ ပြန်ကော ထွက်လာလိုက်တယ်၊ ပြီးရော"

"ကောင်းတယ်"

နေဝန်းနီဆိုတဲ့ ကောင်ကလည်း နောက်ဘာဖြစ်လာမယ် မသိဘူး။ စွတ်ထောက်ခံနေတော့တာပဲ။

ကျွန်တော်ကတော့ စိတ်ညစ်ညစ်နဲ့ အကုန်လုံးကို သိမ်းကျုံး အော်ထုတ်လိုက်မိတယ်။

"အေး. . ကောင်းကြ၊ မင်းတို့ပဲကောင်းကြ၊ စေ့စပ် ညှိနှိုင်းပေးဖို့ လွှတ်လိုက်ပါတယ်၊ မင်းတို့နှစ်ကောင်က ရန်တိုက်ပြီး

www.burmeseclassic.com



ပြန်လာကြတယ်၊ ကောင်းကြသေးရဲ့လား”

“ဒါတွေ အားလုံးမင်းအကြံတွေချည်းပဲ တံခွန်၊ ကဲ. . အခု ဘာဆက်လုပ်ကြမလဲ၊ မင်းပဲပြော”

တွေ့လား. . .။ တစ်ခုခု အခက်ကြုံလာတော့ ကျွန်တော့် ခေါင်းပေါ် ပုံချကြတော့တာပဲ။

“သေပါလား. . လဒ,တွေလေးရဲ့၊ ဘာအခုမှ အဖေ့. . လာတ,နေရတာလဲ၊ ဘာဆက်လုပ်ရမလဲ၊ ဟုတ်လား၊ ကဲ. . . အဖေပြောတာ အားလုံးနားထောင်၊ ဒီကောင့်မိန်းမကို ကိုယ့် မိန်းမလို သဘောထားပြီး အားလုံး ဝိုင်းရှာကြ. . .၊ ဒါပဲ”

ကျွန်တော့်အမိန့်ပေးသံ ခပ်ပြတ်ပြတ်ကြောင့် နေဝန်းနီ ခမျာ ငိုရအခက် ရယ်ရအခက်. . .၊ မအီမလည် ပြီတီတီရုပ်ကြီး ဖြစ်သွားရှာပါတယ်။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (နှစ်)

အခြေအနေကတော့ သိပ်မကောင်းပါဘူး။

ရှာသာ ရှာရတယ်။ ပုန်းနေတဲ့သူက လုံအောင်ပုန်းနေမှတော့ ရှာတဲ့သူပဲ မောရုံရှိတာပေါ့။

နေဝန်းကတော့ သူမှတ်မိသမျှ သူ့မိန်းမရဲ့ မိတ်ဆွေသူငယ်ချင်း လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ စုဆောင်းပေးပါတယ်။ သူကိုယ်တိုင်လည်း ဖုန်းဆက်သင့်တဲ့အိမ် ကိုယ်တိုင်ဖုန်းဆက်၊ လိုက်သွားပြီး ကိုယ်တိုင်မေးသင့်တဲ့ အိမ်ကို မေး. . ၊ တော်တော်လေး စုံနေပြီ။

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်ကလည်း နေဝန်း မသွားချင် မမေးချင်တဲ့ သူ့မိန်းမအမျိုးတွေရဲ့ အိမ်ကို ဖုန်းလိုက်ဆက် လိုက်မေးပေးရတယ်။

www.burmeseclassic.com



အားလုံးကတော့ "ဘူး" တစ်လုံးနဲ့ပဲ ခံငြင်းနေတော့တာပဲ လေ။ တကယ်လည်း အဲ့ဒီအိမ်တွေကို မအေးအေးမော် တစ်ယောက် ရောက်မလာဘူးဆိုတာ ကျွန်တော်တို့သိပါတယ်။

သူ့ယောက်ျား မသိအောင် ခြေရာဖျောက် ရှောင်ပုန်း နေပါတယ်ဆိုမှ သူ့ယောက်ျားမသိနိုင်တဲ့ အိမ်တစ်အိမ်မှာပဲ ရောက်နေမှာပေါ့။ အသိသာကြီးပဲ ဥစ္စာ။

ဒီလိုမျိုး လိုက်မေး၊ လိုက်စုံစမ်းလို့ ရှာတွေ့နိုင်မယ့် နေရာ မျိုးမှာ ဘယ်ထိုင်စောင့်နေပါ့မလဲ။

ကျွန်တော်တို့ လိုက်ရှာ၊ လိုက်မေးမိတဲ့ ဆွေမျိုးသူငယ်ချင်း အိမ်တွေဆိုရင် တချို့က တအံ့တသြနဲ့ နေဝန်းတို့ လင်မယား ရန်ဖြစ်ကြတဲ့ အကြောင်းကို ပြန်မေးနေကြသေးတယ်။

"ဟော့တော်. . ၊ အေးအေးမော် အိမ်က ဆင်းသွားတယ်၊ ပြောပါဦး. . ၊ ဘယ်လိုက ဘယ်လို ဖြစ်ကြတာတုန်း၊ ကိုနေဝန်းနီက လိုက်မချော့ဘူးလား"

"သတင်းသဲ့သဲ့တော့ ကြားလိုက်သား၊ မမော်က ဆေးရုံ တောင် တက်လိုက်ရသေးဆို၊ ဒါတော့ ကိုနေဝန်းကြီးက ရက်စက် လွန်းအားကြီးပါတယ်၊ ချစ်လို့ယူထားတဲ့ မိန်းမပဲဥစ္စာ၊ ဒီလောက်ထိ တော့ မလုပ်သင့်ပါဘူး"

"ဟဲ့. . အကောင်တွေ၊ ဒင်းက ဘယ်လောက်တောင် လုပ် လွှတ်လိုက်လို့ ဒင်းမိန်းမက ဘာမပြောညာမပြော အိမ်ကဆင်းသွား ရတာလဲ. . ဟဲ့၊ မထိတ်သာ မလန့်သာ ရှိလိုက်တာ၊ ပြောစမ်းပါဦး"

www.burmeseclassic.com



"အို. . လိုက်ရှာမနေနဲ့၊ မိန်းမဆိုတာ ချစ်စရာရှိရင် ပိုချစ်တယ်၊ နာစရာရှိရင် ပိုနာတတ်တယ်မှတ်၊ သူ့မိန်းမက သူ့ကို တကယ်ပြတ်လို့ ဒီလိုလုပ်ချသွားတာ၊ စိတ်လျှော့လိုက်တော့၊ ဒီကိုလည်း မလာဘူး၊ လာလည်း မပြောပြဘူး"

"ဘယ်နှယ့်. . သူများလင်မယားကြားထဲ ကျုပ်တို့ ရှုပ်ရှုပ်ယှက်ယှက် ဝင်မပါတတ်ပါဘူး၊ ခေါ်လည်းမထားဘူး၊ လာလည်း လက်မခံနိုင်ဘူး ၊ အိမ်က ဟာကြီးတောင် ဘယ်လိုနှင်ချရင် ကောင်းမလဲ စဉ်းစားနေတာ"

အဲ့ဒီလို ဘုဘောက်ပြောလွှတ်တာ၊ အထင်နဲ့ ရမ်းသမ်းမှန်းတုတ်တာတွေ ရှိသလို. . .။

တချို့ကျတော့လည်း. . .။

စိတ်ကောင်းစေတနာကောင်းနဲ့ ဂရုတစိုက် ဖြေကြားကြ၊ ဝင်ပြီး ကိုယ်ချင်းစာကြ. . .။ အေးအေးမော် ရောက်လာရင် အကြောင်းကြားပါ့မယ်၊ စိတ်ချပါ၊ ဝိုင်းပြီးတော့လည်း ဖြောင်းဖျပေးပါ့မယ်၊ ဖုန်းနံပါတ်ကလေးသာ ထားခဲ့ပါ၊ ကျွန်တော် ကျွန်မတို့ ဖုန်းဆက် ပြောပါ့မယ်. . . စ,သဖြင့် ကူညီကြတဲ့ လူတွေလည်း ရှိပါတယ်။

နောက်ဆုံးတော့ လိုက်မေးသင့်တဲ့ လူတွေလည်း ကုန်သလောက်. . ရှိ၊ ဆွေမျိုးတွေလည်း စုံသလောက် ရှိတဲ့အထိ ကျွန်တော်တို့ အားလုံးမှာ နေဝန်းမိန်းမကို ရှာမတွေ့ကြတော့ နေဝန်းနီဆိုတဲ့ကောင် ဒေါခီးခီးနဲ့ ပေါက်ကွဲပါလေရော။

www.burmeseclassic.com



"ဒီကောင်မ,လုပ်ပုံ ဟုတ်ကိုမဟုတ်သေးဘူး၊ အခုတော့ ငါတို့ ကိစ္စက တစ်ဆွေတစ်မျိုးလုံး၊ အပေါင်းအသင်းတွေ အကုန်လုံး ကြားမှာ အထုပ်လိုက်ဖြေပြသလို အရှက်ကြီး ဗျန်းဗျန်းကွဲတာပဲ အဖတ်တင်တယ်၊ တော်ပြီ၊ ဆက်မရှာနဲ့တော့၊ ဒီလောက်တောင် ဖြစ်လှတာ မှတ်လောက်သားလောက်အောင်ကို ပစ်ထားဦးမယ်၊ နေပစေ. . ."

ပြောမယ့်သာ ပြောနေတာ။ ဒေါသသံထဲမှာ နေဝန်းရဲ့ လေသံက ယိုင်ယဲ့ယဲ့ တုန်ရီရီရယ်။

ဒီကောင်. . အမှန်တော့ သူ့မိန်းမသူ ရှာမတွေ့လို့ စိတ်ပူစ, ပြုနေပါပြီ။ တကယ်ပဲ သူ့မိန်းမက သူ့ကိုပစ်သွားပြီလား။ တကယ်ပဲ သူ့အပေါ် စိတ်နာသွားပြီလား။ အတွင်းစိတ်က နည်းနည်းတော့ တုန်လှုပ်နေပြီဆိုတာ ကျွန်တော်တို့ သိတာပေါ့။ အချင်းချင်းတွေပဲ။

ပေါင်းတာ နှစ်ချို့နေပြီ။ ကျွန်တော်တို့ရှေ့မှာ ယောကျ်ား သိက္ခာ ကျမှာစိုးလို့ ဟန်ဆောင်ပန်ဆောင် တင်းပြနေတာ။

ဒါကိုသိလို့ ကျွန်တော်ကလည်း သူ့ရှေ့မှာ အိုက်တင်နဲ့ မသိမသာ စကားလမ်းကြောင်းပေးလိုက်တယ်။

"ဟေ့ကောင်. . ကိုနေ၊ မင်းမိန်းမက မင်းကို ရှောင်နေတာမှ ဟုတ်ရဲ့လားကွာ၊ မတော်တဆ. . ."

ကျွန်တော်ဒါပဲ ပြောရပါသေးတယ်။

မျက်နှာကြီး နီရဲပျက်ယွင်းနေတဲ့ နေဝန်းနီဆီက အသံ စူးစူးဟာ ထိတ်လန့်တကြား ထွက်လာတာပေါ့။

www.burmeseclassic.com



"ဟော့ကောင်တွေ. . မင်းတို့ ဆေးရုံနဲ့ ရဲစခန်းကို သွားစုံစမ်းပြီးပြီလား"

ကျွန်တော်တို့ သုံးယောက်လုံး ဒီကောင့်ကို ခပ်ချဉ်ချဉ်နဲ့ ပြိုင်တူ ပြန်မေးလိုက်မိတယ်။

"ဒါပဲလား"

ငနေ ရုတ်တရက် ကြောင်သွားတယ်။ ပြီးတော့မှ. . ထ,အော်တယ်။

"ဟော့ကောင်တွေ. . ., သီလရှင်ကျောင်းနဲ့ ရိပ်သာတွေကိုပါ သွားစုံစမ်းကြ. . ."

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (သုံး)

"ချီးတဲ့မှပဲ. . .၊ ငါမလိုက်ဘူး၊ မင်းဟာမင်းသွား"

ကျွန်တော်က လေသံတိုးတိုးနဲ့ မြင့်မိုရ်ကို ကျိတ်အော်လိုက်တယ်။ မြင့်မိုရ်ကလည်း ကျွန်တော့်ကို နှစ်ကိုယ်စာ ကြားရုံခပ်တိုးတိုး ပြန်အော်တယ်။

"ဘာဖြစ်နေတာလဲ. . .၊ ဟိုက မင်းကိုပါ သေသေချာချာ ဖိတ်လိုက်တဲ့ဟာ"

ကျွန်တော် ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်မိတယ်။

"ရှုပ်ရှုပ်ယှက်ယှက်၊ ငါနဲ့က အခုမှသိကြတာ၊ ဘာကိစ္စ. . . ဒီမိန်းမက လာဖိတ်နေရတာလဲ"

www.burmeseclassic.com



"ဪ. . . ဒီတိုက်ခန်းက မင်းရှာပေးလို့ ရတာတဲ့၊ သူ့စိတ်ကြိုက် တိုက်ခန်းကို ရအောင် စိတ်ရှည်ရှည်နဲ့ ရှာပေးတဲ့အတွက် မင်းကျေးဇူး သူ့အပေါ်မှာ ရှိပါတယ်တဲ့၊ ဒါကြောင့် ဒီတိုက်ခန်းမှာ အိမ်တက်ပွဲ လုပ်တော့ ကိုတံခွန်တိုင်ကိုပါ ခေါ်ခဲ့ပါတဲ့၊ ငါ့ကို သေသေချာချာ မှာလိုက်တာ"

"ကျေးဇူးတင်ခံချင်လို့ ရှာပေးတာမဟုတ်ဘူး၊ မင်း အကူအညီတောင်းလို့ ငါက လုပ်ပေးတာ"

"ဒါတော့. . ဒါပေါ့ဟ၊ ဒါပေမယ့် သူက လိုလိုလားလားနဲ့ မင်းကို ဖိတ်လိုက်တဲ့ဥစ္စာ. . တံခွန်ရာ၊ မင်း. . စကားပြောတာ လက်ပေါက်ကပ်လိုက်တာ၊ ဒီပွဲကိုတက်ရလို့ မင်း ဘာဖြစ်သွားမှာ မို့လို့လဲ"

"ဒီမိန်းမနဲ့ ငါ မိတ်ဆွေမဖြစ်ချင်လို့ ရှင်းလား. . ၊ သူ့ အိမ်မှာ သူကျွေးတာ တက်စားရင် သူနဲ့ အာလာပသလ္လာပ စကား ပြောရဦးမယ်၊ နောက်. . လမ်းတွေ့ရင် ခေါ်ရပြောရ. . နှုတ်ဆက် ရဦးမယ်၊ အလုပ်ရှုပ်တယ်၊ ငါ. . . ဒီမိန်းမနဲ့ ကင်းကင်းနေချင် တယ်"

"မင်းက ဘာဖြစ်နေတာလဲ၊ ဒီမိန်းမနဲ့ စကားပြောရမှာပဲ တီ. . ဆားနဲ့ တို့သလို၊ ဘာကို ကြောက်နေတာလဲ"

"အောင်မာ. . . ဘာမှ မကြောက်ဘူး"

"မကြောက်ရင်လိုက်ခဲ့. . . သူ့အိမ်တက်ကို. . . "

"မလိုက်ဘူးကွာ"

www.burmeseclassic.com



ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ရန်ဖြစ်နေတဲ့ ကျွန်တော်တို့ နှစ်ယောက်စကားတွေကို တစ်စွန်းတစ်စ, ကြားသွားတဲ့ မူဝံနဲ့ နေဝန်းတို့က စကားဝိုင်းထဲ ဝင်ရောတယ်။

"ဟေ့ကောင်တွေ ဘာဖြစ်နေတာလဲ"

ကျွန်တော်က ပိတ်ပြောလိုက်တယ်။

"ဘာမှမဖြစ်ဘူး"

"အောင်မာ. . ငါတို့ကို လာမလိမ်နဲ့၊ မင်းတို့နှစ်ကောင် မျက်နှာ မအီမလည်တွေဖြစ်နေတာ၊ သိသာကြီးကို"

"အေးလေ၊ ကြားလိုက်ပါတယ်၊ မြင့်မိုရ်က ဘယ်ကိုအတင်း ခေါ်နေလို့ တံခွန်က မလိုက်ဘူးငြင်းနေတာလဲ၊ ဟေ့ကောင်တွေ၊ လျှိုမထားကြေးနော်၊ ဘယ်ကိုလဲ ၊ ဘယ်အချိန်လဲ၊ ဒီညလား. . "

မြင့်မိုရ်က စိတ်ရှုပ်သွားတဲ့ဟန်နဲ့ "ဟာ. . . "ကနဲ အော်ပြီး ဒီကောင်တွေကို မောင်းထုတ်တယ်။

"သွားစမ်းပါကွာ. . .၊ ဒီမှာ တံခွန်တိုင်ကို ပြောမရလို့ စိတ်ညစ်နေရတဲ့ အထဲ၊ မင်းတို့က တစ်မျောင့်"

"တံခွန်တိုင်ကို ခေါ်လို့လုံးဝမရတဲ့ နေရာဆိုရင် ဘာမှ မဟုတ်ဘူး၊ အဲ့ဒါ အပျိုကြီးတစ်ယောက်ယောက် ရှိတဲ့နေရာပဲ ဖြစ်လိမ့်မယ်"

စကားအဆုံးမှာ သူတို့သုံးယောက်လုံး ဝါးကနဲ ကျွန်တော့်ကို ဝိုင်းရယ်ကြတယ်။

"xxxxx . . ."

ကျွန်တော် ကောက်ဆဲလိုက်တယ်။

"ဘာလဲ. .၊ မှန်နေပြီမဟုတ်လား"

"ဟေ့ကောင်. . မြင့်မိုရ်၊ သူ့ကို ဘယ်ကအပျိုကြီးနဲ့ စပ်နေတာလဲ၊ ငါတို့ကိုပါ ပြောဦး၊ ဝိုင်းပြီး အောင်သွယ်ပေးမယ်"

ကျွန်တော် ဒေါသထွက်လွန်းလို့ ဒီကောင်တွေကို ခြေထောက်နဲ့ လိုက်ပိတ်ကန်ပစ်တယ်။

ဒါလည်း မြင့်မိုရ်ပါးစပ်ကြီးက ရယ်ကျဲကျဲနဲ့ မပိတ်သေး ဘူး။ ထပ်ပြောတယ်။

"ဘာမှ အောင်သွယ်ဖို့ မဟုတ်ဘူးဟေ့. .၊ ငါ့ စာအုပ်တိုက်က စာရေးဆရာမ အပျိုကြီးက အိမ်တက်မင်္ဂလာ လုပ်တယ်၊ အဲ့ဒီ အိမ်ကိုဝယ်တုန်းက ဒီကောင် ပွဲစားလုပ်ထားလို့ သူ့ကိုပါဖိတ်တယ်၊ အဲ့ဒါကို ဒီကောင်က ခါးခါးသီးသီးငြင်းနေတာ၊ ဟိုက သူ့ကို ကိုက်စားမှာ ကျနေတာပဲ"

"ကိုက်စားတာထက်ဆိုးတယ်"

"ဘာကွ. . ."

"ဟုတ်တယ်၊ ဒီမိန်းမ, ပါးစပ်က ထွက်သမျှ စကားတွေက ကြီးကြီးကျယ်ကျယ်တွေချည်းပဲ၊ ငါလုံးဝ သည်းမခံနိုင်ဘူး၊ ပြောလိုက်ရင် ယောကျ်ားတွေကို နည်းနည်းလေးပဲ ဖြစ်ဖြစ် စော်ကားလိုက်ရမှ၊ ထေ့ငေါ့လိုက်ရမှ၊ သူနဲ့ စကားပြောရင် တစ်ခွန်းမှာတစ်ခွန်း ရန်ဖြစ်နေရတဲ့ ဥစ္စာ၊ ငါက သူ့အိမ်ပေါ် တက်စားရဦးမှာလား၊ ဘယ်လိုမှ ငါနဲ့ မျက်နှာကြော မတည့်တဲ့မိန်းမ. . ."

"ဩော်. . . ဒီလိုကိုး. . . "

ဓူဝံနဲ့ နေဝန်းတို့ နှစ်ကောင် သဘောပေါက်သွားကြတယ်။ ဒါပေမယ့် မြင့်မိုရ်ဆိုတဲ့ကောင်က မကျေနပ်ဘူး။

"ဒါပေမယ့်. . . မင်းဆိုတဲ့ကောင်ကလည်း မိန်းမတွေကို နည်းနည်းလေးမှ အကောင်းမပြောပါဘူး၊ ဘဲစားဘဲချေပဲ ဥစ္စာ၊ အဲ့ဒါဘာထူးလဲ"

"အကောင်းမပြောတာ မကောင်းလို့ပေါ့ကွ၊ ရှင်းနေတာပဲ"

"ဒါဆိုလည်း သူ့အိမ်တက်ကို လိုက်ခဲ့ပေါ့ကွ၊ သူပြော ကိုယ်ပြောပေါ့၊ သူကယောကျ်ားတွေ မကောင်းကြောင်း ပြောရင် မင်းက မိန်းမတွေ မကောင်းကြောင်း ပြန်ပြောပေါ့၊ အဲ့ဒါများ. . . "

မြင့်မိုရ်က အဲ့ဒီလိုလည်းပြောရော ဟိုနှစ်ကောင်ကပါ ကျွန်တော့်ကို ဝိုင်းပြီး ဘေးတီးကြတယ်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ တံခွန်. . လိုက်သွား ဟေ့ကောင်၊ အညံ့မခံနဲ့၊ မင်းကဘာလို့ သူပြောတာ ငြိမ်ခံနေရမှာလဲ၊ ငါတို့ ယောကျ်ားတွေဘက်က ကာကွယ်ပြီးပြောဖို့ မင်းမှာတာဝန် အပြည့် ရှိတယ်၊ လိုက်သွား"

"ဟုတ်သားပဲ၊ ငါတောင်မှ ဒီမိန်းမကို မြင်ဖူးအောင် လိုက်သွားကြည့်ချင်သေးတယ်၊ ယောကျ်ားတွေကိုများ ဒင်းက ဘာကိစ္စ စော်ကားမော်ကား ပြောချင်နေရတာလဲ၊ ရတာမလို လိုတာမရလို့ စိတ်နာနာနဲ့ ယောကျ်ားတွေကို ဖွဲ့နေတာ နေမှာပေါ့၊ ဟေ့ကောင်. . တံခွန်၊ အလျှော့မပေးနဲ့၊ သူတစ်ခွန်း ပြော. . . ၊

www.burmeseclassic.com


ကိုယ်တစ်ခွန်း ပြန်ပက်ပေါ့”

“ဟော့ကောင်တွေ၊ ငါ့ကိုလာပြီး အချွန်နဲ့ မ,မနေနဲ့၊ နေဝန်း. . .၊ မင်းမိန်းမ, မင်း မကျေနပ်တာနဲ့ ငါ့ကို မိန်းမထုကြီး တစ်ရပ်လုံးနဲ့ ရန်တိုက်ပေးဖို့ မကြိုးစားပါနဲ့”

မြင့်မိုရ်က ခေါင်းကို ခပ်သွက်သွက်ခါတယ်။

“ဟော့ကောင်. . . တံခွန်၊ မင်းက အဲ့ဒီလို သူနဲ့မတွေ့အောင် ရှောင်နေတော့ သူ့ကို အရှုံးပေးရာကျတယ်၊ ဒီမိန်းမပြောတဲ့ စကားတွေကို နိုင်အောင် ပြန်မပြောနိုင်ဘူးလား၊ ဘာလဲ. .၊ မင်း သူ့ကို ကြောက်သလား”

“အောင်မာ. .၊ ဘာလို့ ကြောက်ရမှာလဲ၊ ဝေးသေး”

“ဒါဖြင့် သူနဲ့တွေ့ဖို့ ဘာကိစ္စ မင်းက ရှောင်နေတာလဲ”

“မရှောင်ပါဘူး”

“မရှောင်ရင် လိုက်ခဲ့၊ သူ့အိမ်တက်ပွဲကို. . . ”

“သြော်. . ဟိုကျတော့ သူက ငါ့ရှေ့မှာ ယောကျ်ားတွေကို ချိုးဖဲ့ပြောရင် ငါက နေနိုင်မှာမဟုတ်ဘူး၊ စကားပြောရင်လည်း ဒီမိန်းမက အမြဲအစွန်းထွက်အောင် ပြောတတ်ပါဘိသနဲ့၊ သူ ပြောတိုင်း ငါက လိုက်ရန်တွေ့နေရရင် နှုတ်သီးကောင်းလှှာပါး မိန်းမ, ဆန်လိုက်တာလို့ ပြောဦးမယ်၊ ဘယ်ဘက်ကမှ မလွတ်ဘူး”

“သြော်. . .၊ ယောကျ်ားတွေမှာလည်း ပါးစပ်ကြီးနဲ့ပဲဥစ္စာ၊ ပြန်ပြောတော့ ဘာဖြစ်လဲ၊ သူပြောလို့ ကိုယ်ပြောတာပဲလေ. . .၊ မင်းအလွန်မှ မဟုတ်တာ”

www.burmeseclassic.com


ဒီကိစ္စက တော်တော်နဲ့ကို ပြီးမှာမဟုတ်ဘူး။ မြင့်မိုရ်ဆိုတဲ့ ကောင်ကလည်း လုံးဝ ဖွဲ့မလျှော့ဘူး။ ဒီပွဲကို ကျွန်တော် တက်ဖြစ် အောင် မရ,ရတဲ့နည်းနဲ့ ဆွဲခေါ်မယ့် သဘောရှိတယ်။

ကျွန်တော်လည်း သိပ်စိတ်မရှည်ချင်တာနဲ့ ဒီကောင့်ကို မြန်မြန်ပြီး. . ပြီးရော တစ်ခွန်းပဲ ပြန်မေးလိုက်မိတယ်။

"ဟေ့ကောင်. . မြင့်မိုရ်၊ ငါက စကားပြောရင် ပိဿလေးနဲ့ ဘေးပစ်သလို ပြောတတ်တဲ့ကောင်ဆိုတာသိတယ်နော်၊ ငါပြောတာ ကို မိန်းမတွေ တော်တော်များများကလည်း သည်းခံနိုင်တာ မဟုတ်ဘူး၊ ငါက စွတ်တင်လိုက်လို့ မင်း စာရေးဆရာမ ဒေါ်ခီး သွားတော့ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှမလုပ်ဘူး၊ ငါလည်း ယောက်ျားပါကွ၊ ယောက်ျား တွေဘက်က ပြောပေးတာကို ငါထောက်ခံရမှာပေါ့၊ မင်းကြိုက်သလို သာ ပြောစမ်းပါ၊ ငါလည်း ဒီမိန်းမကို လေကျယ်လွန်းလို့ ကြည့်မရ တာ ကြာပြီ"

"ကောင်းပြီ၊ ခွင့်သာပေးလို့ကတော့ တံခွန်တိုင်တို့က အားမနာတတ်ဘူးနော်၊ ဟိုနေ့ကတည်းက ဒီမိန်းမကို ငါ အပြတ် နွှာချင်နေတာ၊ မင်းက တဟဲ့ဟဲ့နဲ့ ဝင်တားနေလို့"

"အခု ငါမတားဘူး၊ စိတ်ထဲရှိတာပြော. . ရတယ်"

မြင့်မိုရ်က (Pass) ပေးလိုက်မှ ကျွန်တော်သဘောကျပြီး ခေါင်းတဆတ်ဆတ် ညိတ်နေလိုက်မိတယ်။

တွေ့ကြသေးတာပေါ့. . . ငွေကြယ်စင်ရယ်။

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် အချီအချပြောနေတာကို ဘေးက နားထောင်နေတဲ့ ဓူဝံနဲ့နေဝန်းခမျာ တော်တော်ကြီး စိတ်ပျက်သွားပုံရတယ်။

မျက်နှာတွေ ရှုံ့မဲ့ပြီး ထ,အော်တော့တယ်။

"မင်းတို့နှစ်ကောင်က သူများ အိမ်တက်မင်္ဂလာ သွားမှာလား၊ စစ်သွားတိုက်မှာလား"

"အေးလေ. . အဲ့ဒီလိုမျိုး စိတ်ထားတွေနဲ့များ သူများကျွေးတာမွေးတာ သွားတက်စားကြဦးမယ်၊ အံဖတ်ဆို့ပြီး သေပွဲဝင်မယ့် ကောင်တွေ"

ဘာပဲပြောပြော ကျွန်တော်နဲ့မြင့်မိုရ်ကတော့ ငွေကြယ်စင်ရဲ့ အိမ်တက်မင်္ဂလာကို အဲ့ဒီနေ့က ချီတက်သွားကြပါတယ်။

အဖြစ်အပျက်တွေက ဒီတော့မှ အားလုံး ရှုပ်ထွေးကုန်တော့တာပါပဲ။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (လေး)

"အား. . ."

ကျွန်တော်နဲ့ မြင့်မိုရ်ရဲ့ အော်သံနှစ်ခုက ပြိုင်တူအကျယ်ကြီး ထွက်သွားတယ်။ အဖြစ်က တော်တော်လေး အရုပ်ဆိုးပါတယ်။

ကျွန်တော်တို့နှစ်ယောက်ရဲ့ စူးဝါးတဲ့အသံကြောင့် အိမ်တက်မင်္ဂလာပွဲကို ကြွရောက်စားသောက်နေကြတဲ့ လူတွေအကုန်လုံး လှည့်ကြည့်ကြတာပေါ့။

ကျွန်တော်တို့မှာ မရှက်နိုင်သေးပါဘူး။ ရုတ်တရက် မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းကို အံ့အားသင့်လွန်းလို့ ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေကြတုန်း. . .။

စားလက်စ,ဒန်ပေါက်တွေတောင် ပါးစပ်ထဲက တချို့ တစ်ဝက် ထွက်ကျကုန်ကြလိမ့်မယ် ထင်တယ်။

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်ရဲ့ ဖြစ်ပုံကြောင့် စားပွဲမှာ လာထိုင်ပြီး ဧည့်ခံနေတဲ့ အိမ်ရှင်ငွေကြယ်စင်ခမျာ တော်တော်လေး ထိတ်လန့်သွားပုံရပါတယ်။

သူလည်း မျက်လုံးတွေ ပြူးပြီး ကျွန်တော်တို့နှစ်ယောက် အလန့်တကြား စိုက်ကြည့်နေတဲ့ ဘက်ဆီကို လိုက်ကြည့်တယ်။

"ဘာဖြစ်တာလဲ. . ကိုမြင့်မိုရ်၊ ဟင်. . ဘာကိုတွေ့လို့လဲ၊ အဲ့ဒါ. . ကျွန်မသူငယ်ချင်းလေ၊ ဟင်းရည်လိုက်ထည့်ပေးနေတဲ့ လုံချည်အဝါနဲ့ အမျိုးသမီး မဟုတ်လား၊ ကိုမြင့်မိုရ်တို့ အသိလား၊ တွေ့ဖူးလို့လား"

"မ. . . အေး. . . ၊ မ. . . အေး. . . အေး"

ကျွန်တော်တို့နှစ်ယောက်စလုံး ဘယ်သူမှ စကားမပြောနိုင်သေးပဲ လည်ချောင်းထဲကနေ တစ်ဆို့ဆို့ အသံတွေပဲ ထွက်လာတယ်။

ငွေကြယ်စင်ဆိုတဲ့မိန်းမက ဘာမှ သဘောမပေါက်ပဲ ဝင်ပြောပါလေရော။

"ဟုတ်တယ်. . . ဟုတ်တယ်၊ အဲ့ဒါ ကျွန်မ, သူငယ်ချင်း အေးအေးမော်လေ၊ ကိုမြင့်မိုရ်တို့ မိတ်ဆွေလား. . ၊ ကျွန်မ ခေါ်ပေးရမလား၊ ရပါတယ်၊ အေးရေ. . . အေး. . ဒီမှာ"

"နေ. . ၊ နေ. . . ပါစေ. . . ၊ ရ. . . ရ"

ကျွန်တော်တို့ နှစ်ယောက်စလုံး လှမ်းပြီးတားမြစ်လိုက်ပေမယ့် နောက်ကျသွားတယ်။

အင်မတန်လှျာရှည်တဲ့ အဲ့ဒီမိန်းမက အော်ခေါ်ပြီးသွားပြီ။

www.burmeseclassic.com



"ဟော့ . . အေး . .၊ ပြီးရင် ဒီဘက်ဝိုင်းကို ကူးခဲ့ပါဦး၊ ဒီမှာ ကိုယ့် ပတ်ဘလစ်ရှာနဲ့ မိတ်ဆက်ပေးချင်လို့၊ သူတို့က အေးကို သိ . . သိ . . ."

ငွေကြယ်စင်တစ်ယောက် ပြောနေရင်းတန်းလန်း ရပ်သွားပါတော့တယ်။

ဘာဖြစ်လို့လဲဆိုတော့ သူ့ သူငယ်ချင်း အေးအေးမော်က ခေါ်သံကြားလို့ ဒီဘက်လှည့်အကြည့်မှာ မိန့်မိန့်ကြီး ဒန်ပေါက် ထိုင်စားနေတဲ့ ကျွန်တော်နဲ့ မြင့်မိုရ်ကိုလည်း တွေ့ရော . . ။

ခုနက အစွမ်းကုန်ပြူးသွားတဲ့ ကျွန်တော်တို့ မျက်လုံး တွေလိုပဲ သူ့မျက်လုံးတွေကလည်း ပြူးထွက်လာလိုက်မျာ . . ။

ညှော်သည်တွေကို ညှော်ခံနေတဲ့ မအေးအေးမော်ကြီးရဲ့ ပြုံး ရွှင်နေတဲ့ မျက်နှာဟာ ချက်ချင်းကိုပဲ ဒေါသ အမျက်ချောင်းချောင်း ထွက်လာတဲ့ပုံစံနဲ့ နီမြန်းလို့လာတယ်။

ကျွန်တော်တို့ အခြေအနေ မဟန်မှန်း သိလိုက်ပြီ။

ငွေကြယ်စင်ဆိုတဲ့ မိန်းမလည်း တမဟုတ်ချင်း ပြောင်းလဲ သွားတဲ့ မအေးအေးမော်ရဲ့ မျက်နှာရိပ်ကို အကဲခတ်မိပြီး အံ့အား သင့်တဲ့ ပုံစံနဲ့ ငြိမ်သွားတယ်။

မအေးအေးမော်ကတော့ နီရဲစူပွနေတဲ့ မျက်နှာနဲ့ ကျွန်တော်တို့ ထိုင်နေတဲ့ စားပွဲဝိုင်းဆီကို ခြေဆောင့်ပြီး လျှောက်လာ တယ်။

အနားရောက်တာနဲ့ ခါးထောက်ပြီး ရန်တွေ့တော့တာပဲ။

www.burmeseclassic.com



"သြော်. . ဘယ်သူတွေများလဲ မှတ်တယ်၊ ရှင်တို့ကိုး၊ တွေ့မှ တွေ့တတ်ပလေတယ်၊ ဘယ့်နှယ်လဲ. . ၊ ကျွန်မကို လိုက်ရှာကြတာ တော်တော်လေးမှ ခေါင်းမီးတောက်သွားရဲ့လား"

ကျွန်တော်တို့ နှစ်ယောက်လုံး စပ်ဖြဲဖြဲရုပ်တွေ လုပ်ပြီး တဟဲဟဲနဲ့ ရယ်ချလိုက်ရတယ်။ ဘာမှကို ပြန်မပြောနိုင်တာ။

ဘာမှနားမလည်တဲ့ ငွေကြယ်စင်က ဘေးကနေ ဝင်ကွန့် ပြန်တယ်။

"သြော်. . ကိုမြင့်မိုရ်နဲ့ ကိုတံခွန်တိုင်တို့က အေးနဲ့ မိတ်ဆွေ တွေလား. . ၊ ဒါဆို ထပ်ပြီးမိတ်ဆက်ပေးဖို့ မလိုတော့ဘူးပေါ့၊ အသိတွေ ဖြစ်နေကြတာ စကားမစပ်မိတော့ မသိဘူး. . ကြည့်စမ်း၊ အေးက ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်း၊ ငယ်ငယ်ကတည်းက ကွဲသွားပြီး ခုမှပြန်တွေ့တာ သိပ်တောင် မကြာသေးဘူး"

"သိရုံတင် ဘယ်ကမလဲ. . ငွေရယ်၊ ကျုပ်တို့ လင်မယား ကွဲတာ ဒင်းတို့ကြောင့်ပေါ့"

"ဟော့တော်. . ."

အပျိုကြီးမမ ငွေကြယ်စင်ခမျာ ပါးစပ်အဟောင်းသား ပွင့်သွားရှာတယ်။

ပထမတော့ အံ့သြတဲ့ အမူအရာ. . ။ ပြီးတော့ ရုတ်တရက် တည်တန့်သွားတဲ့ အမူအရာ။ နောက်တော့ ခပ်ထန်ထန်မျက်နှာနဲ့ ကျွန်တော်တို့ နှစ်ယောက်ကို စားတော့ ဝါးတော့မလို စူးစူးရဲရဲ စိုက်ကြည့်ပါလေရော. . . ။

"ဟာ. . မဆိုင်ဘူး၊ ကျွန်တော်တို့နဲ့ မဆိုင်ဘူး၊ ဘာဆိုင်လို့လဲ၊ မအေးအေးမော်. . အထင်လွဲနေပြီ"

မြင့်မိုရ်က ပျူးပျူးပျာပျာ ဝင်ရှင်းတယ်။ ကျွန်တော်လည်း ဘုန်းကြီးအမှု ရှာပတ်ဆိုသလို ဒေါပွပြီး အမြန်ပြန်ပြောရတယ်။

"ဘာလဲဗျ၊ ကျွန်တော်တို့နဲ့ ဘာဆိုင်လို့လဲ၊ မအေးအေးမော် . . . ခင်ဗျား ရမ်းမပြောနဲ့ဗျာ"

"အောင်မာ၊ ဘာရမ်းပြောရမှာလဲ၊ ဟုတ်တာပြောတာ၊ အဲ့ဒီလူပျိုကြီး ကိုတံခွန်တိုင်က ပိုဆိုးသေး၊ သူ့ဟာသူ မိန်းမ,မယူချင်ရင် အေးအေးနေပါလား၊ မိန်းမတွေ မကောင်းကြောင်းပဲ တစ်ချိန်လုံး တတွတ်တွတ်ရွတ်ပြီး ကျုပ်ယောက်ျားကို သွေးထိုးနေတာ၊ မသိဘူးမှတ်လို့လား၊ သူများလင်မယားကြား ဝင်ပြီး သပ်လျှိုတဲ့သူ၊ သံသရာအဆက်ဆက် ဒီလိုပဲ လူပျိုကြီး အမြဲဖြစ်ပါစေတော်. . ."

"ဟာ. . ."

ကျွန်တော့်မှာ ဘာမှတောင် ပြန်မပြောနိုင်တော့ပဲ ပါးစပ်အဟောင်းသားနဲ့ ခေါင်းငုံ့ခံလိုက်ရပါတယ်။

မအေးအေးမော်ရဲ့ ပါးစပ်က ထွက်လာတဲ့ ကျိန်စာတွေကလည်း ကြောက်မက်ဖွယ်ရာကိုး။ ကျွန်တော်ကလည်း အဲ့ဒီလိုမျိုး ပါးစပ်က စက်သေနတ်ပစ်သလို တရစပ် ပြောတတ်တဲ့ မိန်းမမျိုးတွေဆို သိပ်ကြည့်ရတာ မဟုတ်ဘူး။

မဆီမဆိုင် အသလွတ် ဝင်ကောနေတဲ့ မအေးအေးမော်ကို ကျွန်တော် နည်းနည်း 'တင်း' သွားပါတယ်။

www.burmeseclassic.com



"ဒီမှာ. . မအေးအေးမော်၊ ခင်ဗျား ကိုယ့်ယောက်ျားကိုယ် မနိုင်တာနဲ့ ကျွန်တော့်ကို လာမရမ်းစမ်းပါနဲ့၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ဖြစ်တဲ့ကိစ္စ၊ ကျွန်တော်ဘာမှ သိတာ မဟုတ်ဘူး"

"အံမယ်. . ကိုယ်ယောက်ျားကိုယ် နိုင်လိုက်သမှ သိပ်နိုင်၊ အရင်ကဆို နေဝန်းနီဆိုတဲ့ ယောက်ျားက ကျွန်မ, ဒါဆိုဒါပဲ၊ ဟိုဟာဆို ဟိုဟာပဲ၊ ဟင်း. . ဆိုရင် မော်တောင် ကြည့်ရဲတာ မဟုတ် ဘူး၊ ခုမှ မိန်းမကို ရိုက်မလေး နှက်မလေး လုပ်ရဲလာတာ ရှင့်ကြောင့် မဟုတ်ရင် ဘယ်သူကြောင့်ဖြစ်ရမှာလဲ ကိုတံခွန်တိုင်ရဲ့၊ ကျွန်မ ရှေ့တင် ရှင်ခဏခဏ ပြောနေတာ ကြားနေရတာပဲ၊ ယောက်ျား ဆိုတာ မိန်းမကို ဦးဆောင်နိုင်ရမယ်၊ အိမ်ထောင်တစ်ခုမှာ ယောက်ျားရဲ့သြဇာကို မိန်းမက နာခံရမယ်၊ ဇနီးမယားဆိုတာ လင်ကိုဘုရား၊ သားကိုသခင် ကိုးကွယ်ရမယ်ဆိုတဲ့ ဘိုးတော်ဘုရား လက်ထက်က ကလီရှေး အိုင်ဒီယာတွေ ကျွန်မယောက်ျား ခေါင်းထဲကို ရှင်. . ရိုက်သွင်းပေးခဲ့တာပဲ မဟုတ်ဘူးလား"

မအေးအေးမော်ရဲ့ စကားကိုနင်းပြီး စာရေးဆရာမကပါ နားမလည်ပါးမလည် ကျွန်တော့်ကို ဝင်ဟောက်လိုက်သေးတယ်။

"ဟုတ်သားပဲ၊ အဲဒါတော့ ကိုတံခွန်တိုင်က လွန်တာပေါ့၊ သူများလင်မယားကြားထဲ ဝင်အတို့အထောင်လုပ်တာတော့ မကောင်းပါဘူး၊ ရှင်တို့ယောက်ျားတွေက ဒါပဲ၊ မိန်းမ ယူတယ်ဆိုရင် ကျွန်တစ်ယောက်ကို အပိုင်ရသလို ခိုင်းစားဖို့၊ အနိုင်ကျင့်ချင်တိုင်း ကျင့်ဖို့ ဝယ်ပေးထားတာ ကျနေတာပဲ၊ မိန်းမဆိုတာလည်း သူ့လက်နဲ့

www.burmeseclassic.com



သူ့ခြေနဲ့၊ သူ့ဦးနှောက်နဲ့ရှင့်..၊ ဒီနှစ်ဆယ့်တစ်ရာစု ခေတ်ကြီးမှာ ယောကျ်ားတွေ အနိုင်ကျင့်တိုင်း မိန်းမတွေ ငြိမ်ခံနေရမယ့် ခေတ် မဟုတ်တော့ဘူး"

ကျွန်တော် ထောင်းကနဲ ဒေါသထွက်သွားတယ်။

"ဘာတွေ...လာပြောနေကြတာလဲ"

စူးစူးဝါးဝါး ကျွန်တော် ထ,အော်လိုက်တော့ အဲ့ဒီမိန်းမ နှစ်ယောက် လန့်ဖျန့်သွားပုံရတယ်။

မြင့်မိုရ်ကလည်း ကျွန်တော်ဒေါသထွက်သွားမှန်း သိလို့ ပြေရာပြေကြောင်း ဝင်ပြောပေးတယ်။

"ဟာ..အဲ့ဒီလိုမပြောပါနဲ့ မအေးအေးမော်ရာ၊ ကျွန်တော့် သူငယ်ချင်း တံခွန်တိုင်က ဒီလိုစိတ်ထား မရှိပါဘူး၊ မငွေကြယ်စင်၊ အထင်အမြင်နဲ့ ရမ်းမစွတ်စွဲပါနဲ့ဗျာ၊ ကျွန်တော့် သူငယ်ချင်းက သဘော အရမ်းကောင်းတဲ့ကောင်ပါ၊ သူငယ်ချင်းတွေ အားလုံးရဲ့ အနွံအတာကိုလည်း သူပဲ အခံဆုံးပါ၊ အခုလည်း နေဝန်းဆိုတဲ့ ကောင်ကို သူကပဲစ,ပြီး မအေးအေးမော်ကို လိုက်ရှာဖို့၊ ရှာပြီး တောင်းပန်ဖို့၊ အိမ်ထောင်တစ်ခုဟာ ထူထောင်ပြီးရင် တည်တန့် ခိုင်မြဲအောင်လုပ်ဖို့ သူပဲ နားချနေတာ၊ နှစ်ဦးသဘောတူ ချစ်လို့ပဲ ယူခဲ့ကြတာကို ဒီလောက်ကိစ္စလေးနဲ့ မဖြိုဖျက်ကြဖို့ နေဝန်းကို သူပဲ ဖြောင်းဖျနေတာ၊ ကျန်တဲ့ သူငယ်ချင်းတွေတောင် သူ့လောက် စိတ် မရှည်ဘူး၊ အာညောင်းခံပြီး မပြောနိုင်ဘူး၊ ဟို...စနေသား နေဝန်းနီဆိုတဲ့ အကောင်ကလည်း ခေါင်းက ခပ်မာမာရယ်"

www.burmeseclassic.com



ငွေကြယ်စင်က အင်တင်တင်နဲ့ ကျွန်တော့်မျက်နှာကို မယုံသလို လှမ်းကြည့်တယ်။ ဒီမိန်းမအကြည့်ကို ကျွန်တော်သိတယ်။ ‘ဟုတ်ပါ့မလား’. . . ပေါ့။

ကျွန်တော့်လို လူပျိုကြီး၊ မဟာဖိုဝါဒသမားကြီး၊ မိန်းမ မုန်းတီးရေးသမားကြီး တစ်ယောက်ဆီက ဒီလိုမျိုး စေ့စပ်ညှိနှိုင်းရေး စကားတွေ ပြောထွက်တာ ဖြစ်နိုင်ပါ့မလားဆိုတဲ့ အကြည့်လေ. . ။

ခဏကြာတော့ သူ့နှုတ်ကနေ မအောင့်နိုင်ပဲ စကား တစ်ခွန်းကို ခုန်ထွက်လာတော့တယ်။

“မယုံချင်စရာပဲ၊ ကိုတံခွန်တိုင်လို လူမျိုးက ဒီလိုကြားဝင် စေ့စပ်ပေးနေတယ်ဆိုတာ၊ အဲ့ဒါ တကယ်ဆိုရင်တော့ ချီးကျူး ရမှာပေါ့၊ တကယ်လားဟင်”

ဒီမိန်းမ ကျွန်တော့်ကို သက်သက်မဲ့ ရိနေတယ်ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော်ဒေါပွပွနဲ့ အော်ထုတ်မိလိုက်တယ်။

“ခင်ဗျား ယုံတာမယုံတာ ကျွန်တော်လုံးဝ ဂရုမစိုက်ဘူး၊ ခင်ဗျားချီးကျူးတာ ခံရမှလည်း ကျွန်တော်က စားဝင်အိပ်ပျော်မယ့် ကောင်မဟုတ်ဘူး”

ငွေကြယ်စင်က တခစ်ခစ်နဲ့ ရယ်လိုက်သေးတယ်။

“ကိုတံခွန်တိုင်ကလည်း. .၊ အဲ့လို လူတကာကို ဘုပြော မလွှတ်နဲ့လေ၊ အပေါက်ဆိုးတဲ့လူတွေကို ဘယ်သူမှ စိတ်သဘော ကောင်းတယ်လို့ ထင်ကြမှာမဟုတ်ဘူး၊ ကိုတံခွန်တိုင် စိတ်ရင်း ကောင်းတယ်ဆိုတာ ကျွန်မ, မြင်တာနဲ့ အကဲခတ်မိပါတယ်၊

www.burmeseclassic.com



ဒါပေမယ့် လူတွေအထင်မမှားဖို့ စကားလေးကိုလည်း ချိုအောင် ပြောတတ်ဖို့ လိုတယ်"

"လူတွေဘာထင်ထင် ကျွန်တော်က ဂရုမစိုက်ဘူး၊ ဘယ်တုန်းကမှလည်း ဂရုစိုက်ခဲ့တဲ့ ကောင်မဟုတ်ဘူး၊ ခင်ဗျား ကျွန်တော့်ကို ဆရာလာမလုပ်ပါနဲ့"

"ဟော. . . ကြည့်၊ ပြောရင်းဆိုရင်းနဲ့ကို ဘုပြောနေပြန်ပြီ"

"ပြောတော့. . . ဘာဖြစ်လဲဗျာ"

ကျွန်တော်ဒေါခီးနေတုန်း မအေးအေးမော်ကလည်း တစ်မျှောင့်. . .။ အလောသုံးဆယ် စကားဖြတ်ပြီး ဝင်မေးပြန်တယ်။

"ဒီမှာ. . ကိုမြင့်မိုရ်၊ ခုနကပြောတာ တကယ်လား. . "

"ဘာလဲဗျ"

"ကိုနေ့ကို ကျွန်မဆီ လာတောင်းပန်ဖို့ ကိုတံခွန်တိုင်က ဖြောင်းဖျနေရတယ်ဆိုတာ တကယ်လား"

"တကယ်ပေါ့ဗျ. . . "

"×××××. . .၊ အမျိုးယုတ်. . . "

မအေးအေးမော်ဆီက ရေရွှတ်သံ ယဉ်ယဉ်ကျေးကျေး လေးတွေကို အကြားမှာ ကျွန်တော်နဲ့မြင့်မိုရ် ကြောင်စီစီဖြစ်သွား ရတယ်။

ငွေကြယ်စင်ကလည်း "ဟဲ့. . အေး" လို့ လှမ်းမာန်တယ်။

မြင့်မိုရ်က နားမလည်နိုင်တဲ့ အမူအယာနဲ့ ပြန်မေးတယ်။

"ဘယ်လိုဖြစ်ရတာလဲဗျာ"

“ဘာဖြစ်ရမှာလဲ၊ ဒင်းက ကျွန်မဆီ လာတောင်းပန်ဖို့ကို ဝိုင်းပြီး ဘေးက ဖြောင်းဖျနေရအောင် ဒင်းစိတ်နဲ့ ဒင်းကိုယ်သာဆို လာတောင်းပန်မှာ မဟုတ်ဘူးပေါ့၊ ဒင်းကပဲ အပေါ်စီးကပေါ့လေ၊ ရတယ်၊ လာမတောင်းပန်ချင်လည်း ရတယ်လို့ ပြောလိုက်ပါ ကိုမြင့်မိုရ်၊ အေးအေးမော်တို့က ဂျင်းစိမ်းနဲ့ မိဿလင်၊ သူကြင်မှ ကိုယ်ကြင်မှာ၊ ရှင်းရှင်းလေးပဲ၊ ပြတ်တယ်”

“ဟာ. . ရှုပ်ကုန်ပြီ၊ ဒုက္ခပါပဲ၊ မအေးအေးမော်ကလည်း စကားအထ,အန လိုက်ကောက်နေတယ်၊ မဟုတ်ပါဘူး”

မြင့်မိုရ်က ကပျာကယာ ဝင်ရှင်းတယ်။

ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ ခေါင်းကိုသာ တဗျင်းဗျင်း နဲ့ ကုတ်နေရတယ်။

စိတ်ကတော့ တော်တော်ကြီးကို ကုန်နေပါပြီ။

“မအေးအေးမော်ကလည်းဗျာ၊ လင်နဲ့မယား လျှာနဲ့သွားပဲ ဥစ္စာ၊ ထစ်ကနဲရှိ စိတ်တိုနေလို့ရမလားဗျ၊ နည်းနည်းပါးပါးလည်း သည်းညည်း ခံဦးမှပေါ့”

“အို. . မခံနိုင်ပါဘူး၊ သူက ယောကျ်ားပဲ၊ သူခံပေါ့”

“ခင်ဗျား အဲ့ဒီလို စိတ်ဆိုးနေသေးမှန်းသိလို့ နေဝန်းက ခင်ဗျားဆီ လာတောင်းပန်ရမှာ ကြောက်နေတာပါ၊ ခင်ဗျား သူ့ကို စိတ်ဆိုးဆိုးနဲ့ အပြတ်ပြောလွှတ်မှာကို ကြောက်နေတာ၊ ခင်ဗျားဆီ သူကလာချင်နေတာ ကြာလှပြီ၊ လိုက်ရှာနေတာလည်း ကြာလှပြီ”

မအေးအေးမော်က မျက်နှာကို မဲ့ရွဲ့ပြီး. . .။

www.burmeseclassic.com



"ဟုတ်မှလည်းပြောစမ်းပါ ကိုတံခွန်တိုင်ရဲ့၊ ရှင်က ပွဲစား ပီပီ ကြားထဲက သာသာထိုးထိုး ပြောပေးမနေပါနဲ့ သူသာလိုက်ရှာရင် ကျွန်မ,ဆီ လာတောင်းပန်တာ ကြာလှပြီပေ့ါ၊ ရှင်ကြားထဲက လူပွဲစား လိုက်မလုပ်ပါနဲ့"

"ခင်ဗျားက မပြောမဆိုနဲ့ ပျောက်သွားတာကိုးဗျ၊ ဘယ်လိုက်ရှာလိုက်ရမှန်းလည်း မသိ၊ သတင်း အစ,အနလည်း ချန်မထားခဲ့တော့ နေဝန်းက ခင်ဗျားကို ရှာမတွေ့တာပါ၊ ကိုယ့်ယောကျ်ားပဲဗျာ၊ ပေါင်းလာတာပဲ နှစ်ချို့နေပြီ၊ ခွင့်လွှတ်လိုက်ပါ၊ တစ်ခါတစ်လေ ဒေါသထွက်လို့ ပြောကြဆိုကြတာတော့ ရှိမှာပေ့ါ"

"အို . . ရှင်တို့သူငယ်ချင်း လုပ်ပုံကရော ကောင်းသလား၊ မပြောမဆိုနဲ့ အိမ်ပေါ်ကနေ ပျောက်ချင်းမလှ အရင်ပျောက်သွားတာလေ၊ ကျွန်မဆေးရုံက ဆင်းလာတော့ ဘယ်သူမှ အိမ်မှာမရှိဘဲနဲ့ ကျွန်မ,ဘယ်လိုလုပ် တစ်ယောက်တည်း အိမ်မှာနေရဲမလဲ၊ တော်သေးတာပေ့ါ၊ ဒီမှာ ငယ်ငယ်တုန်းကသူငယ်ချင်း ငွေကြယ်စင်နဲ့ ဆေးရုံပေါ်မှာကတည်းက ပြန်တွေ့ပြီး သူကခေါ်လို့၊ သူက အရင် . . နယ်မှာ နေတာ၊ အခုမှ ရန်ကုန်ပြောင်းလာပြီး တိုက်ခန်းဝယ် ဖြစ်တာ၊ သူက သူနဲ့ စိတ်ပြေလက်ပျောက် လိုက်နေပါလား . . ဘာညာပြောတာနဲ့ သူ့တိုက်ခန်းကို ရောက်လာတာ"

"ခင်ဗျားက ဒါဆိုလည်း ဒီအိမ်လိပ်စာကို ခင်ဗျားမိဘတွေ အိမ်မှာ ပြောထားခဲ့ပါလားဗျ၊ ဘာလို့ ပြောမထားခဲ့လဲ၊ ပြောထားရင် နေဝန်းနီက ခင်ဗျားဆီလိုက်လာမှာပေ့ါ"

www.burmeseclassic.com



"သြော်. . ရှင်တို့ကရော၊ ကျွန်မ, မိဘတွေအိမ် လိုက်လာပြီး ကျွန်မ,ယောကျ်ား ဘယ်အိမ်မှာ ရောက်နေတယ်ဆိုတာ ပြောထားခဲ့လို့လား၊ ဒင်းကတော့ ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေး ခြေရာဖျောက်ခဲ့ပြီးတော့၊ ကဲ. . အခုပြော၊ ကျွန်မ,ယောကျ်ား ဘယ်မှာလဲ. .၊ ရှင်တို့ သူငယ်ချင်းတွေ အိမ်ထဲက တစ်အိမ်အိမ်မှာ ရှိရမယ်၊"

မြင့်မိုရ်က သွက်သွက်လက်လက် ဝင်ဖြေတယ်။

"ဒီကောင်အိမ်မှာ. .၊ နေဝန်း အခုနေနေတာ"

မအေးအေးမော်ရော ငွေကြယ်စင်ပါ မျက်လုံးတွေ ပြူးထွက်လာပြီး ကျွန်တော့်ကို ဝိုင်းစိုက် ကြည့်ကြတော့တာပဲ။

"သြော်. . ဒါနဲ့များ ရှင်က ငြင်းချင်နေသေးလား ကိုတံခွန်တိုင်ရဲ့၊ ကျွန်မယောကျ်ားကို အိမ်ပေါ်ခေါ်တင်ထားပြီး လင်မယားကွဲအောင် အမျိုးမျိုး သွေးထိုးလှုံ့ဆော်နေတယ် မဟုတ်လား၊ ဒါကြောင့်ပဲ နေမှာပေါ့၊ ကျွန်မယောကျ်ားက အရင်ကဆိုရင် ကျွန်မ, မျက်နှာ တစ်နေ့မတွေ့ရရင် မနေနိုင်တဲ့ အကောင်၊ အခုတော့ ကျွန်မကို ဖုတ်လေတဲ့ ငါးပိ. . ရှိတယ်လို့တောင် မအောက်မေ့တော့တာ၊ ရှင့်ကြောင့်မဟုတ်ရင် ဘယ်သူ့ကြောင့် ဖြစ်ရမှာလဲ. .၊ ပြောစမ်းပါဦး"

မအေးအေးမော်က တဗျစ်တောက်တောက်နဲ့ မနားတမ်း အပြစ်တင်နေရတဲ့ ကြားထဲ ဟို. . စာရေးဆရာမကပါ ကျွန်တော့်ကို အသလွတ် ဝင်ကောတယ်။

www.burmeseclassic.com



"ဟုတ်ပ့ါ၊ အဲ့ဒါတော့ မကောင်းပါဘူး ကိုတံခွန်တိုင်က. . ၊ ကိုယ်အမျိုးပြတ်တိုင်း သူများကို အမျိုးလိုက်ပြတ် မခိုင်းနဲ့လေ၊ ကျွန်မ, သူငယ်ချင်း တစ်ခုလပ်ဖြစ်ရင်တော့ ရှင့်ကြောင့်ပဲ"

ကျွန်တော့်ဒေါသက ထောင်းကနဲထွက်သွားတယ်။

"ဘာဗျ. . . "

အဲ့ဒီမိန်းမနှစ်ယောက်ကို ကျွန်တော် ရှုတည်တည်နဲ့ စိုက်ကြည့်ပစ်လိုက်တယ်။

"ခင်ဗျားတို့ ဘာစကားပြောတာလဲ၊ ကျွန်တော့်အိမ်မှာ နေဝန်းဆိုတဲ့ကောင် ရောက်နေတာ ကျွန်တော်ခေါ်ထားတာလည်း မဟုတ်ဘူး၊ သူ့ဟာသူ ရောက်လာတာ၊ ဒီကိစ္စက ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ ဒီလိုကြေးသာ ပြောကြကြေးဆိုရင်. . . "

ကျွန်တော်လည်း ငွေကြယ်စင်ကို ခပ်တည်တည် စိုက်ကြည့်ပစ်လိုက်တယ်။

"ခင်ဗျားလည်း မအေးအေးမော်ကို အိမ်ပေါ်ခေါ်တင်ထားတာပဲ ဒေါ်ငွေကြယ်စင်၊ မအေးအေးမော်ကို ယောကျ်ား မုန်းတီးရေးဝါဒတွေ ဘယ်လောက်တောင် နားသွင်းထားပြီလဲ၊ အလကားနေရင်းနဲ့တောင် ယောကျ်ားတွေ မကောင်းကြောင်း ဒီလောက်ပြောနေတဲ့ဟာ၊ အခုတော့ ပိုပြောလို့ကောင်းသွားတာပေ့ါ၊ ဟုတ်လား၊ ဒါကြောင့်သာ မအေးအေးမော်က နေဝန်းအပေါ် လုံးဝ ခွင့်မလွှတ်နိုင်လောက်အောင် နာကျည်းနေသေးတာနေမှာ၊ အဲ့ဒါ. . ခင်ဗျားစနက်ပဲ နေမှာပေ့ါ"

www.burmeseclassic.com



ငွေကြယ်စင်ရဲ့ မျက်နှာက ရဲကနဲ ဖြစ်သွားတယ်။

"အံမယ်. . ကျွန်မ, ဒီလိုစိတ်ထားမျိုး မရှိဘူး"

"ရှိတယ် မရှိဘူးဆိုတာ မြင်ရတာမှ မဟုတ်ပဲ"

"ရှင်. . ကျွန်မအပေါ် ဒီလောက် အထင်မသေးစမ်းပါနဲ့၊ ကိုယ့်သူငယ်ချင်း လင်မယားကွဲအောင် မြှောက်ထိုးပင့်ကော် လုပ်ပါ့မလားရှင့်"

"ဘယ်ပြောနိုင်မလဲ၊ ခင်ဗျာလည်း အပျိုကြီးပဲ၊ မိန်းမတွေရဲ့ ဘဝမှာ ယောကျ်ားတွေကို မလိုအပ်ဘူး၊ ပြန်ပေါင်းဖို့ မလိုဘူး၊ ဘာညာနဲ့ သွေးထိုးချင် ထိုးထားမှာပေါ့"

"ရှင်အရမ်း မစွတ်စွဲပါနဲ့၊ ကျွန်မက တစ်ချိန်လုံး အေးကို ဖြောင်းဖျနေတာ၊ စိတ်လိုက်မာန်ပါ မလုပ်ဖို့ ဘာမဟုတ်တာလေးနဲ့ ထူထောင်ပြီးသား အိမ်ထောင်တစ်ခုကို မဖျက်ပစ်ဖို့. . ."

"ဒါဖြင့် မိန်းမတွေဟာ ယောကျ်ားတွေကို တစ်ချိန်ချိန်မှာတော့ လိုအပ်တယ်ဆိုတာ ခင်ဗျားလက်ခံတယ်ပေါ့"

"ရှင်က ကျွန်မကို စကားနိုင်လုဖို့ ချောင်းနေတာကိုး၊ ဒါပဲ၊ ရှင်တို့ယောကျ်ားတွေမှာ သိပ်ကိုရယ်စရာကောင်းတဲ့ အတ္တတစ်ခုရှိတယ်၊ အဲ့ဒါကတော့ ရှင်တို့ သတ်မှတ်ပေးထားတဲ့ ဘောင်တစ်ခုခုရဲ့ အပြင်ဘက်ကို မိန်းမတွေ ရောက်နေပြီဆိုရင် ယောကျ်ားတွေဟာ အလွန် မခံချိမခံသာ ဖြစ်တတ်ကြတယ် ဆိုတာပဲ"

"ကျွန်တော့်မှာ မခံချိမခံသာ ဖြစ်စရာ ဘာအကြောင်းမှ မရှိဘူး"

www.burmeseclassic.com



"မိန်းမတွေဟာ ယောက်ျားတွေ မရှိပဲနဲ့လည်း သူတို့ဘဝကို သူတို့ တည့်မတ်စွာ ထူထောင်နိုင်ကြတယ်ဆိုတာ ရှင်လက်ခံဖို့ ခက်ခဲနေတယ်မဟုတ်လား၊ မိန်းမတွေဟာလည်း အရည်အချင်းရှိရင် ယောက်ျားတွေလိုပဲ လောကကြီးမှာ တစ်ယောက်တည်း ဘာလို့ မရပ်တည်နိုင်ရမှာလဲရှင့်. . ၊ သိပ်ရပ်တည်နိုင်တာပေါ့"

"ဒါဖြင့် လင်မရှိသောမိန်းမ၊ တံခွန်တိုင် မရှိသော ရထား ဆိုတဲ့စကား. . ."

"တံခွန်မရှိသော ရထားပါရှင့်၊ ရှင်က. . . ရှင့်နာမည်ကို ထည့်ထည့် ပြောမနေစမ်းပါနဲ့"

"အေးလေ၊ ဘာဖြစ်ဖြစ်ပေါ့၊ အဲ့ဒီစကားကို ဘယ်သွား ထားမလဲ၊ အဲ့ဒါ ဟိုးအရင်ကတည်းက ပေါ်နေတဲ့စကား"

"အဲ့ဒါလည်း ရှင်တို့ယောက်ျားတွေကြောင့် ပေါ်လာတဲ့ စကားလေ၊ ခွန်အားကြီးမားတဲ့ ယောက်ျားတွေက မိန်းမသားတွေ အပေါ် အနိုင်ကျင့်ကြီးစိုးမှုတွေ ဒီကမ္ဘာပေါ်မှာ ရှိနေလို့ ဒီစကား ဖြစ်လာရတာ၊ မိန်းမတွေကို ဒီလောကကြီးထဲမှာ တစ်ယောက်တည်း မရပ်တည်ရဲအောင် ရှင်တို့ယောက်ျားတွေက ခြိမ်းချောက်ခဲ့တာပဲ၊ ယောက်ျားတွေရဲ့ ရက်စက်မှု၊ ကြမ်းတမ်းမှုတွေသာ မရှိခဲ့ရင် ဒီကမ္ဘာ လောကကြီးမှာ မိန်းမတွေအတွက် မနေသင့်တဲ့ အရပ်ဆိုတာ ရှိမှာ မဟုတ်ဘူး၊ ရှင်သိရဲ့လား. . ."

ကျွန်တော့်ဘေးနားက မြင့်မိုရ်တောင် သူ့ စာရေးဆရာမရဲ့ စကားကြောင့် မျက်လုံးတွေ ပြူးထွက်လာတယ်။

"ဟာ. . . ရိုက်ချက်ကပြင်းလှချည်လား. . ."

ကျွန်တော်ကတော့ အရှုံးမပေးချင်တဲ့ သဘောနဲ့ မျက်နှာကို အစွမ်းကုန် မဲ့ထားလိုက်တယ်။

"ဒီမှာ. . ဒေါ်ငွေကြယ်စင်၊ အခုပြောနေတဲ့ကိစ္စက ဒီကမ္ဘာလောကကြီးကို ယောကျ်ားနဲ့မိန်းမ ဘယ်သူက အုပ်စိုးရေး၊ ဘယ်သူက လွှမ်းမိုးရေး ပြောနေကြတာ မဟုတ်ဘူး၊ သူတို့လင်မယား အမြန်ဆုံး ပြေလည်သင့်မြတ်ပြီး ပြန်ပေါင်းထုပ်ရေးကို ပြောနေကြတာ၊ ခင်ဗျားတို့ မိန်းမတွေရဲ့ စိတ်ညစ်စရာ အကောင်းဆုံး အချက်ကလည်း အဲ့ဒါပဲ၊ ယောကျ်ားတစ်ယောက်ကို မကျေနပ်ခဲ့ရင် တစ်ကမ္ဘာလုံးက ယောကျ်ားတွေလည်း ဒီအတိုင်းပဲလို့ ဝါးလုံးရှည်နဲ့ ရမ်းတတ်တဲ့ကိစ္စပဲ၊ တခြားယောကျ်ားတွေ အကြောင်းကို စိတ်မဝင်စားနဲ့ဦး ဒေါ်ငွေကြယ်စင်၊ မအေးအေးမော်ယောကျ်ား နေဝန်းနီ အကြောင်းကိုပဲ အခု ပြောပါ"

"ရှင်ဘာစကားပြောတာလဲ. . ."

နေရင်းထိုင်ရင်း ဘေးနားက ကျွန်တော်တို့နှစ်ယောက်က ထ,ချတော့မယ့် ပုံဖြစ်လာတယ်။

မြင့်မိုရ်က ပျာပျာသလဲ ကြားဝင်တောင်းပန်ရှာတယ်။

"ဟာ. . နေကြပါဦး၊ နေကြပါဦး၊ ကျွန်တော် တောင်းပန်ပါတယ်၊ စကားမများကြပါနဲ့၊ ကိုယ့်ဒေါသကို ထိန်းကြပါ၊ ဟိုမှာ ပြဿနာတစ်ခု မပြီးသေးဘူး၊ နောက်တစ်ခု မစ,ကြပါနဲ့၊ အဓိကက မအေးအေးမော်နဲ့ နေဝန်းနီကို ပြေလည်အောင် ညှိပေးဖို့ပါ၊

www.burmeseclassic.com



ခင်ဗျားတို့ စေတနာရှိမယ်ဆိုရင် ကိုယ့်အယူအဆကို ဒီအချိန်မှာ ခဏပြန်ခေါက်သိမ်းပြီး သူတို့ကို အရင် စေ့စပ်ပေးကြပါ”

မြင့်မိုရ်စကားကြောင့် ကျွန်တော့်ဒေါသတွေ နည်းနည်းလျော့လိုက်ရတယ်။ ဟိုမိန်းမကတော့ ကျွန်တော့်ကို မျက်စောင်းတခဲခဲနဲ့ “ဟင်း. . ”ဆိုပြီး ငြိမ်သွားတယ်။

ဒါပေမယ့် အလန့်တကြား စူးကနဲ ထ,အော်တာက မအေးအေးမော် ဖြစ်နေတယ်။

“အမလေးတော်၊ မလိုဘူး၊ ဘာမှစေ့စပ်ပေးစရာ မလိုဘူး၊ ကြားဝင်စေ့စပ်ပေးမှ ပြေလည်ရအောင် ကျွန်မတို့က အခုမှ ညားတဲ့ကလေးလင်မယားမဟုတ်ဘူး၊ အသက်တွေပဲ ကြီးကြီးလှလို့ သေခါနီးနေပြီ၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်ပဲ၊ ဒင်းကိုလည်းပြောလိုက်၊ ဘယ်သူဘယ်ဝါ ဖြောင်းဖျလို့ လာတောင်းပန်တာ. . ပြန်ပေါင်းထုပ်ရတာ. . ဆိုပြီး နောက်မှလာ၊ စကားနိုင်လုပြောဖို့ မကြိုးစားနဲ့. . လို့၊ လာလည်း မတောင်းပန်နဲ့လို့၊ အခုနေ ဒင်းမျက်ခွက်ကြီးကို ကျွန်မတို့တိုက်ခန်းအောက်ထပ်မှာ တွေ့လို့ကတော့ အပေါ်ကနေ ငရုတ်ကျည်ပွေ့နဲ့ ကောက်အပေါက်ပဲ. . လို့ ၊ မပြောမရှိနဲ့နော်၊ ဒါပဲ”

သေစမ်း။ ကြားဝင်စေ့စပ်ပေးနေတဲ့ ကျွန်တော်တို့နှစ်ကောင် ပက်လက်လန်သွားတယ်။

ဘာမှ ထပ်မပြောရဲဘူး။

မအေးအေးမော်ကြီးတော့ ကြောက်ရတယ်။ တကယ်လုပ်မှာလေ။

www.burmeseclassic.com



BURMESE CLASSIC .com

နေဝန်းနီဆိုတဲ့ကောင် ပတ်တီးအဖွေးသားနဲ့ ကျွန်တော့်အိမ်ပေါ် ရောက်လာတာကြည့်။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (ငါး)

ကျွန်တော်တို့ ကြောက်တာထက် နေဝန်းက ပိုကြောက်တယ်။

"ဟေ့ကောင်တွေ . . ဟေ့ကောင်တွေ . .၊ လာချောက်ချမနေနဲ့၊ ငါမသွားဘူး၊ လုံးဝမသွားဘူး"

ကျွန်တော်တို့ စိတ်ရှည်ရှည်ထားပြီး ဖြောင်းဖျရတယ်။

"သြော် . . မိန်းမဆိုတာ အစတော့ ဒီလိုပဲ ရှက်ရှက်နဲ့ ငြင်းကြတာပေါ့၊ မင်းမျက်နှာကြီးကို ပက်ပင်းတွေ့လိုက်ရရင်တော့ ပျော့ကျလာမှာပေါ့ကွာ"

"မင်းတို့ပြောတော့ ငရုတ်ကျည်ပွေ့နဲ့ တွေ့မယ်ဆို . . ကွ"

ဟိုဖက်က ပြောသမျှ စကားကို အကုန်ပြန်ပြောထားတဲ့ မြင့်မိုရ်ကို ကျွန်တော် မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်ပစ်လိုက်တယ်။

www.burmeseclassic.com



ငနာလေး။ ဘယ်စကားကိုချန်ပြီး ဘယ်စကားကို အရောင်တင်ပေးရမယ်ဆိုတာ ဒီကောင် ဒီလောက်တောင် မသိရရောလား။ ဘယ်နေရာဖြစ်ဖြစ် တံခွန်တိုင်ဆိုတဲ့ကောင်က ဒီပွဲစား ပါးစပ်ကြီးနဲ့ပဲ ဝင်. . ဝင်ပါနေရတာပဲ။

ဒီကောင်တွေ လောကထဲ လူလုပ်ဖို့ခက်သေးတယ်။

"ဩော်. . စိတ်ဆိုးတုန်းခဏ ပြောလိုက်တာပါကွာ၊ ဘယ်သူကတော့ ကိုယ့်ယောက်ျားကို ငရုတ်ကျည်ပွေ့နဲ့ ဆော်ရက်မှာလဲ"

"ဆော်ရက်လို့ပဲ ဆော်ခဲ့ပြီ"

"အဲ့ဒါ ငရုတ်ကျည်ပွေ့မှ မဟုတ်ပဲ၊ ဟို. . ဂေါ်ပြားနဲ့လေ"

"ဂေါ်ပြားလည်း နဖူးကွဲတာပဲကွ"

"အဲ့ဒါက. . . အဲ့ဒါက အခန့်မသင့်လို့ပါကွာ"

"ဩော်. . အခန့်သင့်တယ်ဆိုရင် ငါက ငါ့နဖူးလေးကို ရှေ့ထိုးပေးရမယ်ပေါ့"

ဘေးနားက မြင့်မိုရ်နဲ့ ဓူဝံက ကျွန်တော်တို့ စကားတွေကို နားထောင်ပြီး တခိခိနဲ့ ကျိတ်ရယ်တယ်။

ကျွန်တော်နည်းနည်းရှက်သွားပြီး 'တင်း'လာတယ်။

"ဘာရယ်တာလဲ. . မင်းတို့က၊ ကြားဝင် စေ့စပ်ပေးဖို့ဆိုရင် ဘာမှ အားမကိုးရဘူး၊ သူများလင်မယား အဆင်မပြေဖြစ်နေတာ ရယ်နေနိုင်သေးသလား၊ ပြီးတော့ မကောင်းထင်ခံရရင် ဒီကကောင်ပဲ အထင်ရတယ်၊ ငါကပဲ လူကြမ်းကြီးပေါ့၊ ငါကပဲ သပ်လျှိုသွေးခဲ့သူပေါ့"

www.burmeseclassic.com



"ဩော်. . . ငါတို့ဟာငါတို့ ရယ်တာကို လှည့်ရန်ထောင်နေပြန်ပြီ"

"အေးလေ၊ ရယ်မိတာလေးနဲ့ပဲ ဒီလောက်တောင် ဒေါသထွက်စရာလား"

"ထွက်တယ်၊ ထွက်တယ်၊ ငါအရမ်းဒေါသထွက်နေပြီ၊ ဒီမှာ. . ဟေ့ကောင်၊ နေဝန်းနီ"

ကျွန်တော့်ရဲ့ ခပ်ငေါက်ငေါက်အော်သံကို ငနေက မဖြုံသေးတဲ့ ပုံစံနဲ့ ပြန်ထူးတယ်။

"ဘာလဲ. . ."

"ငါ အပြတ်ပြောမယ်၊ မင်း. . . မင်းမိန်းမကို ပြန်ပေါင်းမှာလား၊ မပေါင်းဘူးလား၊ ဒါပဲပြော"

"မပေါင်းဘူး"

"ဒါဆို. . . သွား၊ အခု. . ကွာရှင်းစာချုပ်ရေး. .၊ ရေးစမ်း၊ အခုချက်ချင်း လက်မှတ်ထိုး. . . ထိုး၊ ငါကိုယ်တိုင် ဒီစာချုပ်ကို သွားပေးမယ်၊ အခုလက်မှတ်ထိုး"

"အခုချက်ချင်းကြီးလား. . ."

နေဝန်းနီလေသံက အားပျော့လာတယ်။

"အေး. .၊ ခုချက်ချင်းပဲ"

"မင်းကလည်း. . .၊ အဲဒီလောက်. . . အဲဒီလောက်လောဖို့ မလိုပါဘူး၊ မိန်းမဆိုတာ ဘယ်အချိန်ကွာကွာ. . ကွာလို့ရ. ."

"မရဘူး. . ."

ကျွန်တော် ကျုံးအော်လိုက်လို့ ဒီကောင်တွေ သုံးကောင်လုံး လန့်ဖျန့်သွားတယ်။

"မရဘူး၊ လုံးဝမရဘူး၊ အခုချက်ချင်း မင်းမိန်းမကို ကွာချင်ကွာ၊ မကွာရင်လည်း ငါ့အိမ်ပေါ်ကဆင်း၊ ဒါပဲ၊ မင်းတို့ဇာတ်ရှုပ်တွေ ငါလိုက် ရှင်းမပေးနိုင်တော့ဘူး၊ အပူမရှာချင်လို့ တစ်ယောက်တည်း နေနေတာကွ၊ သိလား၊ ငါ့အိမ်ပေါ် အလကားတက်နေ၊ အလကား တက်စားပြီး လူပျိုပြန်လုပ်ချင်မနေနဲ့ ငါ့ပါရောပြီး သိမ်းကျုံး အပြော ခံနေရတယ်၊ ငါ အပြောမခံနိုင်တော့ဘူး၊ မင်း. . ကိုယ့်ဇာတ်ကို အခုချက်ချင်း သိမ်းတော့. . ငနေ၊ ငါ. . ဒါပဲပြောမယ်"

"မင်းကလည်းကွာ. . .၊ ဒေါချည်းပဲ"

ကျွန်တော့်ကို နေဝန်းက လေပျော့လေးနဲ့ လာချော့တယ်။ ကျွန်တော်. . . မျက်နှာကို သံပတ်တင်းလိုက်တယ်။

"ဟေ့ကောင်၊ လာနွှဲ့မနေနဲ့၊ ငါ. . မင်း မိန်းမ, မဟုတ်ဘူး၊ ဒီလိုလေသံ၊ ဒီလိုမျက်နှာနဲ့ မင်းမိန်းမ. . မင်းသွားပြော"

"မဟုတ်ဘူးလေကွာ၊ ကိုယ့်မိန်းမကိုလည်း ချော့တော့ ချော့ရမှာပေါ့၊ အခု ချက်ချင်းကြီးကျတော့. . ."

"မင်း. . ငါ့အိမ်ရောက်နေတာ နှစ်ပတ်ကျော်ပြီ"

"ငါက အခုတော်တော် နာကျည်းနေတာကွ"

"နာကျည်းရင် အခုကွဲ. . . ကွဲစမ်း"

"ငါနာကျည်းတာက ငါ့မိန်းမကို မဟုတ်ဘူး"

"ဘာကွ. . ."

www.burmeseclassic.com



နေဝန်းစကားကြောင့် ကျွန်တော်တို့အားလုံး အံ့သြသွားကြတယ်။ နေဝန်းက သူ့စကားသူ ဆက်ပြောတယ်။

“ငါနာကျည်းတာ သူ့ကြောင်ကို. . . ”

ကျွန်တော်တို့ သုံးယောက်လုံး ကြောင်စီစီလေးတွေ ဖြစ်ကုန်ကြတယ်။ ခဏကြာမှ ဟိုနှစ်ကောင်ဆီက တဟီးဟီးနဲ့ ရယ်ချလိုက်သံတွေ ထွက်လာတယ်။

ကျွန်တော်မျက်နှာက ရယ်ရအခက်၊ ငိုရအခက်နဲ့ အောက်သိုးသိုးကြီး ဖြစ်သွားပါတယ်။

နေဝန်းကတော့ တကယ့်ကို ရင်ထဲက ခံစားချက်နဲ့ လှိုက်လှိုက်လှဲလှဲ ပြောနေပြန်တယ်။

“ငါ. . လုံးဝမကျေနပ်ဘူး. . တံခွန်တိုင်၊ ငါ သူ့ကြောင်ကို ဒီတစ်သက် ဘယ်တော့မှမကျေဘူး၊ အဲ့ဒီကြောင်ကို အခုတွေ့ အခုသတ်တယ်၊ ဒီကြောင်စုတ်ကြောင့် ငါတို့လင်မယား တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှကြီးကြီးကျယ်ကျယ် ရန်မဖြစ်ဖူးဘဲ ဖြစ်ရတယ်၊ ကွဲရပြဲရတယ်၊ ဒီကြောင်ရှိနေသမျှ ငါတို့လင်မယား အဆင်ပြေမှာကို မဟုတ်ဘူး၊ ဒီကြောင်ကို သတ်ပြီးမှ ငါ ဒီမိန်းမနဲ့ ပြန်ပေါင်းမယ်၊ ပေါင်းနိုင်မယ်”

ကျွန်တော် ဘာမှ ပြန်မပြောရဲဘူး။ ငနေရဲ့ မျက်လုံးတွေက ကြောက်စရာကြီး။ တကယ်လုပ်မယ့် ရုပ်ကြီး။

သူ့ကိုကြည့်ရတာ ဟောလိဝုဒ်ရုပ်ရှင်ထဲက စိတ္တဇ လူသတ်သမား ရုပ်မျိုး ပေါက်နေတယ်။

(မတော်. . . ကြောင်ကို သတ်မရလို့ သူ့မိန်းမသူ. . . လည်ပင်း ထ,ညှစ်နေမှ အခက်)။

ကျွန်တော် သူ့ကို ပြန်ချော့ရမယ့် အချိန်ရောက်သွားတယ်။

"မင်းကလည်းကွာ. . .၊ အဲ့ဒီလောက်ကြီးတော့ အညှိုးမကြီးနဲ့လေကွာ၊ မင်းမိန်းမကလည်း အဲ့ဒီကြောင်ကို အသည်းစွဲဖြစ်နေတာမဟုတ်လား၊ မင်းက သူ့အချစ်တော်ကို သွားသတ်ရင် သူနဲ့ ကမ္ဘာ့ရန်. . ဖြစ်သွားမှာပေါ့ကွ"

"အဲ့ဒီတော့ ငါဘာလုပ်ရမလဲ၊ ငါက အဲ့ဒီကြောင်ကို လုံးဝမှ ကြည့်မရတာ၊ ငါ. . ဒီကြောင်နဲ့ တစ်အိမ်တည်းတော့ ဘယ်နည်းနဲ့မှ အတူမနေနိုင်တော့ဘူး၊ အိုကွာ. . အဲ့ဒီကြောင်ကို ဒီမိန်းမ ဆက်မွေးထားရင် ငါသူ့ကို လုံးဝဆက်မပေါင်းဘူး၊ လုံးဝ. . လုံးဝပဲ"

ကျွန်တော်၊ မြင့်မိုရ်နဲ့ မူဝံ. .၊ တစ်ယောက်ကို တစ်ယောက် ပြန်ကြည့်မိကြတယ်။ မျက်စ,တွေလည်း အချင်းချင်း ပစ်မိကြတယ်။

'ဘယ်လိုလုပ်ကြမလဲ'. . . ပေါ့။

မြင့်မိုရ်ကတော့ ခေါင်းကို တဗျင်းဗျင်းမြည်အောင် စ,ကုတ်တယ်။

မူဝံကတော့ ခါးထောက်ပြီး နေဝန်းရှေ့တည့်တည့်မှာ မျက်ထောင့်နီကြီးနဲ့ သွားစိုက်ကြည့်တယ်။ ပြီးတော့ ခပ်တည်တည်နဲ့ မေးချလိုက်တယ်။

"မင်း. . . အဲ့ဒီကြောင်မရှိရင် မင်းမိန်းမကို ပြန်ပေါင်းမယ် ပေါ့. .၊ ဟုတ်လား"

www.burmeseclassic.com


"ပေါင်းမယ်"

"မင်းက. . သူ့ကို သွားတောင်းပန်မှာလား. . ."

"ဒီကြောင်စုတ်ကိုသာ သူစွန့်လွှတ်မယ်ဆိုရင် ငါသူ့ကို သွားတောင်းပန်မယ်ကွာ. . ."

"ကောင်းပြီ"

ဓူဝံရဲ့ လေသံကလည်း ကြောက်စရာကြီး။ တော်တော်ကြီးကို မာပြီးပြတ်နေတယ်။

ပြီးတော့ ဒီကောင်က ကျွန်တော်နဲ့ မြင့်မိုရ်ဘက်ကို လှည့်ပြီး စူးရဲရဲကြီး စိုက်ကြည့်လိုက်တာ ကျွန်တော်တော့ ကျောထဲမှာကို စိမ့်သွားတာပဲ။

ဒီကောင်. . . ကြောက်မက်ဖွယ်ရာ တစ်ခုခုကို အကြီးအကျယ် ကြံစည်နေပါပြီ။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

မိန်းမတစ်ယောက်နဲ့ အတူနေဖို့ထက်
မိန်းမတစ်ယောက်အတွက်
အသက်စွန့်ဖို့က ပိုပြီးလွယ်တယ်။

(ကဗျာဆရာ ဘိုင်ရွန်)

www.burmeseclassic.com

## အခန်း (တစ်)

ကျွန်တော့်လက်ကိုင် ဟန်းဖုန်းထဲမှာ ခွေးဟောင်သံ တဝုတ်ဝုတ်က ဆူညံနေတယ်။

ဖုန်းထဲမှာ နေဝန်းနီရဲ့အသံက ခွေးဟောင်သံနဲ့အတူ ခပ်ဆောင့်ဆောင့် ပေါ်လာတယ်။

"မင်းခွေးကလည်း ဟောင်လိုက်တာ. . ."

ကျွန်တော် ဖုန်းထဲကနေ နေဝန်းနီကို ပြန်ဟောက် လိုက်တယ်။

"ခွေးပဲ. .၊ ဟောင်မှာပေါ့၊ ဒါ အဆန်းလား"

"ဘေးနားက အခန်းတွေ ကြားပြီး မသက်ာလို့ ထွက်ကြည့်မှ သောက်ဂွ. . ."

www.burmeseclassic.com



"မင်းတို့သာ မြန်မြန်လုပ်စမ်းပါ၊ ငွေကြယ်စင်အခန်း ဘေးနားက အိမ်နီးချင်းတွေအကြောင်း ငါအကုန် မင်းကို ပြောပြီးပြီပဲ၊ ဒီလို နေ့ခင်းတစ်နာရီ နှစ်နာရီ အဲ့ဒီတိုက်ခန်းတွေထဲမှာ လူတစ်ယောက်မှ မရှိပါဘူးဆို"

ကျွန်တော့်မှာလည်း ပြောသာပြောနေရတယ်။ စိတ်ထဲကတော့ ထင့်တင့်တင့်နှင့်ပဲ။

သေချာရဲ့လား။ ငွေကြယ်စင်ရဲ့ အခန်းနဲ့ မျက်နှာချင်းဆိုင် တစ်လွှာတည်းအခန်းဟာ လူမနေဘူးဆိုတာတော့ သေချာပါတယ်။

ဒါပေမယ့် ငွေကြယ်စင်အခန်းရဲ့ အပေါ်နှင့်အောက် တိုက်ခန်းတွေက လူနေတယ်။ သို့ပေမယ့် ဒီလိုမျိုး နေ့ခင်းတစ်နာရီ နှစ်နာရီခန့်မှာ တိုက်ခန်းတွေထဲ လူရှိမနေတတ်တာ များသည်ဟု ကျွန်တော် စုံစမ်းသိရှိထားတာ။

အဲ့ဒီအတိုင်း မှန်ပါစေလို့ပဲ အခု ကျွန်တော့်မှာ ဆုတောင်းနေရတယ်။

အကယ်၍များ တိုက်ခန်းတွေထဲက ဒီနေ့ အလုပ်မသွားဖြစ်တဲ့ တစ်ယောက်ယောက်၊ ဒါမှမဟုတ်. . ကျောင်းမသွားဖြစ်တဲ့ တစ်ယောက်ယောက်က ထွက်ကြည့်လိုက်ရင် မတွေးရဲစရာ. . ။

ငွေကြယ်စင်ရဲ့ အခန်းဆီကို ကုပ်ချောင်းချောင်းနဲ့ တက်သွားကြတဲ့ နေဝန်းနီနဲ့ ဓူဝံတို့ကို သူခိုးတွေလို့ အထင်မှားပြီး

www.burmeseclassic.com



ထ,အော်နေမှဖြင့် အခက်. . .။

တကယ်တော့ သူတို့နှစ်ယောက်ဟာ ငွေကြယ်စင်အခန်းက ပစ္စည်းသွားခိုးမှာ မဟုတ်ဘူး။ ငွေကြယ်စင်အခန်းကို **ပစ္စည်းတစ်ခု** သွားထားမှာ။

ဖုန်းထဲမှာ ဓူဝံက တုန်တုန်ရီရီနဲ့ ကျိတ်ပြောတယ်။

"ငါတို့ ငွေကြယ်စင်ရဲ့ အခန်းရှေ့ရောက်ပြီ တံခွန်"

"အေး. . . ရောက်ရင် ငါပေးလိုက်တဲ့ သော့တွဲကို ထုတ်"

"ထုတ်ပြီးပြီ"

"သော့တွဲထဲက (Solex) သော့နှစ်ချောင်းကို ရှာ"

"တွေ့ပြီ"

"နှစ်ချောင်းထဲက အကြီးနဲ့ သံပန်းတံခါးမှာခတ်ထားတဲ့ သော့ခလောက်ကို ဖွင့်"

ဖုန်းထဲမှာ နေဝန်းနဲ့ ဓူဝံတို့နှစ်ယောက် သော့တွဲကို တချွင်ချွင်နဲ့ နှိုက်ထုတ်နေတဲ့ အသံ၊ သော့ခလောက်ကို အသံသိပ်မမြည်အောင် ကျိတ်ပြီး လှည့်ဖွင့်နေတဲ့အသံကို ကြားနေ ရတယ်။

ကျွန်တော့်ဘေးနားမှာ ရင်ဘတ်ဖိပြီး ရပ်နေတဲ့ မြင့်မိုရ်တစ်ယောက် မျက်စ,ပစ်ပြီး မေးတယ်။

"ဘယ်အဆင့်ရောက်နေပြီလဲ"

"အခုမှ တံခါးမ,ကြီးက သံပန်းတံခါးကို ဖွင့်တုန်း"

"မြန်မြန်လုပ်ခိုင်းဟ. .၊ ငွေကြယ်စင်တို့ ပြန်လာမှ

www.burmeseclassic.com



ကွဲနေမယ်”

ကျွန်တော်နဲ့မြင့်မိုရ်က ငွေကြယ်စင်တို့ တိုက်ခန်းရှေ့ ကားလမ်းပေါ် မလှမ်းမကမ်းမှာရပ်ရင်း တိုက်ခန်းပေါ် တက်သွားတဲ့ နေဝန်းနဲ့ ဓူဝံတို့နှစ်ယောက်ကို ဖုန်းနဲ့ လမ်းညွှန်နေရတယ်။ ဓူဝံ့လက်ထဲမှာလည်း ဟန်းဖုန်းတစ်လုံးကို ဖွင့်ကိုင်သွားတာကိုး။

ဒီဇာတ်လမ်းမှာ အကြံပေးတာက ဓူဝံ။ အစီအစဉ်ရေးဆွဲတာက ကျွန်တော်။

သတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်း ကျွန်တော်နဲ့ မြင့်မိုရ်က တိုက်ခန်းရှေ့နားမှာပဲ ရပ်စောင့်ရင်း အဲ့ဒီတိုက်ခန်း အဆောက်အဦကြီးထဲ လူဝင်လူထွက် အခြေအနေကို စောင့်ကြည့်ပေးနေရတာ။ မတော်တဆ, ငွေကြယ်စင်နဲ့ မအေးအေးမော် တစ်ယောက်ယောက်များ ပြန်လာခဲ့ရင် ကြိုတင်ပြီး ဖုန်းထဲကနေ နေဝန်းတို့ကို သတိပေးရအောင်လို့လေ။

ဓူဝံနဲ့နေဝန်းတို့ကလည်း ငွေကြယ်စင်ရဲ့အခန်းကို တစ်ခါမှ ရောက်ဖူးကြတဲ့ သူတွေမဟုတ်တော့ ကျွန်တော်ဖုန်းထဲကနေ ပြောပြတဲ့ လမ်းညွှန်ချက်ကို နားထောင်ရင်း အခန်းထဲကို ဝင်ဖို့ ကြိုးစားနေကြတာ။

“သံပန်းတံခါးပွင့်သွားပြီ”

“ပွင့်သွားရင် သစ်သားတံခါးက ဗူးသော့ကို သော့တွဲထဲက ကွင်းအသေးလေးမှာ တပ်ထားတဲ့ ကြေးဝါရောင်သော့လေးနဲ့ လှည့်ဖွင့်”

www.burmeseclassic.com



"သော့ထိုးပြီး လှည့်နေပြီ"

ဖုန်းထဲမှာ ဂျလောက်ဂျလောက်နဲ့ အသံတွေကြားနေရပြီး ဓူဝံရဲ့ဒေါသတကြီး အော်သံကထွက်လာတယ်။

"မင်းကြီးဒေါ်ကြီးသော့က အရမ်းကျပ်နေတယ်၊ ဖွင့်လို့မရဘူး"

"မလောနဲ့၊ မလောနဲ့၊ စိတ်ရှည်ရှည်ထား၊ ချော့ထိုး. . .၊ ချော့ထိုးပြီး လှည့်"

တက်သွားတဲ့ကောင်တွေတော့ မသိ။ အပြင်ဘက်က ကျွန်တော်နဲ့ မြင့်မိုရ်ကတော့ ချွေးပြန်စ,ပြုနေပြီ။

ငွေကြယ်စင်တို့ လမ်းထဲကို ကားတစ်စီးဝင်လာတယ်။ ကျွန်တော် ဖုန်းထဲကနေ ခပ်တိုးတိုး အော်လိုက်တယ်။

"ကားတစ်စီး ဝင်လာတယ်၊ အသင့်. . ."

ကျွန်တော်နဲ့မြင့်မိုရ် အဲ့ဒီကားကို ဝိုင်းပြူးပြဲ ကြည့်မိကြတယ်။ ကားက ငွေကြယ်စင်တို့တိုက်ခန်း ရှေ့တည့်တည့်နားမှာ ရပ်သွားတော့ ကျွန်တော်တို့ ရင်ခုန်သံတွေ မြန်သွားပါတယ်။

တော်ပါသေးရဲ့။

ကားပေါ်က ဆင်းလာတဲ့သူတွေ ငွေကြယ်စင်တို့ တိုက်ခန်းဘေးကပ်လျက် တိုက်ပေါ်ကို တက်သွားကြလို့။

"ဆက်လုပ်. . ဆက်လုပ်၊ ဘေးတိုက်ပေါ်ကို တက်သွားပြီ"

"ချီးတဲ့မှပဲ. . "

"ဗူးသော့ကို ဖွင့်လို့ ရပြီလား"

www.burmeseclassic.com



"ရတော့မယ်. .၊ ရတော့မယ်. ."

တကယ်တော့ ငွေကြယ်စင်တို့ တိုက်ခန်းသော့နဲ့ ပုံစံတူသော့တွေအကုန်လုံး ကျွန်တော့်ဆီမှာ ရှိတယ်လေ။

ဘာဖြစ်လို့လဲဆိုတော့ ဒီတိုက်ခန်းတွဲကြီးရဲ့ ပိုင်ရှင်ကိုယ်တိုင်က သူ့တိုက်ခန်းတွေကို ရောင်းချပေးဖို့ ကျွန်တော်တို့ကုမ္ပဏီမှာ လာအပ်ထားတာဆိုတော့ ဝယ်သူလာရင် ကျွန်တော်တို့ကပဲ လိုက်လံပြသပေးဖို့ သော့တွေ ပေးထားတာကိုး. . .။

ငွေကြယ်စင်ရဲ့ တိုက်ခန်းသော့တင်မဟုတ်ဘူး။ ဒီအဆောက်အဦကြီးရဲ့ မရောင်းချရသေးတဲ့ တိုက်ခန်းသော့ မှန်သမျှကျွန်တော့်ဆီမှာ ရှိသေးတယ်။

ငွေကြယ်စင်တို့ ကံဆိုးသွားတာကတော့ တိုက်ခန်းကိုဝယ်ပြီးပြီးချင်း သော့တွေကို အသစ်လဲမတပ် ထားတာပဲ။

ဒါကြောင့် ငွေကြယ်စင်ရဲ့တိုက်ခန်းထဲကို ဝင်ဖို့ကိစ္စဟာထင်တာထက် ပိုလွယ်ကူသွားတာပေါ့။

ကျွန်တော့်ဆီမှာရှိတဲ့ အဲ့ဒီသော့တွေကို အသုံးချပြီးငွေကြယ်စင်ရဲ့ အခန်းထဲကို ဖွင့်ဝင်ဖို့ နေဝန်းနဲ့မူဝံတို့နှစ်ယောက်အားကြိုးမာန်တက် ကြိုးစားနေကြပြီလေ။

ဖုန်းထဲမှာ စကားပြန်မရလို့ ကျွန်တော် မေးလိုက်ရတယ်။

"ဟေ့ကောင်၊ မရသေးဘူးလား၊ အဲဒီဗူးသော့ကို ဖွင့်နေတာ"

"မရသေးလို့ပေါ့ ငနာရဲ့၊ ဒီမှာသော့က ကျပ်နေရတဲ့အထဲ

www.burmeseclassic.com



မင်းရဲ့ခွေးစုတ်က ဟောင်လိုက်တာ နားကိုညည်းနေတာပဲ”

“အောင်မာ. . အဲ့ဒါ ခွေးစုတ်မဟုတ်ဘူး၊ အယ်လ်ဇေးရှင်းက္ခ ဟော့ကောင်ရဲ့ ဈေးသိပ်ကြီးတာနော်၊ ဒီကောင်တွေကမှ တကယ်ကိုက်တာ၊ ငါ့တူတွေဆီက တောင်းတောင်းပန်ပန်နဲ့ ခဏဆိုပြီး ငှားလာရတာနော်၊ ရှိရှိသေသေကိုင်. . ”

ကျွန်တော့်မှာ အယ်လ်ဇေးရှင်းမှ အကိုက်ကြမ်းသည် ဆို၍ မနေ့ကပဲ မကြီးသားတွေဆီ သွားကာ “ငါ့ကို ခွေးတစ်ကောင် တစ်ရက်လောက် ငှားစမ်းပါကွာ”. . . ဟု ခခယယ တောင်းယူလာရတာ။

ဒီကောင်တွေက သိပ်ပေးချင်တာမဟုတ်။

“ဘာလုပ်ဖို့လဲ၊ ဘာအတွက်လဲ”. . နှင့် စပ်စုနေကြသေး၍ ရုပ်ရှင်ရိုက်တဲ့ ဒါရိုက်တာတစ်ယောက်က ရုပ်ရှင်ထဲ ခဏထည့်ရိုက်ဖို့ ငှားခိုင်းလို့ဟု ပြောလိုက်မှ ရှောရှောရှူရှူ ထုတ်ပေးကြတာ။

ဒါတောင် ကျွန်တော်က “အကောင်ကြီးကြီး မလိုချင်ဘူး၊ တီဗွီစက္ကူပုံးထဲ ထည့်လို့ရအောင် သားပေါက်ကလေးလောက်ပဲ လိုချင်တာ”. . ဟု ချေးများလိုက်၍ ကျွန်တော့်တူတွေ စူပွပွ ဖြစ်ကုန်ကြသေးသည်။

“သားပေါက်ဆိုရင် တအားနုတယ်၊ ဦးခွန်ကို မငှားနိုင်ပါဘူး၊ ရတယ်၊ သားတို့ဆီမှာ စက္ကူပုံးထဲ ထည့်လို့ရမယ့် အရွယ်လောက် အနေတော်ရှိတယ်၊ အဲ့ဒီအကောင်ပေးလိုက်မယ်”

ကျွန်တော်လည်း ဝမ်းသာအားရနဲ့ ရတဲ့အကောင်ပဲ ပုံးထဲ

www.burmeseclassic.com



ထည့်ယူလာခဲ့တာ။

အခု အဲ့ဒီအကောင်က နေဝန်းနီရဲ့ လက်ထဲကတစ်ဆင့် ငွေကြယ်စင်ရဲ့ တိုက်ခန်းထဲကို. . .။

"ပွင့်ပြီ. . .၊ ပွင့်ပြီ. . ."

ဖုန်းထဲမှာ ဓူဝံက ကုန်းအော်လိုက်လို့ ကျွန်တော် လန့်သွားသေးတယ်။

"ပွင့်ရင်လည်း အထဲကိုမြန်မြန်ဝင်၊ ခြေရာလက်ရာ ဘာမှ မပျက်စေနဲ့၊ အထဲကနေ သံပန်းတံခါးကို သော့ပြန်ခတ်ထား၊ သစ်သားတံခါးကို ပြန်ပိတ်ထား"

"ငါတို့သိတယ်၊ မရှည်နဲ့. . . တံခွန်"

"စက္ကူပုံးမှာ ချည်ထားတဲ့ကြိုးကို မဖြည်နဲ့ဦး၊ မင်းတို့က လွတ်ရာကျွတ်ရာမှာ ရှောင်နေဖို့ပြင်ထား၊ ပြီးမှ. . . ဖွင့်. . ဖွင့်. . "

ကျွန်တော် ဖုန်းထဲကနေ နေဝန်းတို့ကို ပြောနေတုန်းမှာပဲ အင်မတန်ကြောက်စရာကောင်းတဲ့ မြင်ကွင်းတစ်ခုကို လှမ်းမြင်လိုက်ရတော့တယ်။

ကျွန်တော့်ရဲ့ ပါးစပ်ကလည်း အဟောင်းသား. . .။ ကျွန်တော့်ဘေးနားမှာ ရပ်နေတဲ့ မြင့်မိုရ်ခမျာလည်း မျက်လုံးတွေ တဖြည်းဖြည်းဝိုင်းစက် ပြူးကျယ်လာ. . .။

"တ. . . တ. . . တံခွန်. . .၊ ဟို. . ဟို. . ဟိုမှာ. . ."

ကျွန်တော်နဲ့မြင့်မိုရ်ရပ်နေတဲ့ ငါးဆယ့်နှစ်လမ်းထဲကို ရယ်မောစကားပြောရင်း ဝင်လာကြတဲ့ မအေးအေးမော်နဲ့

www.burmeseclassic.com



ငွေကြယ်စင်. . .။

ဖုန်း ဒီဘက်မှာ တိတ်သွားကြတဲ့ ကျွန်တော်တို့ကြောင့် တိုက်ခန်းထဲမှာ ရှိနေတဲ့ နေဝန်းနဲ့ ဓူဝံ အလန့်တကြား ထ,မေးတယ်။

"ဘာ. . . ဘာ. . . ဘာဖြစ်နေကြတာလဲ"

ကျွန်တော်ဘာပြန်ပြောရမလဲ မသိခင်မှာ မြင့်မိုရ်က ထ,အော်တယ်။

"ဟာ. . . သူတို့ပြန်လာကုန်ပြီ. . .၊ သူတို့ပြန်လာကုန်ပြီ၊ ဘာလုပ်ကြမလဲ. .၊ ဒုက္ခပဲ. .၊ ကိုယ်ကျိုးတွေနည်းကုန်တော့မှာပဲ၊ ဟော့ကောင်. . . တံခွန်. . .၊ ဟိုကောင်တွေ ပြန်ထွက်ခိုင်း၊ ပြန်ထွက်ခိုင်း"

"မမှီတော့ဘူး၊ ပြန်ထွက်ခိုင်းလည်း မမှီတော့ဘူး၊ သူတို့နဲ့ တိုက်ခန်းပေါက်ဝ,မှာ တိုးတော့မှာ၊ တိုးတော့မှာဟ. . "

"ဒါဆို. . ဒါဆို ဘာ. . . ဘာလုပ်ကြမလဲ"

"ဘာလုပ်ကြမလဲ. . ဟုတ်လား၊ လဒလေးရဲ့. . မင်း ပြောတော့. . . ငွေကြယ်စင်က ဒီနေ့ သူ့ဝတ္ထုကိုရိုက်တဲ့ ရုပ်ရှင် ပရက်စ်ရှိုး သွားကြည့်တယ်ဆို၊ နှစ်နာရီ သုံးနာရီလောက်တောင် ကြာမှာဆို၊ ခု. . . ဒီဟာမတွေ ဘာလို့ ချက်ချင်း ပြန်ရောက်လာတာလဲ၊ အဲ့ဒါ. . . မင်းအသုံးမကျလို့ ပြန်လာတာ၊ မြင့်မိုရ်. . . အဲ့ဒါမင်းကြောင့်"

"ငါလည်း ဘယ်သိ. . . သိ. . . "

တိုက်ခန်းထဲက နေဝန်းနဲ့ဓူဝံဆီကလည်း တုန်တုန်ရီရီနဲ့

www.burmeseclassic.com



ငိုသံပါကြီးတွေ ထွက်လာတယ်။

"ဟေ့ကောင်တွေ. ၊ ငါတို့ဘာလုပ်ရမှာလဲ၊ ပြန်ထွက်လာရမှာလား၊ ပြောဦးလေ. ၊ ဘာဖြစ်နေတာလဲ"

ကျွန်တော် ကုန်းအော်လိုက်တယ်။

"မထွက်နဲ့. . ၊ မထွက်နဲ့. . ၊ မင်းမိန်းမ. . . တိုက်ခန်းလှေကားရင်း ရောက်နေပြီ"

"ဟာ. . . "

ကတုန်ကယင်အသံကြီးနဲ့ နေဝန်းရော၊ မူဝံပါ အော်လိုက်ကြတာ ကျွန်တော်ဖုန်းထဲကနေ ကြားလိုက်တယ်။

ကျွန်တော် ခပ်မြန်မြန်ဆုံးဖြတ်ပြီး လှမ်းပြောလိုက်တယ်။

"ဟေ့ကောင်တွေ. . . ပုန်းစရာရှာ၊ အဲ့ဒီအခန်းထဲမှာ ပုန်းဖို့နေရာ. . ရှာ. . "

"သေပါလား. . . တံခွန်စုတ်ရဲ့၊ ဒီမှာ. . . လူအကောင်လိုက်ကြီး နှစ်ယောက်နဲ့ ခွေးတစ်ကောင်ထည့်ထားတဲ့ စက္ကူပုံးကြီး တစ်ခုလုံးကို ဘယ်နား သွားဖွက်ထားရမှာလဲ၊ မင်းခေါင်းပေါ် လာတင်ထားရမှာလား"

"ဝရုံတာ. . ၊ ဝရုံတာ. . . "

ကျွန်တော် ကြောက်လန့်တကြား အော်ဟစ်လိုက်ချိန်မှာ ငွေကြယ်စင်နဲ့ အေးအေးမော်တို့နှစ်ယောက် သူတို့တိုက်ခန်းရှိတဲ့ အဆောက်အဦထဲက လှေကားပေါ် လှမ်းတက်နေပါပြီ။

ကျွန်တော့်ဘေးနားမှာ ထိတ်လန့်ပြီး ဆွေ့ဆွေ့ခုန်နေတဲ့

www.burmeseclassic.com



မြင့်မိုရ်ကို ကျွန်တော် ထ,အော်လိုက်မိတယ်။

"မြင့်မိုရ်. . သွား. . သွား၊ မင်းရဲ့စာရေးဆရာမ,ကို စကားရော ဖောရောလုပ်ပြီး သွားတားထားလေ၊ အခန်းထဲ မဝင်ဖြစ်အောင် အချိန်သွားဆွဲထား၊ ဒီမှာ ဘာရပ်လုပ်နေတာလဲ. . . ချီးမှပဲ"

အဲ့ဒီကျမှ မြင့်မိုရ်ကလည်း ကမျောသောပါး တိုက်ခန်းလှေကားပေါ် ပြေးတက်သွားတော့တယ်။

ကျွန်တော်. . ကိုင်ထားတဲ့ ဟန်းဖုန်းထဲ ပြန်အော်ရတယ်။

"ဟေ့ကောင်. . နေဝန်းနဲ့ခူဝံ၊ ဝရံတာဘက် မထွက်သေးဘူးလား. .၊ မင်းကြီးဒေါ်ကြီးနှစ်ယောက်က တိုက်ခန်းပေါက်ဝ,ရောက်နေပြီ"

"ထွက်နေပြီဟ. .၊ ဝရံတာတံခါးက ကျပ်နေလို့"

ကျွန်တော် ငွေကြယ်စင်တို့ တိုက်ခန်းရှိရာ လေးလွှာမြောက်အထပ်ဆီ မော့ကြည့်လိုက်တော့ ဝရံတာတံခါးက ဖျပ်ခနဲပွင့်လာပါတယ်။

ဝရုန်းသုန်းကားပုံစံနဲ့ နေဝန်းတို့နှစ်ယောက် အပြင်ဘက်ထွက်လာတယ်။

နေဝန်းလက်ထဲမှာ ဟန်းဖုန်းကိုင်လျက်သား။ ခူဝံလက်ထဲမှာက ခွေးထည့်ထားတဲ့ စက္ကူပုံးကြီးကို မနိုင်မနင်း မ,လျက်သား။ သူတို့နှစ်ယောက် ဝရံတာတံခါးကို ကိုးရို့ကားရားပြန်ပိတ်ဖို့ကြိုးစားနေတယ်။

လမ်းမပေါ်ကနေ ကျွန်တော် သူတို့နှစ်ယောက်ကို

www.burmeseclassic.com



မော့ကြည့်ရင်း ရင်တွေတဒိုင်းဒိုင်း ခုန်နေတာပေါ့။

နေဝန်းတို့ နှစ်ယောက်သား အဲ့ဒီလေးလွှာက တိုက်ခန်း ဝရံတာ ကျဉ်းကျဉ်းလေးမှာ နံရံကို ကျောကပ်ပြီး အသံမထွက်ပဲ ရပ်နေကြတယ်။ မျက်လုံးပြူး မျက်ဆံပြူး မျက်နှာတွေက သူတို့ ဘယ်လောက် ထိတ်လန့်တုန်လှုပ်နေတယ်ဆိုတာ ပြနေတယ်။

အရေးထဲမှာ ခွေးဟောင်သံက ကျွန်တော်ရပ်နေတဲ့ လမ်းမ, မြေညီထပ်ကနေတောင် ကြားနေရတာ တော်တော့်ကို ဆိုးတယ်။

ဖုန်းထဲမှာ ခူဝံရဲ့ အတိုးညင်းဆုံး ဒေါသသံကို ကြားရတယ်။

"မင်းရဲ့ ဟဲဗီးမက်တယ် အယ်လ်ဖေးရှင်းက ငါတို့ကို ချောက်ချနေပြီ၊ ငါ လည်လိမ်ချိုးမိတော့မယ်"

ကျွန်တော်ဖုန်းထဲမှာ ခပ်တိုးတိုး ကျိတ်ပြော လိုက်ရပြန်တယ်။

"ငြိမ်ငြိမ်လေးနေစမ်း. . . ခူဝံ၊ ခွေးအသံထက် မင်း အူသံက ပိုကျယ်နေတယ်"

ကျွန်တော် သူတို့တိုက်ခန်းဆီ ရင်တခုန်ခုန်နဲ့ မော့ကြည့်နေတုန်း ကျွန်တော့်ရဲ့ဖုန်းထဲကို အဲ့ဒီအခန်းထဲ တံခါးဖွင့် ဝင်လာကြတဲ့ ဟိုမိန်းမနှစ်ယောက်နဲ့ မြင့်မိုရ်ရတို့ရဲ့ စကားပြောသံတွေကို ကြားလိုက်ရတော့တယ်။

"ကိုမြင့်မိုရ်ရက ဘယ်ကနေဘယ်လို ပေါက်ချလာတာလဲ"

အဲ့ဒါ ငွေကြယ်စင်အသံ။

ဖြေလေ. .။ မြင့်မိုရ်. . . ဖြေလေ။ ဘာလုပ်နေတာလဲ။

www.burmeseclassic.com



အခုမှ ဒီသူတောင်းစားက ဘာကိစ္စ ပါးစပ်ပိတ်နေရတာလဲ။

"ကိုမြင့်မိုရ်. . . မေးနေတယ်လေ၊ ဘာငေါင်နေတာလဲ"

ဒါ. . . မအေးအေးမော်ရဲ့ အသံ။ မြင့်မိုရ်ဆီက မသဲမကွဲ ပြန်ဖြေသံစကားတွေ ကြားရတယ်။

ဒီငနာကလည်း. . .။ ဒီအချိန်မျိုးမှာ ရေပက်မဝင်အောင် အာသွက်လျှာသွက်နဲ့ စကားတွေ ဖောင်ဖွဲ့နေရမှာ. . .။ ဘာလို့ ခွေးအ,ကြီး လှည်းနင်းထားသလို ဟ,စိဟ,စိ ဖြစ်နေရတာလဲ။

ကျွန်တော် စိတ်ထဲကနေ မြင့်မိုရ်ကို နည်းမျိုးစုံနဲ့ ကျိန်ဆဲ ပစ်လိုက်တယ်။

"အေးရေ. . . မြန်မြန်လုပ်လေ၊ ပိုက်ဆံအိတ်ရှာလို့ မတွေ့ သေးဘူးလား"

ဟော. .။ ဒါဆိုရင် ဒီမိန်းမနှစ်ယောက်က ပိုက်ဆံအိတ် ကျန်ခဲ့လို့ လာပြန်ယူတာပဲ။ တိုက်ခန်းထဲမှာ ကြာကြာနေမယ့် သဘောတော့ မရှိဘူး။

ကျွန်တော်က ဝရံတာမှာ မျက်နှာဇီးရွက်လောက်ကလေး တွေနဲ့ ထွက်ရပ်နေကြတဲ့ ကိုနေတို့နှစ်ယောက်ကို လှမ်းပြီး လက်မ ထောင်ပြလိုက်တယ်။

သူတို့ကလည်း ကျွန်တော့်ဆီကို စပ်ဖြဲဖြဲ မျက်နှာတွေနဲ့ လက်မထောင်ပြတယ်။

အဲ့ဒီအချိန်မှာပဲ. . .။

"ဟဲ့. . . ဘယ်နားက ခွေးဟောင်သံ ထွက်နေတာလဲ"

ဗုဒ္ဓေါ. . .။ အဲ့ဒါ. . . ဟိုအပျိုကြီးအသံ။

သွားပြီ. . .။ သွားပြီနဲ့တူတယ်။ ကျွန်တော်တို့ ကြံစည်ထားသမျှတွေ. . .။

"အေးရေ. . .၊ ကြားလား၊ အဲ့ဒါ ဘယ်ကခွေးဟောင်သံလဲ"

"ဟယ်. . . ဟုတ်ပ့ါ၊ ရွှေကျားရော. . .၊ ရွှေကျား. .၊ လုပ်ပါဦး၊ ရွှေကျားရှိရဲ့လား"

မိန်းမနှစ်ယောက် ပျာယာခတ်နေတဲ့ အသံကို ကျွန်တော် ဖုန်းထဲကနေ အတိုင်းသားကြားနေရတယ်။

ဝရံတာအပြင်ဘက်က နေဝန်းနဲ့ မူဝံတို့နှစ်ယောက် သူတို့လက်ထဲက ခွေးဟောင်သံထွက်နေတဲ့ စက္ကူပုံးကြီးကို ယောင်ချာချာနဲ့ ဘာလုပ်ရမှန်း မသိဘူးဖြစ်နေတယ်။

"အေး. . .၊ အရင်ဒီတိုက်ခန်းတွေနားမှာ ဒီလိုမျိုး ခွေးဟောင်သံ တစ်ခါမှ မကြားဖူးဘူးနော်"

အဲ့ဒီအချိန်မှာ မြင့်မိုရ်က ပြီးစလွယ် ဝင်ပြောတယ်။

"လမ်းမ,ပေါ်က ဖြတ်သွားတဲ့ခွေး ဟောင်တာနေမှာပေ့ါ ဆရာမရဲ့"

"ဟုတ်လား. . .၊ ဒါဆို ဝရံတာထွက်ကြည့်ဦးမှပဲ"

"အား. . .၊ မကြည့်နဲ့. . . မကြည့်နဲ့"

မြင့်မိုရ်ရဲ့ ကြောက်လန့်တကြား အော်သံကြီး ထွက်လာတယ်။

www.burmeseclassic.com



BURMESE CLASSIC .com

"အို. . .၊ ဘာဖြစ်လို့လဲ. . ကိုမြင့်မိုရ်"

"ဆရာမတို့ ရုပ်ရှင်ပရက်စ်ရှိုး သွားရဦးမှာဆို. .၊ နောက်ကျနေမှာစိုးလို့ ပြောတာပါ၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ဟုတ်တယ်. . ဟုတ်တယ်. .၊ နောက်တောင်ကျနေပြီ၊ အေးရေ. . ပိုက်ဆံအိတ်ရှာတွေ့ပြီလား"

"တွေ့ပြီ. . . ငွေရဲ့၊ ထုတ်ဝေသူကြီးကိုယ်တိုင်က လိုက်ပို့ပေးမယ်ဆိုတော့ ပိုအဆင်ပြေတာပေါ့၊ သွားကြမယ်လေ၊ ဒါနဲ့ ဒီခွေးဟောင်သံက ဒီတိုက်ခန်းထဲကတော့ မဟုတ်ပါဘူးနော်"

ဖုန်းထဲမှာ နေဝန်းနီရဲ့ ကျိတ်ဆဲလိုက်သံကြီးထွက်လာတယ်။

"မသာမ. . .၊ ရှည်လိုက်တာ"။

မြင့်မိုရ်ရဲ့ ထိတ်လန့်တကြား ပိတ်ပြောသံကို ကြားလိုက်ရတယ်။

"မဟုတ်ပါဘူး၊ သေချာပါတယ်. .၊ ဒီခွေးက လမ်းပေါ်ကမဟုတ်ရင် အိမ်နီးနားချင်း တိုက်ခန်းတစ်ခုခုထဲက နေမှာပါ၊ ကဲ. . . သွားကြရအောင်"

"ဟုတ်မှာပါ၊ အေးရေ. . ရှင့်ရွှေကျားကိုသာ အပြင်မထွက်နိုင်အောင် တံခါးတွေ သေသေချာချာ လုံအောင်ပိတ်ခဲ့"

"ပိတ်ပြီးပြီ၊ လာ. . . သွားကြစို့"

တိုက်ခန်းထဲက သံပန်းတံခါးပိတ်သံတွေ၊ သော့ခတ်သံတွေထွက်လာမှ ကျွန်တော့်ရင်ဘတ်ထဲ တစ်ဆို့နေတဲ့အလုံးကြီး ဝုန်းကနဲ

www.burmeseclassic.com



ပြုတ်ကျသွားတယ်။

မကြာခင် တိုက်ခန်းလှေကားပေါက်ဝထဲကနေ အဲ့ဒီမိန်းမ နှစ်ယောက် နဲ့အတူ မြင့်မိုရ်ဆင်းချလာတယ်။

မြင့်မိုရ်က ကျွန်တော်ရပ်နေတဲ့ နေရာဘက်ကို လုံးဝ ယောင်လို့တောင် လှည့်မကြည့်ဘဲ မှင်သေသေနဲ့ သူ့ကားရပ်ထားရာ ဆီကို ခပ်တည်တည် လျှောက်သွားတယ်။ ဟိုမိန်းမနှစ်ယောက် ကလည်း ကော့တော့ကော့တော့နဲ့ သူ့နောက်က လိုက်သွားကြတယ်။

ကျွန်တော့်ကို သူတို့တွေ့သွားမှာစိုးလို့ လမ်းပေါ်မှာ ရပ် ထားတဲ့ ကျွန်တော့်ကားဘေးနားကို ဇက်ကလေးပုပြီး ဝပ်နေလိုက် ရတယ်။

သူတို့ကားထွက်သွားမှ ကျွန်တော့်ဟန်းဖုန်းထဲကနေ ဟို နှစ်ကောင်ကို လှမ်းအော်ရတယ်။

"ကဲ. . . ကိုယ်တော်တွေ၊ ဟိုဟာမ,နှစ်ယောက်ကိုတော့ မြင့်မိုရ် မ,ထုတ်သွားပြီ၊ မင်းတို့ စက္ကူပုံးထဲက အကောင်ကို မြန်မြန် ဖြည်ပြီး လွှတ်လိုက်တော့"

နေဝန်းနဲ့ မူဝံက ကုပ်ချောင်းချောင်းအမူအယာတွေနဲ့ ဝရံတာတံခါးကို ပြန်ဖွင့်ပြီး တိုက်ခန်းထဲ ဝင်သွားကြတယ်။

ဖုန်းထဲမှာ နေဝန်းက ပြန်ပြောတယ်။

"အောင်မာ. .၊ ငါတို့သိပါတယ်၊ ဆရာလာမလုပ်ပါနဲ့၊ ဒီမှာ ငါတို့က ဟိုကြောင်စုတ်ကို အရင်လိုက်ရှာနေတာ"

ဖုန်းထဲမှာ ဒီကောင်နှစ်ကောင် ချိုးချိုးချွတ်ချွတ်နဲ့ လှုပ်ရှား

www.burmeseclassic.com



နေသံကို ကျွန်တော်ကြားနေရတယ်။

ခဏနေတော့ ဓူဝံရဲ့ ဝမ်းသာအားရ အော်ဟစ်သံကို ကြားလိုက်ရပြန်တယ်။

"တွေ့ပြီ. . တွေ့ပြီ၊ ဟိုမှာ မင်းရဲ့ရန်သူတော်ကြီး နေဝန်း၊ လုပ်. . . စက္ကူပုံးကို ဖွင့်လိုက်တော့"

အဲ့ဒီနောက်တော့ ကြောက်မက်ဖွယ်ရာ အသံမျိုးစုံကို ကျွန်တော်ဆက်တိုက် ကြားလိုက်ရပါတော့တယ်။

တဝုန်းဝုန်းနဲ့ တစ်ခန်းလုံးဆူညံကုန်တဲ့ အသံတွေ၊ ဂရုဲဂရုဲရော၊ တခွီးခွီးရော စုံနေအောင် ထွက်ပေါ်လာတဲ့ တိရစ္ဆာန်မာန်ဖီသံတွေ၊ ဝရုန်းသုန်းကား ပြေးလွှားအော်ဟစ်သံတွေ (လူသံရော၊ တိရစ္ဆာန်အသံရော)၊ အားခနဲ တစ်ယောက်ယောက်က ငယ်သံပါအောင် အော်လိုက်တဲ့အသံ (ဒါကတော့ လူသံပါ)၊ ပြီးတော့ ခွမ်းခနဲ တစ်ခုခုကျကွဲသံ၊ ပြီးတော့ ဝုန်းခနဲ ကြီးကြီးမားမား အရာဝတ္ထုတစ်ခု လဲပြိုသံ. . .။

ကျွန်တော့် လက်ကိုင်ဖုန်းကို နားနဲ့ ခပ်ဝေးဝေးမှာ ထားလိုက်ရတယ်။

ကျယ်လောင်လွန်းတဲ့ အဲ့ဒီလေးလွှာမြောက်အထပ်က သူတို့အသံတွေကို ကျွန်တော်လမ်းမ, မြေညီကတောင် ကြားလိုက်ရတာကိုး။

ဘုရား. . . ဘုရား။ ဘာတွေဖြစ်ကုန်ပြီလဲ. . ။

ကျွန်တော်ရင်ဘတ်ဖိပြီး အဲ့ဒီအသံတွေကို အထိတ်တလန့်

နားထောင်နေရတယ်။

မမြင်ရတဲ့ အဲ့ဒီတိုက်ခန်းထဲက မြင်ကွင်းတွေကို မျက်စိထဲ မှန်းကြည့်နေရတာ တော်တော်ရင်တုန်စရာ ကောင်းပါတယ်။

သိပ်တော့ မကြာလိုက်ပါဘူး။ နေဝန်းနဲ့ ဓူဝံတို့နှစ်ယောက် အောင်မြင်စွာ ဆုတ်ခွာခန်းကို ကျွန်တော် မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတယ်။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (နှစ်)

နေဝန်းရဲ့မျက်နှာ ပါးတစ်ဘက်ပေါ်မှာ ကြောင်ကုတ်ရာ အစင်းကြောင်းကြီး သုံးချက်။

မူဝံရဲ့ ဒူးခေါင်းတစ်ဘက်က ခုန်စောင်းနဲ့ ဝင်တိုက်ပြီး ဂုံညင်းရိုးယောင်လာလို့ ထော့နဲ့ထော့နဲ့။

ဒီကောင်တွေ ပြန်ထုပ်ပိုးလာတဲ့ တီဗွီကာဒ်ထူပုံးကြီးထဲမှာ တဂျစ်ဂျစ်နဲ့ လက်သည်းကုတ်ခြစ်နေတဲ့ အသံနဲ့အတူ. . . ကြားနေရတာက တဝုတ်ဝုတ်ခွေးဟောင်သံ မဟုတ်။

တညောင်ညောင် အော်နေတဲ့ ကြောင်သံ. . .။

ဒီကောင်နှစ်ကောင် ဒေါသတွေ ရှူးရှူးရှဲရှဲထွက်ပြီး ကျွန်တော့်ကို နည်းမျိုးစုံနဲ့ ပက်ပက်စက်စက် ကျိန်ဆဲနေတာ

ကျွန်တော် ငြိမ်ပြီး နားဆင်နေလိုက်ရတယ်။

"× × × × × . . ။ တံခွန်စုတ် . . . တံခွန်ပဲ့၊ အမျိုးယုတ်၊ အဲ့ဒါ . . မင်းကြီးဒေါ်ကြီး အယ်ဇေရှင်းခွေးမှပဲ . . ။ ချီးတဲ့မှပဲ"

"ငါ့ကြီးဒေါ်ခွေး မဟုတ်ဘူးကွ၊ ငါ့တူတွေရဲ့ခွေး"

"သေလိုက်ပါ့လား၊ အဲ့ဒီနေရာမှာ လဲပြီးသေလိုက်ပါလား တံခွန်တိုင်ရ . . ။ မင်းကွာ . . ။ မင်းတူတွေ ထည့်ပေးလိုက်တဲ့ ခွေးကို သေသေချာချာ မကြည့်ခဲ့ဘူးလားကွ၊ အဲ့ဒီလောက် အမွေးစုတ်ဖွားနဲ့ ခွေးပိစိကွေးလေးကို မြင်တာနဲ့တင် အယ်ဇေရှင်းမဟုတ်မှန်း မင်းသိရမှာ"

နေဝန်းရဲ့အော်ဟစ်ကြိမ်းမောင်းသံတွေနောက်မှာ ဓူဝံရဲ့ အသံကပါ ကပ်လိုက်လာတယ်။

"အခု ဒီတစ်တောင်လောက်ရှိတဲ့ အရွယ်လေးနဲ့ မင်းမျိုးမစစ်ကလေးက ဘယ်လိုလုပ် ရွှေကျားကိုနိုင်မလဲ . . . ။ မင်း မစဉ်းစားတတ်ဘူးလား၊ မင်း ဦးနှောက်မရှိဘူးလား၊ မင်း . . . ချီးဘရိန်းပဲ တံခွန်တိုင်ရဲ့၊ အေးအေးမော်ရဲ့ ရွှေကျားက ဆယ်နှစ်သားလောက်ရှိတဲ့ ဧရာမကြောင်ထီးကြီး၊ ရွှေကျားက မာန်ဖီပြီး တစ်ချက်ဆွဲကုတ် လိုက်တာနဲ့ မင်းခွေးစုတ်ကလေးကဖြင့် ဂိန်ခနဲ အော်ပြီး ထွက်ပြေးလိုက်တာ တန်းလို့"

ကျွန်တော်လည်း ခေါင်းကိုသာတဗျင်းဗျင်းနဲ့ ကုတ်ဖွနေလိုက်မိတယ်။

"ငါလည်း ဘယ်သိမလဲကွာ . . ။ တစ်ခါမှ ခွေးမွေးဖူးတဲ့

www.burmeseclassic.com



ကောင်မှ မဟုတ်တာ၊ ငါ့တူတွေထည့်ပေးတာ ယူလာတာပဲ ဥစ္စာ”

“လဲသေပါ့လား၊ မင်းအဲ့ဒါကြောင့် လူပျိုကြီး ဖြစ်နေတာ၊ သိလား”

“ဟင်. . . ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့၊ မင်း. . . အဲ့ဒီမှာ ပတ်ဝန်းကျင်အကြောင်း ဘာမှ မလေ့လာ၊ မစူးစမ်းပဲ ကိုယ့်ဥခွံကျဉ်းကျဉ်းလေးထဲမှာ ပျော်နေတာကိုး၊ ဒါကြောင့်. . . ခွေးမြင်လို့ အယ်လ်ဇေးရှင်းမှန်းမသိ၊ ဘာမသိ ညာမသိနဲ့ ကိုယ့်ဘေး ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်နေသလဲ၊ ခေတ်ကြီးက ဘာတွေပြောင်းလဲနေသလဲ မသိပဲနဲ့ မင်း. . . ဘယ်လိုလုပ် မိန်းမ,ရမလဲ”

ခူဝံက အသလွတ်ကောနေတာကို နေဝန်းကပါ ထပ်ပြီး ဖိထောင်းပါတယ်။

“ဟုတ်ပ့ါ ၊ အခုကိစ္စမှာ တရားခံက မင်းပဲ၊ မင်းလုပ်လို့ ငါတို့အကြံအစည်က ပျက်ပြီ၊ ဒီကြောင်စုတ်ကို မောင်းထုတ်ချင်လို့ ခွေးနဲ့ ရှူးတိုက်ပါတယ်ဆိုမှ ခွေးကို ကြောင်ကလိုက်လို့ ထွက်ပြေးရတဲ့ အဖြစ်၊ မင်းရဲ့ ခွေးငနာလေးလည်း ကြောင်ကုတ်လိုက်တာ နှာနူ ထိသွားတယ်၊ သိရဲ့လား၊ ငါတို့သာ မကယ်ရင် မင်ခွေးက ကျော် မကောင်းကြားမကောင်း ကြောင်ကိုက်လို့သေတဲ့ ခွေးမသာ ဖြစ်ဦး မယ်”

“ဟင်. . အဲ့ဒါဆို ငါ့တူတွေရဲ့ ခွေးကော၊ ဘယ်မှာလဲ၊ ငါ သူတို့ဆီက တောင်းတောင်းပန်ပန်နဲ့ ငှားလာရတာကွ၊ ပြန်ပေး

ရမှာ”

“ဩော်. . . မင်းရဲ့သူရဲကောင်းခွေးက ရွှေကျားလည်း လိုက်ခုတ်ရော အမြီးကုတ်ပြီး တိုက်ခန်းတစ်ခုလုံး ပတ်ပြေးနေတဲ့ ဟာ. .၊ ငါတို့က ဘယ်လိုလုပ်ပြန်ဖမ်းပြီး ခေါ်လာရမှာလဲ၊ ဘယ် ချောင်သွားကုတ်နေမှန်းတောင် မသိတော့ဘူး၊ ငါတို့လည်း ကြံရာ မရတဲ့ အဆုံး ဒီကြောင်စုတ်ကိုပဲ စက္ကူပုံးနဲ့ အတင်းအုပ်ပြီး ဖမ်း ခေါ်လာခဲ့ရတာပေါ့၊ အဓိက,က ဒီဂြိုလ်မွှေတဲ့ကြောင်ကို ရှင်းပစ် ဖို့ပဲလေ”

“ဟင်. . . ဒါ. . . ဒါ. . . ဒါဆို. . . ငါ့ခွေးလေး. . ”

“အေး၊ မင်းရဲ့ခွေးပိစိကွေးကို လိုချင်ရင်တော့ အဲ့ဒီ စာရေး ဆရာမ တိုက်ခန်းမှာ သွားပြန်ရှာပြီး တောင်းပေတော့”

ကျွန်တော် သေချင်စော်နံလာပါပြီ။

ဒီငနာတွေက ကူလည်းကူညီရသေးတယ်။ တစ်စက်လေး မှ အကောင်းပြောဖော် မရပါလား။

ကျွန်တော့်မှာ ဒေါသထွက်ပေမယ့် ပေါ်တင်လည်း ထွက်လို့ မရဘူး။ တိုက်ခန်းထဲမှာ ကြောင်တစ်ကောင်ကို အသေအလဲ ဖမ်း ခေါ်လာရလို့ ကွဲပြဲယောင်ကိုင်းပြီး ဒဏ်ရာတွေရလာတဲ့ သူတို့ နှစ်ကောင်ကို ကြည့်ပြီး ငြိမ်နေရတယ်။

အဲ့ဒီနှစ်ကောင်ရဲ့ ဒေါသမြစ်ရေက ပိုမြင့်တယ်။ ရွှေကျားကို ဟင်းချက်နည်းငါးရာနဲ့ ဒီနေ့ည ချက်ပြုတ်စားဖို့ မဟားဒရား ကြံစည်နေကြပြီ။

ကျွန်တော် မနည်းတားထားလို့ပေါ့။

ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ ကျွန်တော့်တူတော်မောင်တွေဆီ ဖုန်းကောက်ဆက်ပြီး ဘာကိစ္စ အယ်လ်ဖေးရှင်းနဲ့ ဒီခွေး အမွေးစုတ်ဖွား ပိစိကွေးလေးကို မှားထည့်ပေးလိုက် ရတာလဲ. . . လို့ လှမ်းဟောက်လိုက်တော့ သူတို့က တဟားဟား ရယ်ပြီး ကျွန်တော့်ကို တောင် ပြန်လောင်လိုက်သေး။

"ဟား. . ဟား. . ၊ ဦးခွန်ကလည်း ရယ်ရတယ်၊ ငါ့ကို ခွေး တစ်ကောင်ခဏငှားလို့ပဲ ပြောတာကိုးဗျ၊ ဘာခွေး လိုချင်တယ်လို့မှ မပြောပဲ၊ သားတို့က ဘယ်သိမလဲ၊ ရှိတဲ့ခွေး ထည့်ပေးလိုက်တာပေါ့"

"မင်းတို့မှာ ရှိတဲ့ခွေးတွေက အယ်လ်ဖေးရှင်းတွေပဲ မဟုတ်ဘူးလားဟ၊ ဟိုတစ်ခါ. . . မင်းတို့ပဲ လေးငါးသိန်းဖိုး ဝယ်ပြီး မွေးကြတာကော. . ."

"ဦးခွန်ကလည်း. . ဘယ်ရာစုနှစ်က အကြောင်းတွေ လာ ပြောနေတာလဲ၊ သားတို့ အယ်လ်ဖေးရှင်းတွေ ပြန်ရောင်းထုတ်ပစ် လိုက်တာပဲ ကြာလှပြီ၊ အခုခေတ်က အယ်လ်ဖေးရှင်းခေတ် မဟုတ် ဘူးဗျ၊ ရှီးဇုခေတ်. . ရှီးဇုခေတ်"

"ဘာ. . . ဒါဖြင့်. . ငါ့ကိုထည့်ပေးလိုက်တဲ့ အဲ့ဒီအမွေး ရှည်ရှည် နှာခေါင်းတိုတိုနဲ့ ခွေးပိစိလေးက ရှီးဇုအမျိုးအစားပေါ့၊ ဟုတ်လား"

"ဟုတ်ပါ့ဗျာ"

ကျွန်တော့်တူတော်မောင်ရဲ့ စကားကြောင့် ကျွန်တော်

www.burmeseclassic.com



BURMESE CLASSIC .com

နည်းနည်း စိတ်အေးသလို ဖြစ်သွားတယ်။

သူတို့ရဲ့ခွေးကို ကျွန်တော်က ငှားလာပြီး အခု အဆုံးခံရမလိုလို ဖြစ်နေပြီ မဟုတ်လား။ ဟိုမိန်းမနှစ်ယောက်နေတဲ့ တိုက်ခန်းထဲမှာ အဲ့ဒီခွေး ပိတ်မိပြီးကျန်ခဲ့တဲ့ ကိစ္စက လွယ်မှမလွယ်တာ။ ပြန်ရှာတွေ့ဖို့က မသေချာတဲ့အလုပ်လေ။

ဒီတော့ အဲဒီခွေးလေးများ မတော်တဆ ပျောက်သွားခဲ့ရင် ကျွန်တော်က စိုက်လျော်ရတော့မှာ။ အယ်လ်ဇေးရှင်းမဟုတ်တော့ တော်သေးတာပေါ့။ အယ်လ်ဇေးရှင်းသာဆိုရင် ဈေးက အရမ်းကြီးတာကိုး။ ကျွန်တော် ထိသွားမှာပေါ့။

ဒီခွေးစုတ်လေးကတော့ ဈေးသိပ်ကြီးမယ့်ပုံ မပေါက် ပါဘူး။ အရွယ်အစားကိုက သေးသေးကွေးကွေးလေးပဲ မို့လား။

ကျွန်တော်လည်း ရယ်ရယ်မောမောနဲ့ တူတော်မောင်ကို မသိမသာ စကား'တောက်'လိုက်ရသေးတယ်။

"အေး. . .၊ ဒါဆိုရင်လည်း ဖိုးသားရာ၊ မင်း အခု ငါ့ကို ထည့်ပေးလိုက်တဲ့ အဲ့ဒီရှီးဇုဆိုတဲ့ခွေးကို ပြန်ရောင်းမယ်ဆိုရင် ဘယ်လောက်နဲ့ ရောင်းမလဲ၊ အနည်းဆုံးဈေးပြောနော်၊ ငါ ဝယ်မှာ"

"လူပျိုကြီးက ဘာတွေစိတ်ကူးပေါက်သွားပြန်ပြီလဲ. . .၊ အဲ့ဒီ ခွေးက ရောင်းဖို့မဟုတ်ဘူးဗျ၊ ရုပ်ရှင်ရိုက်တဲ့အထဲ ထည့်မယ်ဆိုလို့ အမွေးအရှည်ဆုံးကောင်၊ အရောင်အလှဆုံး ကောင်လေး ထည့်ပေးလိုက်တာ၊ ဦးခွန်လိုချင်ရင် အိမ်မှာ တခြားအကောင်နဲ့ လာလဲယူ"

"ရှည်လိုက်တာ ဖိုးသားရာ၊ ဒီအကောင်ပဲ ယူမယ်ဆိုကွာ"

"ဟာ. . . အဲ့ဒီအကောင်က ငါးသိန်းပေးတောင် မရောင်းဘူး၊ တခြားအကောင်လိုချင်ရင်တော့ ကြိုက်တာလာ ရွေးယူ၊ ဦးခွန်ကို နှစ်သိန်းနဲ့ ရောင်းမယ်၊ သူများဆို နှစ်သိန်းခွဲရမှ ရောင်းမှာ"

"မြတ်စွာဘုရား. . ."

ကျွန်တော့်မျက်လုံးတွေ ဘယ်လောက် ပြူးထွက်လာမယ် ဆိုတာ တွေးကြည့်ပါတော့။

"✖⊖ⓘ✸✖⊖ⓘ"

နေဝန်းနဲ့ဓူဝံကို ကျွန်တော် အသံတိတ်ကျိန်ဆဲလိုက်တယ်။

ငါးသိန်းပေးရင်တောင် မရောင်းနိုင်တဲ့ ခွေးအကောင်းစားကို သူ့ဟာမ,ရဲ့ ပေါက်လွှတ်ပဲစား ကြောင်တစ်ကောင်နဲ့ လဲပစ်ခဲ့ရသလား. . . သနွှေယုတ်လေးတွေရဲ့. . .။

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (သုံး)

သိပ်တောင် မကြာလိုက်ပါဘူး။

ပြဿနာက ကျွန်တော့်ဖုန်းထဲကို လိုက်လာပါတယ်။ အဲ့ဒီ ညနေစောင်းကလေးမှာတင်ပေါ့။

ဘယ်သူလဲဆိုတော့ ဒေါ်ငွေကြယ်စင်. . .။

ဖုန်းထဲမှာ ငွေကြယ်စင်ရဲ့ အသံက သရဲမရဲစီးနေသလို ပြူးပြူးပြဲပြဲ စ,အော်တယ်။

"ဒီမှာ. . .၊ အဲ့ဒါ ရှင်တို့လက်ချက်မဟုတ်လား၊ ရှင်တို့လက်ချက်ဆိုတာ ကျွန်မသိတယ်၊ ကျွန်မ ရဲတိုင်မှာ"

"ဟော့. . . ဟော့. . .၊ လာကုန်းအော်မနေနဲ့၊ ကျွန်တော်

www.burmeseclassic.com



အဲ့ဒီလောက် နားမလေးဘူး”

“အော်ရမှာပေ့ါ ရှင်တို့လုပ်ပုံ ကောင်းသလား၊ ဒါ လူကြီး လူကောင်းအလုပ်လား. .၊ သူများအိမ်ထဲလည်း ခိုးဝင်သေးတယ်၊ ကြောင်တစ်ကောင်လုံးကိုလည်း အလစ်သုတ်သွားတယ်၊ ရှင်တို့ တော်တော်ရမ်းကားပါလား. .”

“အလစ်မသုတ်ပါဘူး၊ ကြောင်နဲ့ခွေး လဲသွားတာပါ”

“ဩော်. . . အဲ့ဒါ ရှင်တို့ခွေးလား. .”

“ရှင်တို့ခွေး မဟုတ်ဘူး၊ ကျုပ်ခွေး. . . ကျုပ်ခွေး၊ ဒီကောင် တွေက ကြောင်ကိုခွေးနဲ့ ရှုးတိုက်ချင်တယ်ဆိုလို့ ကျွန်တော့်တူတွေ ဆီက ငှားပေးလိုက်တာ၊ ခင်ဗျားတို့ကြောင်လို လမ်းဘေးက ကောက် လာတာ မဟုတ်ဘူး၊ အဲ့ဒီကောင်က နှစ်သိန်း. . . နှစ်သိန်းခွဲ တန်တယ်၊ သိရဲ့လား”

“ရှင့်ဟာရှင် နှစ်သိန်းတန်တန်၊ ငါးသိန်းတန်တန် ကျွန်မ တို့က ဘာလုပ်ရမှာလဲ၊ ဒီမှာ အေးကဖြင့် တငိုငိုတရီရီ ဖြစ်နေပြီ၊ သူက ရွှေကျားကို သူမွေးထားတဲ့ သားသမီးလောက်ချစ်တာ သိရက် နဲ့ ရှင်တို့မို့ လုပ်ရက်တယ်၊ ကိုနေဝန်းကို ပြောလိုက်စမ်းပါ၊ အဲ့ဒီ ကြောင်သာ တစ်ခုခုဖြစ်လို့ကတော့ အေးက လုံးဝပြတ်ပြီတဲ့နော်၊ အခုချက်ချင်းပြန်ပို့ပါ. . . ရွှေကျားကို”

“ဒီမှာ. . .၊ ကျွန်တော်ပြောတာလည်း သေသေချာချာ နားထောင်ဦး၊ နေဝန်းနီဆိုတဲ့ကောင်ကလည်း အဲ့ဒီကြောင်ကို မအေးအေးမော်က မွေးနေသရွေ့ လုံးဝ,ပြန်မပေါင်းနိုင်ဘူး ပြောနေ

တာ ဘယ်လိုလုပ်မလဲ၊ ဒါကြောင့် ဒီကောင်က ဒီလိုကြံတာဗျ၊ အခုဆို ဒီကောင်က ဒီကြောင်ကို ပိုတောင်အခဲမကျေ ဖြစ်နေပြီ၊ သူ့မျက်နှာကို ကြောင်ကုတ်လိုက်တာ မြင်မကောင်းဘူး"

"ဒါ. . ရှင်တို့ ကိုယ့်အပြစ်ကိုယ်ခံရတာပဲ၊ နည်းတောင် နည်းသေးတယ်၊ ကျွန်မတို့အိမ်ကို လာကြည့်ပါဦး၊ ရှိသမျှ ပန်းအိုးတွေ အကုန်ကွဲ. . ၊ ခါတ်ဘူးတစ်လုံးလည်း သုံးမရအောင် ကြေမွ. . ၊ ဒီကိစ္စ ရှင်ဘယ်လိုရှင်းမလဲ"

"ဘယ်လိုရှင်းရမှာလဲ၊ ကျွန်တော် အားလုံးကို စိတ်ကုန်နေတာ တော်တော်ကြာပြီ၊ ပြောလိုက်. . အေးအေး မော်ကို၊ ကြောင်နဲ့ သူ့ယောက်ျား တစ်ခုပဲရွေးလို့. . ၊ ဒါပဲ"

"ရှင်. . အဲ့ဒီလို ပြီးစလွယ် မပြောနဲ့"

"ပြီးစလွယ် မပြောလို့ ရမလား၊ လိပ်ခဲတည်းလည်းနဲ့ ဒီပြဿနာက ဘယ်လောက်ကြာနေပြီလဲ၊ ဘာမဟုတ်တဲ့ ဒီ. . . ကြောင်ကိစ္စနဲ့ပဲ သူတို့ ပြဿနာမဟုတ် ပြဿနာလုပ်နေကြတာ၊ ကြောင်ကို ပြန်လိုချင်တယ်ဆိုရင် ကြောင်ရော. . . ကွာရှင်းစာချုပ်ရော တစ်ခါတည်း ပေါင်းပေးမယ်လို့ သွားပြောလိုက်. . အခု"

"ဩော်. . ရှင်တို့က ဒီလိုလား. . ၊ ရတယ်. . ပြောပေးမယ်၊ စိတ်ချ. . . "

ဖုန်းတစ်ဘက်မှာ ကွိစိကွစိနဲ့ သူတို့မိန်းမချင်း ဘာတွေ ကျိတ်ပြောနေကြသလဲတော့ မသိဘူး။

တဟင့်ဟင့်နဲ့ အေးအေးမော် ရှိုက်ငိုသံကိုလည်း တစ်ချက်

www.burmeseclassic.com


တစ်ချက် ကြားရတယ်။

ဒီဘက်မှာ ကျွန်တော်ဖုန်းဆက်တာကို ဝိုင်းနားထောင်နေကြတဲ့ နေဝန်းနီတို့လည်း မျက်လုံးပြူး မျက်ဆံပြူးနဲ့ ဖြစ်သွားတယ်။ အသံတိုးတိုးနဲ့ ကျိတ်ပြီး ကျွန်တော့်ကို ဝိုင်းကျိန်ဆဲ ကြတာပေါ့။

“ဟေ့ကောင်. . ဟေ့ကောင်၊ စွတ်တင်မနေနဲ့၊ သူ့မိန်းမက တကယ်ကွာရှင်းချင်တယ် ဆိုရင် ဘယ်လိုလုပ်ကြမလဲ ငနာလေးရဲ့”

“ဒါဆိုလည်း ကွာပစ်လိုက်ပေါ့ လဒလေးတွေရဲ့၊ ဒီကိစ္စကို ဒီလိုပဲဖြတ်မှ ရမှာပေါ့။ ဟိုကောင် ငနေ၊ ဘာအခုမှ မျက်စိမျက်နှာပျက်နေတာလဲ၊ မင်းပဲ အဲ့ဒီကြောင်နဲ့ တစ်အိမ်တည်း အတူမနေနိုင်ဘူးဆို၊ မင်းမိန်းမက ဒီကြောင်မှဒီကြောင် ဖြစ်နေတာ၊ ဘယ်လိုလုပ်မလဲ. .၊ မင်းမိန်းမနဲ့ ပြန်ပေါင်းချင်ရင် ဒီကြောင်ကိုပါ ပြန်ပေါင်းရမှာပဲ၊ ဒါပဲ. . ”

နေဝန်းက ဒေါသတွေ အလိပ်လိုက်ထွက်လာတဲ့ ပုံနဲ့ အခုမှ မျက်နှာကြီးနီရဲလာပြီး ထ,အော်တယ်။

“မပေါင်းဘူး. . . လုံး၀,မပေါင်းနိုင်ဘူး၊ ဒီမိန်းမ. . . ဒီလောက် ဖြစ်လှတာ. . .၊ ကွာမယ်၊ ပေါင်းပစေ. . ဒင်းနဲ့ ဒင်းကြောင်ထီးနဲ့”

အဲ့ဒီလိုနေတုန်း ကျွန်တော်ကိုင်ထားတဲ့ ဖုန်းထဲမှာ ငွေကြယ်စင်ရဲ့ အသံက စူးစူးဝါးဝါး ပေါ်ထွက်လာတယ်။

“အောင်မယ်. . အောင်မယ်၊ ကျယ်လိုက်တာ အသံကိုက၊ ပြောလိုက်ပါ၊ ဒီဘက်ကလည်း လုံး၀ပါပဲ၊ ပြတ်တယ်တဲ့၊ ကြောင်သာ

ပြန်လိုချင်သတဲ့၊ ကြားရဲ့လား”

“ကြားတယ်ဗျ၊ သိပ်မအော်ပါနဲ့၊ ကျွန်တော် နားမလေးဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ ဒါဆိုရင် ခင်ဗျားတို့ ကြိုက်တဲ့အချိန်၊ ကြိုက်တဲ့နေရာ ချိန်းလိုက်၊ ကျွန်တော်တို့ဘက်က ကြောင်နဲ့အတူ ကွာရှင်းစာချုပ်ကို ထည့်ပေးလိုက်မယ်၊ ကွာရှင်းစာချုပ်မှာ ဒီကောင် နေဝန်းနီ လက်မှတ်ပါပြီးသား ဖြစ်စေရမယ်၊ သဘောပေါက်လား”

“ပေါက်တယ်၊ ကျွန်မတို့ကလည်း လက်မှတ်ထိုးပြီးသား ကွာရှင်းစာချုပ်တစ်ခုနဲ့အတူ ခွေးတစ်ကောင်ကိုပါ လက်ဆောင် ပြန်ပေးမှာပါရှင်၊ မနက်ဖြန်မနက် ဆယ်နာရီ. .၊ ကျွန်မရဲ့ အိမ်နဲ့ ရှင့်အိမ်အလယ်မှာကြားချရင်. . . အင်း. . .၊ ငါးဆယ့်နှစ်လမ်းနဲ့ လမ်းလေးဆယ်ဆိုတော့ လေးဆယ့်ခြောက် လမ်းထိပ်. .၊ အင်း. . ဟုတ်ပြီ၊ အဲ့ဒီ လေးဆယ့်ခြောက်လမ်းထိပ်မှာ ပစ္စည်းချင်း လဲမယ်၊ ရှင်တို့ဘက်က မပျက်ကွက်ပါစေနဲ့၊ ဆက်ဆက်လာခဲ့ပါ၊ ဒါပဲ”

“စိမ်လိုက်လေ. .”

ကျွန်တော်လည်း ဖုန်းချလိုက်ရော ဟိုသုံးကောင်က ပြုံးတူးပြဲတဲ ဝိုင်းကြည့်ကြတယ်။

ကျွန်တော် စိတ်တိုတိုနဲ့ လှည့်ဟောက်ပစ်လိုက်တယ်။

“ကဲ. . . မင်းမိန်းမက မင်းကိုမရွေးပဲ ကြောင်ကို ရွေးသွားပြီ၊ မင်းမိန်းမက မင်းထက် ကြောင်ကိုပိုချစ်တယ်၊ မှတ်ထားငနေ . . သိပြီလား”

နေဝန်းရဲ့ မျက်နှာက မအီမလည်နဲ့ ဝမ်းချုပ်နေသလို

www.burmeseclassic.com



မျိုးကြီး. . ။

မြင့်မိုရ်နဲ့ ဓူဝံက ကျွန်တော့်ကို ဒေါ်ပွနေတဲ့လေသံတွေနဲ့ ဝိုင်း အပြစ်တင်ကြပြန်ရော. . ။

"တံခွန်တိုင်. . မင်းကွာ. . စေ့စပ်ညှိနှိုင်းရေး လုပ်ခိုင်းပါတယ်၊ တစ်ခါတည်း ကွာရှင်းစာချုပ်ပါ လက်မှတ်ထိုးခိုင်းနေရသလားဟ၊ သေတော့မှာပဲ၊ မင်းတော်တော် ကိုယ်ချင်းမစာတတ်တဲ့ကောင်"

"အေးလေ၊ သူ့. . အားကိုးမိပါတယ်၊ တစ်ခါတည်း လင်ခန်းမယားခန်းကို ပြတ်တော့တာပဲ၊ အလကား၊ ဒီကောင် သူ့ နှစ်သိန်းတန်ခွေးကို ပြန်လိုချင်တာနဲ့ မင်းတို့ လင်မယားကို ကွဲဟယ်. . ကွာဟယ် လုပ်ခိုင်းနေတာ ငနေ၊ ဒီကောင် ဝဋ်လည် ဦးမှာ၊ သံသရာအဆက်ဆက် လူပျိုကြီးဖြစ်ဦးမှာ"

ကျွန်တော်ကတော့ သူတို့စကားတွေကို လစ်လျူရှုပြီး နေဝန်းနီ. . . ဆိုတဲ့ကောင်ကိုပဲ လှည့်အမိန့်ပေးလိုက်တယ်။

"မနက်ဖြန် မနက်ဆယ်နာရီ ကွာရှင်းစာချုပ် အသင့်လုပ်ထား. . . နေဝန်း၊ ဒါပဲငါပြောမယ်"

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (လေး)

မနက်ဆယ်နာရီ. . .။

လေးဆယ့်ခြောက်လမ်းထိပ်။

ကျွန်တော်နဲ့ ငွေကြယ်စင်တို့နှစ်ယောက် ဆယ်ပေအကွာလောက်မှာ ရပ်တန့်ပြီး တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲ စိုက်ကြည့်မိကြတယ်။

သူ့လက်ထဲမှာ ကျွန်တော့်ရဲ့ ရှီးဇုခွေးလေးကို ထည့်ထားတဲ့ ခြင်းတောင်းခပ်ကြီးကြီး တစ်လုံးကိုဆွဲထားတယ်။

ကျွန်တော့်လက်ထဲမှာကလည်း တညောင်ညောင် အော်နေတဲ့ ရွှေကျားကိုထည့်ထားတဲ့ စက္ကူပုံးကြီးပွေ့ထားရင်းနဲ့ပေါ့။ ငွေကြယ်စင်က အရင်ရှေ့တိုးလိုက်တယ်။

www.burmeseclassic.com



ငွေကြယ်စင်ရဲ့ ဘေးနားမှာ ခပ်ရို့ရို့ကပ်လိုက်လာတဲ့ မအေးအေးမော်ကို ကျွန်တော်ရော၊ ကျွန်တော့်ဘေးနားက နေဝန်းနီပါ လှမ်းတွေ့လိုက်ပါတယ်။

မအေးအေးမော်မျက်နှာက ခပ်ငုံ့ငုံ့အောက်ချထားပြီး နေဝန်းနီဆီ အကြည့်မရောက်အောင် လွှဲထားပုံရတယ်။

"ကဲ့ . . ငါသွားပြီ နေဝန်း၊ ဘာမှာဦးမလဲ၊ မင်း မိန်းမကို"

"မမှာဘူး"

ဒီကောင့်အသံက နည်းနည်းလေး အဖျားခတ်ပြီး တုန်ယင်သွားတာ ကျွန်တော်သိတာပေါ့။ ဟင်း . . အခုမှ . . ။

ကျွန်တော် သူ့ကို ကျောခိုင်းပြီး ငွေကြယ်စင်တို့ရှိရာဆီ ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်သွားလိုက်တယ်။ ငွေကြယ်စင်ကလည်း မျက်နှာကို အသကုန်ပင့်ချီပြီး ရှေ့တိုးလာတယ်။

ကျွန်တော်တို့နှစ်ယောက် အလယ်မှာ ဆုံကြတယ်။

ကျွန်တော်နဲ့ငွေကြယ်စင်တို့ ဒီနေရာမှာ စကားကို တိုးတိုးပြောရင် ဟိုလင်မယား လုံးဝမကြားနိုင်ပါဘူး။ သူတို့က ဟိုနောက်ဘက် ခြေလှမ်းဆယ်လှမ်း အကွာလောက်မှာ ကျန်ခဲ့တာကိုး။

"ရော့ . . ဒီမှာ ခင်ဗျားတို့ ကြောင်"

"ဒီမှာလည်း . . ရှင်တို့ခွေး၊ ပြန်ယူ"

"စာချုပ်ပါသလား"

"ပါတယ်၊ ရှင်ရော . . ပါရဲ့လား"

"သိပ်ပါတာပေါ့၊ ဒီမှာ . . ရော့၊ လက်မှတ်ထိုးပြီးသား"

ကျွန်တော်က ကွာရှင်းစာချုပ်ကို လှမ်းပေးလိုက်တော့ ငွေကြယ်စင်က မျက်နှာခပ်မဲ့မဲ့နဲ့ လှမ်းယူတယ်။

“ကျွန်မတို့ကလည်း အဆင်သင့်ပါပဲ”

သူပေးတဲ့စာချုပ်ကို ကျွန်တော်ကလည်း ယူကြည့်လိုက်တယ်။ မအေးအေးမော် လက်မှတ်ထိုးပြီးသား။

ကဲ. . . ဒါဆို ကိစ္စကပြတ်ပြီ။

ဒါပေမယ့် ကျွန်တော်ရော ငွေကြယ်စင်ရော အဲ့ဒီနေရာက ခြေတစ်လှမ်းမှ မရွေ့မိကြသေးဘူး။

ငွေကြယ်စင်က ကျွန်တော့်မျက်နှာကို မကျေနပ်သလို မော့ကြည့်ရင်း စ,ပြောတယ်။

“ဒါဆို. . . ရှင်ဖြစ်စေချင်သလို သူတို့လင်မယား တကယ်ကွဲကြပြီပေါ့”

ကျွန်တော်. . . ထောင်းကနဲ ဒေါသထွက်သွားတယ်။

“ဒီမှာ. . .၊ သူတို့လင်မယားကို ကျွန်တော်ဘယ်တုန်းကမှ မကွဲစေချင်ဘူး၊ ခင်ဗျား စကားပြောတာ ကြည့်ပြောပါ”

“ဒါနဲ့များ ကွာရှင်းစာချုပ်ကို ဒီအထိရှင်ယူလာရသလား၊ ရှင်ကိုယ်တိုင်က အတို့အထောင်လုပ်နေတာ နေမှာပေါ့”

“ဒါဖြင့် ခင်ဗျားကရော. . ဘာလို့ ကွာရှင်းစာချုပ် ယူလာသေးလဲ၊ ခင်ဗျားမြှောက်ပေးလို့လည်း ဒီအခြေအနေ ရောက်ရတာပဲ၊ ဘာမှလာပြီး အခုမှ မျက်နှာကောင်း ယူမနေနဲ့”

“ရှင် ယောက်ျားကြီးဖြစ်နေပြီး ရန်တွေ့ကောင်းလိုက်တာ၊

ယောကျ်ားဆိုတာ မိန်းမသားကို နည်းနည်းတော့ အလျှော့ပေးရမှာပဲ၊ ရှင့်ရဲ့ နှုတ်သီးကောင်းလျှာပါးအတတ်တွေ ကိုနေဝန်းကို သင်ပေးလိုက်လို့ ဟိုတစ်ယောက်က လုံးဝဆတ်ဆတ်ကို ခါနေတာ နေမှာပေါ့”

“ခင်ဗျား စော်ကားလှချည်လား၊ ယောကျ်ားလည်း ပါးစပ်ကြီးနဲ့ပဲ၊ ခင်ဗျားတို့မိန်းမတွေက ယောကျ်ားတွေနဲ့ တန်းတူ ရင်ပေါင်တန်းချင်သလေး . . ဘာလေးနဲ့၊ အဲသလောက် တန်းတူဖြစ်ချင်ရင် ယောကျ်ားတွေ ရန်တွေ့ကောင်းတာကိုလည်း ခင်ဗျားတို့ ခံပေါ့”

“ဒီမယ် . . . ဒီမယ်၊ ယောကျ်ားဆိုတာ မိန်းမနဲ့ နေရာတိုင်း လိုက်တူနေလို့တော့ ဘယ်ရမလဲ၊ နည်းနည်းပါးပါးတော့ ကွဲပြားခြားနားမှုဆိုတာ ရှိရဦးမှာပဲ၊ ရှင်စကားကို ကပ်မပြောပါနဲ့”

“ခင်ဗျားသာ ကပ်ပြောနေတာ၊ ခင်ဗျားတို့ မိန်းမတွေသာ ယောကျ်ားတွေနဲ့တန်းတူ ဟိုဟာလိုက်လုပ်ချင်၊ ဒီဟာလိုက်လုပ်ချင်နဲ့၊ ပြီးတော့ ယောကျ်ားတွေ မိန်းမအလုပ် လိုက်လုပ်ရင်ကျ ဟယ် . . ယောကျ်ားကြီးတန်မဲ့ မိန်းမဆန်လိုက်တာ ပြောတတ်ကြသေးတယ်၊ ခင်ဗျားတို့ မိန်းမတွေသာ ကိုယ့်ရဲ့ရှိရင်းစွဲနေရာကို ဖယ်မပေးချင်ကြတာ၊ ဒီလောကကြီးမှာ အင်ပါယာထူထောင်ဖို့ ကြိုးစားနေကြတာ ခင်ဗျားတို့ မိန်းမတွေပဲ၊ ကျုပ်တို့ယောကျ်ားတွေ မဟုတ်ဘူး”

ငွေကြယ်စင်ရဲ့ မျက်နှာက ရှက်သွေးနဲ့ နီရဲတွတ်လာတယ်။ ကျွန်တော်ရဲ့စကားကို နာလိုခံခက် ဒေါသအမျက်ချောင်းချောင်း ထွက်သွားပုံရတယ်။

www.burmeseclassic.com



ရပ်နေတဲ့ ပလက်ဖောင်းပေါ်မှာ ဆွေ့ဆွေ့ခုန်နေတယ်။ ကျွန်တော်တို့နောက်မှာ ရပ်ပြီးကျန်ခဲ့တဲ့ နေဝန်းနီနဲ့ အေးအေးမော်တို့ နှစ်ယောက်ကလည်း ကျွန်တော်တို့နှစ်ယောက် လိုတာထက်ပိုပြီး အချိန်ကြာမြင့်စွာ စကားပြောငြင်းခုန်နေတာ မြင်တော့ တအံ့ တသြနဲ့ ရှေ့ကို အသီးသီး တိုးလာကြတယ်။ အနားရောက်တော့ ကျွန်တော်နဲ့ငွေကြယ်စင် တစ်ယောက်ကို တစ်ယောက် အသကုန် တွယ်နေတာ သူတို့ကြားသွားကြတာပေါ့။

အေးအေးမော်က ခပ်ရှက်ရှက်မျက်နှာနဲ့ သူ့ဘက်ကလူကို သူဆွဲတယ်။

"ငွေ. . . ဘာဖြစ်နေတာလဲ၊ စာချုပ်ရပြီမဟုတ်လား၊ လာ. . သွားမယ်"

အောင်မယ်. . စာရေးဆရာမ,က လက်ကို ပုတ်ချလိုက်သေးသဗျ။

"နေစမ်းပါ. . . အေး၊ ဒီမှာ. . . မိန်းမတွေအကြောင်းကို ကောင်းကောင်းမသိပဲ တစ်ဘက်သတ်ပြောနေတာ မခံချင်လွန်းလို့၊ ဒီကိစ္စကို ဒီမှာ အပြတ်ရှင်းမလို့"

ငွေကြယ်စင်က ကျွန်တော့်ကိုမျက်နှာချင်းဆိုင်ပြီး ခါးထောက်တော့ ကျွန်တော်ကလည်း အင်္ကျီလက်မောင်းတွေ ဘာတွေ ပင့်တင်ပစ်လိုက်တယ်။

ကျွန်တော့်နောက်ကနေ နေဝန်းက "ဟေ့ကောင်. . . တံခွန်၊ လာ. . ပြန်မယ်ကွာ၊ လမ်းမကြီးပေါ်မှာ ရှက်စရာကြီး" . . လို့

www.burmeseclassic.com


ပြောနေလည်း ကျွန်တော်က ဂရုမစိုက်တော့ဘူး။

“ရှင်းစမ်းပါ၊ ဟင်း. . . ဟင်း. . .၊ ရှင်းစမ်းပါ၊ ခင်ဗျား ဘာရှင်းဦးမလဲ၊ ဒီကမ္ဘာလောကကြီးမှာ မိန်းမတွေဟာ မှီလည်း မမှီဘဲနဲ့ ယောက်ျားတွေကို ခြေရာလိုက်. . လိုက်. . တိုင်းနေတဲ့ကိစ္စ၊ ခင်ဗျားတစ်ခုသိထားဖို့က ဂီတပညာရှင်ကြီး ဘေထိုဗင်ရဲ့ ဆင်ဖိုနီ အမှတ်ကိုး တီးလုံးမျိုးကို ဘယ်မိန်းမမှ မရေးစပ်နိုင်ဘူးဆိုတာ ခင်ဗျား မြဲမြဲမှတ်ထားစမ်းပါ”

ငွေကြယ်စင်ခမျာ ကျွန်တော့်စကားကြောင့် အနာပေါ် တုတ်ကျ ဆတ်ဆတ်ခါသွားရှာလေရဲ့။

အေးအေးမော် ဆွဲထားတဲ့ကြားက ရှေ့ကိုဖျတ်ခနဲ ခြေ တစ်လှမ်း တိုးလာတယ်။

“ဒီမှာ. . ဒီမှာ. . အိုဘယ့် မဟာယောက်ျားကြီး၊ လောက ကြီးမှာ လူသားတွေအတွက် အဓိကလိုအပ်နေတာက အဲ့ဒီဆင်ဖိုနီ အမှတ်ကိုးတီးလုံး မဟုတ်ဘူးရှင့်၊ သိရဲ့လား၊ ဒီကမ္ဘာမှာ အရေးကြီး ဆုံးတာဝန်ဖြစ်တဲ့ မျိုးဆက်ပြန့်ပွားရေးတာဝန်ကို ကျွန်မတို့ မိန်းမ တွေက ထမ်းဆောင်နေကြတာ၊ ရှင်တို့ ယောက်ျားတွေ ဗိုက်ကြီးပြီး ကလေးမွေးလို့ ရသလား၊ ရသလား၊ ကဲ. . . ပြောစမ်း”

တယ်. . . ဒီအပျိုကြီးတော့. . .။ ကျွန်တော့်စိတ်ထဲကနေ ဒီမိန်းမကို တော်တော်လေးအချဉ်ပေါက်သွားတယ်။

ကျွန်တော် သူ့မျက်လုံးထဲကို စေ့စေ့စိုက်ကြည့်ပြီး ပြောချပစ် လိုက်တယ်။

BURMESE CLASSIC .com

“ဒီမယ် ဒေါ်ငွေကြယ်စင်ရဲ့၊ ယောကျ်ားတွေက ခင်ဗျားတို့ မိန်းမတွေနဲ့ ဘယ်တော့မှ တန်းလိုက်မညှိဘူး၊ ခင်ဗျားတို့သာ လိုက်လိုက်ညှိနေတာ၊ ဒီကမ္ဘာပေါ်မှာ ယောကျ်ားနဲ့မိန်းမ တန်းတူဖြစ် ရေး၊ ရင်ဘောင်တန်းနိုင်ရေးဆိုပြီး မဖြစ်နိုင်တဲ့ကိစ္စကို ထ,ထ,အော် နေတာ ခင်ဗျားတို့ မိန်းမတွေပဲ၊ ကျုပ်တို့ ယောကျ်ားတွေ မဟုတ်ဘူး၊ တကယ်တမ်းကျတော့ ယောကျ်ားနဲ့မိန်းမကြားမှာ ခြားထားတဲ့စည်းမျဉ်းဟာ ကျွန်တော်တို့ယောကျ်ားတွေ ရေးဆွဲထားတာ မဟုတ်ဘူး၊ ခင်ဗျားတို့ မိန်းမတွေကိုယ်တိုင် တားမြစ်ရေးဆွဲထားတဲ့ စည်းမျဉ်းပဲ၊ ခင်ဗျားတို့ဟာခင်ဗျားတို့ အဲ့ဒီဘောင်တစ်ခုရဲ့ အပြင်ဘက်ကို ထွက်မလာနိုင်ကြတာ၊ အဲ့ဒီ ဘောင်ကျဉ်းကျဉ်း လေးထဲမှာပဲ ခင်ဗျားတို့ နေထိုင်ချင်ကြတာ၊ ဒီအတိုင်းပဲ ခင်ဗျားတို့ ဆက်နေနေစမ်းပါ၊ ယောကျ်ားနဲ့မိန်းမဟာ နေရာတိုင်း ဘယ်တော့မှ မတူညီနိုင်ဘူး၊ ဒီကိစ္စကို ကလေးမပြောနဲ့. . . ခွေးတောင်သိတယ်”

ကျွန်တော့်စကားကြောင့် ဘေးနားက နေဝန်းနီက “ဟော့ကောင်. . .” ဆိုပြီး လှမ်းဟန့်တယ်။

ငွေကြယ်စင် ဒေါသူပုန်တွေထ,သွားတယ်။

ဝင်းဝင်း တောက်နေတဲ့ မျက်လုံးတွေနဲ့. . .။

“ရှင်. . . ရှင်. . . မမိုက်ရိုင်းနဲ့”

ကျွန်တော် မခိုးမခန့် ခပ်ဟဟရယ်မောပစ်လိုက်ပြီး ပခုံးနှစ်ဘက်ကို တွန့်လိုက်မိတယ်။

ပြီးတော့ ထပ်ပြောပစ်လိုက်တယ်။

"ကျုပ်က မိုက်ရိုင်းတာမဟုတ်ဘူး၊ အမှန်တရားတွေ ပြောနေတာ၊ ဒီလောကကြီးမှာ ယောကျ်ားတွေမလုပ်နိုင်တဲ့ အလုပ်ကို မိန်းမတွေလုပ်ကြရသလို မိန်းမတွေ လိုက်မလုပ်နိုင်တဲ့ အလုပ်တွေကို ယောကျ်ားတွေလုပ်နေရတဲ့ နေရာတွေလည်း အများကြီးရှိတာပဲ၊ ခင်ဗျားလိုသာ ပြောကြကြေးဆိုရင် အဲ့ဒီ မျိုးဆက်ပြန့်ပွားရေးတာဝန်ကို ယောကျ်ားတွေမပါပဲ ခင်ဗျားတို့ဟာခင်ဗျားတို့ ထမ်းဆောင်ကြည့်ပါလားလို့ . ဟင်၊ ရမလား၊ စမ်းကြည့်စမ်းပါဗျ. . . အပျိုကြီး၊ ကျုပ်တို့ယောကျ်ားတွေ အကူအညီမပါပဲ ခင်ဗျား ဗိုက်ကြီးပြစမ်းပါ၊ မွေးပြစမ်းပါ. . . ကဲ. . ."

**"ဖျန်း. . ."**

ကျွန်တော့်မျက်နှာကြီး အုတ်နံရံနဲ့ ဝင်ဆောင့်လိုက်မိသလား ထင်ရတယ်။

အားပါးပါး. . . လက်သံ တယ်ပြောင်ပါလား။

ကျွန်တော်ကိုယ်တိုင် ဘာဖြစ်သွားမှန်းမသိပဲ တစ်ဘက်ကို လည်ထွက်သွားတဲ့အချိန်မှာ အားလုံးရဲ့ အာမေဍိတ်သံတွေ အသီးသီးထွက်ပေါ်လာကြပါတယ်။

"ဟော့တော်. . ."

"ဟာ. . ."

ငွေကြယ်စင်ကိုယ်တိုင် သူလုပ်လိုက်တာ လွန်သွားပြီဆိုတာ သူ့ဟာသူ သိသွားပုံရတယ်။ ကြောင်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ်။

ဘေးနားကနေဝန်းက ကျွန်တော့်ထက်တောင်ပိုပြီး ရှုံ့ရှုံ့ရှားရှားဖြစ်သွားတယ်။

"ခင်ဗျား . . . ကျုပ်သူငယ်ချင်းကို ဘာလို့ရိုက်တာလဲဗျ၊ ခင်ဗျား တယ်စော်ကားပါလား၊ လမ်းမကြီးမှာ . . ."

ဒီတော့ ဟိုဘက်ကအေးအေးမော်လည်း ပြန်အော်တယ်။

"နင့်သူငယ်ချင်းက စ,မိုက်ရိုင်းတာ၊ ရိုက်တော့ဘာဖြစ်လဲ၊ မကျေနပ်ဘူးလား၊ လာ . . . ချမလား၊ ငါ့လက်သံ နားထောင်ချင်သေးလား"

အခုလေးတင် ကွာရှင်းစာချုပ်လဲထားတဲ့ သူတို့လင်မယား ကြားမှာ ကျွန်တော်ပဲ ကြားဝင်ရပြန်တယ်။

"ကဲ . . တော်တော့ . . ဟော့ကောင်၊ လာပြန်မယ်၊ မိန်းမတွေဟာ တစ်ခါတစ်ခါ ဒီလိုပဲကွ၊ အမှန်တရားနဲ့ ရင်ဆိုင်တွေ့တဲ့အခါ ဒီလိုပဲ ပေါက်ကွဲတတ်တယ်"

ကျွန်တော်စကားကြောင့် ဆွေ့ဆွေ့ခုန်ပြီးကျန်ရစ်ခဲ့ကြတဲ့ အဲ့ဒီမိန်းမနှစ်ယောက်ရဲ့ ရန်တွေ့စကားတွေ ထွက်မလာခင် ကျွန်တော်က နေဝန်းရဲ့လက်ကို အတင်းဆွဲခေါ်ပြီး လှည့်ထွက်လာလိုက်တယ်။

မဟုတ်ရင် နောက်ထပ်နပမ်းသတ်ပွဲတွေ လမ်းမပေါ်မှာ ကျင်းပ,နေတော့မှာ။

♂ ♂ ♂ ♂ ♂

BURMESE CLASSIC .com

စာအုပ်ပြီး

www.burmeseclassic.com



မိန်းမတွေဟာ မကောင်းဘူးလို့ပြောပြီး
မိန်းမမုန်းသမျှကို ဆန့်ကျင်နေတဲ့. . .
မိန်းမမုန်းဝါဒသမားတွေ ရှိနေသေးတယ်။
အယူအဆကတော့ သိပ်ပြီးယုတ္တိမကျလှပါဘူး။
ဘာဖြစ်လို့လဲဆိုတော့. . . မိန်းမဟာ
လက်ထပ်လိုက်မှ၊ အိမ်ထောင်ပြုလိုက်မှသာ
အဆိပ်ရှိတဲ့သတ္တဝါ. . . ဖြစ်သွားတတ်လို့ပါပဲ

**(ဆိုင်မွန် ဒီ ဗူဗွား)**
**ပြင်သစ်စာရေးဆရာမ**

www.burmeseclassic.com

## အခန်း (တစ်)

ရေခဲတုံးတွေကို လက်ကိုင်ပုဝါထဲထည့် . . ၊ စုထုပ်ပြီး ကျွန်တော့်ပါးပေါ်ကို နေဝန်းကတင်တယ်။

"ဟော့ကောင် . . . ငနေ၊ ဘာမှ မဖြစ်ပါဆိုမှ၊ ရတယ်၊ မလုပ်နဲ့"

"မင်းကသာ . . . ရနေ၊ ဒီမှာ မင်းပါးပေါ်က လက်ဝါး ရာကြီးက ထင်းပြီးနီရဲနေတာ၊ ရေခဲမတင်လို့ ရမလား"

ကျွန်တော်တို့နှစ်ယောက် ဖြစ်နေပုံကိုကြည့်ပြီး ဟို . . . ဆန်ကုန်မြေလေးနှစ်ယောက်က ထိုင်ရယ်နေကြတယ်။ မြင့်မိုရ်နဲ့ ဓူဝံလေ။ ဘယ်သူတွေရှိရဦးမလဲ။

ရယ်ရင်းနဲ့ ဓူဝံဆိုတဲ့ အကောင်စုတ်က ပြောသေးတယ်။

www.burmeseclassic.com



"မင်း. . တော်တော်တော့ အီသွားမှာပဲနော်၊ ဒဏ်ရာကို ကြည့်တာနဲ့တင် ဟိုမိန်းမ ဘယ်လောက် လက်သံပြောင်သလဲဆိုတာ ငါသိသွားပြီ"

"သေပါလား၊ ချီးတဲ့မှပဲ"

ကျွန်တော်က သူတို့ကိုပြန်ဆဲလည်း သူတို့က မနာကြတဲ့အပြင် မြင့်မိုရ်က ထပ်ပြောသေးတယ်။

"အမယ်လေး. . ဟိုမှာ ကွဲမယ်၊ ကွာမယ်ဆိုတဲ့ လင်မယားက ရန်မဖြစ်ရဘူး၊ မင်းနဲ့ငွေကြယ်စင်က ကြားထဲက ထ,ဖိုက်နေ တယ်၊ မင်းတို့နှစ်ယောက်ကလည်း လင်မယားကျနေတာပဲ"

"မင်းကြီးဒေါ်ကြီး. . . သေပါလား၊ လင်မယားသာဆို ငါ ဒီမိန်းမကိုချက်ချင်း အဲ့ဒီနေရာမှာတင် ပြန်ဆော်ထည့်လိုက်ပြီပေါ့ ဟ. .၊ မသာလေးရ"

သူတို့နှစ်ယောက်က ကျွန်တော့်ကို တဟားဟားလှောင်ရယ်ကြတယ်။

"လုပ်မနေစမ်းပါနဲ့ကွာ၊ ဟိုကောင်နေဝန်းလို အိမ်ထောင်သက် ရှစ်နှစ်၊ ကိုးနှစ်ကြာတဲ့ကောင်တောင် သူ့မိန်းမဆော်လွှတ် တာပဲ ခံလာရတဲ့ကောင်၊ မင်းလည်း အိမ်ထောင်မကျသေးလို့ ဒီ စကားမျိုးပြောနေတာ"

သူတို့စကားကြောင့် နေဝန်း. . မျက်နှာကို ဘယ်ဖွက်ရမှန်းမသိဘဲ အိုးတိုးအမ်းတမ်း ဖြစ်သွားသေးတယ်။ ပြီးတော့ ဒီကောင်တွေကို မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်တယ်။

www.burmeseclassic.com



"ဟော့ကောင်တွေ. . .၊ စကားပြောရင် ငါ့ကိုထည့်ထည့် ပြောမနေနဲ့၊ ငါ အဲ့ဒီတုန်းကခံလာရတာ ငါ့မိန်းမ. . သွေးမြင်ပြီး မူးလဲသွားလို့ ချမ်းသာပေးလိုက်တာနော်၊ မဟုတ်ရင်တော့ ဒီ မိန်းမကို အဲ့ဒီကတည်းက အပြတ်တွယ်ပြီးသားပဲ"

နေဝန်းစကားကို ဟိုကောင်တွေက မယုံသလို မျက်နှာတွေနဲ့. .။

"တော်ပါတော့ကွာ. .၊ အခုလည်း ကွာရှင်းစာချုပ် သွားလဲမယ်ဆိုပြီး ခံလာရပြန်ပြီ၊ ငါတို့ယောက်ျားထုကြီးဘက်က ဂိုဏ်းချုပ်ကြီး တံခွန်တိုင်. .၊ ပါးတစ်ဘက်မှာ လက်ဝါးရာကြီးနဲ့"

"သန္တေယုတ်တွေ၊ ဘာဂိုဏ်းချုပ်ကြီးလဲ၊ သွား. . . အခုမှ ငါ့ခေါင်း လာမခံခိုင်းနဲ့၊ မင်းတို့ပြဿနာတွေပဲ အကုန်လုံး ငါလိုက်ရှင်းနေရတာ၊ စေတနာနဲ့ လိုက်လုပ်ပေးနေတာ၊ ဟိုကောင်. . ငနေ၊ မင်းမျက်ခွက်ကြီးက ဘာဖြစ်နေတာလဲ၊ မင်းတကယ် ပြတ်တယ် ဆိုလို့ ငါက ကွာရှင်းခိုင်းတာနော်၊ မင်းစိတ်နဲ့မင်းကိုယ် မင်းဟာမင်း လက်မှတ်ထိုးပြီး ကွာတာ၊ နောက်မှ. . . ငါ့ကြောင့် လင်မယား ကွဲပါတယ်ဆိုပြီး လာမပြောနဲ့၊ ငါဆွဲထိုးမှာ"

နေဝန်းရဲ့မျက်နှာက ခပ်မှိုင်မှိုင်ရယ်။ ဒီကောင့်ကြည့်ရတာ သူလုပ်ခဲ့တာတွေကို နောင်တ,ရနေပုံပဲ။

"မင်းကြောင့်ကွဲတာမဟုတ်ဘူး၊ အဲ့ဒါ. . ဟိုမိန်းမကြောင့်"

"ဘာကွ. ."

နေဝန်းစကားကြောင့် ကျွန်တော်အံ့သြသွားတယ်။

www.burmeseclassic.com



BURMESE CLASSIC .com

နေဝန်းက ဒေါသတွေကို ကျိတ်မနိုင်ခဲမရ မျိုချနေရပုံနဲ့ သူ့စကားကို ဆက်တယ်။

"ဟုတ်တယ်လေ၊ ငါ့မိန်းမက အခုမှ ငါ့ကိုပြတ်တယ်၊ ကွာမယ်ဖြစ်လာတာ. . . ဒီဟာမ, ငွေကြယ်စင်ကြောင့် မဟုတ်ရင် ဘယ်သူကြောင့် ဖြစ်ရမှာလဲ၊ အခုကြည့်ပါလား၊ မင်းကို လူပုံအလယ် ပလက်ဖောင်းပေါ်မှာတင် တွယ်ထည့်လိုက်တာ ဒီမိန်းမ. . . ယောကျ်ားတွေကို ဘယ်လောက်မုန်းတီးနာကျည်းနေတယ်ဆိုတာ သိသာနေတာပဲ၊ ငါ့မိန်းမကိုလည်း ယောကျ်ားတွေ မကောင်းကြောင်း အမျိုးမျိုးပြော၊ ငါ့ကိုကွဲဖို့. . ကွာဖို့တွေ အမျိုးမျိုးသွေးထိုးလှုံ့ဆော်နေမှာပေ့ါ၊ ဒီဟာမ,အိမ်ပေါ် ငါ့မိန်းမသွားနေတာကိုက ရောမမှားယွင်းမှုကြီး ဖြစ်သွားတာပဲ၊ ငါတို့လင်မယားကွဲသွားတာ ဒီကောင်မ,စနက်ပဲ"

"ဟေ့ကောင်. . . ငနေ၊ တော်ကွာ. . .၊ တော်"

ကျွန်တော်ဒေါသဖြစ်ဖြစ်နဲ့ ဒီကောင့်ကို လှမ်းငေါက်လိုက်မိတယ်။

"ဟေ့ကောင် ကိုနေ၊ မင်း. . ဒီစကား ဒီမှာတင်ရပ်၊ ဘာမှ သူများကိုလိုက်ပြီး အပြစ်ပုံချမနေနဲ့၊ မင်းတို့ဟာမင်းတို့ ပြဿနာ မီးထွန်းရှာပြီး အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်တော့မှ သူများကို လိုက်မဲမနေနဲ့၊ မင်းတို့တွေ သူများသွေးထိုးလှုံ့ဆော်တိုင်း လိုက်လုပ်ရအောင် မင်းတို့လင်မယားမှာ ကိုယ်ပိုင်ဦးနှောက် မရှိတာမို့လို့လား၊ သူများမြှောက်ပေးလို့ လိုက်လုပ်တာပါဆိုရင် မင်းတို့ ကိုယ့်ဟာကိုယ်

www.burmeseclassic.com



အသုံးမကျဘူးလို့ ပြောတာနဲ့အတူတူပဲ၊ တော်ပြီ. . မင်းလည်း ဒီနေ့ကစ,ပြီး ငါ့အကြံဉာဏ်တွေ၊ ငါ့ဆုံးဖြတ်ချက်တွေ လာမတောင်းနဲ့၊ ဒါပဲ ငါပြောမယ်၊ မင်းဦးနှောက် မင်းသုံးပြီးလုပ်၊ ငါ. . . ဒီအရှုပ်ထဲက အခုထွက်တယ်”

“မင်းကလည်းကွာ. . . စိတ်ကြီးပဲ”

“စိတ်မကြီးလို့မရဘူး၊ မင်းတို့ကိစ္စ ငါကြားဝင်လို့ ငါအခုပဲ ပါးရိုက်တာ ခံလာရပြီးပြီ၊ မင်းမိန်းမကလည်း အခုလောက်ဆို ငါ သွေးထိုးလို့ လင်မယားကွဲတာပါဆိုပြီး မင်းလိုပဲ ငါ့အကြောင်း ဘယ်လောက် မကောင်းပြောနေမလဲ၊ ငါ့ကို ဘယ်လောက် အမုန်းကျိတ်ချင်နေမလဲ မသိဘူး၊ ဒီနေ့ကစပြီး ငါ့ကိုဒီကိစ္စနဲ့ ပတ်သတ်လို့ ဘာမှ လာမပြောကြနဲ့၊ ဒါပဲ”

♂ ♂ ♂ ♂ ♂

www.burmeseclassic.com

## အခန်း (နှစ်)

နေဝန်းနီဆိုတဲ့ကောင် နှစ်ရက်တိတိ ကျွန်တော့်အိမ် ပြန်မအိပ်ဘူး။

လင်မယားကွဲပါပြီဆိုပြီး စိတ်ညစ်ညစ်နဲ့ ဘယ်အရက်ဆိုင်သွားမှောက်နေမလဲ မသိဘူးဆိုပြီး ကျွန်တော် ပထမတော့ စိတ်မပူပါဘူး။ တစ်ခါခါလည်း သူငယ်ချင်းတွေအိမ်မှာ ဒီလိုပဲ စုဖွဲ့အရက်ဝိုင်းသောက်ရင်း ညအိပ်တတ်တာဆိုတော့ ဒီကောင်. . . ဓူဝံ သို့မဟုတ် မြင့်မိုရ်အိမ်မှာပဲ ရှိလိမ့်မယ်ဆိုပြီး ကျွန်တော် လွှတ်ထားလိုက်တယ်။

သုံးညမြောက်ကျတော့ ကျွန်တော်ပူလာတယ်။

ဟိုကောင်တွေအိမ်မှာသာ သွားအိပ်ရင် ဒီလောက်ဆို ဟိုကောင်တွေအိမ်ကလည်း မောင်းချလောက်ပြီ။

www.burmeseclassic.com


ဒါမှမဟုတ် ဟိုနှစ်ကောင်ထဲက တစ်ယောက်ယောက်က ကျွန်တော့်ဆီ ဖုန်းဆက်ပြီး "ငနေတော့ ကြမ်းနေပြီဟေ့၊ လာထိန်းဦး" လို့ ဖုန်းဆက်နေပြီ။

အခုကျတော့ ဘယ်သူမှလည်း ဖုန်းမဆက်။ သုံးရက်လောက် အသံတိတ်နေကြတော့ ကျွန်တော့်စိတ်ထဲက နည်းနည်းထင့်လာတယ်။

ဒီကောင်. . . ကိုနေ စိတ်ပေါက်ပေါက်နဲ့ တစ်ခုခုလုပ်သွားမှဖြင့်. .။ ဒီကောင်က အနုပညာသမား။ လူကလည်း စနေသား။ စိတ်က ကြီးပါဘိသနဲ့။

ကျွန်တော်စိုးရိမ်သွားတယ်။ မဖြစ်ဘူး။ ဟိုကောင်တွေအိမ်ကို ဖုန်းဆက်ကြည့်ဦးမှ။

ဓူဝံဆီ အရင်ဆက်လိုက်တယ်။

"ဟေ့ကောင်. . . ဓူဝံ၊ ဟိုကောင် ကိုနေအိမ်ပြန်မအိပ်တာ သုံးညရှိပြီ၊ မင်းဆီမှာလား. ."

". . . . . . . . . ."

"ဟေ့ကောင်၊ ငါမေးနေတာ မကြားဘူးလား"

"ကြား. . . ကြားပါတယ်"

"ကြားရင်ဖြေလေ၊ မင်းအိမ်မှာ သူရှိသလားလို့"

"မရှိဘူး"

"မရှိရင် မရှိဘူးလို့ ပြောပါလား၊ ဘာ. . ငေါင်စိစိလုပ်နေတာလဲ၊ သူဘယ်သွားလဲ. . မင်း သိတယ်မဟုတ်လား"

www.burmeseclassic.com



BURMESE CLASSIC .com

“. . . . . . . . .”

“ဟော့ကောင်ဖြေလေ၊ ငါက ဒီကောင့်ကို စိတ်ပူလို့ မေးနေတာ၊ မိန်းမနဲ့ကွဲပြီး ကိုယ့်ကိုယ်ကိုများ သတ်သေသွားပြီလား. . လို့”

“မင်းကို စာလေးဘာလေးရေးမထားခဲ့ဘူးလား”

“ဟော့ကောင်. . . ခူဝံ၊ ငါ့ရင်တုန်အောင် မလုပ်နဲ့နော်၊ ဒီကောင်က ဘယ်သွားလို့ ဘာစာကို ရေးထားခဲ့ရမှာလဲ၊ စာရေးပြီး သူက ဘယ်ကို သွားရမှာလဲ”

“သြော်. . မဟုတ်ပါဘူး၊ သူသွားမယ့်နေရာကို ဘယ်နေရာလဲလို့ ရေးမသွားဘူးလား ပြောတာပါ။ သူ ဘယ်သွားလဲတော့ ငါလည်း ဘယ်သိပါ့မလဲ”

ခူဝံလေသံက တစ်မျိုးကိုဖြစ်နေတာ။

ဒီကောင်တွေအကြောင်းကို ငယ်ငယ်ကတည်းက ချေးခါးအူမ, မကျန် ကျွန်တော်သိပြီးသား။

ဒီကောင်တွေ လိမ်နေတဲ့အသံဟာ. . ဘယ်လို၊ တစ်ခုခုကို ထိမ်ချန်ထားတဲ့ အမူအယာက ဘယ်ပုံဆိုတာ ကျွန်တော်နောကြေနေပြီးသား။

ဂေါ်လီရိုက်တဲ့ အရွယ်ကတည်းက လည်ပင်းဖက်ပေါင်းလာတဲ့ကောင်ပဲလေ။

ဒီလောက်မှ မလည်ရင် ဒီကောင်တွေနဲ့ သူငယ်ချင်းကို ဆက်မလုပ်ဘူး။

ကျွန်တော် ခူဝံကို အစ်လိုက်တယ်။

www.burmeseclassic.com



"ဟော့ကောင်. . မှူဝံ၊ မင်းလေသံကြီးက ဘာဖြစ်နေတာလဲ၊ ပြောစရာရှိရင် ပြောလေ၊ နေဝန်း. . ဘယ်မှာလဲ၊ မင်း သိနေတယ် မဟုတ်လား"

"မသိပါဘူးဆိုမှ၊ ငါ့. . . လာရစ်မနေနဲ့ တံခွန်၊ မြင့်မိုရ် သွားမေးကြည့်၊ ဒီကောင်သိရင် သိမှာပေါ့"

"မေးမှာပါ၊ မေးမှာပါ"

ကျွန်တော် မကျေမနပ်နဲ့ ဖုန်းခလုတ်တွေ ပြန်နှိပ်ပြီး မြင့်မိုရ်ဖုန်းနံပါတ်ကို ထပ်လှည့်တယ်။

ကျွန်တော်သိတယ်။ ဒီကောင်တွေ ကျွန်တော့်ကို တစ်ခုခု တော့ လိမ်နေပြီ။ ဒါမှမဟုတ် လိမ်ဖို့ကြိုးစားနေပြီ။ အဲ့ဒီတစ်ခုခု ကလည်း နေဝန်းနီဆိုတဲ့ကောင်နဲ့ပဲ ပတ်သတ်နေရမယ်။

ဖုန်းထဲမှာ မြင့်မိုရ်က ကျွန်တော့်အသံကြားတာနဲ့ ပိတ်ပြော တယ်။

"ဟော့ကောင်. . တံခွန်၊ ဘာလဲ. . ငါမအားဘူး၊ ပုံနှိပ်စက် ရောက်နေတယ်၊ အသံတွေဆူနေလို့ စကားကောင်းကောင်းပြောလို့ မရဘူး၊ ပြောစရာရှိ မြန်မြန်ပြော"

"မင်းပုံနှိပ်စက်ကလည်း ကက်ဆက်သံကိုပဲ ငါကြားတယ်"

"တံခွန်. . ဘာကိစ္စလဲ၊ အရေးကြီးလား၊ အရေးမကြီးရင် နောက်မှပြော"

"မြင့်မိုရ်. . ငနာလေး၊ သူများကို ညာလို့ရချင်ရမယ်၊ ငါ့ကို လာပတ်မနေနဲ့၊ မင်းတို့ကောင်တွေ ငါ့ကိုဖုံးထားတာ ငါသိနေတယ်၊

www.burmeseclassic.com



BURMESE CLASSIC .com

ကဲ. . ပြော၊ ဟိုကောင်. . ငနေဘယ်မှာလဲ၊ ငါ့ဆီလာပြန်မအိပ်တာ သုံးညရှိပြီ”

“ဟ. . . ငါဘယ်သိမလဲ၊ သူ မင်းကို ဘာမှပြောမသွားဘူးလား”

“ဟော့ကောင်. . ဘာပြောသွားရမှာလဲ၊ သူက ဘယ်သွားစရာရှိလို့လဲ၊ အရင်လည်း မင်းတို့ကောင်တွေအိမ်မှာ ဒီကောင် တစ်ညနှစ်ညတော့ စိတ်ပြေလက်ပျောက် လိုက်အိပ်. . စားနေကျပဲ မဟုတ်လား၊ ငါ့အိမ်မှာမရှိရင် မင်းနဲ့ဓူဝံအိမ်မှာပဲ ရှိရမှာ၊ အခု ဟိုကောင့်အိမ်မှာလည်း ငနေမရှိဘူး၊ ဒီကောင်ဘယ်သွားနေတာလဲ”

“မင်းကလည်း သိပ်စိတ်မပူပါနဲ့ကွာ၊ ဒီကောင်ဘာမှ မဖြစ်ပါဘူး”

“မပူလို့ရမလား၊ မိန်းမနဲ့ကွဲထားတာမှ ဘယ်လောက်မှ မကြာသေးဘူး၊ လူကပန်းချီဆရာ. . စိတ်ကခပ်နုနုရယ်၊ ဟော့ကောင် မင်းလေသံကို ငါမသင်္ကာဘူး၊ မင်း. . ဒီကောင် ဘယ်မှာလဲဆိုတာ သိနေတယ်မဟုတ်လား”

“ဟို. . ဟို. . ”

“ဟော့ကောင်. . ဓူဝံ၊ ပြောစမ်း၊ ဒီကောင်ဘယ်မလဲ”

“မင်းကလည်း. . မင်းအိမ်မှာ ပြန်ရှာကြည့်ပါဦး၊ ဒီကောင့် ပစ္စည်းတွေ ကျန်နေသေးရင် ဒီကောင်ဘယ်မှ မသွားပါဘူး၊ ရှိမှာပါ”

ကျွန်တော်က ဟန်းဖုန်းနဲ့ ဆက်နေတာမို့လို့ ဒီကောင် ပြောတဲ့အတိုင်း နေဝန်းရဲ့ပစ္စည်းတွေ ရှိမရှိ သွားကြည့်လိုက်တယ်။

www.burmeseclassic.com



သေချာတာပေါ့။

ဒီကောင်. . လစ်သွားပြီ။ အဝတ်အစားအိတ်တွေ၊ လှန်းထားတဲ့ ပုဆိုးတွေကအစ အကုန်သိမ်းဆည်းပြီး ဒီကောင် ကျွန်တော့်အိမ်က ဆင်းသွားပြီ။

“ဟော့ကောင်. . ဓူဝံ၊ ဘာမှမရှိတော့ဘူး၊ ဒီကောင်ဘယ် သွားတာလဲ၊ ဒါဘာလုပ်တာလဲ၊ ငါ့ကို အကြောင်းမကြား ဘာမကြား၊ ဘာမပြောညာမပြောနဲ့ ဒီကောင်လုပ်ပုံက ဘာလဲကွ. . ၊ ဘာလဲဓူဝံ၊ ဒီကောင်ဘုန်းကြီးဝတ်သွားပြီလား၊ ဒါဆိုလည်းပြော၊ ဘယ်ကျောင်း မှာလဲ၊ ပစ္စည်းလေးပါး သွားလှူမလို့”

ကျွန်တော့်စကားကို ဓူဝံက တဟားဟားအော်ရယ်တယ်။ ရယ်ရင်းနဲ့. . .။

“ကဲ. . တံခွန်၊ ဒီကောင် မင်းကိုမပြောရဲတဲ့ ကိစ္စတစ်ခုခု လုပ်သွားပြီလို့သာ မှတ်လိုက်တော့၊ စိတ်လည်း သိပ်ပူမနေနဲ့၊ နောက် တော့ သိလာမှာပေါ့ကွာ၊ မင်းကလည်း. . .”

ဓူဝံက ဖုန်းချသွားရော။

ကျွန်တော့်မှာ အူလည်လည်နဲ့။

ဘာဖြစ်နေမှန်း နားကို မလည်နိုင်သေးဘူး။ ဒေါ်သ ကတော့ အကြီးအကျယ်ကို ထွက်နေပြီ။

နေဝန်းဆိုတဲ့ကောင် လုပ်ပုံက မဟုတ်သေးဘူး။

ကျွန်တော်အိမ်ကိုများ သာလာယံဇရပ်အောက်မေ့နေလား မသိဘူး။ ဝင်ချင်တဲ့အချိန်ဝင်၊ ထွက်ချင်တဲ့အချိန် ထွက်သွားနဲ့။

www.burmeseclassic.com



ကျွန်တော် ဒေါ်ခီးခီးနဲ့ ငနေအိပ်တဲ့ ကုတင်နဲ့မွေ့ရာတွေကို လှန်လှောရှာမိတယ်။ ဘာပစ္စည်းများ ကျန်နေခဲ့မလဲ။ ဘာသဲလွန်စများ ရမလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။

ရုတ်တရက် ခေါင်းအုံးအောက်မှာ ကြွေမွနေတဲ့ စာတစ်စောင်ကို သွားတွေ့တယ်။

ကျွန်တော်ထိတ်ခနဲ ဖြစ်သွားတယ်။

ဒီကောင် ငနေ. . ကျွန်တော့်ကိုများ ဘာတွေရေးပြီး ထွက်သွားပြီလဲပေါ့။

စာရွက်ကို အလျင်စလို ဖြန့်ကြည့်လိုက်တော့ ဒီကောင့်လက်ရေးမဟုတ်မှန်း ကျွန်တော်သွားတွေ့တယ်။ စာထဲမှာ. . .။

မောင်

မောင်. . . သတင်းစာပို့သမားလေးနဲ့ ပေးလိုက်တဲ့ စာကို အေး. . . ရတယ်။ အေးလည်းမောင့်လိုပါပဲ။

ဒီမှာ. . . ငွေရဲ့အရိပ်အခြေကို ကြည့်နေရတာ။ သူက အပျိုကြီးဝါဒ ထူထောင်ထားတာ ဆိုတော့လေ။ အေးကို စိတ်အဆင်းရဲမခံနဲ့. . . တဲ့။ ယောကျ်ားဆိုတာမျိုးက. . . ဘာညာနဲ့ ဒီလိုပဲ နားသွင်းနေတာပေါ့။

ဒါပေမယ့်မောင်ရယ်။ ကိုယ်ချစ်လို့ လူကြီးတွေနဲ့ အတိုက်အခံလုပ်ပြီးတော့တောင် ယူလာရတဲယောကျ်ားပဲ။ ဘယ်ပြတ်နိုင်ပါ့မလဲ။

www.burmeseclassic.com



ဟိုတုန်းကတော့ ရွှေကျားကို မောင်က ရက်ရက် စက်စက်လုပ်ခဲ့တာလည်း ပါတယ်။ ဒေါသထွက်နေတုန်းမို့ ပြောမိပြော၊ လုပ်မိလုပ်ရာ လုပ်ခဲ့တာပါ။ အေးကိုခွင့်လွှတ်ပါ မောင်ရယ်။ မောင်မကြိုက်ရင် ရွှေကျားကို မမွေးတော့ပါဘူး။

ဟိုနေ့က မောင့်မျက်နှာမှာ ရွှေကျားရဲ့ လက်သည်း ရာတွေ တွေ့တော့မှ အေးလည်း ဒီကြောင်ကို မမွေးချင် တော့တာပါ။

မောင်. . . အေးကို လာပြန်ခေါ်လေ။ မနက်ဖြန် နေ့ခင်း တစ်ချက်နှစ်ချက်လောက်ဆို ငွေက သူ့အမျိုးအိမ် သွားမယ် တဲ့။ သူသွားတာနဲ့ အေး. . . မောင့်ဆီ ဖုန်းဆက်လိုက် မယ်။ အေးကိုလာခေါ်နော်။

ပြီးတော့ ဒီအပျိုကြီး. . . လူပျိုကြီးတွေနဲ့ ဝေးတဲ့ နေရာမှာ ခဏလောက်သွားရှောင်နေရအောင်။ ဒီအထီးကျန် တစ်ကိုယ်တည်းသမားတွေက သိပ်မလွယ်ဘူး မောင်ရဲ့။

လောကကြီးကို ကန့်လန့်တိုက်၊ ဂွကျကျနေချင်နေတဲ့ လူစားတွေ။ မပြောချင်လို့. . . သိလား။

ငွေကြယ်စင်က ကျောင်းမှာတုန်းက ရုပ်အရမ်းဆိုး တာ။ ဒါ့ကြောင့် သူ့ကိုဘယ်သူမှ ကြိုက်မယ့်သူ မရှိပဲ အပျိုကြီးဖြစ်နေတာလေ။

ဒါနဲ့ပဲ ယောက်ျားတွေကို စိတ်နာနာနဲ့ ဝတ္ထုထဲ မကောင်းတာတွေချည်းပဲ ထည့်ရေးနေတာလေ။

သူမရတာနဲ့ သူများလင်မယား ကွဲအောင်တော့ မလုပ်သင့်ဘူးပေါ့နော်။ သူမစွံတာနဲ့ပဲ တစ်လောကလုံးက မိန်းမတွေ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဘဝကိုယ် ထူထောင် ရမယ်ဆိုတာတော့ မဟုတ် သေးပါဘူး။

အစ,တုန်းကတော့ သူ့ကို ကိုတံခွန်တိုင်နဲ့ စပ်ပေး မလားလို့ ကြံမိသေးတယ်။ အခုတော့ လက်လျှော့ လိုက်ပါပြီ။

ဒီအပျိုကြီးက ဒီတစ်သက် စွံမှာလည်းမဟုတ် ပါဘူး။ ယောက်ျားတွေကို ဒီလောက်နိုင်ချင်နေတာ။

ဒါပဲမောင်. . .။ ဟိုမှာ အပျိုကြီးပြန်လာနေပြီ။

မနက်ဖြန်. . . တစ်နာရီနော်။ လာခဲ့. . .။

အေး

စာကို ဖတ်ပြီးတော့ ကျွန်တော့်မှာ ရယ်ရအခက်ငိုရအခက် ဖြစ်သွားတယ်။ စိတ်ထဲကလည်း အဲ့ဒီလင်မယားကို ကောင်းကောင်း ကြီး ကျိန်ဆဲပစ်လိုက်တယ်။

အမျိုးယုတ်လေးတွေ။

ကြည့်စမ်း။ သူတို့ကို စေတနာနဲ့ အစအဆုံးလိုက်ကူညီ နေတဲ့ မျက်နှာကိုမှ မထောက်။ ရေးထားလိုက်တာ။

ဘာတဲ့. .။ လောကကြီးကို ကန့်လန့်တိုက်၊ ဝွကျကျ နေချင်နေတဲ့ လူစားမျိုးတွေတဲ့။

www.burmeseclassic.com



ဒီစာကို ဖတ်ပြီးတော့ ကျွန်တော့်စိတ်ထဲမှာ ယားကျိကျိနဲ့ ဖုန်းဆက်ချင်လာတယ်။

ဒီစာအကြောင်းကို ဟိုမိန်းမ,သိသွားရင် ဘယ်လောက်များ ဆွေ့ဆွေ့ခုန်နေမလဲလို့။ ကျွန်တော်ချက်ချင်းပဲ အဲ့ဒီမိန်းမ,ဖုန်းကို ကောက်လှည့်လိုက်တယ်။

မနေနိုင်တော့ဘူးလေ။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း ဒီမိန်းမကို နည်းနည်းပဲ ဖြစ်ဖြစ် စိတ်ဒုက္ခလေးတော့ ပေးချင်နေတာ။

ဖုန်းကို ငွေကြယ်စင်က ကောက်ကိုင်ပြီး ကျွန်တော့်အသံ ကြားတာနဲ့ လေသံကပြောင်းသွားတယ်။

"ဘာလဲ. . ဘာကိစ္စရှိလဲ"

"ဒီမှာ. . . ခင်ဗျားအိမ်မှာ အေးအေးမော်မရှိတော့ဘူး မို့လား"

"ရှင် သိပြီးသားပဲ၊ ဘာလို့ လာမေးနေတာလဲ"

ဟိ. . . ဟိ။ ကျွန်တော် ကျိတ်ရီလိုက်မိတယ်။

အေးအေးမော်လည်း ဟိုကောင်နေဝန်းလိုပဲ မပြောမဆို သူ့အိမ်ပေါ်က ဆင်းပြေးသွားပြီ။ ဒါ့ကြောင့် ဒီဟာမ, ဒေါခီးနေတာ။

ကျွန်တော်ဝမ်းသာအားရ ထပ်ပြောလိုက်တယ်။

"သူ ဘယ်ကိုထွက်သွားတယ်ဆိုတာရော ခင်ဗျားသိလား"

"အဲ့ဒါကိုမသိရအောင် ကျွန်မကို ရှင်က နလပိန်းတုန်းများ အောက်မေ့နေလား"

www.burmeseclassic.com



"ဒါပေမယ့် ဘာလို့ထွက်သွားတယ် ဆိုတာတော့ ခင်ဗျား သိမှာမဟုတ်ပါဘူး"

"အို သူ့ယောက်ျားနဲ့ သူလိုက်သွားတာပဲ၊ ဒါအဆန်းလား"

"ဆန်းတာပေါ့၊ သူ နေဝန်းနီဆီ ရေးလိုက်တဲ့စာက ဆန်းနေတာ၊ အဲ့ဒီစာကို ခင်ဗျားများ ဖတ်ချင်နေမလား. . လို့၊ ဖုန်းထဲကနေ ကျွန်တော်ဖတ်ပြမယ်၊ နားထောင်၊ ခင်ဗျားနဲ့သက်ဆိုင်တာတွေ ပါလို့ အာညောင်းခံ ဖတ်ပြရမှာနော်၊ ဖုန်းမချလိုက်နဲ့ဦး"

ကျွန်တော်က အေးအေးမော်ရေးထားတဲ့စာကို အစအဆုံး အသံနဲ့၊ ဟန်နဲ့ အရသာရှိရှိဖတ်ပြလိုက်တာပေါ့။

အပျိုကြီး၊ အပျိုကြီးဆိုတဲ့ နေရာတွေမှာ လေသံကိုဖိပြီး တော့တောင် ခပ်ကျယ်ကျယ် အော်ဖတ်ပေးလိုက်တယ်။

စာလည်းဆုံးရော. . ။

"ကြည့်စမ်း. . ကြည့်စမ်း၊ မိအေး. . ကောင်မစုတ်၊ သူ့အကောင်သူ မပြတ်နိုင်တာနဲ့ပဲ ကျွန်မကို ခုတုံးလုပ်သွားသေးတယ်၊ နေနှင့်ဦး၊ တွေ့မှသိမယ်"

ကျွန်တော်က သူ့ရဲ့ဒေါပွနေတဲ့အသံကို နားထောင် ကောင်းကောင်းနဲ့ ရယ်သံမတိုးမကျယ်လည်း ထွက်ပြီးရယ်လိုက်မိ ရော. . အဲ့ဒီမိန်းမရဲ့ ဒေါသက ကျွန်တော့်ဘက်လှည့်လာတယ်။

"ဒီမှာ. . ဒီမှာ၊ သိပ်လည်း ဝမ်းသာမနေနဲ့၊ ရှင်ပြီး ကျွန်မ အလှည့်ပဲ၊ ကျွန်မလည်း အစကတော့ ဖတ်မပြဘူးလို့နေတာ၊ ရှင် တောင် ပါးစပ်အရသာခံပြီးဖတ်ပြနေသေးတော့ ကျွန်မလည်း

www.burmeseclassic.com



ရှင့်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး ရေးထားတဲ့စာကို ဖတ်ပြလိုက်ဦးမယ်၊ နားထောင်”

ဖုန်းထဲမှာ ဂျိုးဂျိုးဂွတ်ဂွတ်နဲ့ စာရွက်ဖြန့်သံကို ကျွန်တော်ကြားလိုက်ရတယ်။

“အေးရေ. . . တဲ့”

ဒီမိန်းမအသံက တမင်ကို ချွဲချွဲပစ်ပစ် လုပ်ပြောနေတာ။

“မောင့်ကို ခွင့်လွှတ်ပါ၊ မောင်. . အေးနဲ့ မခွဲနိုင်ပါဘူး၊ အေးနဲ့ဝေးနေကတည်းက တစ်ရက်မှ မေ့မရဘူးဆိုတာ ယုံပါ. . တဲ့၊ အေးအပေါ်မှာ မောင်ဒေါသနဲ့ပြောခဲ့မိ၊ လုပ်ခဲ့မိတာတွေ အတွက် မောင်တောင်းပန်ပါတယ်၊

တကယ်တော့ အခုလိုအေးနဲ့ ကွဲချင်တယ်၊ ကွာချင်တယ် ဖြစ်လာရတာတွေဟာ မောင့်စိတ်အရင်းခံကြောင့် လုပ်မိတာ မဟုတ်ပါဘူး၊ ဟို. . . လူပျိုကြီး မြှောက်ပေးတာတွေကို အဟုတ်အောက်မေ့မိလို့ပါ၊

ဒီလူပျိုကြီးက လောကကြီးမှာ ဘယ်မိန်းမမှကြည့်ရတာ မဟုတ်ဘူး. . တဲ့၊ သူနဲ့တန်တဲ့ ဇနီးမယားလောင်း တစ်ယောက်မှ ဒီကမ္ဘာပေါ်မှာ မမွေးသေးဘူးလို့ ကိုယ့်ဟာကိုယ်ထင်ပြီး ဘဝင်ရူး ရူးနေတာ၊ ဒါ့ကြောင့်လည်း ခုထက်ထိမစွံသေးပဲ အထီးကျန် ဖြစ်နေတာကြည့်လေ. . တဲ့၊

အမှန်ကတော့ သူ့လို ဘုတ်ထိုင်းဖြတ်ပြဲ ကပ်စေးနှဲကြီးကို ဘယ်မိန်းမမှလည်း လင်လုပ်ချင်မှာ မဟုတ်ပါဘူး. . . တဲ့၊ သူ့ဟာသူ

www.burmeseclassic.com



မစွံတာနဲ့ သူများလင်မယားကြား ကွဲခိုင်းကွာခိုင်း လုပ်နေတာလေ၊ ဒါကြောင့် မောင်တို့အဖြစ်က အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ခဲ့ရတာပါ. . . တဲ့၊

ခုလည်း သူမရှိတုန်း မောင်အမြန်ဆုံး ဒီစာကိုရေးပြီး သတင်းစာပို့သမားလေးကို ပေးခိုင်းလိုက်တာ၊ သူရှိရင် ဖျက်နေဦးမှာ. . . သိလား၊ မောင် အေးကို လုံးဝမပြတ်နိုင်ပါဘူး၊ မောင် ကွာရှင်းစာချုပ်ကို ညကပဲ ဆုတ်ဖြဲလိုက်ပါပြီ၊ အေးလည်း မောင့်ဆီကို အဲ့ဒီသတင်းစာပို့သမားလေးနဲ့ပဲ မနက်ဖြန် စာပြန်လိုက်ပါ အေးရယ်၊ မောင် မျှော်နေမယ်. . . တဲ့၊

ဒီအပျိုကြီး၊ လူပျိုကြီးတွေကြောင့်တော့ မောင်တို့အိမ်ထောင်ရေး အပျက်စီးမခံနိုင်ပါဘူး၊

တံခွန်တိုင်ဆိုတဲ့ကောင်ကတော့ ဘယ်တော့မှ မိန်းမရမယ့်ကောင်မဟုတ်ပါဘူး၊ သူများလင်မယားကြား ဝင်ပြီး စေ့စပ်ပေးရမယ့်အစား ဟိုတစ်နေ့က အေးရဲ့သူငယ်ချင်းနဲ့တောင် နင်ပဲ ငဆ, ပြောပြီး ရန်ထောင်လာသေးတယ်မဟုတ်လား၊ ဒီလိုကောင်မျိုး ဘယ်တော့မှ မိန်းမရမှာမဟုတ်ဘူး. . . တဲ့၊

ဒါပဲနော်၊ အေးရဲ့ပြန်စာ မလာရင်တော့ မောင်ရင်ကွဲရမှာ . . တဲ့၊ အဟက်. . ဟက်”

ကြည့်စမ်း. . ၊ ကြည့်စမ်း. . ။

“✕⊖ⓘ✸✕⊖ⓘ” ကျွန်တော် စိတ် ထွက်ထွက်နဲ့ ရင်ထဲကနေ အသကုန် ကလော်တုတ်လိုက်မိတာပေါ့။

www.burmeseclassic.com



စိတ်မတိုပဲနေမလား။ ရေးထားတဲ့ စာကိုကြည့်ဦး။ ဘယ်လောက်များ စေတနာတရားခေါင်းပါးချင်စရာ ကောင်းတဲ့ လင်မယားလဲ။ စော်ကားလိုက်တာ။ အမျိုးယုတ်. . .။ နေဝန်းနီ။

နေနှင့်ဦး။ ငါ့အိမ်ပေါ် ဒီတစ်ခါ မိန်းမနဲ့စိတ်ဆိုးပြီး တက်လာရဲ တက်လာကြည့်။ ငါ့လက်သီးနဲ့ကို နှာခေါင်းရိုးကျိုးအောင် ဆော်ပစ်လိုက်မယ်။

ကျွန်တော် ဒေါသထွက်လွန်းလို့ ငြိမ်နေတာကို ဖုန်းထဲကနေ ဟိုမိန်းမက လှောင်ရယ်လိုက်သေးတယ်။

“ဘယ်လိုလဲ. . ဆရာကြီး၊ ရှင်ဖြစ်စေချင်သလို သူတို့ လင်မယား မကွဲပဲ ပြန်ပေါင်းထုပ်သွားတာကို မကျေမနပ်ဖြစ်နေပြီလား၊ စိတ်ထားလေး ကောင်းကောင်းထားပါရှင်၊ ငရဲကြီးတတ်တယ်”

“ဒီမှာ. . ဒေါ်ငွေကြယ်စင်၊ ကျွန်တော်က သူတို့လင်မယားကို ဘယ်တုန်းကမှ ကွဲစေချင်တာမဟုတ်ဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ၊ ဒီစာထဲက အကြောင်းအရာတွေက မဟုတ်တမ်းတရားတွေ လျှောက်ရေးထားတယ်ဆိုတာ ခင်ဗျားလည်းသိတာပဲ၊ ဒီလိုသာ ပြောကြကြေးဆိုရင် ခင်ဗျားလည်း မအေးအေးမော်ကို သွေးထိုးနေတာပဲပေါ့၊ မဟုတ်ဘူးလား”

“တော်စမ်းပါရှင်၊ ဒီစာတွေက သူတို့ဟာသူတို့ ပြန်ပေါင်းထုပ်ချင်တာနဲ့ ရှက်ရမ်းရမ်းပြီး ကျွန်မတို့ကို အပြစ်ပုံချလိုက်တဲ့ဟာ၊ ရှင်လည်း အဲ့ဒီလောက်မယုတ်မာဘူးဆိုတာ ကျွန်မသိတယ်၊ ကဲ. . တော်ပြီ၊ ဒီကိစ္စ ဒီမှာတင်ရပ်လိုက်တော့၊ ရှင်နဲ့ ကျွန်မ သူတို့အတွက်နဲ့

ရန်စောင်နေတာလည်းများပြီ၊ ကျွန်မလည်း ရှင်နဲ့ ရန်သူမဖြစ်ချင်ပါဘူး၊ ထားလိုက်ပါတော့. . . ဒီကိစ္စကို”

“မထားနိုင်ပါဘူး၊ ခင်ဗျားက မေ့လို့ရပေမယ့် ကျုပ်က မေ့လို့မရဘူးဗျ၊ ကျွန်တော်က ခံထားရတဲ့သူ၊ လူပုံအလယ်မှာ ပါးရိုက်ခံထားရတာ၊ ဒီကိစ္စကို ကျွန်တော်က လုံးဝကျေနပ်တာ မဟုတ်ဘူး၊ ခင်ဗျားနဲ့ကျွန်တော် ခုထက်ထိရန်သူပဲ”

ငွေကြယ်စင်က ဖုန်းထဲမှာ တခစ်ခစ်ရယ်လိုက်သေးတယ်။ ရယ်နိုင်သေးတယ်. . . ဒီမိန်းမက။

“ဩော် တော်ပါတော့ဆို၊ ကျွန်မလည်း ဒီကိစ္စကို တောင်းပန်တယ်၊ အဲ့ဒီနေ့က ကျွန်မစိတ်ဆိုးဆိုးနဲ့ လက်လွန်သွားတယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ဖြစ်ခဲ့တဲ့ကိစ္စမှာ ကျွန်မ,အလွန်ချည်းပဲ မဟုတ်တာတော့ ရှင်ဝန်ခံရမယ်၊ ရှင်ဘက်ကလည်း စကားပြောရင် သူများ မခံသာအောင် တုတ်ထိုးအိုးပေါက်ပြောတတ်တယ်ဆိုတာ သဘောပေါက်စမ်းပါ”

“ခင်ဗျားက ကျွန်တော့်ကို တောင်းပန်နေတာလား၊ အပြစ်တင်နေတာလား”

“ကဲ. . . တောင်းပန်နေတာ၊ တောင်းပန်နေတာ၊ ဒီထက်ပိုပြီး ရှင်ကျေနပ်အောင်ဘာများ ထပ်ပြောရဦးမှာလဲ”

“ကျွန်တော်မကျေနပ်သေးဘူး၊ ကျွန်တော့်ပါးကို ရိုက်တုန်းက လူပုံအလယ်လမ်းမကြီးမှာ၊ တောင်းပန်တော့ ဖုန်းထဲမှာ တိုးတိုးကျိတ်ကျိတ်ကလေး၊ ဘယ်တရားပါ့မလဲ”

www.burmeseclassic.com



"မတရားဘူးထင်တော့ ကျွန်မက ဘာလုပ်ပေးရမှာလဲ"

ငွေကြယ်စင်အသံက ချင်ချင်းပဲ စွာတက်စူးရှလာတယ်။ ကျွန်တော် သဘောကျပြီး ရယ်လိုက်မိသေးတယ်။

"စိတ်ရှည်ရှည်ထားစမ်းပါ၊ အပျိုကြီး လူပျိုကြီးတွေဆိုတာ ဘုဂလန့်၊ လူ့ဂွစာ၊ စိတ်လက်တစ်ဆစ်တွေလို့ သူများ အပြစ်ပြော စရာ ဖြစ်ကုန်မယ်၊ နဂိုကတည်းမှ ပြောချင်နေကြရတဲ့အထဲ"

"တော်စမ်းပါရှင်၊ အတူတူနဲ့အနူနူ၊ တစ်မူး ပိုမရှုချင် စမ်းပါနဲ့၊ ကဲ. . ကျွန်မရှင့်ကို ညနေစာတစ်ခါ လိုက်ကျွေးရင်းနဲ့ တောင်းပန်မယ်၊ ဒါဆို ရှင်ကျေနပ်မလား"

ဒါဟာ ဒီမိန်းမရဲ့ အစွမ်းကုန်လိုက်လျှောမှုဆိုတာ သိနေ တော့ ကျွန်တော်မငြင်းတော့ပါဘူး။

"ရတယ်လေ၊ ဆိုင်ကတော့ ကျွန်တော်ရွေးမှာနော်၊ နောက် မှ ဈေးကြီးလိုက်တာလို့ လာမအော်နဲ့"

"အို. . အသေးအဖွဲပါ၊ ဒါပေမယ့် ဒီအတိုင်းတော့ ရှင့်ကို ညစာမကျွေးနိုင်ဘူး၊ ကျွန်မကို တစ်ခုကူညီဦး"

"ဘာကူညီရမှာလဲ"

"ဒီမှာ. . ဟိုမိန်းမထားသွားတဲ့ ရွှေကျားကို လာဖမ်းပြီး တစ်ယောက်ယောက်ကို ပေးပစ်လိုက်စမ်းပါ၊ ဒါမှမဟုတ် သင့်တော် တဲ့ တစ်နေရာရာမှာပဲ သွားလွှတ်ပစ်လိုက်ပါတော့၊ ကျွန်မက ကြောင်ဆိုရင် သိပ်မုန်းတာ၊ မမွေးနိုင်ဘူး၊ ဒီ. . အကောင်ကို"

ကျွန်တော် ဟက်ဟက်ပက်ပက်ရယ်လိုက်မိတော့တယ်။

www.burmeseclassic.com



ကျွန်တော့်ရယ်သံကို အပျိုကြီးက အထာနပ်နေတဲ့ပုံစံနဲ့ ခပ်ဆောင့်ဆောင့် ထ,မေးတော့တယ်။

"ဘာရယ်တာလဲ. . ရှင်က"

"သြော်. . တော်သေးတာပေါ့လို့၊ ခင်ဗျားသာ ကြောင်ချစ်တတ်ရင် ခင်ဗျားယောကျ်ားယူတဲ့အခါ ဒီကြောင်ကိစ္စနဲ့ပဲ ရန်ဖြစ်ပြီး ခင်ဗျားတို့ လင်မယားကွဲကြ၊ ပြဲကြ ဖြစ်မှာတွေးမိပြီး ရယ်မိတာပါ"

"ဘာရှင့်. . . "

"မအော်စမ်းပါနဲ့၊ ခင်ဗျားဒီတစ်သက် ယောကျ်ားမယူတော့ဘူးလို့ ကျွန်တော့်ကိုလာမပြောနဲ့၊ ကျွန်တော် ယုံမှာမဟုတ်ဘူး"

"လဲသေလိုက်ပါ့လား၊ အဲ့ဒါ ရှင်နဲ့ဘာဆိုင်သလဲ ကိုတံခွန်တိုင်ရဲ့၊ ကျွန်မဟာကျွန်မ ကြောင်ကိုချစ်ချစ်. . မုန်းမုန်း၊ ကျွန်မယူမယ့် ယောကျ်ားနဲ့ ကွဲကွဲ. . ကွာကွာ၊ ရှင့်အပူ တစ်ပြားသားမှ ပါစရာမလိုဘူး၊ သိလား"

ကျွန်တော်ကတော့ ကျေနပ်အားရစွာ တဟားဟား အော်ရယ်နေလိုက်တော့တယ်။ ဟုတ်ပါရဲ့။ ကျွန်တော့်အပူ မပါပါဘူး။

ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်တော့ ကြောင်ဆိုရင် ကြည့်လို့ မရအောင်ကို မုန်တီးရွံရှာတတ်တာ ထည့်မပြောတော့ပါဘူး။


အခုနေပြောလိုက်ရင် ဘာလိုလိုကြီး ဖြစ်သွားဦးမှာ။

နောက်. . . ကြုံတော့မှပဲ. . . ။

♂ ♂ ♂ ♂ ♂

အင်ပါယာစာပေ

www.burmeseclassic.com



www.burmeseclassic.com



BURMESE CLASSIC .com

မိန်းမတစ်ယောက်ဟာ
ယောကျ်ားတစ်ယောက်ကို
စောင့်တာတော့ မှန်တယ်။
ဒါပေမယ့်
သူစောင့်တာမျိုးက
ပင့်ကူက ယင်ကောင်တစ်ကောင်ကို
စောင့်တာမျိုးပဲ ဖြစ်တယ်။

(ဘားနတ်ရှော)

www.burmeseclassic.com



နိဂုံး(၁)

ကဲ. . . ကျွန်တော့်ဇာတ်လမ်းကတော့ ဒါအကုန်ပဲဗျ။ ဟင်. . . ဘယ်လိုဇာတ်လမ်းကြီးလဲ။ ဇာတ်သိမ်းကြီးကလည်း မအီမလည်နဲ့. . . လို့ အခုမှ လာမပြောနဲ့။ ကျွန်တော် အစကတည်းက ပြောထားသားပဲဗျာ။ ဒီစာအုပ်ထဲမှာ ရေးထားသမျှတွေက အရည်မရ၊ အဖတ်မရတွေပါဆို။ မဖတ်ပါနဲ့လို့ အတန်တန်တားမြစ်ထားတဲ့ကြားထဲက ဒီစာမျက်နှာအထိ ဆုံးအောင်ဖတ်လာခဲ့တာကိုး။ ဒီတော့ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲ။ ကျွန်တော်ကတော့ ဘာမှ ပြောစရာ မရှိတော့ဘူး။

www.burmeseclassic.com



## နိဂုံး(၂)

ဒါဖြင့်လည်း ဒီလိုဘာမှမဟုတ်တဲ့ အရည်မရ အဖတ်မရ ဇာတ်လမ်းကို ဘာလို့ သူများတွေဖတ်ဖို့ ရေးပြနေသေးလဲလို့ အပြစ်လာတင်မနေနဲ့။ ကျွန်တော်လည်း ရေးချင်လို့ ရေးပြတာ မဟုတ်ဘူး။ ကျွန်တော့်မိန်းမက မဟားဒရားရေးခိုင်းနေလို့ ရေးရတာ။ ဒီဇာတ်လမ်းကိုသာ ဝတ္ထုအဖြစ်ရေးပြီးထုတ်ရင် တစ်အုပ်ထဲနဲ့ ပေါက်သွားမယ်လို့ ကျွန်တော့်မိန်းမက အတင်းပြောနေတာနဲ့ဗျာ။ ကျွန်တော်ကတော့ မထင်ပါဘူး။ ကျွန်တော့်မိန်းမက ရှင်မရေးရင် ကျွန်မရေးမယ်လို့ ခြိမ်းခြောက်နေတာနဲ့။ ကျွန်တော့် မိန်းမက နာမည်ကြီးဘက်ဆဲလား စာရေးဆရာမလေ။

www.burmeseclassic.com



BURMESE CLASSIC .com

နိဂုံး(၃)

ကဲ. . . ကဲ. . . သူမရေးပဲ ကျွန်တော်ကိုယ်တိုင် ဒီ
အကြောင်းတွေရေးလိုက်တော့ ကျွန်တော်တို့
ယောကျ်ားတွေကောင်းကြောင်း၊ သူတို့မိန်းမတွေ
မကောင်းကြောင်း များများပိုရေးလို့ရတာပေါ့ဗျာ။
မဟုတ်ဘူးလား။ ဟဲ. . . ဟဲ. . . ။

www.burmeseclassic.com


## တကယ့်နိဂုံး

တစ်ရက်ကျတော့ ကျွန်တော့်မိန်းမက ဒေါ်နဲ့မောနဲ့ ကျွန်တော့်ကို လာမေးပါလေရော။ "ဒီမယ်. . . ဒီမယ်. . .၊ ရှင်လူပျိုဘဝတုန်းက ရှင်ရဲ့နှလုံးသားဟာ ဘယ်မိန်းမမှ ဖြတ်သန်းသွားလာခွင့် မရှိတဲ့နေရာဆို၊ ဒီလိုပြောခဲ့တာ ဟုတ်သလား၊ ဒီလိုဆို ကျွန်မကို ဘာလို့ ရအောင်ယူခဲ့သေးလဲ". . . တဲ့။ ဘယ်ကောင် အတို့အထောင်လုပ်လိုက်သလဲ မသိပါဘူး။ ရတယ်လေ။ ကျွန်တော်က ပြုံးပြုံးလေးနဲ့ ဖြေလိုက်တာပေါ့။ "ဖြတ်သန်းသွားလာခွင့်တော့ မရှိဘူး၊ ဒါပေမယ့်အမြဲတမ်းနေထိုင်ခွင့်တော့ ရှိပါတယ်. . . " လို့။

www.burmeseclassic.com

မျှဝေခံစားနားလည်ပေးနိုင်ပါစေ. . .။

မိုးနီလွင်

(၂၆)ရက်၊ မတ်လ၊ (၂၀၀၃)ခုနှစ်။

မွန်းလွဲ (၁)နာရီ၊ (၅၅)မိနစ်။

www.burmeseclassic.com



ဘယ်တော့မှမတူညီနိုင်မယ့်
ယောက်ျားနဲ့မိန်းမဆိုတဲ့
ဆန့်ကျင်ဘက်နယ်နိမိတ်နှစ်ခုကို
ပိုင်းခြားကန့်သတ်ပေးဖို့
တားမြစ်ရေးဆွဲထားတဲ့ မျဉ်းကြောင်းတစ်ခုဟာ
ခိုင်ခိုင်ခန့်ခန့်ကြီးကို ရှိနေမှာဖြစ်မယ်...။

ဖြတ်သန်းသွားလာခွင့်မရှိ

(၁၀)အုပ်မြောက်အမှတ်တရ လုံးချင်းဝတ္ထုသစ်